
www.burmeseclassic.com



# ဘောင်မှူးကြီးသိန်းဝင်း

နှောင်းခေတ်ပေဟာင်းကာပုံရိပ်များ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၂၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်ခွန် (မြို့ဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
သန့်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ ကျပ်

၈၉၅ ၊ ၈၃
သိန်းဝင်း၊ထောင်မှူးကြီး
နှောင်းခေတ်ဟောင်းကာပုံရိပ်များ / ထောင်မှူးကြီးသိန်းဝင်း။
–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၂၅၇–စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁) နှောင်းခေတ်ဟောင်းကာပုံရိပ်များ

ကျေးဇူးတင်လွှာ

ဤဇာတ်လမ်း၏ တောရွာသဘာဝအခြေခံကို ပြောပြသော အရေးဆရာဝင်းနိုင် (ရွှေပြည်သာ) နှင့် တကူခြံရွာမှ ကိုထမင်းချို၊ ဘွမ်းခြံကုန်းမြို့မှ အန်းကိုးစားသောက်ဆိုင်ပိုင်ရှင် ဦးထွန်းလှအောင် – ဒေါ်မွှေးနှင့် သား,သမီးများအားလည်းကောင်း၊ လက်ခိုက်ရွာမှ ရွာသူရွာသား မိတ်ဆွေများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာစာ

ကျွန်တော် တောရွာသားမဟုတ်ပါ။ သို့သော် တောတောင်နှင့် လယ်ကွင်းများကို အလွန်သဘောကျ နှစ်ခြိုက်သည်။ ငယ်စဉ်အထက်တန်းကျောင်းသားအဝကပင် စာမေးပွဲဖြေခါနီး စာကျက်ချိန်၊ ကျောင်းပိတ်ရက်ပေးသည်နှင့် ရန်ကုန်မြို့နှင့် နီးစပ်ရာ ဆွေမျိုးများနှင့် အပေါင်းအသင်းများရှိရာ တောရွာများသို့ တစ်ပတ်ခန့်သွားလည်ပြီး စာကျက်သည်။

လေကောင်းလေသန့်ရှူ၍ တောစာစားသည်။ တောနယ်မှ လေသက ရန်ကုန်လေနှင့်မတူ။ လွန်စွာ သန့်ရှင်းလတ်ဆတ်သည်။ စပါးခင်းနှင့် ရိုးပြတ်ကွင်းအား ဖြတ်သန်းတိုက်ခတ်လာသောလေက လွန်စွာ သန့်ရှင်းစင်ကြယ်သည်။ ထိုစဉ်ကတည်းက စပါးပင်နှင့် ရိုးပြတ်အနံ့ သင်းသင်းကလေးကို ကျွန်တော် သဘောကျခဲ့သည်။

နယ်ခံဝင်းတော့ ညီသည်ဖြစ်သဖြင့် အိမ်မှာလို အလုပ်မလုပ်ရ တောရွာဆင်း၍ စာကျက်ရသည်မှာ ပတ်ဝန်းကျင် စိမ်းစိမ်းစိုစိုဖြင့် စိတ်စိအေးပြီး လွန်စွာ ကျက်လို့မှတ်လို့ ကောင်းသည်။ စာမေးပွဲနီး၍ အိမ်ပြန်ရောက်တော့မှ မရှင်းလင်းသည်များကို ဆရာများနှင့် အစ်ကိုအစ်မများအား မေးမြန်းပြီး အသေမှတ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းရှင်းပြီး စိတ်ကြည်လင်သဖြင့် ကျက်စာ၊ တွက်စာများ အား မှတ်သားရ လွယ်ကူပါသည်။ ထိုခေတ်က ကျူရှင်ဆိုတာလည်း မရှိ၊ ဘော်ဒါလည်း မရှိ။ (Spot) ရိုက်၍ ကျက်ခြင်းလည်းမဟုတ် ပြဋ္ဌာန်းစာအားလုံးကို ကျက်မှတ်ပြီး အရေးကြီးသည်များကိုတော့ အပိုင် ကျက်မှတ်၊ တွက်တတ်ရသည်။ ထို့ကြောင့် စာမေးပွဲ၌ အံဝင်ပါသည်။

ငယ်စဉ်ကတည်းက တောသဘာဝကို ချစ်ခင်သူဖြစ်၍ ကြီး လာတော့လည်း သစ်တော၊ လယ်ကွင်းများဖြင့် ပတ်သက်သော အကျိုး ဦးစီးဌာနသို့ ဝင်ခဲ့ခြင်းဖြစ်သည်။ ပဋ္ဌမတန်းကတည်းက နေ့စဉ်မှတ်တမ်း ရေးကျင့်ရှိခဲ့သဖြင့်လည်းကောင်း၊ စာရေးစာဖတ် ဝါသနာပါခဲ့ခြင်းကြောင့် လည်းကောင်း၊ ယခု ကျွန်တော် စာရေးဆရာဖြစ်လာတော့ ဘဝအတွေ့ အကြုံ ကုန်ကြမ်းများက တစ်လှေကြီး။ ကျွန်တော် ထောင်စာရေးဆရာ ဖြစ်သော်လည်း အခြားထောင်စာရေးဆရာများလို ထောင်အကြောင်း ချည်း မရေးတော့။ ခွဲထွက်သည်။ လိုင်းစုံရေးသည်။ လက်အတွေ့ဆုံ လိုင်းကတော့ တောတောင်နှင့် တောသဘာဝလိုင်းဖြစ်သည်။

ဝတ္ထုရှည်တစ်ပုဒ် ဖန်တီးသည်နှင့် ဇာတ်ဝင်ခန်းအတွက် ည အိပ်ညနေ ကွင်းလည်း ဆင်းသည်။ ဇာတ်လမ်းသဘာဝ ပီပြင်စေရန် ဖြစ်သည်။ ယခု ကျွန်တော်ရေးသည့် 'နှောင်းခေတ်ပေါင်းက ပုံရိပ်များ' လုံးချင်းဝတ္ထုရှည်မှာ တောရွာသဘာဝ ဟာသကလေးများလည်း ထည့် သွင်းထားသဖြင့် ကျွန်တော်၏ ချစ်လှစွာသော စာဖတ်ပရိသတ်ကြီး ဤ ဝတ္ထုအား ဖတ်ပြီးသည်နှင့် နှစ်သိမ့်ကျေနပ်သဘောကျကြလိမ့်မည်ဟု ယုံကြည် မိပါကြောင်း။

တောင်မြို့ကြီးသိန်းဝင်း

အခန်း [၁]

လွတ်လပ်ရေးရပြီးကာစ မြန်မာနိုင်ငံ၏ (၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း အချိန်ကာလခန့်ကဖြစ်သည်။ ဝန်ကြီးချုပ် ဦးနုလက်ထက် အချိန်ကာလ၊ ဖ. ဆ. ပ. သခင်သန်းထွန်းနှင့် သခင်စိုးကြီးတို့က ပဲခူး ရိုးမကို ခြေကုပ်ယူတော်လှန်ပြီး မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးကို အုပ်စိုး ထားသည်။

ရခိုင်ကတစ်မျိုး၊ မွန်ပြည်နယ်ကတစ်သွယ်၊ မြန်မာအထက် အလယ်ပိုင်းကတစ်ဖုံ၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ကတခြား၊ အသီး သီး မင်းမူ၍ ဗိုလ်လုပ်ခြယ်လှယ်နေကြသော အချိန်ဖြစ်သဖြင့် ဦးနု ဦးစီးသော ဖ. ဆ. ပ. လအစိုးရမှာ ရန်ကုန်မြို့ကြီးကိုသာ ကွက်ကွက် ကလေးအုပ်ချုပ်နိုင်သော ရန်ကုန်အစိုးရဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ လွတ်လပ်ရေးရရန် ကြိုးပမ်းစဉ်က မြန်မာနိုင်ငံနေရာ အနှံ့ 'တို့အိမ်လို့မှတ်ပါ၊ တို့ရွာတို့မှတ်ပါ၊ တို့ဗမာသခင်' ဆိုသူများက လည်း နိုင်ငံရေးနည်းဖြင့် အာဏာလုကြပြန်သဖြင့် အင်းစိန်ထောင်၊ သာယာဝတီထောင်၊ မန္တလေးထောင်တို့တွင် သခင်နိုင်ငံရေးသမားများ ကအပြည့်။ ထောင်အဓိကရုဏ်း အုံကြွမှုများကလည်း တခြိမ်းခြိမ်း၊ အုပ်ချုပ်ရေးယန္တရားကြီး ကျွမ်းထိုးမှောက်ပြန်ဖြစ်နေသော အချိန်အခါကာလ သာဖြစ်သေးသည်။

ထိုအချိန်ကာလအတွင်း (၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့) မိုးပြတ်စပြုချိန်တွင် ကျွန်တော့်အား ကော့မှူးမြို့နယ်၊ မင်းတုန်းတူသော ရွာကလေး၌ မွေးဖွားသည်။ ၁၉၅၈ ခုနှစ်၊ ပြည်တွင်း ငြိမ်သက်သောကာလ၌ ကျွန်တော့်အသက်မှာ (၁၀)နှစ်သားခန့်ရှိပြီး မင်းတုန်းရွာတွင် မူလတန်းအောင်မြင်ပြီးနောက် ဝါးဘလောက်သောက် ရွာကြီးသို့ အလယ်တန်းသွားတက်ရသည်။ အလယ်တန်းအောင်လျှင် တော့ အထက်တန်းကျောင်းရှိသော ကော့မှူးမြို့သို့ သွားတက်ရမည် ဖြစ်သေးသည်။

ထိုအချိန်က တွံတေးတောကြီးတန်းကို ဗဟိုပြု၍ ဟံသာဝတီ အရှေ့ခြမ်းနှင့် ဟံသာဝတီအနောက်ခြမ်းဟူ၍ နယ်မြေခွဲခြားထားသည်။ ဟံသာဝတီအနောက်ခြမ်းတစ်ပိုင်းတွင် ဗိုလ်တိုးမောင်ခေါင်းဆောင်သော ရဲဘော်ဖြူအဖွဲ့။ ဗိုလ်အေးမောင်ခေါင်းဆောင်သော မိုးပြာအဖွဲ့၊ ဗိုလ် ဆောင်းရွှေနှင့် ဗိုလ်မြကြိုင်တို့ခေါင်းဆောင်သော အလံနီအဖွဲ့၊ စော မောင်ကျင်ခေါင်းဆောင်သော ကရင်ငြိမ်းချမ်းရေးအဖွဲ့များ ရောင်စုံမင်း မူနေကြသည်။





ဟံသာဝတီအရှေ့ခြမ်း၌ ဗိုလ်စိုးလွင် ဦးဆောင်သော အလံနီ အဖွဲ့၊ ဗိုလ်တောက်ထိန်ဦးဆောင်သော အလံဖြူအဖွဲ့။ စောဘာသာ ဦး ဆောင်သော ကရင်သူပုန်အဖွဲ့များက နေရာခွဲခြားအုပ်ချုပ်နေကြပြီး သူပုန်အဖွဲ့ချင်းလည်း လစ်လျှင်လစ်သလို တိုက်ခိုက်ဗိုလ်လုကြသည်။ ဒုတိယကမ္ဘာစစ်အပြီး ကာလဖြစ်၍ မြန်မာပြည်၌ အင်္ဂလိပ်လက်နက်၊ သူပုန်လက်နက်များက လွန်စွာပေါ်များလှသည်။

နေ့စဉ် ရက်ဆက်ဆိုသလိုပင် တိုက်ပွဲဖြစ်၊ သတ်ဖြတ်၊ ပြန် ပေးဆွဲ၊ ဆက်ကြေးတောင်းသော အ,မင်္ဂလာသတင်းဆိုးများကိုလည်း ကြားနေရသည်။ သူပုန်အုပ်စု၊ ဓားပြအုပ်စုများမှာ ကျယ်ပြန့်ပြီး တော ထူထပ်သော တွံတေးတောကြီးတန်းအတွင်း ပုန်းခိုနေရာယူကြပြီး သောင်း ကျန်းနေကြခြင်းဖြစ်သည်။

တွံတေးတောကြီးတန်း အရှေ့ခြမ်း၊ အနောက်ခြမ်းရွာများမှာ တောနှင့်နီးသဖြင့် သူပုန်အုပ်စုတစ်ခုတည်းကိုသာမက လာသမျှ သောင်းကျန်းသူအဖွဲ့တိုင်းကို ဆက်ကြေးပေးနေရသဖြင့် ဘယ်သူ့အဖေ ခေါ်ရမှန်းမသိ။ နှစ်လုံးပြူးသေနတ်ကိုင် ရွာသူကြီးများမှာ သောင်းကျန်း သူအဖွဲ့များအား ဆက်ကြေးကောက်ခံပေးရပြီး သူခိုးဓားပြလောက်သာ ရွာကာကွယ်ရေး ကာလသားအဖွဲ့နှင့်တွဲ၍ နှိမ်နင်းနိုင်သေးသည်။ တော ရွာများတွင် ပစ္စည်းရှိ တောသူဌေးများသည် ညအချိန်ရောက်သည်နှင့် သူတို့ မိမိတို့အိမ်ရာအသီးသီးတွင် မအိပ်ရဲကြတော့ဘဲ တောထဲ၊ တောင် ထဲ ကွင်းထဲ၌ ရှောင်ပုန်းအိပ်စက်ကြရသည်။

အချို့နာမည်ကြီး တောသူဌေးများကတော့ မြို့ပေါ်သို့ ပြောင်း ရွှေ့သွားကြသည်။ သို့သော် အများစု ဆင်းရဲသား လယ်သမားများက



www.burmeseclassic.com

www.burmeseclassic.com



တော့ မိမိရွာ၊ မိမိဒေသ၊ လယ်ယာကွဲနွားနှင့် လုပ်ငန်းများကို စွန့်လွှတ် မသွားနိုင်သောကြောင့် ရွာ၌ပင် ကပ်ကပ်ပြီး ရင်စည်းခံကြရသည်။

ထိုသူများသည် ရောင်စုံသူပုန်များ၏ အနှိပ်စက်ခံ၊ ဆက်ကြေး အကောက်ခံ၊ စော်ကားအနိုင်ကျင့်ခံကြရသော အခြေခံ ဆင်းရဲသား လယ်သမားများပင် ဖြစ်တော့သည်။ အလုပ်အကိုင်မရှိသော မြို့သို့ လည်း တက်မနေနိုင်သဖြင့် စားရေးသောက်ရေး မငတ်သေရုံ တော ရွာများ၌ပင် မှိုတွယ်နေကြရခြင်းဖြစ်ပေသည်။

ဟံသာဝတီအနောက်ခြမ်းရှိ ရွာကလေးများဖြစ်ကြသော နှစ်ခွ ရွာမွတ်၊ ဝါးအလောက်သောက်၊ သာယာကုန်း၊ မင်းတုန်း၊ ဘိုဒင်၊ ညောင်ပင်သာ၊ ကော့ခွန်း၊ ဒရယ်လူး၊ သဲကုန်းတန်း၊ ငှက်ကြီးတော် လက်ခုပ်ကုန်း အစရှိသော ရွာကလေးများသည်၊ နေ့ည ကျိုးလန့်စာစာ တဖိတ်တလန့်ဖြင့် နေကြရသည်။ ကျေးရွာအုပ်ချုပ်သူ ရွာလူကြီးများ ကလည်း ရပ်ရွာလုံခြုံရေးအတွက် ဂရုမစိုက်နိုင်တော့ဘဲ မိမိနှင့်မိမိ မိသားစု လုံခြုံရေးအတွက်သာ ဂရုစိုက်လုံးပန်းနေကြရသော အချိန်ဖြစ် သည်။

ထိုကာလက ဒုတိယကမ္ဘာစစ်လက်ကျန် လက်နက်ခဲယမ်းမီး ကျောက်များကလည်း လွန်စွာပေါ်များလှသည့် အချိန်ဖြစ်ခြင်းကြောင့် လူဆိုးဓားပြများပေါ်များကာ ထင်တိုင်းကြဲနေကြသည်။ ထို့အတူ ရွာတိုင်း ၌လည်း ရပ်ရွာကာကွယ်ရန်အလို့ငှာ လက်နက်ပုန်းများကိုလည်း ဝှက်ကိုင်ဆောင်ထားတတ်ကြသေးသည်။

ကျွန်တော်တို့ မင်းတုန်းရွာမှာ ဟံသာဝတီအနောက်ဘက်ခြမ်း တွံတေးတောကြီးတန်းနှင့် ထိစပ်နေပြီး ရန်ကုန်မြစ်နှင့် တိုးမြစ်တို့





သည့် မြစ်ကမ်းဘေးရွာကြီးဖြစ်သည်။ ရွာလယ်၌ မင်းတုန်းချောင်းက ဖြတ်စီးနေသဖြင့် မင်းတုန်းအရှေ့ရွာနှင့် အနောက်ရွာဟု ခွဲခြားနေသည်။ သို့သော် မင်းတုန်းချောင်းကူးတံတားကြီးရှိသဖြင့် ရွာနှစ်ခြမ်းကွဲနေသော် လည်း ဆက်သွယ်ရေးလွယ်ကူသောကြောင့် စိတ်ဝမ်းတော့ မကွဲကြပါ။ လွန်စွာစည်းလုံးညီညွတ်သော ရွာကြီးဖြစ်သည်။

ကျွန်တော့်အဖေက ရွာသူကြီးဦးတင်မောင်၊ ညီအစ်ကို(၃)ဦး အနက် အငယ်ဆုံးဖြစ်သည်။ အဖေတို့က အစဉ်အဆက် ရွာသူကြီး မျိုးရိုး။ အစ်ကိုအကြီးဆုံး ဦးတင်မြင့်က မင်းတုန်းရွာ ကျောင်းထိုင်ဆရာ တော်ဖြစ်သဖြင့် သူကြီးမလုပ်။ အလတ် ကျွန်တော့်ဘကြီးဦးတင်အောင် က စနေသား၊ နေတက်ရေတက် မွေးသူဖြစ်သဖြင့် အလွန်အင်မတန် စိတ်ကြီးသည်။ ပျော်ပျော်နေတတ်သလို အရက်ကလည်း အလွန်ကြိုက် သည်။

ဘိုးစဉ်ဘောင်ဆက် သူကြီးမျိုးရိုးဖြစ်သော်လည်း အဘ ဦးအောင်က သူကြီးမလုပ်လိုသဖြင့် ညီတော်သူ ကျွန်တော့်အဖ ဦးတင် မောင်က သူကြီးလုပ်ရခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော့်အဖေ သူကြီးဦးတင်မောင်က အစ်ကိုအရင်းဖြစ်သူ ဦးတင်အောင်ကိုတော့ ကြောက်လန့်သည်။

အဘဦးအောင်မှာ မဟုတ်မခံ။ အရက်ကြိုက်သော်လည်း မဟုတ်တာမလုပ်။ မမှန်တာမပြော။ သူများပစ္စည်းမခိုး၊ သူတစ်ပါးသား မယားကို မပြစ်မှား မစော်ကား။ ထို့ကြောင့် အရက်မှလွဲ၍ (၄)ပါးသီလ လုံခြုံသည်ဟု ဂုဏ်ယူပြောဆိုနေတတ်သော လူပျိုသိုးကြီးဖြစ်သည်။

အဖေသူကြီးဦးတင်မောင်နှင့် အဘဦးတင်အောင်တို့ အကြောက် တော့ အစ်ကိုကြီး အဖအရာဆိုသလိုပင် မင်းတုန်းရွာ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဆရာတော် ဦးတင်မြင့်ခေါ် ဆရာတော် ဦးတေဇောဘာသအား အကြောက်ရဆုံးဖြစ်သည်။

ညီအစ်ကို(၃)ဦးစလုံး စနေသားများဖြစ်ကြသော်လည်း ဆရာတော်ဦးတေဇောဘာသမှာ ထိုခေတ်က ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်ပြီး ဖော့သာသတိအနောက်ခြမ်း အရှေ့ခြမ်းရှိ ရွာများနှင့် ကွမ်းခြံကုန်းမြို့၊ ဒေးဒရဲမြို့၊ တွံတေးမြို့များတွင် လေးစားရှိသေ ကိုးကွယ်ကြသော ကျောင်းထိုင်ဆရာတော်ဖြစ်သည်။

ဆရာတော် ဦးတေဇောဘာသ၏ ဂုဏ်အရှိန်ကျော်ဇောခြင်းကြောင့်လည်းကောင်း၊ မင်းတုန်းရွာကြီးမှာ စည်ပင်ဝပြောပြီး၊ အဘဦးတင်အောင်တို့၏ ကျေးရွာကာကွယ်ရေး၊ လက်နက်ကိုင်အဖွဲ့၏ အင်အားတောင့်တင်းပြီး သတ္တိရှိကျွမ်းကျင်မှုကြောင့်လည်းကောင်း၊ ရဲဘော်ဖြူ ရဲဘော်နီနှင့် ကရင်သောင်းကျန်းသူအဖွဲ့မှာလည်း ဆွေမျိုးများဖြစ်ကြ၍ ရွာကို တစ်ရံတစ်ခါမျှ ဝင်ရောက်စီးနင်းခြင်း မပြုကြ။ နောက်ကွယ်မှနေ၍ ဆက်ကြေးဟုမခေါ်ဘဲ ထောက်ပံ့ကြေးတော့ပေးရသည်။

ရွာကို တစ်ရံတစ်ခါဝင်တိုက်သည်က နယ်ကျွံလာသော ဓားပြအဖွဲ့များလောက်သာရှိသည်။ ဤအဖွဲ့များကိုလည်း အဘဦးအောင်တို့အဖွဲ့က အင်အားတောင့်သဖြင့် ခုခံဖမ်းဆီးနိုင်သည်သာဖြစ်သည်။ ထို့ကြောင့်လည်း အနီးပတ်ဝန်းကျင်ရွာများက မြို့ပေါ်တက်မပြေးနိုင်သော တောသူတောင်သားစုများ၊ မင်းတုန်းရွာကြီးသို့ အလျှိုလျှို ပြောင်းရွှေ့လာကြသဖြင့် ယခင်က အိမ်ခြေ (၆၀၀) ခန့်ရှိသော မင်းတုန်းရွာကြီးမှာ ယခုတော့ အိမ်ခြေ (၁၀၀၀) ခန့်ရှိလာပြီး စည်ကားသာယာလာပါသည်။





အဘဦးတင်အောင်မှာ ငယ်စဉ်က အလွန်ဉာဏ်ကောင်းသည်။ သူကြီးသားဖြစ်ပြီး အလွန်ရိုးသားဖြောင့်မတ်သဖြင့် ရွာက ခင်မင်ကြသောကြောင့် ငယ်စဉ်က မောင်အောင်ဟု အဖျားဆွတ်ခေါ်ကြပြီး ကြီးလာတော့ ဦးအောင်၊ လူပျိုခေါင်း၊ လူပျိုသိုးကြီးဖြစ်ပြီး အိမ်ထောင်မရှိ၊ ခနီးသားမယားမရှိသဖြင့် တူတော်သော ကျွန်တော့်အား သားအရင်းကဲ့သို့ အလွန်အလိုလိုက်ပြီး ချစ်ခင်သည်။

ကျွန်တော်ငယ်စဉ်ဘဝက ကရိကထများကို ဖခင်ရင်းထက် သည်းခံသူဖြစ်သဖြင့် ကျွန်တော်ကလည်း အဘဦးအောင်ကို အလွန်ချစ်ပါသည်။ လူမှန်းသိတတ်စကတည်းက ရွာလယ် အဖေ့သူကြီးအိမ်ကြီးတွင် ညအိပ်ညနေ နေသည်ကလွဲ၍ အဘဦးအောင်၏ လယ်တဲအိမ်ကြီးတွင် နေသည်က များသည်။ ကျွန်တော့်မိဘများ ပိုင်ဆိုင်ကြသည့် လယ်ဧက တစ်ရာကျော်ရှိသည်။ အဘဦးအောင်က ဦးစီးပြီး ကြပ်မတ်လုပ်ကိုင်နေခြင်းဖြစ်သည်။

အဘဦးအောင်က ငယ်စဉ်က အလွန်ထက်သည်။ ရွာတုန်းတော်ကြီးကျောင်း၌ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ ရတနာရွှေချိုင့် အပြင် အောင်ခြင်း၊ အတွင်းအောင်ခြင်းများကို နှုတ်စပ်ကျွမ်းကျင်သည်။ လောကုတ္တရာစာပေများကို နှုတ်စပ်သော်လည်း မဟုတ်မခံ၊ စနေသားပီပီ စိတ်ကြီးသဖြင့် ငယ်စဉ်ကပင် ထိခနဲ ရန်ပွဲဖြစ်သည်နှင့် ဦးအောင်က ခေါင်းဆောင်၊ ဘကြီးတော်သူ ကျောင်းထိုင်ဆရာတော် ဦးနေမိတ္တက ကျောင်းထိုင်ကိုဖတ်စေ၍ ကြိမ်လုံးဖြင့် ရိုက်ပေါင်းလည်း များလှပြီ။ မမှတ်။

နောက်ဆုံး အဖေသူကြီးဖြစ်သူ ဦးတာနော၏ထိတ်တုံးတွင် ဘကြီးဘုန်းကြီးကိုယ်တိုင်ထည့်၍ အပြစ်ပေးသော်လည်း (၃) ရက်ကြာသည်အထိ မမှတ်။ ထိတ်တုံး၊ အခတ်ခံနေရစဉ်၌ပင် အရက်ကိုသောက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဘကြီးဘုန်းကြီးက သူကြီးအိမ်ရှေ့ (၁၂)ပေါက်ထိတ်တုံးမှ အချုပ်ခန်းအတွင်းရှိ (၆) ပေါက်ထိတ်တုံးသို့ ပြောင်းရွှေ့ပြီး တစ်ပတ်တိတိ အပြစ်ပေးသောကြောင့် အဘဦးအောင်အား တစ်ရွာလုံးက 'ထိပ်တုံးအောင်' ဟု နာမည်ပြောင်ပေး၍ ကင်ပွန်းတပ် ခေါ်ဝေါ်ခဲ့ကြသည်။ အဘကလည်း ထိုနာမည်ပြောင်ကို သဘောကျဟန်တူပါသည်။ စကားများရန်ဖြစ်၍ ထိုးကြကြိတ်ကြမည်ဆိုသည်နှင့် သူ့ကိုယ်သူ 'မင်းတုန်းရွာက ထိတ်တုံးအောင်တဲ့' ကြေငြာပြီးမှ ရန်ဖြစ်တတ်ပါသည်။

ထိတ်တုံးဆိုသည်မှာ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ရှိခဲ့ သုံးခဲ့ပါသည်။ အုပ်ချုပ်ရာတွင် ကြေးတိုက်ခေါ် အကျဉ်းခန်း အချုပ်ခန်းများသို့မပို့မီ ရွာသူကြီးအုပ်ချုပ်သော လူကြီးများက ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှု ပပျောက်စေရန် အပြစ်ပေး၊ အရေးယူသော ရှေးက ကျေးရွာအုပ်ချုပ်ရေး စနစ်ဖြစ်လေသည်။

ထိတ်တုံးကို သူကြီးအိမ်ရှေ့ မြေတလင်းတွင် အခိုင်အမာချထားပြီး မရွေ့လျားတည်မြဲစေရန် ငုတ်ခေါ် လေးဖက်လေးတန် သပ်ရိုက်ထားသည်။ လူဆိုးသူခိုး အမှုသမားများအား တစ်ယောက်ချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ အပြစ်ဒဏ်ပေးရန် စီစဉ်ထားသော အရာဖြစ်သည်။ ခြောက်ပေါက်မှစ၍ တစ်ဆယ့်နှစ်ပေါက်အထိ ထားရှိလေ့ရှိသည်။ ခြောက်ပေါက်မှာ ရိုးရိုးထိတ်တုံးဖြစ်ပြီး ရွာတိုင်းရှိ သူကြီးအိမ်ရှေ့တွင် ထားလေ့ရှိသဖြင့် ရိုးရိုးထိတ်တုံးကို ခြောက်ပေါက်ဟုလည်း ခေါ်သည်။

လူ (၃)ယောက်စာ ခြေထောက် (၂) ချောင်းစီ၊ ခြေထောက် (၆)ချောင်း ထိတ်တုံးခတ်၍ အပြစ်ပေးနိုင်သည်။ (၆)ရွာအုပ် အပိုင်စားသူကြီးအိမ်တွင်တော့ (၁၂)ပေါက် ထိတ်တုံး၊ လူ(၆)ယောက်စာအတွက်





...သီးသန့်ပြုလုပ်ထားသော ထိတ်တုံးအရှည်ကြီးများကို အသုံးပြု...ရှိပါသည်။ လူဆိုးလူမိုက်၊ အမှုသမားများ အုပ်စုလိုက်အတွက်...သည်။

ခြောက်ယောက်မက အပြစ်ပေးရန် အုပ်စုများပါကလည်း ကိစ္စ... လူခြောက်ယောက်စာ (၁၂)ပေါက်ထိတ်တုံးတွင် ခြေထောက်တစ်...င်းစီသာသွင်း၍ လူ(၁၂)ယောက်အား ထိတ်တုံးခတ်နိုင်သေးသည်။ ...ယောက်ကျော်ပါကလည်း ပြဿနာမရှိသေးပါ။ သူကြီးအိမ်အနီးရှိ ...င်အမာတည်ဆောက်ထားသော အချုပ်ခန်းအတွင်းရှိ (၆)ပေါက်...တုံးက အရန်သင့်။ အချုပ်ခန်းအတွင်းရှိ (၆) ပေါက် ထိတ်တုံးကို ... အုပ်စုခေါင်းဆောင်များကို ဦးစားပေးပြီး ခတ်ထားနိုင်ပါသည်။

ထိတ်တုံးကို ကျွန်းပင်အရှည်ဖြောင့်ဖြောင့် လူတစ်ဖက်စာခန့်... အလယ်မှ ထက်ခြမ်းခွဲပြီး ခြေသလုံးဖြင့်ချိန်၍ ခြေသွင်းပေါက်များ...တ်ထားသည်။ ခြေဖဝါးကို ဆွဲနုတ်၍မရစေရန်လည်း ချိန်ပြီးဖောက်...ရာ ခြေသလုံး ရိုးကြီးသူ၊ ဝသောသူများအတွက်တော့ အတော်...နာလေသည်။ လှုပ်၍ပင် မရနိုင်ချေ။ တစ်ဖက်ထိပ်တွင် ပတ္တာကြီး...ထားပြီး တစ်ဖက်ထိပ်တွင် မျောက်လက်ဖြင့် သော့ခတ်ထားလေ့ရှိ...ည်။ နေပူ၊ မိုးရွာမရှောင် မြေပြင်ပေါ်တွင် ငုတ်ရိုက်ထားသဖြင့် မဆွေး...ည့် မပျက်စီးစေရန် ကျွန်းသားကို အသုံးပြုကြခြင်းဖြစ်သည်။

အချို့ အထက်အညာဒေသများတွင် မိုးနည်းပြီး မိုးခေါင်သဖြင့် ...သားမလွယ်ကူသောကြောင့် ထနောင်းပင်သားဖြောင့်ဖြောင့်နှင့် ထန်း...ကြီးများကို ထက်ခြမ်းခွဲ၍ အသုံးပြုကြကြောင်းလည်း သိရသည်။ ...၍မဆန့်ပါက ခြေထောက်တစ်ချောင်းစီကိုသာ ထိတ်တုံးပေါက်...ည့်၍ မျက်နှာချင်းဆိုင်ခတ်လေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**[illegible]**

[illegible]သူကြီးများကတော့ နှစ်လုံးပြူးသေနတ်နှင့် ရှ [illegible] ထိတ်တုံး (၁၂)ပေါက် (၆)ပေါက်နှင့် ယာယီအချု ခန်း [illegible] ဖွဲ့ [illegible]သည်။ အချုပ်ခန်းအား မျောတိုင်အမာစာမျာ ဖြင့် [illegible] အခင်းကိုတော့ မြေပြင်ပေါ်၌ ကောက် ခင်းပေးထားသည်။

ထိတ်တုံးစနစ်အသုံးပြုခြင်းမှာ သူကြီးအိမ်ရှေ့ လူသွားလ လာ မြင်ကွင်း၊ နေပူမိုးရွာထဲ၌ ထားသဖြင့် အရှက်ရစေရန်နှင့် ညော ညာကိုက်ခဲပြီး အမှတ်ရစေရန် မြန်မာ့ရိုးရာဓလေ့ တရားစီရင်ရေးအတို မြန်မာလူမျိုးများ၊ အစဉ်အဆက် အသုံးပြုခဲ့ကြခြင်းဖြစ်ပေသည်။ အော လည်း အောင်မြင်ခဲ့ပါသည်။

လူမိုက်လူရမ်းကား အတော်များများမှာ ထိတ်တုံးအခတ်ခံ ပြီး လိမ္မာသွားသည်လည်း ရှိသည်။ အသိတရားမရဘဲ ပိုမိုဆိုးဝါး ထိတ်တုံးမှ အချုပ်ခန်း၊ အချုပ်ခန်းမှ ထောင်ထဲသို့ ရောက်သူတာ လည်း ရှိပါသည်။ ထိုလူမိုက်များထဲ၌ ကျွန်တော်တို့ ဘကြီးဦးအော က ဒုတိယအမျိုးအစားထဲတွင် ပါဝင်ပါသည်။

✿ ✿ ✿

ကျွန်တော့်ကို မိဘများက ပညာတတ်ဖြစ်စေရန်အတွက် ရွာဦး ဘုန်းတော်ကြီးကျောင်းတွင် သင်ပုန်းကြီးကို သင်စေသည်။ ရွာကျောင်း ထိုင်ဆရာတော်မှာ ကျွန်တော်နှင့် ဘကြီးတော်သူ ဦးတေဇောဘာသ ဖြစ်သည်။ ကျွန်တော့်အဖေ သူကြီးနှင့် အဘဦးအောင်တို့၏အစ်ကိုကြီး ဖြစ်ပြီး စည်းစနစ်ကြီး၍ အရိုက်အပုတ်လည်း အလွန်ကြမ်းသည်။

ကျွန်တော်တို့ ငယ်ကြောက်ဖြစ်သည်။ တစ်ရွာလုံးသာမက အဖေသူကြီးနှင့် အဘဦးအောင်လည်း ကြောက်ကြသည်။ အများတစ်ခုခု အလွန်မိပါက အဖေသူကြီးနှင့် အဘဦးအောင်ကိုပင် ချမ်းသာမပေး။ ရွာဦးကျောင်းခေါ်ပြီး ကျောင်းတိုင်ကိုဖက်စေ၍ ရိုက်နှက်ဆုံးမတတ်သေး သည်။

အဖေသူကြီးလုပ်သူက အစ်ကိုကြီးအဘအရာ ငြိမ်ခံနေတတ် သော်လည်း အဘဦးအောင်ကတော့ နောက်ကွယ်တွင် ဘာသာရေး ဘည့်တည့်မလုပ်ဘဲ ရပ်ရေးရွာရေး လူမှုရေး ဝင်စွက်ဖက်သည်ဟု ဆရာ တော်အား အပြစ်တင်တတ်သည်။ ဆရာတော်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားပါလိမ့်မည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

[illegible]ကလည်း ဆရာတော်ကြားစေလို၍ ရွာသူရွာ[illegible] ဖြစ်ခြင်းဖြစ်သည်။ သို့သော် ဆရာတော်က သူ့ညီ[illegible]ကို [illegible] လုပ်နေတတ်သည်။ အရက်ကြိုက်တတ်[illegible] လူမိုက်လူကြောင့်ကြီး အဘအောင်ကိုတော့ ညီရင်းဖြစ်သဖြင့် ခွင့်လွှတ်ထားတန်တော့ပါသည်။ ဆရာတော်မှာ စာပေကျမ်းဂန်တတ်ဖြစ်၍ ကျွန်တော်တို့ မင်းတုန်းရွာသာမက ဟံသာဝတီနယ်တစ်လျှောက်လုံး အားထားကိုးကွယ်သော ဆရာတော်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ရွာဦးဘုန်းတော်ကြီးကျောင်း၌ သင်ပုန်းကြီးသင်ပြီး၊ ဘုန်းကြီးစာမသင်လိုသဖြင့် ကျွန်တော့်အားအဖေက ဆရာတော်အား လျှောက်ထားပြီး ခေတ်ပညာတတ်ဖြစ်စေရန်ဟူသော အကြောင်းပြချက်ဖြင့် ရွာမူလတန်းကျောင်းသို့ ပြောင်းထားပေးသဖြင့် အတော်လွတ်လပ်သွားသည်။

စတုတ္ထတန်းအောင်တော့ အလယ်တန်းကျောင်းရှိသော ဝါးဘလောက်သောက်ရွာ၊ အလယ်တန်းကျောင်းသို့ သွားတက်ရသည်။ ဝါးဘလောက်သောက်ရွာ၊ အလယ်တန်းကျောင်းမှာ ကျွန်တော်တို့ မင်းတုန်းရွာနှင့် (၃) မိုင်ဖျော့ပျော့ခန့် လှမ်းသည်။

ကျွန်တော်က မင်းတုန်းရွာမှ အဖော်အပေါင်းများဖြင့် လမ်းလျှောက်၍ ကျောင်းတက်ရရာ အဘအောင်က စိတ်မချဟုဆိုကာ ကျောင်းသို့ မနက်အစောပိုင်းလိုက်ပို့ပြီး ညနေကျောင်းဆင်းချိန်၌လည်း လာကြိုနေတတ်သည်။

မိုးရွာရွာ၊ နေပူပူ အဘအောင်က အကြိုမပျက်။ ဗွက်ထောရှုန်းရလျှင်လည်း ကျွန်တော့်အား ချီပိုးပြီး ကျောင်းလွယ်အိတ်ကိုလွယ်ကာ ရှုန်းတတ်ပြန်သည်။ ထိုစဉ်က ဘကြီးအောင်မှာ အသက်(၅၀)[illegible]





ရှိပါပြီ။ မိန်းမ မရှိ၊ လူပျိုကြီး။ အသက်အရွယ်နှင့်မလိုက်အောင် ဗလတောင့်ပြီး သန်စွမ်းကျန်းမာလှသည်။ အမြဲတမ်း ထန်းလျက်အရက်ကို ကိုယ်တိုင်ချက်ပြီး သောက်ထားသဖြင့် သူ့ကိုယ်က အရက်နံ့ရနေတတ်သည်။ ကြာလာတော့လည်း ကျွန်တော် ထိုအရက်နံ့ကို ယဉ်ပါးသွားသည်။

ကျွန်တော်တို့ရွာတွင် တစ်ရွာလုံး တစ်နယ်လုံး အားကိုးယုံကြည်နေသော ဗိန္ဓော၊ ပယောဂ အလွန်ကျွမ်းကျင်သည့် ဆရာကြီးတစ်ဆူလည်း ရှိသေးသည်။ အဘဆရာမှိုင်းဟုခေါ်သည်။ ဆရာကြီးနာမည်အရင်းမှာ ဦးမှိုင်းညိုဖြစ်သော်လည်း လေးစားသမှုဖြင့် ဆရာမှိုင်းဟုခေါ်ကြသည်။ အသပြာဆရာမဟုတ်၊ စေတနာဆရာကြီးသာဖြစ်သည်။

ကျွန်တော်တို့ မင်းတုန်းချောင်းကူးတံတားကြီးအနီးတွင် နေထိုင်သည်။ ကျွန်တော်တို့ မင်းတုန်းရွာဇာတိတော့မဟုတ်။ ဇနီးဖြစ်သူဒေါ်မာမာဦးက မင်းတုန်းရွာသူ။ ဆရာကြီးက မြစ်ဝကျွန်းပေါ် ကျုံပျော်မြို့ဇာတိ။ ဒေါ်မာမာဦးနှင့် အကြောင်းပါပြီး သမီးကလေးဖြူဖွေးကို [illegible]သွားသည်။ သမီးကလေး မွေးပြီးသည်နှင့် ဒေါ်မာမာဦး ဆုံးပါးသွား[illegible] ဆရာကြီးမှာ မုဆိုးဖိုအဖြစ် ကျန်ခဲ့သည်။

ထိုအချိန်မှစ၍ လယ်သမားဘဝမှ ဆေးလိုင်း၊ ပယောဂ၊ ဗိန္ဓော[illegible]မှိုင်းဘက်သို့ ကူးပြီး ဆရာကောင်းနှင့်တွေ့သဖြင့် ဆေးဆရာ[illegible]ဖြစ်လာသည်။ ထိုမှတစ်ဆင့် အထက်ဂိုဏ်းတက်၍ ဖိုထိုးသည်။ [illegible]အပြင်-အဆိပ်အမျိုးမျိုးကုသနိုင်သည့် ဆရာဖြစ်လာသည်။

ကျွန်တော်တို့အိမ်၏ လက်စွဲတော်ဆရာဖြစ်လာပြီး တစ်ရွာလုံး [illegible]နယ်လုံး ယုံကြည်အားကိုးရသည့် ဆရာကြီးဖြစ်လာသည်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကတော့ (၇၀) ခန့်ရှိပြီဖြစ်သဖြင့် ရွာကျောင်းထိုင်ဆရာတော် [illegible] အသက်ကြီးသေးသည်။ သို့သော် ဆရာကြီးမှာ ဝိရိယ [illegible]ဖြစ်၍ ကျန်းမာပြီး အရွယ်နုပျိုသည်။

ခန္ဓာကိုယ်မှာ ဘကြီးအောင်တို့လို ထွားထွားကျိုင်းကျိုင်း၊ သန်သန်မာမာတုတ်သော်လည်း အသားအရေမှာ စိုပြေနုပျိုနေပြီး အသက် [illegible]ကျော်သေးဟု ထင်ရသည်။ သမားဂုဏ်နှင့်အညီ၊ ရွှေတောင်ဗွေဆိုးနှင့် နံ့သာရောင်တိုက်ပုံအကျီ၊ ကျေးတစ်ရာခေါင်းပေါင်းနှင့် အလွန်လိုက်ဖက်တင့်တယ်သည်။ ဖိနပ်ကလည်း ရွှေမိုးဆောင်းဒဏ်ခံ ရွှေသားရေဖိနပ်အဝါရောင်ကို စီးတတ်သေးသည်။

ကျွန်တော်မွေးကင်းစကပင် လေပြင်းပါရာ ဆရာကြီးကုသပေးသဖြင့် အသက်ချမ်းသာခဲ့ကြောင်း၊ တစ်နေ့တည်း တစ်ခါတည်းမဟုတ် တစ်လခန့်ကြာအောင် ဆရာမှိုင်းက မအိပ်မနေ ကုသပေးခဲ့သဖြင့် ကျွန်တော် ကျန်းမာခဲ့သဖြင့် ကျွန်တော်တို့တစ်အိမ်လုံးက ဆရာမှိုင်းအား ကျေးဇူးရှင်အဖြစ် သတ်မှတ်ခဲ့သလို ဆရာမှိုင်းကလည်း ကျွန်တော့်အား တူသားသဖွယ် အလွန်ချစ်သည်။

ကျွန်တော် (၁၀) နှစ်သားခန့်ကပင် ဆရာကြီး၏ လက်ကတိုး တောင်မွေးအဖြစ် သွားလေရာတွင် ခေါ်သွားလေ့ရှိသည်။ နယ်လှည့်ဆေးကုခြင်း၊ တွံတေးတောကြီးတန်းအတွင်း ဆေးမြစ်ဆေးပင်ရှာခြင်း စသဖြင့် နယ်တကာ၊ တောတကာ၊ ရွာတကာသို့ ရောက်သည်။ ထို့ကြောင့် ကျွန်တော်နှင့် ဆရာမှိုင်းအား နယ်တစ်ကြောလုံး သိကြသည်။

ထိုအချိန်က ရောင်စုံသူပုန်ခေတ်ဖြစ်သော်လည်း ကျွန်တော်တို့ဆရာတပည့်အား သူပုန်ဓားပြများကပင် အနှောင့်အယှက်မပေး





[illegible]။ ဟံသာဝတီ အနောက်ခြမ်း၊ အရှေ့ခြမ်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး ကျွန်တော်တို့ဆရာတပည့် ခြေမချဖူး၊ မရောက်ဖူးသည့်ရွာမရှိ။ ဆရာကြီး ဇာတိကျုံပျော်မြို့အပြင် ဟင်္သာတ၊ ဘိုကလေး၊ မိန်းမလှကျွန်းညိုကြီးအထိ ကျွန်တော်တို့ ရောက်ဖူးခဲ့ကြသည်။ ဆေးမြစ်၊ ဆေးရွက်နှင့် ပတ်သက်လျှင်လည်း ဘယ်တော၊ ဘယ်တောင်၊ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်နယ်တွင် ဘာပင်ရှိကြောင်း ဆရာကြီးက ကျွမ်းကျင်နှံ့စပ် ကျင်လည်လှသည်။

အဘဆရာမှိုင်းက ဗိန္ဓော၊ ပယောဂ အမျိုးမျိုးကို နိုင်နင်းစွာကုသနိုင်သလို ဒဏ်ရာ၊ အနာပေါက်၊ အဖျားရောဂါ အမျိုးမျိုးကိုလည်း ပျောက်ကင်းချမ်းသာအောင် ကုသနိုင်သည်။ ဗေဒင်၊ လက္ခဏာ၊ အင်[illegible]ပညာကိုလည်း ကျွမ်းကျင်ပေါက်မြောက်သည်။

အထက်ဂိုဏ်းဆရာဖြစ်၍ ဝိပဿနာ၊ သမထထိုင်ခြင်း၊ ပုတီးစိပ်ခြင်းအပြင် မဟာဒိဗ္ဗ၊ သိဒ္ဓိလိုင်းတွင်လည်း အတော်ခရီးပေါက် နှံ့စပ်နေ[illegible]သည်။ ထို့ကြောင့်လည်း ဆေးလိုက်သည်၊ ဆေးစွမ်းသည်၊ ဆရာ[illegible] အသေအချာကုသရသည့် လူနာတိုင်း အဖိတ်အစင်မရှိခဲ့။ ကံနာ၊ [illegible] ကုသ၍မရနိုင်လျှင်တော့ ဆရာမှိုင်းက လက်မခံဘဲ ငြင်းပယ်ပြီး [illegible]ပို့ပေးလေ့ရှိသည်။

ဆရာကြီးသည် ဒုက္ခရောက်သူမှန်သမျှတို့အား အဆင့်အတန်း [illegible]ဘဲ ကူညီကုသပေးသည်။ ဆေးဖိုးဝါးခ ဘယ်ရွေ့ဘယ်မျှ တောင်း[illegible]မရှိ။ စေတနာဖြင့် ကန်တော့သလောက် လက်ခံသည်။ လူတစ်ဦး [illegible]ရောက်တော့မည့်အရေးကြုံလျှင် အကြားအမြင်ပညာဖြင့် သိရှိသည့် [illegible] နေ့ညမရွေး သွားရောက်ပြီး တားဆီးကာကွယ်တတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က အနောက်တိုင်းဆေးပညာသည် မြို့ပေါ်ပတ်ဝန်းကျင်တစ်ဝိုက်၌သာ ထွန်းကားပြီး တောနယ်ကျေးလက်များသို့ ပြန့်ပွားခြင်း မရှိသေးချေ။ ထို့ကြောင့် ဆရာမှိုင်းသည်သာ တစ်နယ်လုံးအတွက် အားထားစရာမှီခိုရာ သမားတော်တစ်ဆူ ဖြစ်ပေတော့သည်။

ထို့ကြောင့် ကျွန်တော်လည်း ကျေးဇူးရှင်ဆရာကြီး၏ တပည့်ရင်းပီပီ ဆရာကြီး၏ ဝေယျာဝစ္စ၊ ကိစ္စမှန်သမျှကို ဆောင်ရွက်ပေးရင်း မြန်မာဆေးပညာကို ဆည်းပူးလာခဲ့ရာ အတော်အတန်ပင် တတ်သိနားလည်လာခဲ့ပြီဖြစ်သည်။ အတော်အတန်ကိစ္စများတွင် ဆရာကြီး မအားလပ်ပါက ကျွန်တော့်ဘာသာပင် ဆေးပေး၍ ကုသပျောက်ကင်းနိုင်ပြီဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်တော့်အား ကလေးလက်ထောက်ဆေးဆရာဟူ၍ပင် ဂုဏ်ပြုခေါ်ဝေါ်ကြသည်။ ကျွန်တော်နှင့်ဆရာကြီးမှာ အားချိန်ရသည်နှင့် တွဲတေးတောကြီးတန်းထဲဝင်၍ ဆေးမြစ်၊ ဆေးဥ၊ ဆေးရွက်ရှာသည်။

ဆရာကြီးဖိုထိုးလျှင်လည်း ကျွန်တော်က ပင်တိုင်ဖိုဆွဲသမား။ ကျွန်တော့်မိဘများက ဆရာကြီးနောက်လိုက်သည်ကို သဘောကျသော်လည်း အဘဦးအောင်နှင့် ပေါင်းသည်ကိုတော့ ကောင်းစွာမကြည်ဖြူကြပါ။ သို့သော် အဘဦးအောင်မှာ အရင်းအချာဖြစ်ပြီး ကျွန်တော့်အား အလွန်ချစ်၍ မိဘများ၏ အစ်ကိုအရင်းဖြစ်၍ တားတော့ မတားဆီးရဲကြပါ။ အဘဦးအောင်နှင့်တွဲလျှင် အရက်သမားဖြစ်မည်စိုးသဖြင့် မကြည်ဖြူကြခြင်းဖြစ်သည်။

ကျွန်တော်နှင့် အဘဆရာမှိုင်းတို့သည် တွဲတေးတောကြီးတန်းနှင့် ပတ်ဝန်းကျင်ရှိ လယ်တောစပ်များတွင် သဘာဝဆေးပင်များဖြစ်





ကြသည့် ဂံခါး၊ ကျွဲထမင်း၊ နွားထမင်း၊ ကျောက်ကွဲပင်၊ မြေဇာ၊ ကောက်ရိုးနွယ်၊ အပွင့်ပြာပြာကလေးပွင့်သည့် ကောက်လှိုင်းတီပင်၊ အဖောအရောင်ကိစ္စ ရောဂါသည်များအတွက် ဗေဒါပင်၊ ကနဖော့ပင်၊ ရေထိကရုန်းပင်၊ လယ်ပဒူ၊ လယ်သရက်ကင်း စသဖြင့် သဘာဝဆေးပင်များကို လိုအပ်သလို စုဆောင်းကြရသည်။

ကျွန်တော်တို့ဆရာတပည့်သည် မည်သည့်နေရာရောက်ရောက် အချိန်ရောက်သည်နှင့် ဘုရားဝတ်ပြုခြင်းအမှုကို မပျက်စေရပါ။ ဘုရားဝတ်ပြုပြီးတိုင်းလည်း ဣတိပိသော၊ ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ အစရှိသည့် ဘုရားရှင်တော်မြတ်ကြီး၏ ဂုဏ်တော်ကိုးပါးကို ရည်မှန်းပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ဂုဏ်တော်တစ်ထောင် ပြည့်အောင်စိပ်ပြီး ဝေနေယျသတ္တဝါအပေါင်းအား ဘေးကင်းကျန်းမာ၊ ချမ်းသာကြစေရန် မေတ္တာပို့ အမျှပေးဝေလေ့ရှိပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ ဆရာတပည့် ရွာစဉ်လှည့် ဆေးကုသခဲ့ရာ ဘေးရန်ကင်းပြီး ကျန်းမာချမ်းသာစွာဖြင့် အတွေ့အကြုံမျိုးစုံကို ရရှိခဲ့ပြီး လူချစ်လူခင်များခဲ့ပါသည်။

ကျွန်တော်နှင့် အဘဆရာမှိုင်းတို့သည် ဟံသာဝတီအနောက်ခြမ်းတွင် လှည့်လည်ဆေးကုသရင်း သာယာကုန်းဟူသော ရွာကလေးသို့ ရောက်ရှိလာခဲ့ကြသည်။ လူဆိုးဓားပြ၊ သောင်းကျန်းသူတို့ မျိုးစုံ မင်းမူကြီးစိုးနေသော ခေတ်ပျက်ကာလကြီးဖြစ်သော်လည်း အဘဆရာမှိုင်း၏ မေတ္တာစေတနာဖြင့် ဆေးဝါးကုသပေးနေခြင်းကို တစ်နယ်လုံးက သိကြသဖြင့် ကျွန်တော်တို့ဆရာတပည့်နှစ်ဦးကို အားလုံးက အသိ ကျွမ်းရင်းနှီးကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူး၊ ဆေးမကုဖူးသည့်အိမ်ဟူ၍ မရှိသလောက်ပင်။ ထို့ကြောင့် ကျွန်တော်တို့ဆရာတပည့်အား ဆေးဆရာများအဖြစ် သိကျွမ်းရှိသေကြသောကြောင့် သွားလေရာ အန္တရာယ်ကင်းသည်။ ဂုဏ်တော်ကိုးပါးတန်ခိုးနှင့် အကျင့်စရဏအင်အားများကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ခေတ်ပျက်ခေတ်ဆိုးကြီးအတွင်းဖြစ်၍လည်း အားကိုးကြခြင်း ဖြစ်ပေသည်။

သာယာကုန်းရွာသို့ရောက်တော့ နေ့လယ်ခင်း ထမင်းစားချိန် သူကြီးအိမ်သို့ ဝင်ရောက်တည်းခိုကြရာ သူကြီးမိသားစုက ပျာပျာသလဲ ဆီးကြိုပြီး နေ့လယ်စာကို ချက်ချင်း ပြင်ဆင်ကျွေးမွေးသည်။ ပြီးနောက် လက်ဖက်ရည်ကြမ်းဝိုင်းထိုင်ကြ၍ ရပ်ရေးရွာရေး ကျန်းမာရေးကိစ္စများကို ဆွေးနွေးတိုင်ပင်နှီးနှောကြသည်။

"သူကြီးဦးဘိုးစံ . . . ရပ်ရွာနယ်မြေအေးချမ်းသာယာရဲ့လား"

အဘကမေးရာ သူကြီးက . . .

"အခုရက်ပိုင်း အခြေအနေပိုဆိုးလာတယ် . . . ဆရာကြီး။ အဖွဲ့ဟောင်းတွေကို ဆက်ကြေးမှန်မှန်ပေးရတော့ အဆင်ပြေပေမဲ့ နောက်ပေါ်လာတဲ့ ရွှေကြာပင်အဖွဲ့တွေကို ဆက်ကြေးမပေးနိုင်တော့ ရပ်ရွာမအေးချမ်းဘူး။ ဆက်ကြေးယူတဲ့ အဖွဲ့ဟောင်းတွေကလည်း ရွာကို အကာအကွယ်မပေးနိုင်တဲ့အပြင် နောက်ပေါ်လာတဲ့ အဖွဲ့သစ်တွေကို မယှဉ်နိုင်ဘူး။

နောက်ပေါ်လာတဲ့အဖွဲ့တွေက လက်နက်အင်အား ပိုကောင်းတယ်။ ရိုးရိုးရိုင်ဖယ်၊ နှစ်လုံးပြူးတင်မကဘူး အင်္ဂလိပ်လက်နက်တိုက်ကို ရှာဖွေတွေ့ရှိကြလို့ စတင်ဒေါနတ်တွေ၊ ဘရင်းဂန်းတွေ၊ လက်ပစ်





ဗုံးတွေပါ ပါတယ်။ ခေါင်းဆောင်လုပ်တဲ့ဗိုလ်ကလည်း အလွန်သတ္တိကောင်းပြီး သတ်ရဲဖြတ်ရဲ အလွန်ရက်စက်သတဲ့"

"အင်း . . . ရပ်ရွာငြိမ်ဝပ်ပိပြားရေး အခြေအနေကတော့ ဆိုးသထက်ဆိုးလာပါရော့လား . . . သူကြီးရယ်"

"ဟုတ်ပါတယ် . . . ဆရာကြီး၊ နေဝင်တာနဲ့ ကျွန်တော်တို့တစ်ရွာလုံး လုံခြုံရာမှာ ပုန်းခိုအိပ်ကြရပါတယ်။ အခုလည်း ညစာအတွက် အိမ်ကမိသားစုတွေ၊ ချက်ပြုတ်ပြင်ဆင်နေကြပါပြီ။ ဝမ်းစာဝါးလေး ဝက်ထားနိုင်လို့ တော်ပါသေးတယ်။ ဟင်းကတော့ ဖြစ်သလိုပေါ့ . . . ဆရာကြီးရယ်။

တောရွာဆိုတော့လည်း ဟင်းအတွက်က ပူစရာမလိုပါဘူး။ ချောင်းရိုးမြောင်းရိုးနဲ့ လယ်တွေအထဲမှာ သားငါးပုစွန်နဲ့ ဟင်းသီးဟင်းရွက်က ပေါပါတယ်။ ဆီကရှားတော့ ချွေတာရပါတယ်။ ညစာကို စောစောမစားနိုင်တော့ ချိုင့်တွေထဲထည့်ပြီး ပုန်းခိုရာမှာ စားရပါတယ်။ အဲဒါကြောင့် အခုညလည်း ဆရာကြီးတို့ဆရာတပည့် ကျွန်တော်တို့ ပုန်းတဲ့နေရာမှာ လိုက်အိပ်ပါလား . . . ဆရာကြီး"

"နေပါစေ . . . ကျုပ်တို့ ဒီအိမ်မှာပဲ အိမ်စောင့်ရင်း အိပ်မယ်။ သတ္တဝါတွေအားလုံးကို စေတနာ၊ မေတ္တာထားတဲ့ ဆရာတွေပါ။ ကိုယ့်ကိုယ်ကိုယ်ယုံတယ်။ မေတ္တာခြံတော့ လုံခြုံတာပေါ့။ သူကြီးဦးဘိုးစံ စိတ်ချသွားပါ"

"ဟုတ်ကဲ့ . . . ဆရာကြီးတို့ကတော့ မိမိကိုယ်မိမိ ယုံကြည်စိတ်ချတော့ နေရဲအိပ်ရဲကြပေမဲ့ ကျွန်တော်တို့ကတော့ မိသားစုပြီး ကျွန်တော်ကိုယ်တိုင်က ရပ်ရွာလူကြီး လုပ်သူဖြစ်ပြန်တော့ ပုန်းခိုအိပ်



www.burmeseclassic.com

www.burmeseclassic.com



စက်ရှိုးမှာပါပဲ ...ဆရာကြီးရယ်။ ဒီဝဋ်ဒုက္ခက ဘယ်တော့များမှ အေးငြိမ်းမယ်မသိပါဘူး ...ဆရာကြီးရယ်''

''အေးဗျာ ...အင်္ဂလိပ်ခေတ်ကတောင် ရပ်ရွာအေးချမ်းပြီး စီးပွားရှာလို့ လွယ်သေးတယ်။ အခုလို လွတ်လပ်ရေးရပြီး ကိုယ့်မင်းကိုယ့်ချင်းနဲ့ အုပ်ချုပ်ရတဲ့အချိန်ကျကာမှ အချင်းချင်း သွေးကွဲပြီး မညီညွတ်ကြတော့ အခက်သားကလား။ သူကြီး ...အဖိုးတန်ရွှေငွေ လက်ဝတ်လက်စားတွေကိုသာ ယူသွားပါ။ ကျန်တာ ကျုပ်တာဝန်ထား။ ခင်ဗျားတို့အိမ် မှဲ့အစ်ပေါက် မစွန်းစေရဘူး''

''ယုံကြည်စိတ်ချစွာ အပ်နှံပါတယ် ...ဆရာကြီး။ ဆရာကြီးတို့ ညစာစားဖို့အတွက်လည်း ကျွန်ုပ်တော်တို့ အသင့်စီစဉ်ထားခဲ့ပါမယ်''

''ရပါတယ် ...သူကြီး။ ကျုပ်တို့ အဆင်ပြေသလို နေတတ်ပါတယ်''

ထိုစဉ် ဆရာကြီး ရောက်ရှိနေကြောင်း သတင်းကြားကြသည်နှင့် လူနာများ တဖွဲဖွဲရောက်လာကြသည်။ ထို့ကြောင့် ကျွန်တော်တို့ ဆရာတပည့် ဆေးဝါးကုသပေးရပြန်သည်။ ကျွန်တော်ကတော့ အဘဆေးဆရာကြီး ညွှန်ကြားသည့်အတိုင်း ဆေးပေး၊ ဆေးလိမ်းပေးရသည်မှာ လက်မလည်နိုင်အောင်ပင်။

ညနေစောင်းနေဝင်လုနီးတော့ ပုန်းခိုအိပ်စက်ကြရမည်ဖြစ်သဖြင့် လူနာများ ရှင်းသွားတော့သည်။ ဖျားနာသည်တောင် မိမိအိမ်တွင် မိမိ နားနားနေနေ မနေဝံ့ရသော ခေတ်ဆိုးကြီးဖြစ်တော့သည်။ ရွာသူရွာသားများမှာ အဘဆရာမှိုင်းကို လေးစားယုံကြည်ကြသဖြင့်လည်းကောင်း အဘ၏ဆေးဝါးကျွမ်းကျင်မှုနှင့် စေတနာမေတ္တာ စရဏ





အင်အားများကြောင့် ငှက်ဖျားရောဂါ၊ ရှီးရှီးအဖျားအနာ ထိခိုက်ဒဏ်ရာများ၊ စုန်း၊ မယော၊ မြွေကိုက်၊ ကင်းကိုက်၊ အနာပေါက်အမျိုးမျိုးတို့ ပျောက်ကင်းချမ်းသာကြသည်။

ရောဂါများပျောက်ကင်း၍ ဝေဒနာရှင်က တတ်နိုင်သမျှ လာရောက်ကန်တော့လျှင်လည်း အဘဆရာမှိုင်းက တစ်ဝက်သာလက်ခံပြီး တစ်ဝက်ကို ပြန်စွန့်ကြသည်။ လက်ခံသော တစ်ဝက်ကိုလည်း ဆေးဝါးဖော်စပ်ရန်နှင့် လမ်းစရိတ်အတွက်ဖြစ်ပေသည်။ မကန်တော့နိုင်လျှင်လည်း မေတ္တာမပျက်၊ စေတနာမလျော့။ ပျောက်ကင်းအောင်၊ ချမ်းသာအောင် ကုသပေးတတ်ပါသည်။

ညဘက်ရောက်တော့ သူကြီးကအစ၊ ရွာသူရွာသားအားလုံး အလျှိုအလျှို ပြေးပုန်းကြတော့သည်။ တစ်နာရီခန့်အကြာ ကျွန်တော်တို့ ညစာစားပြီး ရေနွေးကြမ်းသောက်နေကြခိုက် သေနတ်သံမျိုးစုံကြားပြီး ဆဲဆိုသံများလည်း ကြားရသည်။ ဓားပြအဖွဲ့ချင်း တိုက်ပွဲဖြစ်ဟန်တူသည်။

ကျွန်တော်နှင့် အဘဆရာကြီးတော့ ရေမိုးချိုးပြီး သန့်ပြန့်သော အဝတ်အစားများလဲ၍ ဘုရားဝတ်ပြုကြပြီးနောက် ဂုဏ်တော်ကိုးပါးအား ပုတီးစိပ် (၁၀၀၀) ရအောင် ကျင့်ကြံအားထုတ်နေကြပါသည်။ ပုတီးစိပ်၊ အမျှဝေ၊ မေတ္တာပို့အပြီး ရေနွေးကြမ်းကိုသောက်နေကြစဉ် ည(၉)နာရီကျော်အချိန်ခန့်၌ အိမ်ရှေ့အမှောင်ထဲမှ အော်ဟစ်ခေါ်သံကို ကြားရတော့သည်။

''အဘဆရာကြီး ...အဘဆရာကြီး ...''

ဆရာကြီးက လက်ဟန်ပြသဖြင့် ကျွန်တော်က အိမ်ရှေ့ပြတင်းပေါက်ကို ဖွင့်ပြီး အသံပြုရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဘယ်သူတွေတုန်းကွ၊ သူကြီးမရှိဘူး"

"ကျွန်တော်သိပါတယ်။ ကျွန်တော် ရွာအရှေ့ကွင်းက ငစိုးလေးပါ။ အဘဆရာကြီး ရောက်နေကြောင်းသိရလို့ လာပင့်တာပါ။ လူနာအရေးကြီးလို့ လာပင့်တာပါခင်ဗျား"

လူနာဟု အသံကြားသည်နှင့် ဆရာကြီးက ကျွန်တော့်အား–

"မောင်ဝင်း . . . ဆေးအိတ်ယူခဲ့။ သူပုန်တွေအဖွဲ့ အစောပိုင်းက တိုက်ပွဲဖြစ်ရင်း ဒဏ်ရာရတာဖြစ်မယ်။ ညနေက ရွာသားရွာသားတွေကို ဆေးကုပေးနေတော့။ အဘတို့ရောက်နေတာ သိကြလိမ့်မယ်။ ကဲ . . . အိမ်တံခါးတွေပိတ်၊ သော့ခတ်။ အဘ စည်းချထားခဲ့မယ်။ မြန်မြန်လုပ်"

"အေး . . . အေး . . . လာပြီဟေ့၊ ခဏစောင့်"

"ဟုတ်ကဲ့ . . . ကျွန်တော့်မှာ လှည်းပါပါတယ်"

"ကောင်းပြီ . . . လိုက်ခဲ့မယ်"

ထို့ကြောင့် ကျွန်တော်နှင့်အဘဆရာကြီးတို့ လာပင့်သောလှည်းဖြင့်ပင် လိုက်ခဲ့ကြပါသည်။ လှည်းပေါ်၌ လာပင့်သော လှည်းမောင်းသူ ငစိုးဆိုသူတစ်ယောက်တည်းသာ။ လက်နက်ကိုင်လည်း တစ်ယောက်မျှ မပါပါ။ ဆန်းစလကလေး ဖွေးဖွေးနှင့် ကြယ်ရောင်များကြောင့်လည်းကောင်း၊ မှုန်တိမှုန်မွှား အလင်းရောင် အနည်းငယ်ရှိနေသော်လည်း ငစိုးမှာ ညဘက်ကြီး၊ ဝါးခမောက်ဆောင်းထားသဖြင့် မမှတ်မိ။ မသိရှိနိုင်ပါ။ အဘကလည်း စပ်စုမေးမြန်းခြင်းမရှိပါ။

ကျွန်တော်တို့နှစ်ဦး မေတ္တာသုတ်ရွတ်၍ လိုက်ပါလာခဲ့ကြပါသည်။ နာရီဝက်ခန့် လှည်းစီးခဲ့ကြပြီး ကွင်းပြင်ကိုဖြတ်၍ တောစပ်ကို





ကျော်တော့ တောကြီးအတွင်း လျှိုကြီးတစ်ခုအနီးရောက်တော့ လှည်းကိုရပ်သည်။

ငစိုးလေးက လှည်းခွထောက်၍ နွားများကိုလှည်းမှဖြုတ်ပြီး နီးစပ်ရာသစ်ပင်တွင် ချည်နှောင်နေစဉ် မှောင်ရိပ်အတွင်းမှ လှမ်းမေးသံကြားရသည်။

"ငစိုးလေးလားဟေ့ . . . ဆရာကြီးကော ပါလာရဲ့လား"

"ဟုတ်ကဲ့ . . . ငစိုးလေးပါ၊ ဆရာကြီးလည်း ပါလာပါတယ်"

ထိုအချိန်မှ သစ်ပင်အောက်မှောင်ရိပ်မှ လူနှစ်ဦး ထွက်ပေါ်လာပြီး . . .

"ကြွပါ . . . ဆရာကြီး၊ ကျွန်တော်တို့ လမ်းပြပါ့မယ်"

တုတ်မီးထိုး၍ လမ်းပြသည်။ ရှေ့ကတစ်ယောက်။ နောက်က ငစိုးလေး။ အလယ်က ဆရာကြီး။ နောက်က ကျွန်တော် ဆေးအိတ်လွယ်၍ လိုက်သည်။ ကျွန်တော့်နောက်ကလည်း လူတစ်ဦးက မီးထိုးပြီး လမ်းပြသည်။

လျှိုကြီးအတွင်းထဲ အိမ်ပုန်းကလေးအပေါ်၌ လူကြီးတစ်ဦး ဘက်လက်လှဲလျောင်းနေပြီး အနီးရှိ ကျည်ဆန်သေတ္တာပေါ်၌ ဟာရီကိန်းမီး လသာမှန်အိမ်ကလေးကို မှိန်မှိန်ထွန်းညှိထားသည်။ လူကြီးနှစ်ဦးက ဝိုင်းဝန်းပြုစုနေသည်။ အဝတ်အစား၌ သွေးများရွဲနေသည်။ ဆရာကြီး ခန့်မှန်းသလို တိုက်ပွဲတွင် ဒဏ်ရာရသော လူဆိုးဗိုလ်ဖြစ်ဟန်တူလေသည်။ ထိုအချိန်တွင် အနီးတွင် ပြုစုနေသူတစ်ဦးမှ ထ၍ မီးအိမ်ကလေးကို မီးမြှင့်လိုက်စဉ် ပြုစုရင်းထိုင်နေသော လူတစ်ဦးမှ . . .

"ကြွပါ . . . ဆရာကြီး၊ လူနာကို ကြည့်ရှုကုသပေးပါဦးခင်ဗျား"



www.burmeseclassic.com

ဟု ရှိသေလေးစားစွာ ပြောလာသည်။ လူနာမှာ မီးအိမ်ငယ် အလင်းရောင်အောက်၌ မျက်နှာဖြူဖပ်ဖြူ ဖြူရော်နှင့်အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက် ရှူနေရသည်။ မုတ်ဆိတ်ကျင်စွယ်ဖြင့် မျက်နှာက လေးထောင့်စပ်စပ်။ အသားက လတ်သည်။ သွေးထွက်လွန်နေသော လက္ခဏာဖြစ်ပြီး ဒဏ်ရာက ကြီးမားပုံရသည်။ ယာဘက်လက်မောင်း၌ သွေးများရွဲနေသည်။ ပုဆိုးစဖြင့် ချည်နှောင်ထားသဖြင့် ပုဆိုးစတွင်မက ဝတ်ထားသော ကာကီရောင်အကျႌမှာလည်း သွေးများ ရွှဲစိုနေသည်။

ဆရာကြီးက ကျွန်တော့်အား ဒဏ်ရာစီးထားသော ပုဆိုးစကို ဖြေခိုင်းပြီး အကျႌလက်တိုအား လှန်၍မ,တင်ပြီး ဒဏ်ရာအား အသေအချာ ကြည့်ရှုစစ်ဆေးသည်။ ပြီးနောက် ဒဏ်ရာအား သန့်ရှင်းစေပြီး သွေးတိတ်ဆေးမှုန့်အား ဖိသိပ်ပေးပြီး အသစ်ပြန်စီးပေသည်။

"ကဲ ... လူကလေးတို့ဒဏ်ရာက အရိုးကိုပါ ချိုးသွားတာ။ သွေးတိတ်မန်းဆေး သိပ်ပြီးပြီ။ မကြာခင် သွေးတိတ်သွားလိမ့်မယ်။ အရိုးကျိုးသွားတာဆိုတော့ ကျပ်စည်းရလိမ့်မယ်။ တစ်ထွာလောက် အရှည်၊ နှစ်လက်မအပြားလောက် ဝါးခြမ်းပြား (၃)ချောင်း လိုချင်တယ်။ အချောကိုင်ပြီး ရေနဲ့သန့်စင်အောင်ဆေးပြီး ယူလာပေးပါ။

ထို့နောက် ဆရာကြီးက ဆုရားအာရုံပြုပြီး ငါးပါးသီလခံဟူ၍ ဆေးကုသရန် ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့အား တိုင်တည်နေသည်။ (၁၀) မိနစ်ခန့်ကြာမှ ...

"မောင်ဝင်း ... ရေတစ်ခွက်သန့်သန့် တောင်းလိုက်။ အရဟံ သိဒ္ဓိဆေးတော်ကြီးကို အလျင်တိုင်ရမယ်။ ပြီးတော့ သွေးအားတိုးဆေး





တိုက်ရမယ်။ ဒါမှ သတိရပြီး သွေးအားပြန်ပြည့်လာလိမ့်မယ်။ ကြက်ဥရှိသလား"

"ရှိပါတယ် ဆရာကြီး"

လူကြီးတစ်ယောက်က ပြန်ဖြေပြီး ကြက်ဥသွားယူနေစဉ် ဆရာကြီးက ကျွန်တော့်အား ...

"ဒဏ်ရာက သေနတ်မှန်တာ။ ယမ်းခိုးကြောင့် ဒဏ်ရာကြီးသော့ အဖျားဝင်နိုင်တယ်။ ငါတို့ ဒီည ဒီမှာအိပ်ပြီး ကုရလိမ့်မယ်။ အချိန်မီကလေးပဲ။ နောက်ကျရင် သွေးထွက်လွန်လို့ သွားပြီ"

"လူဆိုးဗိုလ်ထင်တယ် ... ဆရာကြီး"

"အေး ... အသာနေ၊ စကားမပြောနဲ့တော့။ ငါတို့က ဆေးဆရာ။ ဘာပဲဖြစ်ဖြစ် လူနာဆိုတော့ အသက်တစ်ချောင်း ကယ်ကောင်းတယ်"

လူကြီးတစ်ဦးက သောက်ရေတစ်ခွက်ယူလာပေးတော့ ဆရာကြီးက အသင့်ယူဆောင်လာသော ကြေးဖွန်းကလေးထဲ အရဟံသိဒ္ဓိဆေးတော်ကြီးအား ရေနှင့်ဖျော်ထည့်ပြီး လူနာစောင့်အား ထူစေ၍ ကပ်ပြီး တိုက်သည်။ ဆေးဝင်သွားသည်နှင့် တစ်ခဏအတွင်းမှာပင် တဟင်းဟင်းညည်းညူ၍ သတိရလာသည်။

"အင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"ဟော့ ... ဗိုလ်ကြီး သတိရလာပြီ"

ထိုအချိန်ကျမှ တောထဲက လက်နက်ကိုင်အချို့ စုဝေးလာကြသည်။ ယခုလို စုဝေးလာတော့မှ လူအင်အားက (၂၀)ခန့်ရှိသည်။ လူနာစောင့်တစ်ဦးက ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ . . . ဆရာကြီးရယ်၊ ကျွန်တော်တို့ဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူး"

"လူနာက ဒဏ်ရာအရှိန်ကြောင့် သွေးထွက်လွန်ပြီး အဖျား တက် သတိမေ့နေတာ။ အချိန်မီကလေးပါပဲ။ နောက်ကျရင်တော့ ကျ လည်း တတ်နိုင်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး။ ကျေးဇူးကြီးလှပါတယ်"

လူနာမှာ ယခုမှ အသေအချာကြည့်တော့ အသက် (၄၀)နှ အသားလတ်လတ်၊ ဥပမိရုပ်ကောင်းကောင်း ဆံပင်ကို နောက်လှန်ပြ ထားပြီး ခန္ဓာကိုယ်အချိုးအဆက် တောင့်တင်းသန်မာပြီး ယောကျ် ပီသသူတစ်ဦးဖြစ်သည်။ အရပ်က (၆)ပေခန့်ရှိသည်။

အထူးသဖြင့် လူနာ၏ မျက်ခုံးနှစ်ဖက်မှာ မဲမှောင်ထူထ နေပြီး နဖူးပေါ်က မျက်ခုံး (၂) ခုအဆက်မှာ ဝေးကွာလှသည်။ ဝဲနာ ထင်တွင် ကြီးမားသော မှဲ့နက်ကြီးတစ်လုံးက ထင်ရှားစွာ ရှိနေသည် ဆရာကြီးသင်ထားသော အင်္ဂဝိဇ္ဇာပညာဖြင့် ကြည့်လျှင်တော့ သ ကောင်းပြီး တဖွတ်ထိုး တဖောက်ကန်းလုပ်တတ်သော ပုဂ္ဂိုလ်ဖြစ်သည်

တဲအိမ်ကလေးအတွင်းရှိ လူအားလုံးမှာ လူကြမ်းလူမိုက် မှုပ်များဖြစ်ကြသဖြင့် လူဆိုးဓားပြအုပ်စုဖြစ်ပြီး ဒဏ်ရာရထားသူမှ ခေါင်းဆောင်ဗိုလ်ဖြစ်သည်။ ကျွန်တော်တို့ ဆေးသမားများအနေဖြ တော့ လူဆိုးဖြစ်စေ၊ လူကောင်းဖြစ်စေ၊ ဒဏ်ရာရသူ၊ ရောဂါဖြစ်သူ လူနာကို ဆေးဝါးကုသပြီး ကယ်တင်ရခြင်းမှာ ဆေးသမားအလုပ်သ ဖြစ်ပေသည်။

✿ ✿ ✿

အဘဆရာကြီးက လူနာ၏နဖူးပေါ် လက်တင်ကြည့်ပြီး . . .

"စိတ်ချရပါပြီ။ စောစောက ကြက်ဥတောင်းထားတာရရင် ရေ နွေးစိမ်ပြီး ဖောက်တိုက်လိုက်ပါ။ အဖျားက ဆေးတိုက်ရှိုးမှာဆိုတော့ အစာအခံရှိမှဖြစ်မယ်။ ဒဏ်ရာအတွက်တော့ (၃) ရက်ဆေးထည့်ပြီး (၃) ရက်ဆေးတိုက်ရမယ်။ လက်မောင်းရိုးကျိုးတာဆိုတော့ (၂) ပတ် လောက်တော့ ကျပ်စည်းထားရမယ်။ ရေမထိစေနဲ့။ ဒဏ်ရာပျောက် ပြီး အရိုးအမြန်ပြန်ဆက်အောင် မလှုပ်ရှားစေနဲ့။ လည်ပင်းမှာ သိုင်း ကြိုးနဲ့ ချည်ထားပေးခဲ့မယ်"

သူတို့ ကြက်ဥပြုတ်နေစဉ် ဝါးခြမ်းပြားများရလာသဖြင့် ဆရာ ကြီးက ဝါးခြမ်းပြားများအား ရေနွေးစိမ်စေသည်။ ဒဏ်ရာကိုလည်း အဝတ်သန့်ရေနွေးစိမ်၍ ဆေးကြောသန့်စင်ပြီး ဆေးထည့်သည်။ ပြီး နောက် ကျပ်စည်း၍ အဝတ်သန့်ဖြင့် ပတ်တီးစီးပေးပြီး လည်ပင်း၌ ကြိုးသိုင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥရေနွေးစိမ်ရလာတော့ ဖောက်၍ ပန်းကန်ထဲ ထည့်ပြီး ဖွန်းဖြင့် တိုက်စေသည်။ ပြီးမှ အဖျားပျောက်ဆေးခါးကြီးကို တိုက်တော့သည်။ လူနာမှာ သတိရနေပြီဖြစ်သဖြင့် တအင်းအင်းညည်းညူရင်း ဆေးသောက်ရာ မျက်နှာမှာ ရှုံ့မဲ့နေသည်။

ထို့နောက် ဆရာကြီးက ရေနွေးထည့်ထားသော ဇလုံကြီး တစ်ခုတောင်း၍ ဆေးအိတ်အတွင်းမှ သစ်ရွက်ခြောက် လက်တစ်ဆုပ် နှိုက်၍ ဇလုံထဲထည့်သည်။ ရေဇလုံထဲကရေ အဝါရောင်သမ်းသွားမှ ရေစိမ်အနည်းငယ်ထပ်ရောပြီး အပူအအေး စမ်းကြည့်သည်။

အနေတော်မှ လူနာအား ခြေရင်းသို့ရွှေ့စေပြီး ကွပ်ပျစ်အောက်သို့ ခြေနှစ်ချောင်းချစေကာ ထိန်းစေပြီး ခြေနှစ်ချောင်းအား ခြေချင်းဝတ်ခန့်မြုပ်အောင် ရေနွေးစိမ်စေသည်။ (၁၅) မိနစ်ခန့်ကြာတော့ လူနာမှာ အဖျားကျသွားသဖြင့် ကောင်းစွာသတိရလာပြီး မျက်လုံးဖွင့်ကြည့်သည်။ ကျွန်တော်တို့ကို မြင်သည်နှင့် ...

“ကျေးဇူးတင်ပါတယ် ... ဆရာကြီး၊ ကျွန်တော် ကျေးဇူးဆပ်ပါ့မယ်”

ဆရာကြီးက ...

“ကဲ ... အားရှိသွားအောင် တစ်ရေးအိပ်လိုက်ဦး။ ကျုပ်တို့ အနီးမှာ စောင့်ကြည့်နေမှာပါ။ ဘာမှစိုးရိမ်စရာမရှိတော့ဘူး။ ကဲ... ရော့ ... ဟောဒီရှူဆေးကလေး ရှူလိုက်။ အိပ်ရာကနိုးတာနဲ့ လူကောင်းဖြစ်ပြီ”

“ဟုတ်ကဲ့ပါဆရာကြီး”

ဆရာကြီးရှူဆေး မည်မျှစွမ်းသည်မသိ။ သုံးလေးခါခန့် ရှူသည်နှင့် လူနာမှာ တုံးခနဲ အိပ်ပျော်သွားတော့သည်။ ထိုအခါကျမှ





ကျွန်တော်တို့လည်း နားကြရတော့သည်။ ကျွန်တော်တို့အတွက်လည်း ညလယ်စာအဖြစ် ရေနွေးကြမ်းနှင့် မြေပဲကြော်၊ ထန်းလျက်ခဲများ ရောက်လာသဖြင့် ဆာဆာနှင့် စားကြရသေးသည်။

ကျွန်တော်တို့ စားသောက်ပြီးတော့ လင်းကြက်တွန်၍ ရောင်နီပင်လာချေပြီ။ လူနာမှာ ဟောက်၍ အားပါတရ အိပ်နေသည်။

“ကဲ ... လူနာအခြေအနေ စိတ်ချရပါပြီ။ နိုးလာရင် ကြက်ဥပြုတ်ဖြစ်စေ၊ ဆန်ပြုတ်ဖြစ်စေ နည်းနည်းချင်း ဝင်သလောက်တိုက်ပေးပါ။ ရေစိမ်းမတိုက်နဲ့ ရေကျက်အေးတိုက်ပါ၊ သောက်ဆေး(၇)ရက်စာ ပေးခဲ့မယ်။ ဒဏ်ရာကို ရေမထိစေနဲ့၊ ရေပတ်တိုက်ပေးပေါ့။ တစ်လကြာရင် ဒဏ်ရာကို ဖြေလို့ရပြီ”

“ဆရာကြီးက နောက်နေ့တွေ မလာတော့ဘူးလား”

“ကျုပ်တာဝန် ကျုပ်သိတယ်။ ကျုပ်ဆေး အစွမ်းကိုလည်း ကျုပ်သိတယ်။ လိုအပ်ရင် သူကြီးအိမ်ကို လာခေါ်လှည့်။ ကျုပ်တို့ရှိတဲ့ နေရာကို သူတို့အကြောင်း ကြားပေးလိမ့်မယ်။ ကျုပ်တို့က ရွာစဉ်လှည့် ဆေးကုနေတာ။ ဒီဒဏ်ရာလောက်က မပြောပလောက်ပါဘူး။ ကျုပ်တာဝန်ယူပါတယ်”

“ဟုတ်ကဲ့ ... အားကိုးပါတယ် ဆရာကြီး”

ထိုစဉ် လူနာစောင့်နှစ်ဦးက လှည်းသမားဇနီးလေးနှင့် တီးတိုးတိုင်ပင်ကြပြီး ...

“ဆရာကြီး ... ခေတ္တစောင့်ပါဦး။ မနက်စာ ထမင်းကျော်စားပြီးမှ ပြန်ပါ။ ကျွန်တော်တို့ အပြန်လှည်းလည်း အသင့်စီစဉ်ထားပါတယ်။ ဆရာကြီးတို့ကိုလည်း ဆေးဖိုးဝါးခ ကန်တော့ဦးမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်နှင့်ဆရာကြီးတို့ ငစိုးလေးအားခေါ်ပြီး အပေါ့အပါးသွား၊ မျက်နှာသစ်ပြီး တဲပေါ်၌ပင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဘုရားဝတ်ပြုကြပြီး ပုတီးစိပ်၊ တရားထိုင်ကြသည်။ ကျွန်တော်တို့ တရားအလုပ်ပြီးတော့ မိုးပင်လင်းနေပြီဖြစ်သည်။

မကြာမီ ထမင်းကြော်ပူပူနွေးနွေးနှင့် ငါးရံ့ခြောက်ဖုတ်ဆီဆမ်း၊ ရေနွေးကြမ်းများ ရောက်လာသည်။ ကျွန်တော်တို့ မနက်စာ စားကြရသည်။ ထိုအချိန် လှနာမှာ အိပ်ရာက နိုးထလာပြီး ကျွန်တော်တို့ဝိုင်း အနီးတွင် ဝင်ထိုင်သည်။

"ကျေးဇူးတင်လိုက်တာ . . . ဆရာကြီးရယ်။ ကျွန်တော့်ဒဏ်ရာက အူအတွင်းကလီစာနဲ့ ဝေးပေမဲ့ သွေးထွက်လွန်လို့ သေရောမှတ်တာ။ ဆရာကြီးပေးတဲ့ အသက်ပဲရှိပါတော့တယ်။ ကျွန်တော် ကန်တော့ပါရစေ"

"ကဲ . . . ဟော့ကောင်တွေ . . ."

"ဟုတ်ကဲ့ . . . ဗိုလ်ကြီး"

တပည့်များ ချက်ချင်းရောက်လာကြကာ အထုပ်ကြီးတစ်ထုပ်အား လင်ဗန်းပေါ်တင်၍ လူဆိုးဗိုလ်အား အပ်သည်။ ဗိုလ်လုပ်သူက ထိုအထုပ်ကြီးအား ဆရာကြီးရှေ့၌ချထားပြီး ကန်တော့ရာ ငယ်သားများအားလုံးကလည်း မြေပြင်ပေါ်၌ ထိုင်ကြပြီး လက်အုပ်ချီမိုး၍ ရှိခိုးကန်တော့ကြပါသည်။ ဆရာကြီးက ဆုများပေးပြီး ဆုံးမဩဝါဒပေးသည်။

"ကဲ . . . သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ၊ ကြီးနိုင်ငယ်ညှင်း နှိပ်စက်ခြင်း ကင်းကြပါစေ"





"ငါ့တူရေ . . . အဘ စကားနည်းနည်း ပြောပါရစေ။ အဘတို့က စေတနာဆရာတွေပါ။ အသပြာဆရာ မဟုတ်ပါဘူး။ ဒီလိုခေတ်ကျော်၊ ခေတ်ဆိုးကြီးထဲမှာ ကျွမ်းကျင်တဲ့ ဆေးဝါးအတတ်နဲ့ သတ္တဝါတွေကို ကယ်တင်ကူညီတာပါ။ အခကြေးငွေရလိုလို့ မဟုတ်ပါဘူး"

"နောက်တစ်ခုပြောချင်တာက အဘကို ကျေးဇူးသိတတ်လို့ ကန်တော့တာကို ဝမ်းသာပါတယ်။ ဒါပေမဲ့ ငါ့တူတို့ရဲ့ မသန့်ရှင်းတဲ့ ငွေတွေနဲ့ အဘကို မကန်တော့ပါနဲ့။ အဘလက်မခံပါရစေနဲ့။

မင်းတို့ လိုအပ်တဲ့နေရာတွေမှာပဲ သုံးစွဲပါ။ ဒီငွေတွေနဲ့ အဘတို့ ဆေးဝါးဝယ်ပြီး ဖော်စပ်ရင်လည်း အကျိုးအာနိသင်၊ ထက်မြက်ယ်မထင်ပါဘူး။ အဘတို့က ငါးပါးသီလ လုံခြုံတယ်။ သရဏဂုံတည်တယ်။ စေတနာ၊ မေတ္တာသမားတွေပါ။ အဘက အာယုဒါနပြုတာပါ။ ချကြုံတုန်း ငါ့တူကို ဆရာကြီး စကားတစ်ခွန်း မှာခဲ့ချင်တယ်"

"ဟုတ်ကဲ့ . . . အမိန့်ရှိပါ ဆရာကြီး"

"လူဆိုတာ ကာလ၊ ဒေသ၊ ပယောဂကြောင့် မိုက်တာ၊ ဆိုးတာကို အဘ ခွင့်လွှတ်တယ်။ ခေတ်တလည်း ခေတ်ပျက်ကြီးပေကိုး။ ဒါပေမဲ့ မိုက်တာဆိုးတာထက်လွန်ပြီး ကိုယ့်လူမျိုးအချင်းချင်း ယုတ်တော့မယုတ်မာနဲ့။ ယုတ်မာလာရင်တော့ သဘာဝလောကကြီးက ဒဏ်ခတ်တာကို ခံရလိမ့်မယ်။

"အဘက ငါ့တူကို အပိုတွေ ပြောနေတာမဟုတ်ဘူး။ ငါ့တူ ရှေ့ရေးကို ကြိုတင်မြင်လို့ သတိပေးနေတာပါ။ အဘ သတိပေးတာကို အမြဲတမ်းနှလုံးသွင်းပြီး ဆင်ခြင်ပါ။ ယုတ်မာကျူးလွန်ရင်တော့ ငါ့တူ မကြာခင် ဉပစ္ဆေဒကကံနဲ့ သေလိမ့်မယ်။ အသိနဲ့သတိကို ဆင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်ပြီး ကိုယ့်စိတ်ကို ကိုယ်ထိန်းပါ ... လူကလေး။ အဲဒီအချိန်ကျရင် အဘသာခက သိကြားမင်းကြီး ဆင်းကယ်တာတောင် မရတော့ဘူး"

"ဟုတ်ကဲ့ ... အဘ၊ ကျွန်တော် ဆင်ခြင်ပြီး ထိန်းသိမ်းပါ့မယ်"

ထိုအချိန်အထိ ကျွန်တော်က လိပ်ပတ်လည်အောင် မသိသေးပါ။ လူနာနှင့်တပည့်များက လူဆိုးဓားပြများဖြစ်ကြောင်းတော့ သိသည်။ ဆရာကြီးက လူနာအား ဆုံးမစကားပြောကြားပြီးနောက် ပြန်ရန်ဟန်ပြင်တော့ လူနာနှင့်တပည့်များက ဆရာကြီးအား နှုတ်ဆက်ကန်တော့သည်။ ကျွန်တော်နှင့်ဆရာကြီးတို့ စိုးလေးလှည်းဖြင့် ရွာသို့ ပြန်ခဲ့ကြပါသည်။

လှည်းပေါ်တွင် ကျွန်တော်က အကျိုးအကြောင်း မေးချင်သော်လည်း အဘဆရာကြီးက ကျွန်တော့်အား ခေါင်းယမ်းပြသဖြင့် မမေးဝံ့ဘဲ ငြိမ်နေခဲ့ရသည်။ ရှေ့ဖြစ်နောက်ဖြစ် ဗေဒင်နှင့်လက္ခဏာ အင်္ဂဝိဇ္ဇာကျွမ်းကျင်သော ဆရာကြီးက လူဆိုးဗိုလ်အား တုတ်ထိုးအိုးပေါက် ဟောပြောသတိပေးချက်မှာ ပြင်းထန်လွန်းလှပါသည်။

အသက်သခင် ကျေးဇူးရှင်မို့သာ လူဆိုးဗိုလ်က ငြိမ်ခံနေဟန်ရှိပေသည်။ တည်းခိုသော သူကြီးအိမ်ရှေ့သို့ ကျွန်တော်တို့လှည်းပြန်ရောက်တော့ သူကြီးမှာ အိမ်အတွင်းမှ အပြေးအလွှားထွက်လာပြီး လွန်စွာ စိုးရိမ်ပူပန်သောဟန်ဖြင့် ...

"ဆရာကြီးရယ် ... စိတ်ပူလိုက်ရတာ။ ဆရာကြီးတို့ဆရာတပည့်ကို ဓားပြတွေက ဖမ်းသွားပြီလို့ တစ်ရွာလုံးက ပြောဆိုနေကြတာ။ အခုလို ဘေးမသီရန်မခ ပြန်လာနိုင်ကြတော့ ဝမ်းသာလိုက်တာ ... ဆရာကြီးရယ်"





"ဟိုဘက်ရွာက အရေးပေါ်လူနာကြည့်ဖို့ လာပင့်လို့ ညဦးတစ်ညဉ်းက လိုက်သွားရတာ။ အခုတော့ စိတ်ချရတာနဲ့ ပြန်ခဲ့ကြတာပါ။ ဘာပြဿနာမှ မရှိပါဘူး။ ဒီမှာ စိုးလေးကိုယ်တိုင် လှည်းနဲ့လာကြိုပြီး လှည်းနဲ့ပဲ ပြန်လိုက်ပို့တာပါ"

ကျွန်တော်တို့ သူကြီးအိမ်ဝင်းထဲဝင်လာမှ စိုးလေးလှည်း ပြန်သွားသည်။ ကျွန်တော်တို့ အိမ်အောက်ထပ်ရှိ စားပွဲရှည်ကြီးအား ဝိုင်းထားသည့် ခုံရှည်များပေါ်၌ ထိုင်ကြတော့ သူကြီးကတော်က ရေနွေးကြမ်းနှင့် မြေပဲကြော်ကို လာချပေးရာ သူကြီးက ...

"ဟဲ့ ... မယ်သင်၊ ဆရာကြီးတို့ ဆာလာရော့မယ်၊ ထမင်းကြော်ပြီး ညကရှိတဲ့ဟင်းတွေ အမြန်ချပေး"

"မလုပ်နဲ့တော့ ... သူကြီး။ ကျွန်တော်တို့ လူဆိုးစခန်းက ထမင်းကြော် စားလာခဲ့ကြပြီးပြီ"

"ဘယ်လို ... မောင်ဝင်း၊ ဆရာကြီးပြောတော့ ဟိုဘက်ရွာက အရေးပေါ်လူနာ သွားကြည့်တာဆို။ ထင်တော့ထင်သား။ ဟိုဘက်ရွာမှာလည်း တစ်ယောက်မှ ရွာထဲမှာ ရှိမှာမဟုတ်ဘူး။ မိုးချုပ်တာနဲ့ ပြေးပုန်းကြရမှာ"

ထိုအခါမှ ဆရာကြီးက အကြောင်းစုံကို ရှင်းပြတော့သည်။

"အေဟမ်း ... အဟမ်း ... မောင်ဝင်းလည်း ညက အဘကုသပေးတဲ့ လူနာအကြောင်းကို သိချင်နေတယ်မဟုတ်လား။ ဒီလို သူကြီးရေ"

"မောင်ဝင်းက အကင်းမပါးဘူး။ လှည်းနဲ့လာပင့်တဲ့ စိုးလေးဆိုတဲ့ကောင်လည်း ဓားပြ၊ သူပုန်အဖွဲ့က မွေးထားတဲ့ လက်ဆောင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခါချွဲခြောင်း ဆောင်းဝင်သီချင်းတာကို အဘက မဖြေခဲ့တာ။ ကာလဒေသ ဓလေ့ထုံးသလို အခြေအနေပေါ်မူတည်ပြီး သီချင်းစိတ်ကို မြိုသိပ်ထား။ နောက်တော့ အဘပြောပြမှာပေါ့။

မင်းကတော့ ကလေးပီပီ အတော်အကင်းမပါးတဲ့ကောင်။ အဲဒီလူဆိုးမိုက်ရူးနာက မကြာခင်ကမှ ပေါ်လာတဲ့ နာမည်ကြီး လူဆိုး။ သူ့ကို၊ ဓားပြခေါင်းဆောင်၊ ဓားပြဗိုလ်ကြီး မိုးသီးဆိုတာပေါ့။ အလွန်သတ္တိကောင်းပြီး ရက်စက်တယ်။ ဓားပြီး၊ တုတ်ပြီးတယ်ဆိုပေမဲ့ မနေ့က ညတိုက်ပွဲဖြစ်တုန်း ဘယ်အဖွဲ့က ခေါ်သွားမှန်းမသိဘူး။ သေနတ်ကျည်ဆန်တော့ မပြီးရှာဘူး။ အဘတို့နဲ့မတွေ့ရင် သွေးလွန်ပြီး သေနိုင်တယ်။ သူ့အဖွဲ့က လူအင်အား လက်နက်အင်အား အလွန်ကောင်းတယ်။ စတင်းဂန်း၊ ဘရင်းဂန်းတောင် ရှိသတဲ့"

"ဗျာ . . . ဗိုလ်မိုးသီး၊ ဟုတ်သလား . . . အဘ"

"အေး . . . ဟုတ်တယ်၊ ဗိုလ်မိုးသီးစစ်စစ်ပဲ"

သူကြီးက . . .

"ဆရာကြီးတို့ ဗိုလ်မိုးသီးနဲ့ တွေ့လာတာကိုး။ အသက်ထင်ရှား ပြန်လာနိုင်တာ အလွန်အံ့သြဖို့ကောင်းတယ်။ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ ဓားပြခေါင်းဆောင်ပဲ။ သူ့ပင်ကိုရုပ်ကို မြင်ဖူးသမျှလူစိမ်းကို အလွတ်ပေးရိုးထုံးစံမရှိဘူး၊ သတ်တာပဲ။ ဆရာကြီးတို့ ကံကောင်းလှချည်လားဗျာ"

"ခြော် . . . သူကြီးရယ်၊ ကျုပ်တို့က သူ့အသက်ကို ကယ်ခဲ့တဲ့ ဆေးဆရာတွေပဲ။ အသက်သခင် ကျေးဇူးရှင်ကို ဘယ်သတ္တဝါက ရန်မူရိုးထုံးစံရှိမလဲ။ သူကလည်း အသိဉာဏ်ရှိတဲ့ လူသားတစ်





ယောက်ပါ။ ကျုပ်တို့သာ အချိန်မီမရောက်ဘဲ ဆေးဝါးမပြည့်စုံ၊ မကျွမ်းကျင်ခဲ့ရင် သေနတ်ဒဏ်ရာနဲ့ သွေးလွန်၊ အဖျားဝင်ငန်းဖမ်းပြီး သေအသေအချာပဲ"

"ကံကောင်းလိုက်တာ . . . ဆရာကြီးရယ်"

"ဟုတ်ပါ့ဗျာ . . ."

ကျွန်တော်ကလည်း ရောယောင်ထောက်ခံသည်။

ကျွန်တော်ရော၊ သူကြီးပါ အလွန်အံ့သြသွားကြပါသည်။ ဗိုလ်မိုးသီးဆိုသူမှာ ဟံသာဝတီအနောက်ခြမ်းတွင် အလွန်နာမည်ကြီးသော ဓားပြဗိုလ်ကြီးဖြစ်ပြီး အလွန်ရက်စက်ကြမ်းကြုတ်သည်။ ဓားပြတိုက်သွင်း ခေါင်းစွပ်အနက်ကြီး ခြုံထားတတ်သည်။ သူ့ပင်ကိုရုပ်ကို လူမြင်မခံ။

လူအင်အားကောင်းပြီး လက်နက်စုံသဖြင့် လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ မုဒိမ်းကျင့် စသော အလုပ်များကို ထမင်းစား ရေသောက်သလို သဘောထားသည်။ အလွန်ရက်စက်သောကြောင့် တစ်နယ်လုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်ကြပြီး ဓားပြအဖွဲ့အချင်းချင်းအပေါ်၌လည်း မိုက်ကြေးခွဲ၍ ဗိုလ်လုပ်နေသူတစ်ဦးဖြစ်သည်။

"ဒါနဲ့များ . . . အဘရယ်၊ ဒီလိုလူမျိုးအသက်ကို ကယ်ရသယ်လို့ဗျာ"

"တော်တော့ . . . လူကလေး၊ မင်းပြောချင်တာကို အဘသိတယ်။ အဘတို့က သမားတော်တွေဆိုတာကိုလည်း သတိထားဦး။ ဝိဇ္ဇာကို လေးစားယုံကြည်အားကိုးလို့၊ ဆေးကုသပေးဖို့ လာပင့်ရင် လူဆိုးရော လူကောင်းရော မခွဲခြားရဘူး။ ဆေးဝါးကုသပေးရတာ သမား



www.burmeseclassic.com

တောင်ပုံထဲမှာ သတ္တဝါတိုင်းအပေါ် မေတ္တာနဲ့ စေတနာ ထားရတယ်။ အိန္ဒြေထည်း သောဓါဆာနီသင် ထက်မြက်တယ်။ ကံဆိုတာ ရေးအဝိတ် ဘဝတာ အတန်းသေး အလုပ်ကောင်းရင် ကံကောင်းတာပေါ့ကွယ်။ မှတ်ထားနော်"

"ဟုတ်ကဲ့ပါ ... အဘ။ ဒါနဲ့ အဘက လူဆိုးဗိုလ်ကန်တော့တဲ့ ငွေထုပ်ကြီးကို လက်မခံတာတော့ ကျွန်တော် သဘောပေါက်ပါတယ်။ သဘောမပေါက်တာက ပြန်ခါနီး လူဆိုးဗိုလ်ကို ဆုံးမစကား ပြောခဲ့တာကရော အဘက ဘယ်လိုသိတာလဲ"

"မေးသင့်ပါတယ် ... လူကလေး။ မင်းက နုသေးတာကိုး။ အဘ ... လူနာကိုစပြီး သွေးစမ်းကတည်းက သူ့ရဲ့ညာလက်ဖဝါးက လက္ခဏာကို မြင်လိုက်ရတယ်။ အသက်လမ်းကြောင်းက တိုပြီးတုတ်တယ်။ လက်မက တင်းဘုတ်လက်မ၊ မျက်နှာကလေးထောင့်၊ အင်္ဂဝိဇ္ဇာပညာနဲ့ လက္ခဏာပညာ ပေါင်းလိုက်တော့ အဘရဲ့ စရဏအင်အားနဲ့ မနောအာရုံမှာ ပုံရိပ်တွေ ထင်လာတယ်။

အခုထက် ယုတ်မာရက်စက်မှုကြီးတွေကို သူ ကျူးလွန်တော့မယ်။ ဘယ်လိုမှ တားလို့ရတော့မှာမဟုတ်ဘူး။ အဲဒီရိုင်းစိုင်းတဲ့ အပြုအမူတွေကြောင့် သူရက်စက်စွာ အသတ်ခံရလိမ့်မယ်။ မကြာတော့ဘူးကွယ့်။ ဒါကြောင့် အဘက ကြိုတင်သတိပေးပြီး ဆင်ခြင်နိုင်းတာ။ ဒါပေမဲ့ ရမှာမဟုတ်ပါဘူးကွယ်။ သူ့အကြောင်းနဲ့ သူလာတာကိုး။ သဗ္ဗေသတ္တာ ကမ္မသကာပေါ့လေ။ သတ္တဝါတစ်ခု ကံတစ်ခုပေါ့"

ကျွန်တော်က အဘဆရာကြီး၏ ပြောကြားချက်များကို နားထောင်ရင်း ဓားပြဗိုလ်မိုးသီး၏ ယောကျ်ားပီသသော ခန္ဓာကိုယ်နှင့်





ဥပဓိရုပ်ကို ပြန်လည်မြင်ယောင်နေမိသည်။ ထူထဲသော မျက်ခုံးမွေးကြီးနှင့် ဝဲနားထင်က ကြီးမားသော မှဲ့နက်ကြီး၊ တကယ်ထိပ်သီး၊ အဓိပတိ လူဆိုးဗိုလ်နှင့်မှ ကျွန်တော်တို့ ဆုံခဲ့ခြင်းဖြစ်သဖြင့် ယခုမှ ကျောချမ်းမိသည်။

ထိုညက သူကြီးအိမ်တွင် ကျွန်တော်တို့ဆရာတပည့် အေးချမ်းစွာ တရားထိုင်ပြီး နားနေအိပ်စက်ကြရသည်။ သူကြီး မိသားစုအတော့ ထုံးစံအတိုင်း နေဝင်သည်နှင့် တောတွင်းပုန်းခို အိပ်စက်ကြရသည်။

ထိုညက ဆန်းစလကလေးက သာနေသည်။ ကြယ်ရောင်သည်း စုံသည်။ ညဘက် သေနတ်သံလည်း မကြားရသဖြင့် ကျွန်တော်တို့ ဆရာတပည့် ပြီးခဲ့သောညက အိပ်ရေးပျက်သည်နှင့် အတိုးချကာ နှစ်မြိုက်စွာ အိပ်ပျော်ခဲ့ကြသည်။ အိပ်ရေးဝ၍ အရုဏ်ချိန် အိပ်ရာကနိုးသည်နှင့် အိမ်ရှင်များ ကြိုတင်စီစဉ်ပေးခဲ့သော မနက်စာကိုစားကာ ရွာမှခွာ၍ ခရီးရှည်ကြီး ထွက်ခဲ့ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်သည် ငယ်စဉ်ဘဝကပင် အဘဆေးဆရာကြီးဦးမှိုင်း ထံတွင် တပည့်ခံ၍ ဆေးပညာများလက်တွေ့သင်ကြားရင်း ဟံသာဝတီ အနောက်ခြမ်းတွင်သာမက မြန်မာပြည်အနှံ့အပြား ဆရာကြီးနှင့်အတူ ခရီးဆန့်ခဲ့ကြသည်။ တန်ခိုးကြီးဘုရား အတော်များများကိုလည်း ရောက် ခဲ့ ဖူးခဲ့ရသည်။

ရောက်ရာအရပ်၌လည်း လူနာများအား ဆေးကုသပေးရင်း ပညာရပ်များ အဆင့်တက်လာခဲ့ပါသည်။ ပုပ္ပားတောင်ဝန်းကျင်၊ ကျိုက် ထီးရိုးဘုရားဝန်းကျင်၊ ဇင်းကျိုက်တောင်၊ ပဲခူးရိုးမ၊ အလယ်ရိုးမ အနောက်ရိုးမ၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်၊ တောတောင်များ အတွင်း၌ လနှင့်ချီ၍ ဆေးပင်ဝါးပင်များ ရှာဖွေနေထိုင် ကျင့်ကြံတရား အားထုတ်ခဲ့ကြသည်။

ထို့ကြောင့် အပွေးမြင် အပင်သိဆိုသလို အရွက်မြင်သည် နှင့် ဆေးပင်မျိုးစုံနှင့် ဆေးဝါးအသုံးကို ကျွန်တော် နှံ့စပ်ကျွမ်းကျင်လာ ခဲ့သည်။ ထိုဆေးပင်များထဲမှ ဂမုန်းပင်များကို ကျွန်တော် အထူးစိတ်ဝင်





စားခဲ့သည်။ ဂမုန်းပင်ကတော့ ဥကို ဆေးအသုံးများသည်။ ပင်ပျော့ ဖြစ်သဖြင့် ဂမုန်းပင်ဆိုသည်မှာ သူ့ရာသီနှင့်သူသာ သီးပွင့်ရှင်သန်တတ် ကြပါသည်။ ဘယဆေးလောကတွင် ဂမုန်းပင်မှာ သုံးတတ်ပါက အလွန် အင်မတန် ထိရောက်အစွမ်းထက်သော နတ်ဆေးပင်ဖြစ်ပါသည်။

ဤသို့ လှည့်လည်သွားလာရင်း (၁) နှစ်ခန့်အကြာတွင် ကျွန် တော်နှင့် ဆရာကြီးတို့ ဟံသာဝတီအနောက်ခြမ်းသို့ တစ်ကြော့ပြန် ရောက်ရှိလာကြပြန်ပါသည်။ လူဆိုးဗိုလ်မိုးသီးနှင့် တွေ့ဆုံခဲ့သည့် သာယာ ကုန်းရွာကလေးသို့ ပြန်လည်ရောက်ရှိသောအခါ ယခင်တည်းခိုနေကျ သူကြီးဦးဘိုးစံ၏အိမ်၌ပင် တည်းခိုကြပြန်ပါသည်။

သူကြီးမိသားစုမှာ ခေတ်ပျက်ကာလက ပိုမိုဆိုးဝါးလာသဖြင့် ရွာအိမ်တွင်မနေရဲကြတော့ဘဲ မြို့ပေါ်သို့ ပြောင်းရွှေ့သွားကြပြီး ဆွေမျိုး တစ်ဦးသာ အိမ်စောင့်အဖြစ် ကျန်နေခဲ့ပါသည်။ သာယာကုန်းရွာကလေး မှာ ယခင်နှင့်မတူ။ နေ့အချိန်၌ပင် ကလေးငိုသံ၊ ကြက်သံ၊ ငှက်သံ၊ ခွေးဟောင်သံပင် မကြားရ။ ရွာပျက်ကြီးပမာ အထူးငြိမ်သက်တိတ်ဆိတ် နေပါသည်။ သူကြီးအိမ်စောင့်မောင်နီက သူကြီးဦးတိုးစံ၏ တူအရင်း ဖြစ်ပြီး ကျွန်တော်တို့နှင့် ယခင်ကတည်းက ကျွမ်းဝင်ရင်းနှီးပြီးဖြစ်သဖြင့် ယိုက်လှဲစွာ ကြိုဆိုနေရာပေးပြီး ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးပါ သည်။

"မောင်နီ . . . ဒီဘက်ပိုင်းက ရွာတွေအခြေအနေ ဘယ်လို ရှိသလဲ"

"ဟုတ်ကဲ့ . . . ဆရာကြီး၊ အခြေအနေက ကောင်းလာမယ့် ထင်ပါတယ်။ အခု ရဲဘော်ဖြူအဖွဲ့ အင်အားကြီးပြီး လက်နက်စုံလာ တော့ ကရင်အဖွဲ့၊ ဓားပြ၊ သူခိုး၊ တောပုန်းတွေ အတော်ငြိမ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြို့တက်မပြေးနိုင်တဲ့ ဆင်းရဲသား၊ လယ်သမား၊ ရွာသူရွာသားတွေ ညဘက် တောထဲ ပုန်းခိုမအိပ်ကြရတော့ဘဲ ရွာအိမ်မှာ ပြန်လည်အိပ်နိုင်ကြပါပြီ။ ရဲဘော်ဖြူအဖွဲ့ကလည်း ခါးပြ၊ သူခိုးဆိုရင် ရက်ရက်စက်စက်ကို နှိမ်နင်းသတ်ဖြတ်ပစ်တာ''

''အင်း ... အဆိုးနဲ့အကောင်းဆိုတာ ဒွန်တွဲနေတာပဲ။ အမြဲတမ်း အဆိုးကြီးတော့ ဘယ်ဖြစ်မလဲ။ မြန်မာပြည်ကြီးလည်း မြန်မြန် ငြိမ်းချမ်းစေချင်လှပါပြီ''

''ဟုတ်ပါ့ ... ဆရာကြီးရယ်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ကမှ တော်ဦးမယ်။ အခု လွတ်လပ်ရေးရကာမှ မြန်မာအချင်းချင်း ပိုဆိုးလာတယ်''

''အေး ... အဲ့ဒါ အာဏာလုကြတာပဲ။ တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားအောင် မအုပ်ချုပ်နိုင်တာလည်း ပါတယ်။ အခုကြည့်ပါလား ...။ မြို့ပေါ်မှာပဲ အုပ်ချုပ်ရေးအာဏာရှိတာ။ တောရွာတွေမှာတော့ သူ့အစ်ကိုလ်၊ ငါတစ်မင်း စစ်ခင်းနေကြတုန်းပဲ။ အဲတော့ ဘာဖြစ်သလဲ။ တိုင်းပြည်နာတာပေါ့။

ဆန်စပါးလည်း ကောင်းကောင်းမစိုက်ရ၊ ကုန်သွယ်စီးပွားလည်း မလုပ်နိုင်၊ ချွတ်ခြုံကျတော့တာပေါ့။ ရေရှည်ရင် ခက်လိမ့်မယ်။ ကလေးတွေဆို ကြည့်ပါလား။ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းတွေပိတ်ထားတော့ စာမသင်ရဘဲ အခက်တွေ့နေကြပြီ။ ငါ့တပည့်မောင်ဝင်းကို ကြည့်ပါလား။ အလယ်တန်းတစ်လစ်နဲ့ ငါ့နောက်လိုက်နေရတာကြာပေါ့''

''ဟုတ်ပါ့ ... ဆရာကြီးရယ်။ ကျွန်တော်လည်း ဝါးဘလောက်သောက်ရွာက အလယ်တန်းအောင်ပြီးတာနဲ့ အထက်တန်းမတက်နိုင်





ဘဲ ကျောင်းထွက်လိုက်ရတာ။ ကော့မှူးမြို့မှာရှိတဲ့ အထက်တန်းကျောင်းကြီးကလည်း ဖွင့်လိုက်ပိတ်လိုက်ပဲတဲ့။ ထောက်ပံ့တဲ့ နောက်ခံအားကလည်း မရှိတော့ မြို့ပေါ်တက်လည်း မနေနိုင်ပါဘူး ...ရာကြီးရယ်။ နောင်ခါလာ နောင်ခါစျေးဆိုသလို ဖြစ်သမျှအကြောင်းကောင်းပေါ့''

''အင်း ... ဟုတ်ပါရဲ့။ ထူးချွန်ထက်မြက်ကြပေမဲ့ လယ်သမားသမီးဟာ မြို့ပေါ်မှာ အရာရှိကြီးတွေ မဖြစ်နိုင်တော့ပါဘူး။ လယ်ယာသားပဲ တဝဲလည်လည် ဖြစ်ကြတော့တာပေါ့။ ခက်တာက လယ်ယာသားဖြစ်ရင်လည်း လယ်လုပ်ခွင့်ရှိရင် ထမင်းမငတ်နိုင်ပါဘူး။ အခု လယ်ယာတောင် တထိတ်ထိတ် တလန့်လန့် လုပ်နေကြရတာ၊ ဆိုးတကာ့အဆိုးဆုံး ခေတ်ပျက်ကြီးနဲ့ ကြုံကြရတာ မင်းတို့လူငယ် ကံဆိုးတာပေါ့ကွယ်''

''ဟုတ်ပါ့ ... အဘရယ်''

ကျွန်တော်တို့ နေ့လယ်စာ စားကြပြီးချိန်တွင် လူနာများ တဖွဲဖွဲ ရောက်လာကြသည်။ အဖျားအနာရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ နာရောဂါများက အများစုဖြစ်သည်။ ထိုခေတ်အချိန်က ရခိုင်အခေါ် ...ဟူသောဆပ်ပြာက အလွန်ရှားသည်။ တကယ်သူပုန်ကတော့ ပေါ ...သည်။ ကျွန်တော်တို့ကိုယ်တိုင် သဲဆပ်ပြာ (သဘာဝတွင်းထွက် ...ပြာ) ရှာမရလျှင် ထင်းမီးလောင်ပြာဖြင့် အဝတ်ဖွပ်၊ ရေချိုးကြရ ...။ စပါးခွံ၊ ဖွဲပြာရလျှင်လည်း အဆင်ပြေပါသည်။

ညနေစောင်းတော့ ရွာသူရွာသားများ နှစ်ယောက်တစ်တွဲ သုံး ...ာက်တစ်တွဲ ရွာအနောက်ဘက် သချိုင်းကုန်းရှိရာတောစပ်သို့ သွား



www.burmeseclassic.com

www.burmeseclassic.com



နေကြသဖြင့် ကျွန်တော်က အိမ်စောင့်ကိုနီအား မေးမြန်းစပ်စုမိတော့ သည်။

"ကိုနီ ... ခင်ဗျားတို့ရွာကလည်း ခါတိုင်းနဲ့မတူဘူး။ တိတ် ဆိတ်ငြိမ်သက်ပြီး ခြောက်သွေ့လှချည့်လား။ အခု ရွာသားတွေ ရွာ အနောက်သချိုင်းဘက် သွားနေကြတာ အသုဘပို့ဖို့လား၊ ဘာကိစ္စလဲ ညရေးညတာ ပုန်းခိုဖို့နေရာကို သွားကြတာလား"

"ဒီလိုပါ ... ဆရာလေး၊ ဗိုလ်မြကြိုင်တို့ အလံနီအဖွဲ့နဲ့ ... ဘော်ဖြူအဖွဲ့တို့ ပူးပေါင်းကြပြီး တိုက်ပွဲဖြစ်တာ ကျွန်တော်တို့ရွာ ဘက်မှာ အလွန်နာမည်ကြီးပြီး ဆိုးသွမ်းယုတ်မာတဲ့ ဓားပြဗိုလ်မိုးသီး ကို အရှင်ဖမ်းမိတယ်။ အဲဒါ ဒီနေ့ နေဝင်ခါနီးမှာ ရွာအနောက်သချိုင်း ကုန်းမှာ စီရင်မယ်တဲ့။ အဲဒါ တစ်အိမ်တစ်ယောက် မဖြစ်မနေ လာကြည့် ရမယ်လို့ အမိန့်ထုတ်ထားတာ၊ သွားကြည့်ရမှာပါ။ ကျွန်တော်လည်း သွားကြည့်ရဦးမယ်"

ဓားပြဗိုလ်မိုးသီးဟု ဆိုသည်နှင့် လွန်ခဲ့သော တစ်နှစ်ခန့်က အဘဆရာကြီးနှင့်အတူ ကျွန်တော်တို့ သေနတ်ဒဏ်ရာကြောင့် ဆေး ကုသပေးခဲ့ဘူးသော မျက်ခုံးမွေးထူထူ၊ ဥပဓိရုပ်ကောင်းကောင်း၊ ဆံပင် ကို နောက်လှန်ဖြီးထားပြီး ဝဲနားထင် မှဲ့နက်ကြီးတစ်လုံးနှင့် လူဆိုးဗိုလ် မိုးသီးအား မျက်စိတွင် ပြန်မြင်လာသည်။ ထို့ကြောင့် ကျွန်တော်က အဘဆရာကြီးအား လှမ်း၍ကြည့်ရာ အဘက ခေါင်းယမ်းပြပြီး မျက်နှာ မသာယာစွာဖြင့် ...

"ဘယ်တတ်နိုင်မှာလဲ ... လူကလေးရယ်၊ သဗ္ဗေသတ္တာ ကမ္မ သကာပေါ့ကွယ်။ အဘ ကြိုးတင်သတိပေးလျက်ကယ်နဲ့ သူ့သဘော





ဆောင်သွားတာပဲလေ။ ကတိပျက်ပြီး ယုတ်မာတော့လည်း သူ့ထက် ခင်အားကြီးသူက ဒဏ်ခတ်တော့တာပေါ့။ နိုင်ရာစား ခေတ်ပဲလကွယ်"

"ဟုတ်ပါ့ ... ဆရာကြီးရယ်"

"ကဲ ... မောင်ဝင်းနဲ့မောင်နီ၊ သင်္ခါရသဘောတရားအထဲက ဆိုးဆုံးသေခြင်း၊ ဥပစ္ဆေဒကံနဲ့ သူတစ်ပါးသတ်၍ သေရခြင်းကို ဘက်တွေ့မြင်ရပြီး သံဝေဂတရားပွားနိုင်အောင် မောင်ဝင်းလည်း မောင်နီ နဲ့ အဖော်လိုက်သွားချင် လိုက်သွား။ အဘကတော့ မေတ္တာကမ္မဋ္ဌာန်း ပွားများရင်း သွားလေသူကို မေတ္တာပို့ပေးဖို့ စောစောစီးစီး တရားထိုင် တော့မယ်ကွယ်"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော် ကိုနီဦးဆောင်ရာ ရွာအနောက်ဘက် သချိုင်းကုန်း သို့ ထွက်ခဲ့ကြပြီး ကြည့်ရှုရန် လာခဲ့ကြသည်။ သချိုင်းကုန်း၌ တစ်ရွာ လုံးနီးနီး ရောက်ရှိနေကြသဖြင့် စည်ကားလွန်းလှသည်။ ကျွန်တော်တို့ လူအုပ်ကြီးကို တိုး၍ ရှေ့သို့မြင်သာအောင် လှမ်းခဲ့ကြသည်။

လူအုပ်ရှေ့သို့ လူတစ်ယောက်ကို လက်ပြန်ကြိုးတုပ်၍ ဒူး ထောက်လျက် အနေအထား၊ မျက်နှာကို ပရိသတ်ဘက် လှည့်ထား သည်။ ၎င်း၏ အနီးတစ်ဖက်တစ်ချက်တွင် သေနတ်ကိုင်လူ (၆) ဦးစီ ထားသည်။ ကျွန်တော် သူ့မျက်နှာအား အသေအချာ ကြည့်လိုက်မိ သောအခါ တုတ်နိုင်မဲနက်သော မျက်ခုံးမွေးကြီးများဖြင့် ဝဲနားထင်တွင် မှဲ့နက်ကြီး ထင်ရှားစွာရှိနေသည်။ လူဆိုးဗိုလ်မိုးသီး ကေန်အမှန် ဖြစ်ပေ တော့သည်။

ထိုအချိန်၌ ကုလားထိုင်ပေါ်၌ အကျအနထိုင်နေသော အလံနီ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင် ဗိုလ်မြကြိုင်က မတ်တတ်ထရပ်ပြီး ပရိသတ်ဘက်သို့ လှည့်ရပ်လျက် . . .

"ဟောဒီဓားပြဗိုလ်မိုးသီးဟာ လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ဆက်ကြေးတောင်းတဲ့အပြင် မြန်မာလူမျိုးအချင်းချင်း မုဒိမ်းကျင့်စတဲ့ လူမဆန်တဲ့ ယုတ်မာရက်စက်ရိုင်းစိုင်းတဲ့ လုပ်ရပ်မှန်သမျှ အကုန်လုပ်တဲ့ လူဆိုးလူယုတ်မာ၊ လူတိရစ္ဆာန်ဖြစ်တယ်။

သူ့ကြောင့် တစ်နယ်လုံး အသတ်ခံရ၊ မိသားစုကွဲပြီး ဆင်းရဲဒုက္ခရောက်ခဲ့ကြရတဲ့ မိသားစုပေါင်း၊ လူပေါင်း မနည်းဘူး။ ဒါကြောင့် ကျုပ်တို့အလံနီအဖွဲ့က သူ့ကို မရရအောင်ဖမ်းပြီး မြို့နယ်အေးချမ်းသာယာရေးအတွက် မိုးသီးကို မသေမချင်းသတ်ဖို့ သေဒဏ်ပေးလိုက်တယ်"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ရှီ"

ရွာသူရွာသားအပေါင်းက လက်ခုပ်တီး၍ အားပေးချီးမြှင့်ကြသည်။

ထိုစဉ် ဗိုလ်မြကြိုင်က . . .

"ကဲ . . . အခုစီရင်ပွဲကို လာကြည့်ကြတဲ့ ပရိသတ်အထဲမှာ လူဆိုးမိုးသီးကြောင့် ဘဝပျက်၊ မိသားစုနဲ့ကွဲပြီး ဒုက္ခရောက်ကြရတဲ့ မိသားစုဝင်တွေ ပါလိမ့်မယ်။ သိပ်နာကြည်းလွန်းလို့ ကိုယ်တိုင်စီရင်ချင်တယ်ဆိုရင် ထွက်လာခဲ့ပါ။ ကျုပ် ခွင့်ပြုမယ်။ ဒါပေမဲ့ အသေတော့ မသတ်ရဘူး။ နောက်လူတွေအတွက် ချန်ထားရဦးမယ်။ ဒါမှ သူသတ်ခဲ့တဲ့သူတွေ ခံစားခဲ့ရတဲ့ ဝေဒနာဆိုးကို တမြည့်မြည့်ခံစားရပြီး နောင်ဘဝမှာ သင်ခန်းစာယူနိုင်မယ်။





ဒီသချိုင်းကုန်းမှာလည်း သူသတ်ခဲ့တဲ့အလောင်းတွေက ရှိနေတော့ သူသေတာနဲ့ တစ္ဆေသရဲတွေက ကြိုဆိုနေပြီး တစ္ဆေသရဲ ဘဝရောက်အောင် ထပ်ပြီးအသတ်ခံရဖို့ ရှိသေးတယ်။ အခုအချိန်ဆိုရင် တစ္ဆေသရဲတွေ သူ့ဝိညာဉ်ထွက်လာအောင် တန်းစီပြီး စောင့်နေလောက်ရောပေါ့။ လက်စားချေခြင်းဟာ ပျားရည်လို ချိုမြိန်ပါတယ်"

"ဟုတ်ပါတယ် . . . မှန်ပါတယ်"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ရှီ"

ထိုစဉ် သချိုင်းကုန်းဇရပ်ပေါ် အုပ်မိုးနေသည့် မန်ကျည်းပင်တန်းပေါ်မှ ကျီးကန်းများအုပ်လိုက် လန့်ပြီး ထပျံကြသည်။ လက်ခုပ်သံကြောင့် လန့်ပျံသည်လား၊ အလံနီဗိုလ်စကားကို ထောက်ခံကြသည်လား၊ တမလွန်မှ ပရလောကသားများ ကောင်းချီးပေးကြိုဆိုသည်လားဆိုတာ မသိနိုင်ပါ။

ထိုစဉ် လူအုပ်အတွင်းမှ လူအတော်များများ တန်းစီပြီး ထွက်လာကြသည်။

"ကျုပ်သတ်မယ်"

"ကျွန်တော်လည်း သတ်မယ်"

"ကျွန်မတို့လည်း သတ်မယ်"

လူဆိုးဗိုလ်မိုးသီး၏ နှိပ်စက်မှုဒဏ်ကို ခံစားထားရသဖြင့် လက်စားချေလိုသော စိတ်ဓာတ်ပြင်းသည့် ရွာသူရွာသားအပေါင်းက တစ်ရွာလုံးနီးပါး။ အလံနီဗိုလ်က . . .

"နေကြပါဦး . . . မိုးသီးကို တစ်ရွာလုံးသာမက ဟံသာဝတီနယ်နောက်ခြမ်းတစ်ခုလုံးက သတ်ချင်၊ လက်စားချေချင်ကြတာကို ကျုပ်တို့အလံနီအဖွဲ့က သိပါတယ်။ လူဖြစ်လာရင် သတ်ရဲရမယ်၊ သေရဲရ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒါဟာ ကျုပ်တို့အလံနီအဖွဲ့ရဲ့ လက်ကိုင်ဆောင်ပုဒ်ပဲ။ ဒီအတိုင်းဆို တစ်နယ်လုံးက လူဆိုးမိုးသီးကို ကျုပ်တို့အလံနီအဖွဲ့က သေဒဏ်ပေးတာကို ထောက်ခံကြတယ်ပေါ့နော်''

''ထောက်ခံပါတယ်''

''အင်း . . . ဒါဆို မိုးသီးကို တစ်ရွာလုံးက ဝိုင်းသတ်လို့တော့ မဖြစ်သေးဘူး။ စိစိညက်ညက် ကျေသွားလိမ့်မယ်။ မိုးသီးကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအထဲက အယုတ်မာ၊ အရက်စက်ဆုံး ခံစားခဲ့ကြရတဲ့ လူ(၅)ဦးပဲ သတ်ခွင့်ပေးမယ်။

ကျန်လူတွေက မိုးသီးကို အဲဒီလူတွေ သတ်တာကို စိမ်ပြေနပြေကြည့်ကြပြီး အားပေးကြ၊ စိတ်ထဲက လက်စားချေကြ။ ကဲ . . . လူ (၅) ဦးထွက်ခဲ့ပြီး တစ်ယောက်ချင်းခံစားချက်ကို ပြောကြ။ ပြီးရင် မိုးသီးရဲ့ ခန္ဓာကိုယ်ဘယ်အပိုင်းကို ဓားနဲ့ထိုးခွင့် ဓားနဲ့ခုတ်ခွင့် တစ်ချက်ပေးမယ်။ နှစ်ချက် မလုပ်ရဘူး။ ကျေနပ်ကြသလား''

''ကျေနပ်ပါတယ်''

''ကျေနပ်ရင် ထိုးမဲ့ခုတ်မဲ့ အဖွဲ့ထဲက လူ(၅)ယောက် ထွက်ခဲ့ကြ။ ကျုပ် အသေအချာ မေးမြန်းပြီး ရွေးရဦးမှာ''

ပရိသတ်ကြီး တစ်ခဏ ငြိမ်ကျသွားသည်။

ထို့နောက် လူ(၅)ဦး တန်းစီပြီး ထွက်လာကြသည်။ နောက်ဆုံးတစ်ဦးမှာ ထင်းခုတ်ဓားမကြီးကိုကိုင်၍ ထွက်လာသူ အသက် (၁၆) နှစ်ခန့်ရှိ လူငယ်ကလေးတစ်ဦးဖြစ်သည်။ ရှေ့ဆုံးမှ ထွက်လာသည့် အသက် (၅၀)ခန့်ရှိ လူကြီးတစ်ဦးကို အလံနီဗိုလ်က စတင်မေးမြန်းစစ်ဆေးသည်။

''ဦးလေးနာမည် ပြောပါ။ ဘယ်ရွာကလဲ''





''ကျုပ်နာမည် ရဲစိန်။ ညောင်ပင်သာရွာက။ လူဆိုးဗိုလ်မိုးသီးတို့အဖွဲ့ ကျုပ်အိမ်ကို ဓားပြတိုက်တယ်။ အတွင်းပစ္စည်း ရွှေငွေတွေ ယူတဲ့အပြင် ဝင်တားပြီးအသနားခံတဲ့ ကျုပ်မိန်းမကို သတ်တယ်။ ကျုပ်ကိုလည်း လက်ကျိုးအောင်ရိုက်တယ်။ ဒါကြောင့် သူ့ကို သတ်ချင်တာပါ''

''ကဲ . . . သတ်စေ။ ကြိုက်တဲ့နေရာကို တစ်ချက်ထိုး၊ ရော့ ဓားမြှောင်''

လူကြီးက အလံနီဗိုလ်ထံမှ ဓားမြှောင်ကို လှမ်းယူပြီး မိုးသီး ဗိုက်အတွင်းသို့ တစ်ဆုံး ထိုးထည့်လိုက်သည်။

''အား . . . အား . . . အား . . .''

သချိုင်းကုန်းအတွင်းရှိ မန်ကျည်းပင်အပေါ်မှ ကျီးကန်းများသည်လည်း ဝုန်းခနဲ ထပျံကြသလို၊ ညဥ့်ငှက်ဆိုးများကလည်း တဂစ်ဂစ် အော်ကြသည်။ ဖျိုင်းအောက်ကြီးများက အိပ်တန်းတက်ရန် ပြန်လာကြရာမှ သချိုင်းကုန်းအပေါ် ပတ်၍ ဝဲပျံပြီး တကာစ်ကစ် အော်မြည်နေကြသည်။

''ဓားကို ဆွဲမနုတ်နဲ့။ ဒီအတိုင်းထား။ နောက်တစ်ယောက်လာ''

နောက်တစ်ဦး ထွက်လာပြန်သည်။

''ကျွန်တော့်နာမည် ရဲအောင်။ ခရာစုရွာက။ မိုးသီးတို့အဖွဲ့ ကျွန်တော်အိမ်ကို ဓားပြတိုက်တဲ့အပြင် အိမ်ကိုပါ မီးရှို့သွားလို့ ကျွန်တော် တို့မိသားစု ဘဝပျက်ခဲ့ရတယ်။ ဒါကြောင့် သတ်ခွင့်ပေးပါ''

''ကဲ . . . သတ်စေ၊ ဗိုက်ကဓားကို ဆွဲနုတ်ပြီးမှ သတ်''



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလူက မိုးသီးရင်အုံအား ခြေကန်၍ ဗိုက်မှဓားမြှောင်ကို ဆွဲထုတ်ရာ သွေးများ ပန်းထွက်လာသည်။ ပြီးမှ နှလုံးသားရှိရာဘယ်ရင်အုံကို ဓားဖြင့် တစ်ဆုံးထိုးပြန်သည်။

"အွတ် ... အင်း ... ဟင်း ... အီး ..."

မိုးသီး အသံနက်ကြီးဖြင့် အော်သဖြင့် ကျီးကန်းများ ထပျံကြပြန်သည်။ ဤသို့ဖြင့် လေးယောက်အပြီး နောက်ဆုံးလူငယ်ကလေးအလှည့်တွင် အလံနီဗိုလ်က ...

"မင်းကရော ဘာကြောင့် မိုးသီးကို သတ်ချင်ရတာလဲ။ ဘယ်ရွာကလဲ"

"ကျွန်တော်က ပျားမွှတ်ရွာကပါ။ ကျွန်တော့်နာမည် လှဝင်းလို့ခေါ်ပါတယ်။ ရပ်ရွာမငြိမ်းချမ်းလို့ အလယ်တန်းနဲ့ ကျောင်းထွက်လိုက်ရပါတယ်။ ပြီးခဲ့တဲ့လ ညသန်းခေါင်ယံမှာ ကျွန်တော်တို့အိမ်ကိုမိုးသီးတို့အဖွဲ့ ဓားပြတိုက်၊ ပစ္စည်းတွေယူတဲ့အပြင် ကျွန်တော့်မိဘတွေနဲ့ ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်ပြီး အိမ်တိုင်မှာချည်ပြီး ရှေ့မှာတင် ကျွန်တော့်အစ်မကို မုဒိမ်းကျင့်တယ်။ ဝင်အော်ပြီးတားတဲ့ ကျွန်တော့်အဖေနဲ့ အမေကိုပါ သတ်တယ်။ ဒါကြောင့် မိုးသီးလို လူမဆန်သဲ့ယုတ်မာတဲ့အတွက် မသေမချင်း သတ်ပါရစေ"

"အေး ... သတ်သင့်တယ်။ မသေမချင်း သတ်စေ"

လူငယ်ကလေးက ဓားမြှောင်ကို မသုံးတော့။ သူ အသင့်ယူဆောင်လာသော ထင်းခုတ်ဓားမကြီးဖြင့် မိုးသီး၏ခေါင်းပေါ်သို့ မိုး၍ခုတ်ချလိုက်တော့သည်။ အားပါလှသော လူငယ်၏ခုတ်ချက်၊ လက်နှစ်ဖက်စုံကိုင်၍ ခုတ်ခြင်းကြောင့် ထက်မြက်လှသော ဓားမကြီးက မိုးသီး





၏ခေါင်း အလယ်တည့်တည့်မှစင်ကာ မဲနက်ထူထဲသော မျက်ခုံးနှစ်ဖက်ပြတ်၍ အုန်းသီးအား ခွဲလိုက်သလို 'ခွမ်း' ဟူသော အသံကြီးနှင့်အတူ ဦးခေါင်း နှစ်ခြမ်းကွဲထွက်သွားတော့သည်။

မိုးသီးထံမှ အသံပင် ထွက်မလာနိုင်တော့။ မန်ကျည်းပင်ကြီးများအပေါ်မှ ကျီးကန်းများလည်း ထမပျံကြတော့။ ထူးဆန်းသည်ကတော့ သချိုင်းကုန်းဇရပ်မှ တောက်တဲ့များ ဆူညံစွာအော်၍ အိမ်မြှောင်များ စုတ်ထိုးကာ ခွေးများအူကြခြင်းပင်ဖြစ်သည်။

"တောက်တဲ့ ... တောက်တဲ့ ... တောက်တဲ့ ... ကျွတ်ကျွတ် ... ကျွတ် ..."

"အု .. ဝူး ... ဝူး ... အု ... ဝူး ..."

အံ့သြလွန်းကြသဖြင့် ပရိသတ်က အသံပင်မထွက်တော့။ ထိုအချိန်မှ အလံနီဗိုလ်က လက်ခုပ်တီးပြီး ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ကလေး ... မင်း အလွန်တော်တယ်။ လက်သံလည်းပြောင်တယ်။ သတ္တိလည်း အလွန်ကောင်းတယ်။ ကျေနပ်ပြီမဟုတ်လား"

"ဟုတ်ကဲ့ .. ကျေနပ်ပါပြီ"

အလံနီဗိုလ်က မျောက်လျက်လဲကျပြီး သေဆုံးသွားသော မိုးသီး၏အလောင်းအား ခြေနှင့်ကန်၍ ပက်လက်လှန်လိုက်ပြီး ရင်ဝကဓားမြှောင်ကို ဆွဲနုတ်သည်။ ဓားမြှောင်တွင် ပေကပ်နေသော သွေးများအား မိုးသီး၏အကျီဖြင့် သုတ်ပြီးနောက် အလောင်းအား မြေကျင်းထဲသို့ တွန်းချလိုက်တော့သည်။

"ဘုန်း ... အုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ...ရှော ...သတ္တိခဲကလေး။ ဒီဓားမြှောင်ကို ဦးကခင်ဆကို အမှတ်တရလေ့ချတာ။ ဒီဓားမြှောင်ကလည်း ပေါ့သေးသေးမဟုတ်ဘူး။ မိုးသီးနဲ့ဆို လူဆိုး (၉) ဦးတိတိ စီရင်လာခဲ့တာ။ မင်း အမှတ်တရ သိမ်းထား။ ငါတို့အလံနီအဖွဲ့ထဲ မင်းဝင်ချင်ရင် ဒီဓားမြှောင်ကိုပြပြီး အချိန်မရွေး ဝင်လို့ရတယ်။ ဓားမြှောင်ရိုးမှာ ဗိုလ်မြကြိုင်လို့ ထွင်းထားတယ်။ ကျုပ်တို့အလံနီအဖွဲ့က တစ်နယ်လုံးကို သိမ်းထားပြီးပါပြီ။ လယ်ယာလုပ်ငန်းလည်း ပြန်လုပ်ကြပါ။ ဓားပြသူခိုး သတင်းထူးရင်လည်း လာပြောကြပါ။ ဆုငွေပေးပါ့မယ်"

ရွာသူရွာသားများမှာ အပြန်တွင် ယုတ်မာရက်စက်ကြမ်းကြုတ်သော လူဆိုးဗိုလ်မိုးသီးအား ကိုယ်တိုင်သတ်ဖြတ်ခဲ့ကြရသော်လည်း ဝမ်းသာဟန်တော့ မပြကြ။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများပီပီ စိတ်မကောင်းဖြစ်ကြပြီး မျက်နှာညှိုးငယ်စွာ ငြိမ်သက်တိတ်ဆိတ်ပြီး ပြန်ခဲ့ကြသည်။ အလံနီဆိုသည်မှာလည်း တိုင်းပြည်အုပ်ချုပ်သော အစိုးရအဖွဲ့မဟုတ်။ သူ့ထက်သူ လူစွမ်းကောင်းလုပ်ပြီး ဓားပြထက်ကြီးသော သူပုန်အဖွဲ့သာဖြစ်ချေသည်။

ကျွန်တော်တို့ အိမ်အပြန်လမ်းတစ်လျှောက်လုံး စကားမဆိုမိကြဘဲ အတွေးကိုယ်စီဖြင့် ပြန်ခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော့်အတွေးထဲ၌လည်း မျက်ခုံးထူထူ၊ မျက်နှာလေးထောင့်နှင့် ဝဲနားထင်တွင် မှဲ့နက်ကြီးပါသော လူဆိုးဗိုလ်မိုးသီး၏မျက်နှာကြီးက မျက်စိထဲကမထွက်။ ရုပ်ရည်ဖြင့် မလိုက်ဖက်အောင် ရက်စက်ယုတ်မာလှသော မိုးသီးအကြောင်းကို ချာချာလည် အတွေးများနေမိသည်။

ထို့အပြင် အင်္ဂလိပ်ဗေဒပညာဖြင့် အကြားအမြင်ရနေပြီး ရှေ့ဖြစ်နိမိတ်ကို ကြိုတင်ဟောနိုင်သော ကျွန်တော်၏ အဘဆရာမှိုင်း၏ ပညာ





တလည်း ဒက်ထိမှန်ကန်လွန်းနေသည်။ အိမ်ပြန်ရောက်သော် အဘက ကျွန်တော်တို့အား ဘာမျှမမေးသော်လည်း မိုးသီး၏ နောက်ကြောင်းရာဇဝင်ကို သိချင်နေသော ကျွန်တော့်အား မောင်နီက ဇာတ်စုံခင်းပြတော့သည်။

"ဒီလို ...ဆရာလေးရေ။ မိုးသီးဆိုတဲ့လူက ငယ်ငယ်ကလေးကတည်းက အလွန်ဆိုးတယ်။ ပေတယ်၊ တေတယ်၊ မိဘတွေတောင် မနိုင်ဘူး။ မိဘကိုတောင် ပြန်ဆဲတာ။ ရွာက ကျောင်းထိုင်ဆရာတော်နဲ့ သူကြီးကိုတောင် ကြောက်တာမဟုတ်ဘူး။ ထစ်ခနဲဆို သူက ဦးအောင်နှိုက်လိုက်ပြီးသား။ တစ်ဖက်လူ ခံရတာချည်းပဲ။

သူငယ်စဉ်ကတည်းက သူကြီးအိမ်က ထိတ်တုံးစာလည်း မကြာခဏမိတယ်။ မမှတ်ဘူး။ လွတ်လာတာနဲ့ တစ်ဖက်တိုင်တဲ့သူကို ပြန်လက်စားချေတတ်တယ်။ ထိတ်တုံးကတစ်ဆင့် ကော့မှူးမြို့ဂါတ်ထဲမှာ အချုပ်ခံရတာလည်း မကြာခဏပဲ။ လူပျိုပေါက် အရွယ်ရောက်လာတော့လည်း ဓားမြှောင်တစ်ချောင်း ခါးကြားထိုးပြီး သောင်းကျန်းပြန်တယ်။

ထန်းရည်ဝိုင်း၊ အရက်ဝိုင်း၊ ကြက်ဝိုင်း၊ ဖဲဝိုင်းမှန်သမျှ အကုန်ရောက်တယ်။ ဝင်လောင်းတာမဟုတ်ဘူး။ သူက မိုက်ကြေးခွဲတာ။ ပထမ သူတစ်ဦးတည်း။ နောက်တော့ သူလိုလူတွေကို တပည့်မွေးလာတယ်။ နောက်ဆုံး ဓားထိုးမှုနဲ့ ကော့မှူးဂါတ်ကတစ်ဆင့် အင်းစိန်ထောင် အပို့ခံရတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ထောင်(၂)နှစ် ကျတယ်။ ထောင်ထဲမှာ လူဆိုးချင်းတွေ့ကြပြီး အတတ်ကောင်းတွေ တတ်လာတယ်။ ထောင်က လွတ်တော့ ရွာပြန်ရောက်ပြီး အုပ်စုဖွဲ့လို့ ပိုမိုက်လာတယ်။ သူကခေါင်းဆောင်ပေါ့။ ပထမတော့ စားသောက်ရုံ ခိုးတယ်။ လုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံသူပုန်ခေတ်ရောက်တော့ ဓားပြဖြစ်လာတယ်။ သူက ဘယ်အဖွဲ့မှာမှ ငယ်သားမလုပ်ဘူး။ လူမိုက်ကံကောင်းချင်တော့ အင်္ဂလိပ်အဖြေ သိုဝှက်ထားခဲ့တဲ့ တကယ့်လက်နက်တိုက်ကြီးကိုတွေ့ပြီး စတင်းတွေ၊ ဘရင်းသေနတ်ကြီးတွေကိုရပြီး အဖွဲ့က ပိုကြီးလို့ အင်အားတောင့်လာတယ်။ သူ့အဖွဲ့က တောကြီးတန်းပတ်ဝန်းကျင်မှာ ပြိုင်စံမရှိအောင်ကြီးထွားလာတယ်။

တခြား ဓားပြအဖွဲ့ငယ်တွေကလည်း တပည့်ခံဝင်လာကြတယ်။ အဲဒါကြောင့် လက်နက်အင်အား၊ လူအင်အားတောင့်တော့ ဟံသာဝတီအရှေ့ခြမ်းမှာ ရဲဘော်ဖြူ ရဲဘော်နီအဖွဲ့၊ အနောက်ခြမ်းမှာ မိုးသီးအဖွဲ့ရယ်လို့ ပေါ်လာပြီး လူတကာ ကြောက်ကြ၊ လန့်ကြတယ်။ သတ်ရဲသေရဲတဲ့ လက်မရွံ့အဖွဲ့ပဲ။ မိုးသီးကရုပ်ဖြောင့်တော့ ကြိုက်ကြတဲ့မိန်းမတွေလည်းရှိတယ်။ မကြိုက်ဘဲ အတင်းသိမ်းပိုက်ခံရတဲ့ မိန်းမတွေ၊ မုဒိမ်းကျင့်ခံရတဲ့မိန်းမတွေ ရာနဲ့ချီပြီး ရှိခဲ့တယ်''

''ဒါနဲ့ ပျားမွှတ်ရွာက နောက်ဆုံး ဓားမကြီးနဲ့ ခုတ်သတ်ခဲ့တဲ့ကောင်ကလေးအကြောင်း ပြောပါဦး . . . ကိုနီရယ်''

''လှဝင်းအကြောင်းလား။ သူက မိဘတွေ အသတ်ခံရပြီးတဲ့နောက် သူ့အစ်မလည်း မုဒိမ်းကျင့်ခံရပြီး . . . နောက်ဆုံး မိုးသီးရဲ့မယားငယ် ဖြစ်သွားတယ်။ လှဝင်းက နာမည်နဲ့လိုက်အောင် အလွန်ကြောက်တတ်တာ။ လူပုံကန္တဲ့နွဲ့၊ ချောချောဖြူဖြူကလေး။ မိန်းမလျာကလေးလို အလွန်အနေအေးတယ်။

အဲ . . . ဒါပေမဲ့ စိတ်ကတော့ အမှတ်ကြီးတယ်နော်။ နောက်ပိုင်း အစ်မနဲ့ပေါင်းပြီး လူဆိုးဗိုလ်မိုးသီး လာအိပ်တဲ့ညမှာ အရက်ထဲ





အဆိပ်ခပ်တိုက်တာ။ မိဘတွေအတွက် လက်စားချေတာပေါ့။ မိုးသီးကံကောင်းလို့မသေတာ။ အစ်မလုပ်သူကိုတော့ မိုးသီးကသိပြီး သတ်ပစ်လိုက်တယ်။

အစ်မသေဆုံးချိန်မှာ ကိုယ်ဝန်က သုံးလေးလရှိနေပြီ။ လှဝင်းကတော့ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ဒီနေ့မှ ပြန်ပေါ်လာတာ။ မိန်းမလျာကလေးလိုနေခဲ့တဲ့ လှဝင်းရဲ့ စိတ်ဓာတ်ခံစားချက်ဟာ ဒီနေ့မှ ပူးပေါ်သလို ပေါ်လာတယ်လေ''

''အတော်ခံပြင်းရှာမှာပဲနော် . . . ကိုနီ။ ဒါနဲ့ မိုးသီးကို သတ်ဖြတ်ခဲ့တဲ့ ရွာသားတွေက ဆွေမျိုးတွေလား။ အတော်နာကြည်းကြတယ်မျှ နော်''

''ရပ်ဆွေရပ်မျိုးတွေပေါ့ဗျာ။ ရက်ရက်စက်စက် ခံစားခဲ့ရရှာတဲ့ ရွာဆွေရွာမျိုးတွေပေါ့''

''လူဆိုးဗိုလ်မိုးသီးကို ဘယ်လိုသတင်းရပြီး ဘယ်လိုဖမ်းမိတာလဲ။ သူက လျှို့လျှို့ဝှက်ဝှက်နေတတ်ပြီး လူမြင်မခံတတ်ဘူးဆို။ အဖွဲ့ကလည်း အင်အားတောင့်တယ်မဟုတ်လား''

''အဲဒါလည်း လှဝင်းလက်ချက်ပဲ။ သူက ရှောင်ပုန်းရင်း အကွက်ချောင်းနေတာ။ မိုးသီးအဖွဲ့ထဲမှာလည်း လှဝင်းကို ကိုယ်ချင်းစာကြတဲ့ ပျားမွှတ်ရွာက လူတွေရှိတယ်လေ။ ဟံသာဝတီအနောက်ခြမ်းရွာတိုင်းက လူတွေပါကြတော့၊ မိုးသီး စည်းကမ်းကတစ်မျိုး။ သူ့အဖွဲ့ထဲဝင်ရင် အဲဒီအိမ်ကို ဓားပြမတိုက်ဘူး။ ဆက်ကြေးလည်း မပေးရဘူး။ ကာကွယ်စောင့်ရှောက်ပေးထားတယ်။

အဲ . . . ဒါပေမဲ့ နောက်ပိုင်း လက်နက်အင်အား၊ လူအင်အားတောင့်လာတော့ မိုးသီးဟာ အောက်ခြေလွတ်လာတယ်။ ကကြိမ်တည်း၊



www.burmeseclassic.com

www.burmeseclassic.com



သစ္စာမရှိတော့ဘူး။ သူထုတ်ထားတဲ့ စည်းကမ်းကို သူကိုယ်တိုင် ချိုးဖောက်လာတယ်။ အဖွဲ့ဝင်အိမ်တွေကို ဓားပြမတိုက်ပေမဲ့ သမီးပျို ချောချောလှလှရှိရင် အနိုင်ကျင့် စော်ကားတော့တာပဲ။ မုဒိမ်းကျင့်တာမဟုတ်ပေမဲ့ အငယ်အနှောင်းအဖြစ် သိမ်းပိုက်တာ။ ထောက်ပံ့ကြေးလည်း အနည်းအပါးပဲပေးတာ။

(၆)လ၊ တစ်နှစ်ကြာရင်လည်း မပေါင်းချော့ဘူး။ စွန့်ပစ်လိုက်တော့တာပဲ။ ဒါကြောင့် လက်အောက်ခံတပည့်တွေက တဖြည်းဖြည်းစိတ်နာလာကြပြီး သစ္စာဖောက် သတင်းပေး လုပ်ကြတော့တာပေါ့။ အဲဒီသတင်းတွေကို လှဝင်းကရတယ်။ စုဆောင်းတယ်။ သေချာအောင်လေ့လာဆန်းစစ်တယ်။ ကြိမ်းသေတာနဲ့ အလံနီအဖွဲ့ကို သတင်းပေးလုပ်တာ။

ဒါတောင် မိုးသီးက ကံထနေတော့ ပထမနှစ်ကြိမ် သတင်းပေးလို့ အလံနီအဖွဲ့က သွားဝိုင်းတာ လွတ်သွားတာချည်းပဲ။ အဲ ... နောက်ဆုံး တွံတေးတောကြီးတန်းအနောက်ဘက်ကမ်းစပ်က အိမ်တစ်အိမ်မှာ မိုးသီး မိန်းမတစ်ယောက်နဲ့ ပျော်ပါးနေတုန်း ညဘက်ကြီး ဝိုင်းဖမ်းကြတာ။ ဒါတောင် လှေနဲ့ပြေးမယ်အလုပ် လက်ရဖမ်းမိလိုက်တာ''

''မိုးသီးက အိမ်အောက်နဲ့ပတ်ဝန်းကျင်မှာ အစောင့်တွေ မထားဘူးလား''

''ဘယ်နေပါ့မလဲ ... ဆရာလေးရယ်။ အစောင့်တွေ လက်နက်အပြည့်နဲ့ (၁၀)ယောက်လောက် ရှိသတဲ့။ လှဝင်းက ကြိုတင် လက်ဝါးရိုက်ပြီး ရှင်းထားတော့ မိုးသီးတစ်ဦးတည်း ကြက်ကလေး၊ ငှက်ကလေး





ဖမ်းသလို မိတော့တာပဲ။ ဒါတောင် ခြောက်လုံးပြူးနဲ့ ပြန်ခုခံလို့ အလံနီဘက်က တစ်ယောက် ဒဏ်ရာရသွားသေးတယ်။ အလံနီဗိုလ်မြကြိုင်က အရှင်ဖမ်းခိုင်းလို့ အဖွဲ့ဝင်တွေက ပေါင်ကို သေနတ်နဲ့ပစ်ချိုးပြီး ဖမ်းရတာဆိုပဲ''

''အတော်မိုက်ပြီး အတော်သတ္တိကောင်းတာပဲနော်''

''မိုးသီးမိုက်ချက်ကတော့ ကမ်းကုန်ပဲ။ သတ္တိလည်းရှိတယ်။ ထုတ်ပြီး ဓားပြီးတယ်ဆိုပေမဲ့ အချိန်တိုင်း မပြီးဘူးထင်ပါတယ်။ အခုလည်း ကြည့်ပါလား ...။ လှဝင်းတို့ ဓားနဲ့ခုတ်သတ်ကြတာလေ။ ဘယ်မှာပြီးလို့လဲ''

''ဆေးဝါးအဆောင်ကောင်းရင်တောင်မှပဲ ဒီလောကီယုတ်မာရက်စက်နေမှတော့ ဘယ်လာပြီး အဆောင်က စွမ်းတော့မလဲ။ အဆောင်ဆိုတာက အနည်းဆုံး (၅) ပါးသီလလောက်လုံခြုံမှ စွမ်းတာ''

''ဟုတ်ပါ့ ... ဆရာလေးရယ်၊ ဒါနဲ့ ဆက်ပြောရဦးမယ်။ ဆရာလေးတို့ ဆရာတပည့်ကိုလည်း သူ့ကိစ္စမပေါက်ကြားအောင် နှုတ်ပိတ်သတ်ပစ်ဖို့ မိုးသီးကခိုင်းသေးသတဲ့။ ဆရာလေးတို့က လက်ဦးပြီး အပြေးမြန်လို့ လွတ်သွားတာတဲ့။

တပည့်တွေက ဆရာလေးတို့နဲ့ တစ်ဦးမဟုတ်တစ်ဦး ဆေးကုခံဖူးတဲ့ကျေးဇူးတွေက ရှိနေတာမို့ မိုးသီးကိုယ်တိုင် လိုက်ရှာသေးသတဲ့။ ဆရာလေးတို့က အထက်မြန်မာပြည် ဘုရားဖူးခရီးလှည့်နေပြီး တစ်နှစ်လောက်ကြာမှ ပြန်လာတော့ အခြေအနေတွေ ပြောင်းကုန်တော့တာပေါ့။ နို့ ... မလွယ်ဘူးနော် ... ဆရာလေး''

''အင်း ... ဆရာကြီးကတော့ အကြားအမြင်ရလို့ ထင်ပါရဲ့။ ဘိုနီတို့ရွာမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ အရုဏ်ဦးမှာ ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကြီး ခရီးရှည်ကြီး ထွက်ခဲ့ကြတာပဲ။ ကျွန်တော်ကတော့ ဒုံးဝေး လိုက်တာ။ တာမှမရိပ်မိဘူး။ အဘဆရာကြီး ဦးဆောင်ရာနောက်ကို သာလိုက်ရတာ။ ကျေးဇူးရှင်အသက်သခင်ကို ကျေးဇူးစွပ်တာ အလွန်အံ့သြ စရာကောင်းတယ်နော်။ အခုမှသတိရတယ်။ မိဘတွေကိုတောင် မပြော ခဲ့ရဘူး။ အခုမှ စိတ်ပူရမှန်း သိတော့တယ်''

ထိုစဉ် အဘဆရာကြီးက ရေနွေးကြမ်းတစ်ကျိုက် မော့ သောက်ရင်း ပြုံးရွှင်သောမျက်နှာထားဖြင့် စကားဝိုင်းထဲသို့ ဝင်လာသည်။

''ငါ့တပည့်မောင်ဝင်းက တယ်လည်း အ,ပေ နုံပေတာပဲ။ အဘတို့ အဲဒီဆေးကုပေးတဲ့ညကတည်းက ဆေးကုပြီးတာနဲ့ အဘတို့ ဆရာတပည့်ကို နှုတ်ပိတ်ဖို့ကွယ့်။ အဘက (၃) ရက်အချိန်ဆွဲပြီး ဆေး ပေးတော့ ဒဏ်ရာမပျောက်သေးတာနဲ့ လိုရမည်ရ အဘတို့ကို ဘေးမဲ့ ပေးထားတာ။

ဒါကြောင့် အဘက မသိဟန်ဆောင်ပြီး သူကြီးအိမ်မှာ အေး အေးဆေးဆေးအနေပြုပြီး နောက်တစ်နေ့မနက် အရုဏ်ဦးမှာ လှိုဖြိုး လစ်ခဲ့တာကွယ့်။ မောင်ဝင်းမိဘတွေကိုလည်း မစိုးရိမ်ဖို့နဲ့ အဘနဲ့ ခရီး ရှည်ထွက်သွားကြောင်း သူကြီးကတစ်ဆင့် တိုးတိုးတိတ်တိတ် မှာခဲ့ ပြီးသား။ အထက်မြန်မာပြည်မှာ တစ်နှစ်လောက် ဘုရားဖူးခရီးလှည့် နေတာကလည်း ရန်ရှောင်နေတာကွယ့်။ ဆေးကုသရင်း ဘုရားလည်း ဖူးရင်း ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝပေါ့ကွယ်''

''အဘက လူဆိုးမိုးသီးတို့ ဆေးကုအပြီး သူတို့ထိုင်ကန်တော့ ကြတော့ ဆုံးမစကားပြောသလိုနဲ့ မိုက်ပါရမ်းပါ မယုတ်မာနဲ့လို့ ပြောဆို သတိပေးခဲ့တာဟာ သွယ်ဝိုက်ပြီး မှာခဲ့တာကွယ့်။ အဘပညာအရ သိနေ





တယ်လေ။ မျက်ခုံးထူထူ၊ ဝဲနားထင် မှဲ့နက်ကြီးနဲ့ လေးထောင့်မျက်နှာ ဘာ ကမ်းကုန်အောင် ရက်စက်ယုတ်မာမဲ့ အနေအထားပဲ။

တစ်ခါ လက္ခဏာပညာအရ လက်မက တင်းပုတ်သဏ္ဍာန် သက်လမ်းကြောင်းကလည်း တိုတော့ မသေခင် ကမ်းကုန်အောင် ရက်စက်မဲ့ လူစားမျိုးပေါ့။ အခုတော့ အဘက နယ်လှည့်ရန်ရှောင်ရင်း တပည့်မောင်ဝင်းကို ဆေးပညာ သင်ကြားပေးခဲ့တာ။ လက်ထောက် ဆရာတစ်ဆူ ဖြစ်ပါကရော့လားကွယ့်။

အဲ ... ဒါပေမဲ့ မောင်ဝင်းကို အင်္ဂဝိဇ္ဇာပညာနဲ့ အကြားအမြင် ပညာတွေရအောင် သမထ၊ ဝိပဿနာ တရားအလုပ်နဲ့ မဟိဒ္ဓိ၊ သိဒ္ဓိ ပညာတွေကိုတော့ ထဲထဲဝင်ဝင်၊ နိုက်နိုက်ချွတ်ချွတ်၊ အသေးစိတ်နည်း အောင် သင်ကြားပေးဖို့တော့ လိုသေးသကွယ့်''

''ဩော် ... အဘရယ်။ အဘသာမကယ်ရင်တော့ ကျွန်တော် ဒီချောင်စုံခေတ်ကြီးထဲမှာ သူများသတ်လို့သေပြီး ပုံရိပ်ပဲ ကျန်ခဲ့တော့ သဲနော်''

အဘက ပြန်မပြောသော်လည်း မိန့်မိန့်ကြီးပြုံး၍ ကျွန်တော့် အား ကြည့်နေပါတော့သတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

❑

ကျွန်တော် ဝါးဘလောက်သောက် အလယ်တန်းကျောင်း
တက်ရတော့ ရွာနှင့် (၃) မိုင်ခန့်ဝေးသဖြင့် အတော်လှမ်းသည့်ရွာ
အပေါင်းအသင်းများနှင့် ကျောင်းတက်ရသဖြင့် ကျွန်တော် အလွန်ပျော်
သည်။

သို့သော် ကျွန်တော့်အား ကလေးသဖွယ်သာ သဘောထား
သော ကျွန်တော့်ဘကြီးဦးအောင်က စိတ်မချဘူးဆိုကာ ကျောင်းကြို
ကျောင်းပို့ လုပ်ပေးသည်။ နေပူပူ၊ မိုးရွာရွာ၊ နေ့စဉ် အကြိုအပို့လု
သည်။ ဗွက်တောရုန်းရတော့လည်း ကျွန်တော်အား ကလေးသဖွယ်
ချီပိုးရုန်းတတ်သေးသည်။

ထို့ကြောင့် ကျွန်တော်ကလည်း အဘဦးအောင်အား မိဘ
များထက် ပိုချစ်ပါသည်။ သူကြီးသား ကျွန်တော့်မှာ မုန့်ဖိုးအလျှံပယ်





သော်လည်း အဘကလည်း လိုနေမည်စိုး၍ မကြာခဏ ပေးတတ်သေး
သည်။

အလယ်တန်းကျောင်းသားဖြစ်သော်လည်း အသက်က မငယ်
သော့။ ကျောင်းမှာလည်း ရောင်စုံခေတ်အခြေအနေကြောင့် ပိတ်လိုက်၊
ဖွင့်လိုက်ဖြစ်၍ ကျွန်တော် အဘဆရာကြီးဦးမှိုင်းထံတွင် တပည့်ခံကာ
သင်ယယ်ရှုယ်ရှုယ်ဖြင့် ဆေးဆရာပေါက်စ ဖြစ်လာခြင်းပင်။

ထို့ကြောင့် အလယ်တန်းကျောင်းက အခြေအနေအချိန်အခါ
အရ ပိတ်သည်ဖြစ်စေ၊ ကျွန်တော့်ဘက်က အဘဆေးဆရာကြီးဆရာ
နှင့် လိုက်သွားသည်ဖြစ်စေ၊ ကျောင်းပျက်တတ်သော်လည်း ကျွန်
တော်ကပင် တော်၍လား၊ ဆရာများကလည်း ညှာတာသည်လားတော့
သိပါ။ တစ်နှစ်တန်းတော့ မှန်မှန်အောင်သည်။

သို့သော် (၇)တန်းရောက်တော့ အစိုးရစစ်ဖြစ်သဖြင့် ကျွန်တော်
ကျောင်းတက်မှန်ရတော့သည်။ အလယ်တန်းဆရာများကလည်း ကာလ
အခြေအနေကြောင့် ကျောင်းကြီးပိတ်တတ်သော်လည်း အတိုးချ၍ သင်
သဖြင့် ကျွန်တော် အလယ်တန်းကို လွတ်ကျွတ်စွာ အောင်မြင်ခဲ့
သည်။

ကျွန်တော် ဝါးဘလောက်သောက်အလယ်တန်းကျောင်းက (၇)
တန်းအောင်တော့ ကော့မှူးမြို့ အထက်တန်းကျောင်းကြီးသို့ ပြောင်း၍
တက်ရသည်။ ကျွန်တော်တို့ မင်းတုန်းရွာနှင့် (၁၅) မိုင်ကျော် ဝေးသဖြင့်
ကျွန်တော် ရွာမပြန်နိုင်တော့။ ကော့မှူးမြို့၊ ဈေးအနီးမှ ဆွေမျိုးတော်
သော အဒေါ်အိမ်တွင် ထမင်းလခပေး၍ ကျောင်းတက်ရသည်။

ရွာမှ အပေါင်းအသင်းများနှင့် ခွဲခွာရသောကြောင့်လည်း
ကောင်း၊ မိဘများကို တစ်ခါတစ်ရံသာ ဟင်းမကောင်း၍ သတိရတတ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကျွန်တော်ချစ်သော အဘဆရာကြီးဆရာမှိုင်းနှင့် အဘဦးအောင်တို့ကိုတော့ အမြဲတမ်း အချိန်ပြည့် သတိရနေတတ်ပါသည်။ ပတ်ဝန်းကျင်နှင့်စိမ်းပြီး မိတ်ဆွေသင်္ဂဟ၊ အပေါင်းအသင်း မရှိသေး၍ ဖြစ်ပါသည်။

မြို့ကျောင်းက အပြီးအပိုင်ထွက်ပြေးပြီး ရွာပြန်ရန် အကြိမ်ကြိမ်အခါခါ စဉ်းစားမိသည်။ သို့သော် မိဘများမျက်နှာ ထောက်၍လည်းကောင်း၊ အဘဆရာကြီးနှင့် အဘဦးအောင်တို့က အထပ်ထပ်မှာကြား၍ သတိပေးထားသောကြောင့်လည်းကောင်း၊ ပျော်ရာမှာမနေရဘဲ တော်ရာမှာနေလို့ရအောင် အောင့်အီးသည်းခံ၍ နေရတော့သည်။

အဘဆရာကြီးကတော့ ကိစ္စရှိ၍ မြို့တက်လာမှ ကျွန်တော်ထံဝင်လာပြီး အားပေးတတ်ပါသည်။ ဘကြီးဦးအောင်ကတော့ ကျွန်တော့်လိုပင်၊ ကျွန်တော်နှင့် မခွဲနိုင်သဖြင့် တစ်ပတ်တစ်ကြိမ် အမေကြော်လှော်ချက်ပြုတ်ပေးသော ဟင်းများကို ယူဆောင်လာပြီး ကျွေးမွေးတတ်သည်။ ထိုတစ်ပတ်တစ်ကြိမ် အဘနှင့် ထမင်းလက်ဆုံစားရသည်မှာ မြိန်လှသည်။ အဘက မုန့်ဖိုးလည်း ပေးတတ်သေးသည်။ စားရင်းသောက်ရင်း အဘအောင်ပြောသော ရွာအကြောင်းနှင့် ငယ်ပေါင်းများအကြောင်း ကြားရသည်မှာ မရိုးနိုင်ပါ။

အဘအောင်ကလည်း ကျွန်တော့်အပေါ် သံယောဇဉ်ကြီးမားပြီး လွန်စွာချစ်သောကြောင့် စကားပြောရာတွင် 'လူကလေး တူချွတ်ကလေး' စသဖြင့် မမောနိုင် မပန်းနိုင် ပြောတတ်သည်။ ရွာတွင် ကျွန်တော်မရှိ၍ မနေတတ်ဟုဆိုသည်။ ကျွန်တော်ကလည်း အထက်တန်းကျောင်းစာကို ကြိတ်မှိတ်သင်ကြားနေရသော်လည်း ရွာကိုလွမ်းလှသည်။





ထို့ကြောင့် အဘဦးအောင်နှင့်တွေ့လျှင် ဝမ်းသာဝမ်းနည်း မျက်ရည်ကျမိသည်။ ထိုအချိန်မျိုးတွင် အဘဦးအောင်က ကျွန်တော့်အား သူ၏ရင်ခွင်ကျယ်ကြီးထဲ ထည့်သွင်းထားပြီး အားပေးတတ်သည်။ တောသားလေးတစ်ယောက် မြို့ကိုရောက်၍ မနေတတ်၊ မထိုင်တတ် ဖြစ်ရခြင်းမှာ အဆန်းတော့မဟုတ်ပါ။ မြို့အရသာ မသိသေး၍ဖြစ်သည်။

အဘအောင်လာတတ်သော ကျောင်းပိတ်ရက်များတွင် ကျွန်တော်တို့ နေ့လယ်စာစားပြီးသည်နှင့် ဈေးအရှေ့ မြို့လယ်ခေါင်က အကောင်းဆုံးလက်ဖက်ရည်ဆိုင်ကြီး၌ ထိုင်ကြပြီး စကားပြောကြသည်။ ရွာအကြောင်း၊ မိဘများအကြောင်း၊ အပေါင်းအသင်းများအကြောင်း၊ အဘဆရာကြီး အဘမှိုင်းအကြောင်းအပြင် ရောင်စုံခေတ်နယ်မြေဒေသ အခြေအနေကိုလည်း ပြောတတ်သေးသည်။

အဘအောင်က ကာလသားခေါင်း၊ ကျေးရွာကာကွယ်ရေးခေါင်းဆောင်ဖြစ်၍ သူ့အတွေ့အကြုံများက အလွန်နားထောင်၍ကောင်းသည်။ တစ်နေကုန် လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ စကားပြောကြပြီးသည်နှင့် တည်းခိုအိမ်ပြန်ပြီး ရေမိုးချိုးကာ အဘအောင်သောက်သော အရက်ဆိုင်သို့ လိုက်ရပြန်သည်။

ထိုအချိန်က ကျွန်တော်မှာ အဘနှင့်တွဲနေရသဖြင့် အရက်နံ့ကို ယဉ်ပါးနေပြီဖြစ်သော်လည်း မသောက်တတ်ပါ။ အဘကလည်း မတိုက်။ ကျွန်တော် အမြည်းအမျိုးမျိုးစားသည်။ ပြီးနောက် ခေါက်ဆွဲကြော်စားသည်။ တစ်ခါတစ်ရံ အဘနှင့်အတူ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော်၊ ဝက်စတူး၊ ဝက်နံရိုးကြော်၊ ဘဲပေါင်း၊ ဘဲကင် စားကြရာ အလွန်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မြို့ပေါ်မှအစားအသောက်များမှာ လွန်စွာအရသာ ရှိလှကြောင်း သိလာသည်။ အမေ့လက်ရာလို ချဉ်ပေါင်ရွက်နှင့် ငါးဟင်း အသီးအရွက်ကြော်၊ ဝက်သားဆီပြန်၊ ကြက်သားဆီပြန် ဟင်းတို့မှ နန္ဒင်းနံ့နံ့လာသည်ဟု ထင်လာသည်။ နောက်ပိုင်း အတန်းကြီးလာသည် နှင့်အမျှ လက်ထဲ၌လည်း ပိုက်ဆံပေါ်သောကြောင့် တည်းခိုအိမ်က ချ ကျွေးသော ဟင်းမကောင်းသည်နှင့် ကျွန်တော် တရုတ်စားသောက် ဆိုင်သို့ပြေး၍ စားတတ်ပါသည်။ တောသား မြို့ပါးဝလာခြင်း ဖြစ် လိမ့်မည်။

တစ်ခါတစ်ရံ အဘအောင်လာသည်နှင့် ကျွန်တော်က ပူဆာ တတ်သောကြောင့် ကော့မှူးပိုင်းက ဂျစ်ကားစီးပြီး ဒလဆိပ်ကမ်း ရန်ကုန်ဘက်ကူးကာ တရုတ်တန်း (လသာ)တွင် တရုတ်စာများ အဝစား ကြပြန်သည်။ ထိုအခါ၌လည်း တရုတ်စာချင်းတူတူ ရန်ကုန်က ဟင်းလျာ ရာများမှာ ပိုမို၍ ကောင်းနေပြန်တော့သည်။

တစ်ခါတစ်ရံ အဘက ရွာမှ စောစောတက်လာ၍ နွားများ အစာကျွေး၊ ရေတိုက်၊ သစ်ပင်ရိပ်တွင် တစ်နေကုန် အနားပေး ကျွန်တော့်အား ရွှေတိဂုံဘုရားနှင့် တိရစ္ဆာန်ရုံ၊ ကန်တော်ကြီး၊ အင်းလျား တက္ကသိုလ်နယ်မြေထဲအထိ လိုက်ပို့တတ်သည်။ ထိုစဉ်က ရန်ကုန် တက္ကသိုလ်ဆိုသည်မှာ တစ်ခုတည်းသာ ရှိသေးသည်။ ထို့ကြောင့် ကျွန် တော်က တက္ကသိုလ်တက်ရန် စာကြိုးစားရန် အသိဝင်လာသည်။

"လူကလေး . . . ရန်ကုန်မြို့ကြီးဟာ ဘယ်ကလောက်ကြီးသလဲ ကွ။ ပျော်စရာလည်း မကောင်းဘူးလား"

"ဟုတ်ပါ့ . . . အဘရယ်။ ကွမ်းခြံကုန်း၊ ကော့မှူးမြို့လေး ကြီးလှပြီမှတ်တာ၊ တောမြို့တွေဟာ ရန်ကုန်မြို့ ရပ်ကွက်တစ်ခုလောက်





ရှိတာနော်။ ကျွန်တော် အဘဆရာကြီးဆရာမှိုင်းနဲ့ အထက်အညာ ဘက်၊ လူဆိုးကြီးမိုးသီးရန်ကြောက်လို့ ရှောင်ကြတုန်းက ညဘက်ကြီး ရန်ကုန်ဆိပ်ကမ်းက သင်္ဘောစီးပြီး ပြေးကြရတာ။ အဘဆရာမှိုင်းက လည်း ရန်ကုန်မြို့ထဲ မပြဘူး။ ရွှေတိဂုံဘုရားကြီးကိုတောင် ဒလဘက် ကမ်းက ဇက်သမ္ဗန်စီးဖို့အဆင်း ကမ်းစပ်ကပြတာ။ ညနေစာစားတော့ လည်း ဆိပ်ကမ်းက ခရီးသည်နဲ့ အလုပ်သမားတွေစားတဲ့ ဆိုင်ဆိုတော့ ဘယ်စွံမလဲ"

"လူကလေး . . . ဆရာမှိုင်းက အသပြာဆရာမဟုတ်တော့ ငွေမရှင်ဘူးကွ။ သူက စေတနာဆရာ။ ခြုံးခြံရောင့်ရဲပြီး နေနိုင်တယ်။ ဥပုသ်စောင့်တဲ့ အလေ့အကျင့်ကြောင့် ညစာကို မစားဘဲလည်း နေနိုင် တယ်။ မင်းပါလို့ ထမင်းစားတာ။ နောက်ပြီး လူကလေးတို့ အဲဒီပြေး တုန်းက လျှို့ဝှက်ပြီး ပြေးကြရတာလေကွာ။ လူမြင် လူသိမခံချင်လို့ လည်း ဖြစ်မှာပေါ့"

"အဲဒီတော့ . . . အဘ ဒီနေ့ လူကလေးကိုလိုက်ပို့တာ အတော် တယ်။ လူကလေးအားကျပြီး ရန်ကုန်မြို့မှာ လာနေချင်အောင် အဘ က ပြတာ။ (၁၀)တန်းအောင်အောင် ကြိုးစား။ အောင်တာနဲ့ ရန်ကုန် တက္ကသိုလ်မှာ တက်ရမယ်။ အဆောင်နေ ကျောင်းသားပေါ့။ အစောပိုင်း တက္ကသိုလ်နယ်မြေထဲမှာ တွေ့ခဲ့ရတဲ့ နှစ်ထပ်ဆောင်နီနီကြီးတွေမှာ လွတ် လွတ်လပ်လပ်နေရမှာ။ အဲဒါ စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ အင်းဝ ဆောင်ဆိုလား"

"ဟုတ်ကဲ့ပါ . . . အဘ၊ ကျွန်တော် တက္ကသိုလ်ရောက်အောင် ကြိုးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘွဲ့ရတော့ ရန်ကုန်မြို့ကြီးမှာ အရာရှိလုပ်။ ဘယ်ကလောက် ဖိမ်ကျသလဲ။ အဲဒီအချိန်ကျရင် လူကလေး အဘတို့ရွာဘက်တောင် ခြေဦးလှည့်ချင်မှာမဟုတ်ဘူး။ ဟိုသီချင်းလိုလေကွာ ... နန်းတော်ရှေ့ဆရာတင် ရေးပြီး ကိုအံ့ကြီး ဆိုထားတာ။ ဘာတဲ့ ... 'နောက်ချေးနဲ့ အိုင်ဗွက်အလယ်မှာ စတိုင်ပျက်ပါတယ်ဆိုတာလေကွာ' ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့ ဒလတစ်ဖက်ကမ်းကူး၍ ကော့မှူးပြန်မည့်ကားကိုစောင့်ရင်း ညမိုးချုပ်စ စားသောက်ဆိုင်တစ်ဆိုင်၌ စားသောက်နေကြခြင်းဖြစ်ပါသည်။ အသံဝါကြီးနှင့် မာန်ပါပါဆိုလိုက်သော အဘအသံကြောင့် ဆိုင်တွင်းရှိလူများက ဝိုင်းကြည့်နေကြပါသည်။ အဘကတော့ လုံးဝဂရုမစိုက်ပါ။

"ကျွန်တော်ကတော့ ဦးအံ့ကြီးဆိုတဲ့ 'လူချွန်လူကောင်း' သီချင်းကို ကြိုက်တယ်။ ဘယ်လောက် အဓိပ္ပာယ်လေးနက်သလဲ"

"အေး ... လူကလေး ဟုတ်တယ်။ ကိုအံ့ကြီးသီချင်းတွေက တောရွာသဘာဝကို ဖွဲ့ထားတာ။ ရိုးရိုးကလေးနဲ့ အလွန်လေးနက်တယ်။ အသံဝါကြီးနဲ့ အသံငြိမ်တယ်။ အဘအသံအတိုင်းပဲနော်။ ဟား ... ဟား ... ဟား ..."

ထိုညက ကျွန်တော် အတွေ့အကြုံစုံသလို ဒေသန္တရဗဟုသုတအသစ်အဆန်းများရပြီး အစားကောင်းများစားရသဖြင့် အလွန်ပျော်ပါသည်။ ည (၇)နာရီကျော်မှ ဂျစ်ကားတွင် ရှေ့ခန်းနေရာရသည်။ ကျွန်တော်တို့ ကော့မှူးမြို့ပြန်ရောက်တော့ ည(၉)နာရီခန့် ရှိချေပြီ။ ရေမိုးမချိုးမိ နွားများအား ရေတိုက်အစာကျွေးရသေးသည်။





ထိုညက ရေမိုးချိုးပြီး တည်းခိုအိမ်၌ အဘဦးအောင်နှင့် အတူအိပ်ရာ အိပ်၍ကောင်းလှသည်။ ကျွန်တော်၏ အနာဂတ်ဘဝ ရွှေရောင်အိပ်မက်များကိုပင် စိတ်စွဲလမ်းသည့်အတိုင်း မြင်မက်ပါသေးသည်။ မနက်စောစောထ ဘုရားဝတ်ပြုပြီး အဘနှင့်အတူ နွားစာကျွေး၊ ဈေးရှေ့လက်ဖက်ရည်ဆိုင်ထွက်၊ မနက်စာ စားကြသည်။ အဘပြန်တော့ မနက်(၇)နာရီမထိုးမီ။ ကျွန်တော်လည်း ကျောင်းလစ်ရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော် (၁၀)တန်းရောက်တော့ အသက်က (၂၀)ခန့်ရှိနေ ပြီ။ မြို့အရသာကို သိသွားသဖြင့် ကျောင်းပိတ်ရက်တိုင်း အဘဦးအောင် လာတတ်သော်လည်း ကျွန်တော် ယခင်ကလို ရွာကိုမလွမ်းတော့။ တစ်ခါ တစ်ရံ သတိပင်မေ့နေတတ်သည်။ ရွာမပြန်သည်မှာလည်း ကြာချေပြီ။ (၁၀)တန်းဖြစ်၍လည်း ဆရာ၊ ဆရာမများက အချိန်ပိုသင်ပေးသဖြင့် လည်းဖြစ်သည်။ ထိုအချိန်က ကျူရှင်ဆိုတာကလည်း မရှိသေး။ မိမိ ၏ ကြိုးစားမှုနှင့် ဆရာ၊ ဆရာမများကိုသာ အားကိုးရသော ခေတ်ဖြစ် သည်။

ထို့ကြောင့် ရွာမပြန်နိုင်ခြင်းကို အဘအောင်နှင့် မိဘများက လည်း သဘောပေါက်နားလည်ကြပါသည်။ ကျွန်တော် မြို့အရသာသိ သည်ဆိုရာ၌လည်း လူပျိုပေါက်ပီပီ ဝတ်ကောင်းစားလှဝတ်၍ အစား အသောက်ကောင်းစားခြင်း၊ လည်ပတ်ခြင်းတို့သာ ဖြစ်ပါသည်။

အပေါင်းအသင်းသစ် များများလာသော်လည်း ကျွန်တော် ယခု အချိန်အထိ အရက်မသောက်တတ်၊ ဖဲမကစားတတ်၊ မိန်းမ မလိုက်စား တတ်သေးပါ။ အချိန်အားသည်နှင့် ကော့မှူးမှဒလသို့ ကားစီးပြီး ရန်ကုန်





ဘက်ကမ်းကူးကာ အစားအသောက်ကောင်းသော ဆိုင်များတွင် တစ်ဆိုင် ပြီးတစ်ဆိုင် စားတတ်ရုံသာပင်။ ဟိုတယ်ကြီးများကို မတက်ဖူးသေး ပါ။

ကျွန်တော် ရန်ကုန်ဘက်ကူးလျှင်_ ပန်းဆိုးတန်းမှတစ်ဆင့် ရန်ကုန်ဘက်ကမ်းတက်ရရာ ကမ်းနားလမ်းဟိုတယ်၊ (Strand Hotel) ကြီးကို ကျွန်တော် အလွန်သဘောကျသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ဝင်ရောက်စားသောက်ရန်လည်း ကြံရွယ်ထားမိသည်။ ဈေးကတော့ လွန် စွာကြီးပေလိမ့်မည်။

ကျွန်တော် (၁၀)တန်း နောက်ဆုံးဘာသာ ဖြေရမည့်နေ့တွင် မနက်စောစော အဘဦးအောင် လှည်းကြီးဖြင့် ရောက်လာသည်။ လှည်း ပေါ်၌ ကောက်ရိုးထူထူခင်းပြီး တည်းခိုအိမ်အား လက်ဆောင်ပေးရန် ခြံထွက်ငှက်ပျောခိုင်များနှင့် ဆန်အိတ်(၂)အိတ်အပြင် အဘ၏ အမည် များလည်း ပါလာကြသည်။ ကျွန်တော်အား (၁၀)တန်းစာမေးပွဲပြီးသည် နှင့် ရွာသို့ အပြီးပြန်ရန် လာကြိုကြခြင်းဖြစ်ပါသည်။ ကျွန်တော်လည်း စာမေးပွဲဖြေနိုင်ပြီး နောက်ဆုံးဘာသာသာ ကျန်တော့သဖြင့် လွန်စွာ ဝမ်းသာနေမိပါသည်။

အဘဦးအောင်က ခရီးမဆိုက်ပင် . . .

"လူကလေး . . . စာမေးပွဲ ဖြေနိုင်ရဲ့လား။ မင်းမိဘတွေကပါ လိုက်လာမလို့ဘဲ၊ အဘက မခေါ်ခဲ့တာ။ ဒီနေ့ စာမေးပွဲပြီးတာနဲ့ အဘ က ရှင်ပြုပေးမှာ။ ဒါကြောင့် တမင်မခေါ်ခဲ့တာ"

"အဘကလည်းဗျာ . . . စာမေးပွဲပြီးရင် ကျွန်တော် အတိုးချ နားချင်သေးတယ်။ ဘယ့်နှယ် . . . ရှင်ပြုရမှာလဲ။ ရွာမှာ ငယ်ငယ်တုန်း က ရှင်ပြုပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူကလေး . . . နောက်ဆုံးဘိတ်၊ အိတ်နဲ့လွယ်ဆိုသလို ဒီနေ့ နောက်ဆုံးဘာသာ ဖြေရမှာမဟုတ်လား။ ကြိုးစားပြီး အားထည့်ဖြေ ကြားလား . . .။ ပြီးတာနဲ့ နေဝင်ဝင် မိုးချုပ်ချုပ်၊ အဘတို့အဖွဲ့ လူကလေးကို ရှင်ပြုပြီး လှည်းယဉ်ကလေးနဲ့ အေးအေးဆေးဆေး ပြန်ကြမယ်။ အပြန်လမ်းမှာလည်း ညောင်ပင်သာရွာမှာ ဘုရားပွဲရှိတယ်။ အဲဒီက ပွဲဈေးတန်းမှာလည်းဝင်ပြီး စားကြသောက်ကြမယ်။ မင်းမိဘတွေကိုလည်း မပူရအောင် အဘမှာခဲ့ပြီးပြီ။ စိတ်လွတ်ကိုယ်လွတ် အပန်းဖြေကြတာပေါ့"

"ဟုတ်ကဲ့ပါ . . . အဘ။ ကျွန်တော် ပြီးခဲ့တဲ့ဘာသာတွေ ကောင်းကောင်းဖြေနိုင်ပါတယ်။ ဂုဏ်ထူးပါမှာလည်း သေချာပါတယ်။ ကဲ . . . အဘရေ၊ ကျွန်တော် နောက်ဆုံးဘာသာဖြေဖို့ ကျောင်းကို စောစောသွားရမယ်။ အဘတို့နဲ့ နေ့လယ်စာအတူစားကြဖို့ စောင့်နေကြပါ။ ကျွန်တော် ပြီးပြီးချင်း ပြန်လာမယ်နော်"

"အေး . . . အေး . . . လူကလေး၊ အဘတို့ စောင့်နေမယ်။ ကြိုးစားပြီး ပေါက်မြောက်အောင်ဖြေ။ ကြားလား . . . လူကလေး။ ဘာအနှောင့်အယှက်မှ မရှိစေနဲ့။ စာမေးပွဲမေးခွန်းကို ထိုင်လိုက်တာနဲ့ ဖတ်မကြည့်မီ မျက်စိမှိတ်ပြီး အနန္တောအနန္တငါးပါးကို အာရုံပြုပြီးမှ မေးခွန်းကို ဖတ်။ အပိုင်ဆုံးအပုဒ်တွေကို အရင်ဆုံးဖြေ။ ဖြေပြီးတာနဲ့ ပြန်စစ်၊ စိတ်အနှောင့်အယှက် ဘာမျှမရှိစေနဲ့။ လူကလေးပြန်လာရင် အဘတို့ တစ်ဝကြီး တစ်လမ်းလုံး ပျော်ကြမယ်။ အဘမှာ ပိုက်ဆံအလုံအလောက် ပါလာတယ်"

"စိတ်ချပါ . . . အဘ။ ဒီနေ့ သမိုင်းပါ။ ကျွန်တော် ပိုင်ပါ





တယ်။ အားလုံး ဘယ်လောက်မေးမေး ကျွန်တော် အကုန်ကျက်ထားပါတယ်"

ကျွန်တော် စိတ်လက်ပေါ့ပါးစွာဖြင့် ကျောင်းသို့ ထွက်ခဲ့သည်။ ကျောင်းရောက်တော့ အချိန်စောနေသဖြင့် ကျက်မှတ်ထားခဲ့သော စာများကို စနစ်တကျ ပြန်နွှေးနိုင်သည်။ ကျွန်တော့်ထုံးစံက စာများကို ပေါ့ရိုက်၍ ရွေးချယ်ကျက်ခြင်းမဟုတ်။ သင်ရိုးညွှန်းတမ်းမှ အရေးကြီးသောစာများကို အကုန်အပင်ပန်းခံ၍ ကျက်မှတ်ထားသည်။

ကျွန်တော်ဝါသနာပါသော ဘာသာဖြစ်၍လည်း အသေအချာ လေ့ကျင့်ထားခြင်းဖြစ်သည်။ မေးခွန်း၏သဘောကို နားလည်ကျေညက်စေရန်လည်း ပြီးခဲ့သော (၂)နှစ်အထိ မေးခွန်းဟောင်းများကို အထပ်ထပ် အခါခါ လေ့ကျင့်ဖြေဆိုပြီးလည်းဖြစ်ပါသည်။

ထို့ကြောင့် ထိုနေ့က နောက်ဆုံးဘာသာကို စိတ်လက်ပေါ့ပါးစွာ ဖြေဆိုနိုင်ခဲ့ပါသည်။ (၃)နာရီမေးခွန်းဖြစ်၍ မနက်(၉)နာရီမှ နေ့လယ် (၁၂)နာရီတွင်ပြီးရာ ကျွန်တော် စာလုံးပေါင်းသတ်ပုံကအစ အသေးစိတ်စစ်ဆေးပြီးမှ အတန်းထဲက ပျော်ရွှင်စွာ ထွက်ခဲ့ပါသည်။ အဘတို့နှင့်ချိန်းထားသဖြင့် သူငယ်ချင်းအပေါင်းအသင်းများအား ဝတ်ကျေဝတ်တန် နှုတ်ဆက်ပြီး တည်းခိုအိမ်သို့ တစ်ကျိုးတည်း လစ်ခဲ့တော့သည်။

ကျောင်းနှင့်အိမ်မှာ မဝေးသဖြင့် ကျွန်တော် တည်းခိုအိမ်ပြန်ရောက်တော့ နေ့လယ် (၁၂:၃၀) နာရီသာ ရှိပါသေးသည်။ အဘတို့အဖွဲ့က အဆင်သင့် စောင့်ကြိုနေကြသည်။ အဘက ကျွန်တော်၏ အဝတ်အစား အသုံးအဆောင်များလည်း အဆင်သင့် ထုပ်ပိုးထားပြီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကလေး ... ကောင်းကောင်းဖြေနိုင်တယ် မဟုတ်လား။ ကဲ ... ကျောင်းစိမ်းအဝတ်အစားတွေ တစ်ခါတည်းလဲပြီး သူများပေးပစ်လိုက်တော့။ သားသားနားနား အဝတ်သစ်၊ အစားသစ် ဝတ်စမ်းကွာ။ တက္ကသိုလ်ကျောင်းသားလောင်းကြီးဖြစ်ပြီပဲ။ လူကလေးကို အဘက ယုံတယ်။

လူကလေးကို ရှင်ပြုမယ်ဆိုတာ ဂုဏ်ပြုတာကိုပြောတာ။ ကော့မှူးမြို့က အကောင်းဆုံးဆိုင်မှာ သွားစားကြမယ်။ ဒီနေ့ညတော့ ငါ့တူနဲ့ ငါနဲ့ ပွဲကြီးပွဲကောင်းပေါ့လကွာ။ အဘမှာ ပိုက်ဆံတွေ အများကြီးပါတယ်။ ကဲ ... ခွေးပုနဲ့ကျေယ်လည်း ပြင်ကြကွာ။ ကျီးကန်းငတ်က လည်း လိုက်ချင်တာ။ သူက ရပ်ရွာကာကွယ်ရေး ဒုတိယခေါင်းဆောင် ဆိုတော့ ငါ့ကိုယ်စား ရွာမှာ လုံခြုံရေးအတွက် ထားခဲ့ရတာ။ အပြန်ကျ မှ သူ့အတွက်လည်း ဘာလေးညာလေး ဝယ်သွားရဦးမယ်"

အဘက ကျွန်တော်တို့အား အဝတ်အစားလဲရန် ပြောသော် လည်း သူကတော့ စွပ်ကျယ်လက်စကနှင့်။ ကွက်တုံးပုဆိုး၊ ခေါင်းက ခေါင်းတုံးဆံတောက်။ ဖြီးရန် ခြယ်သရန် မလို။ သို့သော် အဘက တစ်နေ့တစ်ခါတော့ အင်္ကျီလုံချည် လဲတတ်သည်။ ချွေးနံ့မရှိ။ အရက်နံ့ တော့ ရှိနေသည်။ အရက်နံ့ကတော့ အဘ၏ ပင်ကိုရေမွှေးနံ့ပင် ဖြစ်ပါ လိမ့်မည်။

ကျွန်တော်တို့အဖွဲ့ ကော့မှူးမြို့ဈေးအရှေ့က တရုတ်စား သောက်ဆိုင်ကြီးတွင် ထိုင်ကြသည်။ အဘက အကောင်းဆုံး စားစရာ များကို မှာပေးသည့်အပြင် ကျွန်တော့် စိတ်ကြိုက်လည်း ထပ်မံမှာစေ သည်။ ရန်ကုန်မြို့ကိုရောက်ဖူးသော ကျွန်တော်ကလည်း ငါးရှဉ့်ခြောက်





ဆီ ဝက်လက်ပေါင်း၊ ဘဲကင်တို့ကို မှာသည်။ ပြီးနောက် အဘက Rum အရက်ကို ဆော်ဒါရော၊ ရေခဲထည့်ပြီး ...

"ရော့ ... လူကလေး၊ မင်းအသက်လည်း (၂၀)ရှိပြီဆိုတော့ သူရာဝင်ပြီ။ ဒီနေ့ကစပြီး လူ့ဘဝကို ပျော်ပျော်ရွှင်ရွှင် စရအောင်။ အရက်ဆိုတာ တန်ဆေးလွန်ဘေးတဲ့။ သောက်တတ်ရင် ဆေးဖြစ်တယ်။ မသောက်တတ်ရင် ဘေးဖြစ်စေတတ်တယ်။ ဆင်ခြင်သောက်။

အခုဟာက ငါ့တူကို ရှင်ပြုပြီး လူကြီးအရာသွင်းတာ။ ငါ့ တူကြီး ဒီကနေ့ကစပြီး ဘုန်းကြီးလို့ သက်ရှည်ပါစေ၊ လူတော်လူကောင်း အရာရှိကြီးဖြစ်ပါစေ။ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုး ဆထက်ထမ်းပိုး သယ် ပိုးရွက်ဆောင်နိုင်ပါစေ"

"ကဲ ... ချီးယား ... ချီးယား ..."

"ခွပ် ... ဂွပ် ..."

ကျွန်တော်တို့လေးဦး ခွက်ချင်းတိုက်၍ သောက်ကြသည်။ ကျွန် တော့်မှာ အရက်သောက်ခြင်းကို အစိမ်းသက်သက်ဖြစ်သော်လည်း အမြည်းများ တစ်ဝစား၍ ကျန်းမာရေးလည်း ကောင်းသောကြောင့် အမူးမလွန်ပါ။

တကယ့်ဝါရင့်အရက်သမားကြီးများနှင့် ပုံမှန်တွဲ၍ သောက် နိုင်သည်။ ကျွန်တော် အထက်ကဆိုခဲ့သလို ငယ်စဉ်ကပင် အဘဦးအောင် ထံမှ အရက်နံ့နှင့် ယဉ်ပါးခဲ့သောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ကျွန် တော်တို့ အရက်ကို ဆော်ဒါနှင့်ရောစပ်ပြီး ရေခဲတုံးထည့်ထားသဖြင့် အဝင်ကောင်းလှသည်။ အရက်နံ့သာခံဖူးပြီး ယခုမှ အရက်ကို ကိုယ်တိုင် သောက်ဖူးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ (၃) ခွက်စီသောက်ပြီးတော့ အဘက ရပ်နိုင်းသည်။ Rum တစ်လုံးလည်း ကုန်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . တော်ပြီ။ လူကလေး . . . ထမင်းစားကြရအောင်။ အပြန် ညပိုင်း ညောင်ပင်သာရွာ ဘုရားပွဲဝင်ပြီး သောက်ကြရဦးမှာ"

ကျွန်တော်တို့ စားသောက်ကြအပြီး တည်းခိုအိမ်ပြန်နှုတ်ဆက်၍ လှည်းကောက်ခါ လှည်းယဉ်ကလေးဖြင့် ပြန်ခဲ့ကြပါသည်။ တပေါင်းလအခါ ရာသီဥတုကလည်း သာယာသဖြင့် အပြန်လမ်းမှာ အလွန်ပျော်စရာကောင်းလှသည်။ လယ်တောများကိုဖြတ်တော့ ရိတ်သိမ်းပြီး လယ်ကွင်းများမှ မရှူရတာကြာပြီဖြစ်သော ရိုးဖြတ်နံ့က မွှေးပျံ့သင်းထုံနေသည်။

ညနေစောင်းတွင် ညောင်ပင်သာရွာရောက်တော့ အဘက အသိအိမ်တွင် လှည်းဖြုတ်၍ နွားများအား အနားပေးပြီး အစာကျွေးသည်။ ကျွန်တော်တို့လိုပင် ရွာနီးစပ်ချုပ်မှ ပွဲလာကြည့်ကြသော လှည်းဝိုင်းကြီးများက ညောင်ပင်သာဘုရားပွဲကွင်းတစ်လျှောက် ဟိုနားတစ်စု သည်နားတစ်စုဖြင့် စည်ကားလှသည်။ တောရွာဘုရားပွဲပုံစံဖြစ်သဖြင့် လွန်စွာပျော်စရာကောင်းလှသည်။

ဘုန်းကြီးကျောင်းဝင်းထဲ၌ ညောင်ပင်သာဘုရားရှိပြီး ဘုရားဝန်းအပြင်ဘက်၌ ဘုရားကွင်းရှိရာ (၁၀) ကေခန့်ကျယ်ဝန်းသည်။ ကွင်းအလယ်၌ ကျွန်တော်တို့တောရွာများဘက်တွင် နာမည်ကြီးပြီး လူကြိုက်များသော 'ပြည်သူ့မုန်တိုင်း' အငြိမ့်စင်ကြီးက ဟီးထနေသည်။ ကျွန်တော်တို့အဖွဲ့ တည်းခိုအိမ်တွင် ရေမိုးချိုးသန့်စင်ကြပြီး အဝတ်သစ်အစားသစ်ဝတ်၍ ပွဲဈေးတန်းထဲလျှောက်ကြသည်။

ပွဲလမ်းရှားပါးသောကြောင့် ညနေ၊ နေမဝင်မီ၌ပင် ပွဲခင်းက စည်ကားနေချေပြီ။ ကျွန်တော်တို့ တောနယ်များဓလေ့က အငြိမ့်က





[illegible]ွင် နေဝင်သည်နှင့် စ,ရသည်။ စောစောစီးစီးလည်း မသိမ်းရ။ မနက်[illegible]လင်းမှ သိမ်းရသည်။

အငြိမ့်ဟုဆိုသော်လည်း တကယ့်ဇာတ်ပွဲကြီးလိုပင်။ လူရွှင်[illegible]တော်နှင့် မင်းသမီးများ ထွက်ပြီးနောက် ဟာသပြဇာတ်၊ လွမ်းခန်း၊ [illegible]ခန်းဇာတ်ထုပ်များကိုလည်း ကပြရသေးသည်။ ကျွန်တော်တို့ပွဲခင်း[illegible]နီးရောက်တော့ ပွဲစရန် ဆိုင်းသံ၊ ဗုံသံပေးနေချေပြီ။

"ကဲ . . . လာကြဟော့။ တို့က ပွဲကြည့်မှာမှ မဟုတ်ဘဲ။ အသံ[illegible]ထောင်ရင်း ဆိုင်ထိုင်အရသာခံကြတာပေါ့။ ပွဲကြည့်တယ်ဆိုတာက [illegible]မတွေအလုပ်"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော်တို့ ပွဲခင်းပတ်လည်မှ မြင်သာထင်သာ၍ သန့်ပြန့်[illegible]သာ စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် ဝင်ထိုင်ကြသည်။ ဆိုင်ကြီးက [illegible]စာအစားအစာ၊ တရုတ်အစားအစာအပြင် အရက်မျိုးစုံပါရသည်။ [illegible]ဘူမှူးမြို့မှ လာရောက်ရောင်းချသော ဆိုင်ကြီးဟုသိရသည်။ အဘ[illegible] မစားရတာကြာပြီဖြစ်သော ကြက်ကုန်းဘောင်ကြီးကြော်၊ အစိမ်း[illegible]ကြော်၊ (၁၂) မျိုးဟင်းချို၊ ဘဲပေါင်း၊ ဝက်နံရိုးကြော်တို့ကို၊ စိတ်ကြိုက်[illegible]သည်။ ဆိုင်ရှင်က ဟင်းများစွာမှာ၍ သဘောကျနေသည်။

"ဘာလိုပါသေးလဲ . . . ဆရာကြီး"

"ငါတို့က ထမင်းလွတ်အမြည်းစားမှာ၊ Rum အကြီးတစ်လုံး[illegible] ဆော်ဒါ၊ ရေခဲပြည့်စုံအောင် လုပ်ပေး။ လိုအပ်ရင် ထပ်မှာမယ်"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး"

ကျွန်တော်တို့ အားရပါးရ သောက်ကြစားကြရာ Rum အကြီး[illegible]လင်း ကုန်သွားသည်။ ချက်အရက်နှင့်သာ နှစ်ပါးသွားရသော



www.burmeseclassic.com

www.burmeseclassic.com



ကိုဉာဏ်ကျယ်နှင့် ကိုခွေးပုတို့မှာလည်း အတိုးချ၍ တွယ်ကြသည်။ အဘကလည်း သူ့လူများ စားကြသောက်ကြသည်ကို သဘောကျနေသည်။

ညဉ့်သန်းခေါင် (၁၂)နာရီထိုးမှ စားသောက်ခြင်းပြီးစီး၍ လှည်းအပ်ထားရာအိမ်သို့ ပြန်ခဲ့ကြပါသည်။ ပွဲလမ်းရှားပါးသော အရပ်ဖြစ်သဖြင့် အငြိမ့်ကသည်မှာ တဝေါဝေါဆူညံနေသော်လည်း ကျွန်တော်တို့ စိတ်မဝင်စားကြပါ။ ဆက်ရက်(ဇရက်)မင်းစည်းစိမ်ကို ခံစားရင်း ထွေထွေကလေးဖြင့် သိုင်းကွက်နင်းရင်း ပြန်ခဲ့ကြခြင်းဖြစ်သည်။

အဘက သူ့မူးပြီဆိုလျှင် ထုံးစံအတိုင်း အသံဝါကြီးဖြင့် သီချင်းအော်ဆိုတော့သည်။

"ထိတ်တုံးအောင် ××× ထိတ်တုံးအောင် ××× မူးတဲ့သူတွေ ပြိုင်ကာသောက်မယ် ××× သောက်တဲ့သူတွေ ××× ပြိုင်ကာမူးမယ် ××× အရက်သမားမှန်လျှင် ××× ထိတ်တုံးအောင်ကို တရပါတယ် ××× လောင်းကစားသမားမှန်လျှင် ××× ထိတ်တုံးအောင်ကို တရပါတယ်"

"ဟော့ ... ဘာတဲ့"

အဘအောင်က တိုင်ပေးရာ သူ့တပည့်ကို ဉာဏ်ကျယ်နှင့် ကိုခွေးပုတို့က ဖော်လိုလိုက်၍ ...

"ထိတ်တုံးအောင် ××× ထိတ်တုံးအောင် ××× တို့ထိတ်တုံးအောင် ×××"

ဟု ဝိုင်းဟစ်ကြရာ အငြိမ့်ကပွဲမှ လော်ကြီးထက်ပင် အသံကျယ်လွန်းသဖြင့် လမ်းသွားလမ်းလာများဝိုင်း၍ပင် ကြည့်ကြသည်။ အဘကတော့ ဂရုမစိုက်။ လှည်းအပ်ထားရာ ညောင်ပင်သာရွာအ[...] မရောက်မချင်း တပျော်ကြီးဟစ်၍ ကိုကြီးကျော်သီချင်းအား ဖျက်[...] လာခဲ့သည်။ ကျွန်တော်လည်း အလွန်ပျော်သည်။





ကော့မှူးမြို့ပေါ်တွင် ကျက်စာတွေဖြင့်သာ တကုပ်ကုပ် နပမ်းလုံးခဲ့ရသော ကျွန်တော့်မှာ ယခုမှ ကြီးမိုက်ကြီးများနှင့်တွဲ၍ အတိုးချပြီး ကဲတော့သည်။ သီချင်းလည်း မဆိုတတ်သဖြင့် အဘဆိုပေးသည်နှင့် ကိုခွေးပု၊ ကိုဉာဏ်ကျယ်တို့နှင့်အတူ မူးမူးနှင့်တစ်လမ်းလုံး ကွေးနေအောင် ကခဲ့ပါသည်။

တစ်ဖန် အဘက သီချင်းပြောင်းပြန်သည်။

"အပျော်ဆိုတာရယ် ××× ငွေကုန်ခံနိုင်ရင် ××× အကောင်းဆုံးပဲ ××× ပွဲကြိုက်တဲ့ ××× ခင်မရယ်"

"ထိတ်တုံးအောင် ××× ထိတ်တုံးအောင် ××× တို့ထိပ်တုံးအောင် ×××"

"ဟကောင်တွေ ... သီချင်းပြောင်းသွားပြီကွ"

"အဘ ... ကျွန်တော်တို့က ဘယ်လိုလိုက်ဆိုရမှာလဲ"

"ငါဆိုပြီးတာနဲ့ 'အအိပ်ပျက်တယ်၊ အစားပျက်တယ်၊ သောက်ပြားတစ်ပြားဖွင့်ကာ ဖိမ်ယစ်မယ်' အဲလိုဆိုရမှာ ..."

"ဟုတ်ကဲ့ပါ အဘ"

သို့နှင့် ကျွန်တော်တို့ ခေတ္တတည်းခိုအိမ်သို့ ပြန်ခဲ့ကြပြီး အိမ်စောင့်အားနှိုး၍ နှုတ်ဆက်ပြီး အပ်နှံထားသောပစ္စည်းများ လှည်းပေါ်တင်ကာ လှည်းကောက်၍ ပြန်ခဲ့ကြပါသည်။

"လတပေါင်း ××× အခါညောင်းတော့ ××× ပင်ခဝဲတို့ ××× ဖွင့်ချိန်တန် ×××"

လှည်းစထွက်သည်နှင့် အဘအောင်က အသံဝါကြီးဖြင့် ဟစ်ပြန်ပါသည်။ ကိုခွေးပုနှင့်ကိုဉာဏ်ကျယ်တို့က နောက်ကလိုက်၍ ပါးစပ်ဆိုင်းတီးပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိန် . . . တိန် . . . ဖျောင် . . . နောင် . . . တိန် . . ."

"ပွင့်ခရေ ××× အမြင့်မြေမှာ ××× စပ္ပာယ်လှိုင်တော့ ××"

"ဖျောင် . . . နောင် . . . နောင် . . ."

"ကဲ . . . ဖေသားကြီးများ"

"ဗျာ . . . ဗျာ . . ."

"ဟ . . . ငါက နွားတွေမောင်းတာဟ။ သီချင်းဆိုတာမဟုတ်ဘူး"

"ဟာ . . . အဘမောင်ကလည်း ရောကုန်ပြီ။ ကျွန်တော်ဝ တော့ နွားဖြစ်ကုန်ပါပကောလား"

"ကဲ . . . ဖေ့သားကြီးများ၊ ရှန်းလိုက်ကြစမ်းဟေ့။ ရှေ့ ချောင်းရိုးကလေးရှိတယ်။ အဲဒီကျမှ ရေတိုက်မယ်"

"ဘွတ်အဲ . . ."

ကိုခွေးပုက နွားလိုကုန်းအော်ရင်း . . .

"အဘရေ . . . ကျွန်တော်တော့ အစားတွေစုံလို့ ဝမ်းသွ ချင်လာပြီ။ ချောင်းရိုးမှာ နွားတွေရေတိုက်ရင်း စောင့်ပေရော့"

ဟုဆိုကာ လှည်းပေါ်ကခုန်ဆင်းပြီး ကိုင်းတောထဲ တော ရန် ဝင်ပြေးသွားတော့သည်။ နွားများက ချောင်းစပ်ရောက်သည် တုံ့ခနဲ ရပ်သွားတော့သည်။

✿ ✿ ✿

❑

"ဟ . . . လူကလေး၊ မာတ်မီးပေးစမ်း။ ကောင်ရှည်နဲ့တူတယ်။ တွေ ကြိုးမဆွဲဘဲ ရပ်သွားတယ်"

ကျွန်တော်က အဝတ်အိတ်ထဲမှ နှစ်တောင့်ထိုး လက်နှိပ်မာတ် ကို ထုတ်ပေးတော့ အဘက ချောင်းစပ်သဲပြင်ပေါ်သို့ မီးထိုးရှာ ည်။ လကလေးကလည်း သာနေသဖြင့် လှည်းလမ်းပေါ်၌ ဘာကောင်မှ နေပါ။ သို့သော် နွားများက ပေခံနေပြီး တစ်လှမ်းမှ မရွေ့။ ထိုစဉ် သည်နှနွင်းနံ့က စူးစူးဝါးဝါး ပျံ့လွင့်လာသည်။

"အဘ . . . ဘာဖြစ်တာလဲ"

"ချောင်းဟိုဘက်ကမ်းက ရွာသင်္ချိုင်းမြေကွ။ သရဲခြောက်တာ ပေါ့"

"အဘကလည်းဗျာ . . . ကျွန်တော်တို့က လူအများကြီး။ ဘယ် လာခြောက်ရဲမှာလဲ"

ကျွန်တော်တို့ အသံကျယ်ကျယ်ဖြင့် အော်ပြောနေကြစဉ် သရဲ နှ်ကြောက်တတ်သော ကိုခွေးပု ကိုင်းတောထဲမှ အူယားဖားယား ပြေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ... သရဲဆိုလားပဲ။ ဘယ်မှာလဲ"

"သရဲက အသာထား။ မင်း အီအီးကော ကုန်းခဲ့ရဲ့လား"

"ကုန်းခဲ့ပါတယ် ... အဘရဲ့"

"ဘာနဲ့ကုန်းခဲ့တာလဲ"

"ဂဏန်းကျစ်စာခဲနဲ့"

"ဟား ... ဟား ... ဟား ..."

"ကဲ ... ခွေးပုနဲ့ ဉာဏ်ကျယ်၊ နွားတစ်ကောင်စီ ထမ်းပိုးကဖြုတ်ပြီး ရေတိုက်စမ်းကွာ။ ငါက လှည်းဒေါက်ထောက်မယ်။ လူကလေးက အိပ်ချင်ရင် ခဏအိပ်။ လှည်းပေါ်မှာ ကောက်ရိုးတွေ ခင်းထားတယ်။ ကောက်ရိုးမွှေ့ရာပေါ့ကွာ။

ရွာရောက်တော့လည်း မိုးလင်းသေးမှာမဟုတ်လို့ အဘတို့တလင်းထဲကတဲအိမ်မှာ အိပ်ကြတာပေါ့။ မိုးလင်းမှ မင်းအိမ်ပြန်ပို့မယ်။ နို့ို့ ... မင်းဆီက အရက်နံ့ထွက်နေတော့ ပြဿနာဖြစ်မယ်။ ကဲ ... လူကလေး အိပ်လိုက်တော့။ အဘတို့ ခေတ္တနားကြတာပေါ့။

ကျွန်တော်က ကောက်ရိုးမွှေ့ရာပေါ် လှဲအိပ်ချလိုက်ရင်း ..

"အဘအစီအစဉ်က အရမ်းကောင်းတာပဲ။ ဒါကြောင့် ကျွန်တော်က အဘကို အမိအဖထက် ချစ်နေရတာ။ အဟုတ် ..."

"တော်ပါ ... မောင်ရယ်။ အဘကသာ လူကလေးကို အချိန်တိုင်း သတိရပြီး အောက်မေ့နေရတာပါ။ လူကလေး တက္ကသိုလ်တက်ရပြီး အပေါင်းအသင်းအသစ်တွေ ရည်းစားတွေရတာနဲ့ အဘကို မေ့သွားမှာပါ"

"မမေ့ ... အော့ ... ဝါး ... မမေ့ပါဘူး ... အဘရဲ့၊





ကျွန်တော် အိပ်ချင်နေပြီ အိပ်တော့မယ်။ ရွာရောက်မှနှိုးတော့ ... အဘရယ် ... နော်"

"အေး ... အေး ..."

ကျွန်တော် မေ့ခနဲ အိပ်ပျော်သွားတော့ အိပ်မက်လိုလို တကယ်ဆိုလိုဖြင့် မီးဖွားပြီးစ ကလေးအမေတစ်ယောက် လှည်းပေါ်တက်ထိုင်သည်။ လှည်းက ငြိမ့်ခနဲဖြစ်သွားပြီး နနွင်းနံ့က စူးစူးဝါးဝါးနံ့လှသဖြင့် ကျွန်တော် အိပ်ရာက လန့်နိုးသည်။ စိတ်ထင်၍လားမသိ နနွင်းနံ့မှာ လှည်းပေါ်၌ စွဲထင်နေဆဲ။

"အဘ ... အဘ ..."

"ဟေ ... ဘာတုံး ... လူကလေး"

"သရဲထင်တယ်၊ ကျွန်တော်အိပ်နေတုန်း လှည်းပေါ်တက်လာတယ်။ ကလေးအမေဗျ။ ကလေးပေါက်စကလေးနဲ့။ ဒီမှာလာကြည့်ပါအုံး ကောက်ရိုးခင်းပေါ်မှာ နနွင်းနံ့တွေတောင် ကျန်ခဲ့တယ်"

"မင်း စိတ်စွဲပြီး အိပ်မက်မက်ပြီး ကယောင်ကတမ်းဖြစ်တာနေမှာပါ ... လူကလေးရယ်။ အဘတို့လည်း ဒီနားတင် ရှိနေတဲ့ဥစ္စာ ဘာမှမမြင်မိပါဘူး"

"အဘ အိပ်မက်မဟုတ်ဘူး တကယ်ဗျ။ ဒီမှာ လာနမ်းကြည့်ဦး။ ကောက်ရိုးခင်းတွေ နနွင်းနံ့စွဲကုန်ပြီ"

"အေး ... အေး ... လာပြီ။ လူကလေး ဘာမှမကြောက်နဲ့"

အဘအပြေးလာတော့ ကြောက်တတ်သော ကိုခွေးပုနှင့် ကိုဉာဏ်ကျယ်တို့ နွားတစ်ကောင်စီဆွဲပြီး ပြေးလာကြသည်။ အဘက ကောက်ရိုးခင်းကို နမ်းကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ ... လူကလေးရယ်၊ တကယ်ပဲ ကောက်ရိုးတွေ
အနံ့စွဲကျန်ခဲ့တယ်။ လူကလေး ... လှဲမအိပ်နဲ့တော့ မသန့်တော့ဘူ
ဗိုင်းတာမ ကလေးကိုမှ ခြောက်ရတယ်လို့။ တော်ပါသေးရဲ့ လူကလေ
က မကြောက်တတ်လို့။ ဟိုနှစ်ကောင်ဆို ချေးတွေ သေးတွေ ထွက်
မှာ"

"ကဲ ... ဟိုနှစ်ကောင်၊ လှည်းတပ်တော့။ ဒီနေရာက ခြေ
သန့်ဘူး။ အမြန်သွားကြစို့"

နွားနှစ်ကောင်မှာ ကိုခွေးပုနှင့် ကိုညဏ်ကျယ်တို့ လှည်းထ
ပိုးတပ်သည်နှင့် တဘူးဘူး နှာမှုတ်နေပြန်သည်။

"ဘူး ... ဘူး ... ရှူး ... ရှူး ..."

"တယ် ... ဒီနွားနှစ်ကောင် ဘာဖြစ်နေပြန်တာလဲ။ လူကလေ
လှည်းပေါ်က ခဏဆင်းစမ်း"

"ကဲဟယ် ... ကဲဟယ် ..."

"ရွှမ်း ... ရွှမ်း ... ရွှမ်း"

အဘက ကောက်ရိုးခင်းအား နွားရိုက်ကြိမ်နှင့် တရွှမ်းရွှ
ရိုက်လိုက်ရာ နွားနှစ်ကောင်မှာ ကြိမ်ရိုက်သံကြား၍လား၊ သရဲသ
အမိ ဆင်းသွား၍လားမသိ၊ နှာမမှုတ်တော့။ လှည်းထမ်းပိုးအောက်
အသာဝင်သည်။ နန္ဒင်းနံ့လည်း ရုတ်ခြည်းပျောက်သွားသည်။

"တွေ့လား ... လူကလေး၊ အဘကြိမ်အစွမ်းကို"

"ငါ့နာမည် ထိတ်တုံးအောင်တဲ့ကွ။ မှတ်ထား ... သရ
လောက်မပြောနဲ့၊ သဘက်ကြီးတောင် မကြောက်ဘူး"

"ကဲ ... လှည်းပေါ်တက်ကြ၊ ခရီးဆက်ကြမယ်"





အဘပြောပြီးသည်နှင့် ကျွန်တော်တို့ လှည်းပေါ်တက်ကြရာ နွားနှစ်ကောင်မှာ တရှူးရှူးနှာမှုတ်ပြန်သည်။ လှည်းထွက်တော့ လှည်းဦးက မော့နေပြီး နွားနှစ်ကောင်မှာ နှာမှုတ်ရင်း ခြေကန်ရုန်းနေရသည်။ အဘက သဘောပေါက်ဟန်ဖြင့် ကြိမ်လုံးကို လေမှာဝှေ့ရင်း ...

"ဟိုဗိုင်းတာမသားအမိ လှည်းပေါ်က ပြန်ဆင်းကြစမ်း။ နင်တို့ကို ခေါ်တာမဟုတ်ဘူး။ ငါ့တူတွေကို ငါခေါ်တာ။ ဆင်းဆင်း မြန်မြန်ဆင်းကြ"

"ရွှမ်း ... ရွှမ်း ... ရွှမ်း ..."

ကြိမ်ဒဏ်ကြောက်၍လော နွားများက ရုန်းသည်။ နှာလည်း မမှုတ်တော့။ လှည်းဦးလည်း ပေါ့သွားသည်။ လှည်းက ချောင်းရိုးကို ဖြတ်စဉ် တစ်ဖက်ကမ်းက ကလေးငိုသံကို ကြားရသည်။ အကောင်အထည်ကိုတော့ မမြင်ရပါ။ နွားများက ရုန်းပြီး ချောင်းကမ်းပါးပေါ်တက်တော့ ကမ်းပါးစပ်အရောက်တွင် နန္ဒင်းနံ့က စူးဝါးစွာနံလာပြန်သည်။

"အင်း ... သနားတော့ သနားပါရဲ့။ သရဲမသားအမိ ပွဲလာကြည့်ရင်း ပြန်လာကြတာထင်ပါရဲ့။ ငါတို့နဲ့က ဘဝချင်းမတူတော့ ... အမျှ ... အမျှ ... အမျှပေးပါ့ကွယ်။ ကိုယ့်လမ်းကိုယ် သွားကြပေါ့။ တို့ကို မနှောင့်ယှက်နဲ့တော့ ကလေးမ"

ကျွန်တော်တို့ လှည်းဆက်ထွက်လာတော့ နွားတွေလည်း မကန်တော့။ လှည်းပေါ်မှ လူအားလုံးလည်း အိပ်ငိုက်လာကြသည်။ တစ်လမ်းလုံး အဘ၏ နွားငေါက်သံသာကြားနေရသဖြင့် ကျွန်တော် အိပ်ငိုက်လာသည်။ ထို့ကြောင့် ကျွန်တော် ကောက်ရိုးခင်းအပေါ် ပြန်လှဲမည်အပြုတွင် ကျွန်တော့်အရိပ်အခြည်ကြည့်နေသော အဘက ...



www.burmeseclassic.com

www.burmeseclassic.com



"လူကလေး . . . လှဲမအိပ်နဲ့တော့။ မော်ဘီရွာတောင်ကျော်လာပြီ။ ပျားမွှတ်ရွာကျော်တာနဲ့ ငါတို့ရွာကို ရောက်တော့မယ်။ အဘတဲအိမ်ရောက်မှ သဘောရှိ အိပ်ပေတော့။ ကောက်ရိုးခင်းတွေက မသန့်တော့ဘူး။ နွှင်းနံ့နံ့နေတော့ ခွေးတွေလည်း စားမှာမဟုတ်တော့ဘူး။ တဲအိမ်ရောက်မှ ခေတ္တနားပြီး မီးရှို့ပစ်ရမယ်။ လှည်းရုံတိုင်မှီပြီး ငုတ်တုတ်သာ မှေးပေရော့။ မကြာခင် ရွာရောက်တော့မှာပါ'

"အဘ . . . အဲဒါ သရဲခြောက်တာ ခေါ်တာပေါ့နော်။ ကျွန်တော်က အကောင်အထည်မမြင်ရတော့ မကြောက်ပါဘူး။ သရဲထီးမဟုတ်ဘဲ သရဲမဆိုတော့ ပိုတောင်မကြောက်သေး"

"ဒါပေါ့ . . . လူကလေးရယ်။ မကျွတ်မလွတ်သေးသူများ သနားစရာပါ၊ ကြောက်စရာမလိုပါဘူး။ အတွေ့အကြုံရတာပေါ့။ မေတ္တာထားပြီး အမျှဝေရတယ်။ သူ တက်လိုက်ဆင်းလိုက်နဲ့ လုပ်နေတာဟာ ချောင်းရိုးရွာသင်္ချိုင်းနဲ့ မဝေးလှဘူး။ သရဲမက ကလေးမွေးပြီးစ၊ ဒီနေရာ ဒီဒေသတွေက မြေကြမ်း၊ ရေကြမ်း၊ နေရာကြမ်းတယ်။ အဘကတော့ မကြောက်ပါဘူး။ တစ်ယောက်တည်းတောင် နွားနှစ်ကောင်နဲ့ ခရီးသွားဖူးတယ်။ ဒီလိုပဲကြုံတတ်တော့ ရိုးတောင်နေပါပြီ။

အဘက လူကလေးလန့်မှာပဲ စိုးတာ။ အရက်ရှိန်ကလေးက ရလာတော့ ကြောက်စရာမရှိပါဘူး။ အဲ . . . ပြောရင်းတောင် အရက်ရှိန်က ကျလာပြီ။ လယ်တဲအိမ်ရောက်မှ နွားစာကျွေးရင်း အဘကိုယ်တိုင်ချက်ထားတဲ့ ထန်းလျက်ဦးရည် အရက်ကလေးနဲ့ နှစ်ပါးသွားရတော့မှာပဲ"

ကျွန်တော်တို့ စကားပြောရင်း လှည်းမောင်းလာရာ ညဥ့်သန်းခေါင်ကျော်(၂)နာရီခန့်တွင် ဘိုဒင်ရွာကြီးကိုကျော်ပြီး ကျွန်တော်တို့ရွာ





ခင်းတုန်းရွာကို လှမ်းမြင်နေရပြီ။ အဘအောင်မှာ ရွာအနောက်ဘက်ကွင်းစပ် ရွာသင်္ချိုင်းကုန်းအနီးတွင် လယ်တဲကြီးထိုးထားသဖြင့် လှည်းအား ရွာထဲဝင်စရာမလို။ ရွာပြင်လှည်းလမ်းအတိုင်း မောင်းခဲ့သည်။

ရွာအား ဝါးရုံပင်များက တစ်စည်းရိုးချထားသလို ကာရံထားသည်မှာ လုံခြုံလှသည်။ အဘ တဲအိမ်ကြီးရှေ့ရောက်တော့ ညမွန်းလွဲ(၂)နာရီခွဲချေပြီ။ ကျွန်တော်ကတော့ အပေါ့အပါးသွားပြီး ရင်ပူသဖြင့် ရေသောက်သည်။ ကိုခွေးပုနှင့် ကိုညာကျယ်တို့က အိပ်ရေးပျက်သဖြင့် တစ်ချိုးတည်း သူတို့အိမ်များသို့ တန်းပြန်ကြသည်။

ကျွန်တော်က အဘတဲအိမ်ထဲဝင်၍ အိပ်မည်ပြင်ဆင်တော့ အဘက လှည်းမှ နွားများဖြုတ်ပြီး အစာကျွေး ရေတိုက်ရန် ပြင်ဆင်နေသည်။ ပြီးနောက် နွှင်းနံ့နံ့နေသော ကောက်ရိုးခင်းများအား မီးရှို့ပြီး သူကိုယ်တိုင်ချက်သော ထန်းလျက်အရက်အား သောက်ပြီးမှ အိပ်ရာဝင်ပေလိမ့်မည်။

ကျွန်တော်ကတော့ ခရီးပန်း၊ အိပ်ရေးပျက်ပြီး အရက်ကလေးအလည်း သောက်ထားသဖြင့် အိပ်ရာပေါ် လဲလျောင်းပြီး ခေါင်းချတာနှင့် မကြာမတင် နှစ်မြိုက်စွာ အိပ်ပျော်တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော် မည်မျှကြာကြာ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည် မသိ။ အဘ အရေးတကြီးနှိုးတော့မှ အိပ်ရာက ကမန်းကတန်း ထရသည်။ နာရီကြည့်တော့ မနက်(၄)နာရီကျော်ခန့် အရုဏ်ဦးပင် ရှိသေးသည်။

"လူကလေး ...မြန်မြန်ထစမ်းပါကွ။ ဒီမှ ပြဿနာတက်နေပြီ"

"အဘကလည်းဗျာ ...ဒီမှာ အိပ်လို့ကောင်းတုန်း အရုဏ်တက်စပဲ ရှိသေးတာ။ ဘာကြောင့် အစောကြီးနှိုးရတာလဲ။ ဘာပြဿနာတွေ တက်နေတာလဲ"

"မင်းကလည်း အမေးအမြန်း ထူရန်ကော။ ဒီမှာ အဘတစ်ယောက်တည်း ကောက်ရိုးတွေမီးရှို့ပြီး အရက်ထိုင်သောက်နေတုန်း လူတစ်ယောက်ရောက်လာပြီး အရက်တောင်းသောက်တယ်။ အဲဒီလူရဲ့ ကိုယ်နံ့ကလည်း မီးခိုးနံ့ မွှန်နေတာပဲ။





မင်းသိတဲ့အတိုင်း ဟိုအနောက်ဘက်လယ်တစ်ကွက်အကျော်အနှံသင်းရိုးခြားထားတဲ့နေရာက တို့ရွာသင်္ချိုင်းကုန်း။ သူက အဲဒီဘက်က လာတာ။ အရုဏ်ဦး လဝင်သွားတော့ မှောင်မှောင်မဲမဲထဲ။

ငါက အရက်တိုက်ပေမဲ့ သူက အမြည်းမပါဘူးလား၊ ဆေးလိပ်မရှိဘူးလားနဲ့ အရက်သောက်ပြီး ရစ်နေတယ်။ ငါလည်း ငါ့စည်းစိမ်ပျက်လို့ ဒေါသဖြစ်လာပြီး အစောကလို တစ္ဆေသရဲအမှတ်နဲ့ နှစ်ခါတောင်တော့ဘူးလို့ စိတ်ကူးမိတာနဲ့ 'အေး ...ခဏစောင့်၊ အမြည်းရမယ်'လို့ပြောပြီး ကောက်ရိုးပုံနားသွားပြီး ဝါးနက်ဝါး ဝါးစိမ်းတုတ်နဲ့ ကိုင်ရိုက်လိုက်တာ အားခနဲအော်ပြီး မှောက်သွားတာပဲ။ တစ္ဆေသရဲမဟုတ်ဘဲ လူဖြစ်လိမ့်မယ်ကွ။ ရိုက်လိုက်တာ ပျောက်မှမသွားဘဲ တုတ်မီးယူပြီး ကြည့်ပါဦးကွ။ လူဖြစ်နေရင် သွေးထွက်လွန်ပြီး သေသွားဦးမယ်"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော် အိပ်ရာနံဘေး၊ လက်ဆွဲအိတ်အတွင်းမှ လက်နှိပ်ဓာတ်မီး(တုတ်မီး)ကိုယူပြီး တလင်းထဲသို့ အပြေးအလွှားသွားကြည့်တော့ ရှိထားသော ပြာပုံအနီးတွင် လူတစ်ဦးမှောက်လျက်လဲပြီး စန့်စန့်ကြီးဖြစ်နေသည်။ ထိုသူမှာ ညစ်ပေစုတ်ပြတ်နေပြီး အဆင်မပေါ်တော့သော အဝတ်အစားများကို ဝတ်ဆင်ထားသည်။

အနီးကပ်သွေးစမ်းကြည့်တော့ သွေးခုန်နေသည်။ မသေသေး။ ရိုသော် ခေါင်းကဒဏ်ရာက သွေးများစိမ့်ကျနေဆဲ။ သူ့ခန္ဓာကိုယ်အနံ့က မီးခိုးနံ့စွဲနေသည်။ ပြာပုံမှ သရဲမ ခန္ဓာပြောင်း၍ ပြခြင်းလော။ သစ်ဖက်သင်္ချိုင်းကုန်းမှ မီးရှို့သင်္ဂြိုဟ်ထားသောအလောင်း ထလာခြင်း



www.burmeseclassic.com

www.burmeseclassic.com



လော၊ ကျွန်တော် ဝေခွဲမရ။ ကြောက်ကြောက်နှင့် ခြေထောက်ဖြင့် ထိုး လှန်လိုက်ရာ ပက်လက်ဖြစ်သွားစဉ် ဓာတ်မီးဖြင့် မျက်နှာအား ထိုး ကြည့်လိုက်တော့မှ . . . လား . . . လား . . . လား . . . ။

ရွာသချိုင်းကုန်းမှ သုဘရာဇာကြီး ဦးနက်ကျော်၏တပည့် ခြေ တွင်းတူးသည့် အရက်သမားတင်ဖြစ်နေသည်။ သွေးများက အောက် တွင်လည်း အိုင်ထွန်းနေသည်။

"အဘရေ . . . မြန်မြန်လာပါဦးဗျ။ ဒီမှာ ရွာသချိုင်းကုန်းက သုဘရာဇာကြီးတပည့် အရက်သမား တင်ရယ်ဗျ။ လူတော့ မှားကုန် ပြီ။ ဘယ်လိုလုပ်ကြမလဲ"

"သေသွားပြီလား . . . လူကလေး"

"မသေသေးဘူးဗျ၊ သွေးထွက်လွန်ပြီး သတိမေ့နေတာ"

"တတ်နိုင်ဘူးဟေ့ . . . သရဲနဲ့မှားပြီး ရိုက်မိတာပဲ။ ဖြစ်ပြီးမှ တော့ နောင်ခါလား၊ နောင်ခါရှေးဘဲ။ လူကလေးတစ်ယောက်တည်း နေရဲတယ်မဟုတ်လား။ အဘ ရွာထဲက ဆေးမှူးဦးကျော်စွာကို အကျိုး အကြောင်းပြောပြီး သွားပင့်လိုက်ဦးမယ်။ ဓာတ်မီး အဘကိုပေးလိုက်"

"ဟုတ်ကဲ့ အဘ။ ကျွန်တော် နေရဲပါတယ်။ တတ်သလောက် မှတ်သလောက်လည်း ပြုစုထားလိုက်မယ်။ ကျွန်တော် အဘဆရာကြီး ဦးမှိုင်းရဲ့ တပည့်အရင်းပါ အဘရဲ့။ အဘသာ မြန်မြန်ပြန်လာခဲ့ပါ"

"အေး . . . အေး . . ."

အဘဦးအောင်က ဝါးစိမ်းတုတ်တစ်ဖက်၊ ဓာတ်မီးတစ်ဖက် နှင့် မပြေးရုံတမည် ရွာဘက်သို့ သုတ်သုတ်ထွက်သွားသည်။ ကျွန်တော်





လည်း တဲအိမ်ထဲပြန်ဝင်ပြီး ကျွန်တော် အမြဲတမ်းဆောင်ထားသော အဘဆရာမှိုင်းပေးထားသည့် ဆေးနီကျော်ပုလင်းကိုယူ၍ အဝတ် ဟောင်းတစ်ထည်အား ရေဆွတ်ပြီး လူနာဒဏ်ရာကို သုတ်သင်ပေးသည်။

သွေးက တစ်စိမ့်စိမ့်ထွက်နေသဖြင့် ဆေးနီကျော်ကြီးနှင့် အုံ ပေးရာ သွေးချက်ချင်း တိတ်သွားသည်။ တော်ပါသေးသည်။ ဒဏ်ရာ မှာ ခေါင်းမလျှော်တာကြာတော့ ဆံပင်များပျစ်ခဲပြီးခံနေသဖြင့် ဦးခေါင်းခွံ မကွဲ။ နှစ်လက်မခန့်တော့ ပေါက်ပြဲသွားသည်။

ကျွန်တော် ဆေးနီကျော်ကြီးဖြင့် နှာခေါင်းဝအား ပွတ်ပေးတော့ လူနာသတိရလာသည်။

"အင်း . . . ဟင်း . . . ဟင်း . . . အီး . . . အဟီး . . ."

ကျွန်တော် ဝမ်းသာ၍မဆုံးမီ လူနာမှာ ပြန်သတိလစ်သွား ပြန်သည်။ ကျွန်တော် အစွမ်းကုန်ပြုစုသော်လည်း ပြန်သတိလည်မလာ တော့။ တော်ပါသေးသည်။ နှလုံးခုန်နေဆဲ၊ သွေးတိုးနေဆဲ၊ မသေသေး ပါ။

ထိုအခါမှ ကျွန်တော် သက်ပြင်းမောကိုချလိုက်ပြီး လူနာအနား တွင် ငုတ်တုတ်ထိုင်နေမိသည်။ အရေးကြုံလာတော့လည်း ကျွန်တော် သတ္တိမကြောင်ပါ။ မကြောက်မိပါ။ အဘအတွက်ပဲ ပူနေမိသည်။ အဘ က လူဖြောင့်စိတ်တို။ ကျေးရွာ ကာကွယ်ရေးခေါင်းဆောင်။ အရက် ကြိုက်သော်လည်း မရမ်းကား။ ကျွန်တော်တို့မိသားစုပိုင်သည့် လယ်ဧက (၁၀၀)ကျော်ကို ဦးစီးလုပ်ကိုင်နေသူဖြစ်သည်။

ကျွန်တော် စဉ်းစားရင်း အတွေးပွားနေမိစဉ် ရွာဘက်မှ ဓာတ်မီး ရောင်ကို မြင်ရသည်။ မကြာမီ အဘနှင့်ဆေးမှူး ဦးကျော်စွာတို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိလာကြသည်။ ကျွန်တော်က ဒဏ်ရာအခြေအနေကို ရှင်းပြတော့ ဆေးမှူးဦးကျော်စွာက ချက်ချင်းပြုစုသည်။ ထို့ကြောင့် လူနာ သတိရလာပြန်သည်။

"တော်သေးတာပေါ့ ... ဦးအောင်ရယ်၊ ဦးခေါင်းခွံကွဲမသွားလို့။ သွေးထွက်တော့ လွန်နေပုံရတယ်။ ဆေးခန်းပြန်ပြီး Drip ချိတ်ရမယ်။ ဒဏ်ရာကို ချုပ်ရမယ်။ ဆေးလည်း ထိုးရမယ်။ ကျွန်တော်မှာ ပစ္စည်းကိရိယာ အစုံပါမလာခဲ့ဘူး။ ဆေးခန်းကို သယ်သွားမှရမယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော့်မှာ လှည်းနဲ့နွား အဆင်သင့်ရှိပါတယ်"

ကျွန်တော်နှင့်အဘ နွားလှည်းပြင်သည်။ ပြီးနောက် ကောက်ရိုးအသစ်ခင်း၍ လူနာအား လှည်းပေါ်တင်သည်။ လူနာမှာ သတိရနေပြီဖြစ်၍ တအင်းအင်း တအီးအီး ညည်းတွားနေသည်။

အဘဦးအောင်က လှည်းကို ဒုန်းစိုင်းမောင်းသဖြင့် ရွာအနောက်တံခါးသို့ အလျင်အမြန်ရောက်သည်။ မိုးလင်းပြီဖြစ်သဖြင့် တောသူတောင်သားများထုံးစံအတိုင်း လယ်တောသို့ စောစောထ၍သွားကြတော့ ကျွန်တော်တို့ လှည်းကိုမြင်ကြသည်။ ဆေးမှူးနှင့် လူနာပါလာမှန်းသိကြသဖြင့် ကျေးလက်သဘာဝ စပ်စုလိုကြသည့်အတိုင်း ရွာလယ်က ဦးကျော်စွာ၏ ဆေးခန်းရှေ့၌ တစ်ယောက်စကား တစ်ယောက်နားဖြင့် လူများ ဝိုင်းအုံနေတော့သည်။

ဆေးမှူးဦးကျော်စွာက ချက်ချင်းကုသပေးနေစဉ် ရွာသူရွာသားများက မေးမြန်းစပ်စုကြတော့သည်။ ထိုစဉ် ကံဆိုးသည်မှာ ရွာသူကြီးထက်ကြောက်ရသော ကျွန်တော်တို့၏ဘကြီးတော်သူ ကျောင်းထိုင်





ရာတော်မှာ ရွာလယ်အိမ်တစ်အိမ်မှ အရုဏ်ဆွမ်းဘုဉ်းပေးပြီး ပြန်ကြွသည်နှင့် ကြုံတော့သည်။ အမှုဖြစ်စဉ်အား မေးမြန်းပြီးနောက် ...

"ဩော် ... ရှာပျော်၊ ကမ္ဘာကျော်၊ ကြီးမိုက်ကြီး၊ ထိတ်တုံးအောင်ရဲ့ လက်ချက်ကိုး။ ဟိုပညာတတ်၊ လူမိုက်ပေါက်စ၊ သူကြီးသားည်း ပါသေးမဟုတ်လား။ ရွာသားတစ်ယောက် သူကြီးကို သွားခေါ် ဒီနှစ်ကောင်ကို အချုပ်ရော၊ ထိတ်တုံးပါ ခတ်ထားလို့။ ပြီးရင် ရာဇာ ဦးနက်ကျော်နဲ့ညှိပြီး လျော်ကြေးပေးလိုက်။ ဟိုဘက်က ျနပ်ရင် အမှုဖွင့်ပြီး တရားစွဲခိုင်း၊ ဘုန်းကြီးညီ၊ ဘုန်းကြီးတူဆိုပြီး ကြားလား ... ဆေးမှူးကျော်စွာ"

"တင်ပါ့ဘုရား"

ထိုစဉ် ကျွန်တော့်အဖေ သူကြီး အူယားဖားယားနှင့် ရောက်တော့ ဆရာတော်က ...

"မင်းလည်း သူကြီးလုပ်ပြီး ကြပ်ကြပ်သတိထား။ ထိတ်တုံးင်က ဆရာကြီး။ မင်းသား ပညာတတ်၊ လူမိုက်ပေါက်စကို အတတ်င်းတွေ သင်ပေးနေတာ။ ညက ဩောင်ပင်သာရွာဘုရားပွဲမှာ တူဝရီးတဲ့ပြီး အရက်ဆိုင်ထိုင်သောက်ကြသတဲ့လေ။ ရွာသူရွာသားတွေကဆွမ်းကျွေးမှာ လျှောက်ထားကြလို့သိပြီးပြီ။ လူမိုက်နှစ်ကောင် အချုပ်ခန်းထဲထည့်ပြီး (၇)ရက်တိတိ ထိတ်တုံးခတ်ထား၊ မညာနဲ့။ သူကြီးလုပ်တဲ့ မင်းပါ အချုပ်ခန်းနဲ့ ထိတ်တုံးပဲ။ သုဘရာဇာကျော်ကိုလည်း သူ့တပည့်တင်အတွက် ကျေနပ်အောင် ကလိုက်။ ကြားလား ..."



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ ဘုရား"

အေး . . . နေ့လယ် ငါဆွမ်းစားပြီးတာနဲ့ လာကြည့်ဦးမယ် ငါပြောသလို မလုပ်ရင်တော့ မင်းတို့ (၃)ယောက်စလုံး ငါကိုယ်တိုင် ဆုံးမမယ်"

"တင်ပါ့ဘုရား"

ထိုနေ့မှစ၍ အဘအောင်၏ စနက်ကြောင့် စာမေးပွဲဖြေအပြီး အိမ်ပြန်မနားရဘဲ အချုပ်ခန်းထဲ၌ ထိတ်တုံးအခတ်ခံ၍ တစ်ပတ်တိတိ နားခဲ့ရပါကြောင်း။

✿ ✿ ✿

## အခန်း [၃]

❑

ထိုခေတ် ထိုအချိန်က မြစ်ဝကျွန်းပေါ်နှင့် ပတ်ဝန်းကျင်ဒေသ ...အပြားတွင် မငြိမ်သက်။ ရောင်စုံသူပုန်များအပြင် ဓားပြသူခိုးများ ...ဒုတိယကမ္ဘာစစ်လက်ကျန်၊ လက်နက်ခဲယမ်းများဖြင့် သောင်းကျန်း ...ကြသော အချိန်ကာလသမယဖြစ်သည်။ တိုင်းပြည်၊ မြို့ပေါ်ရပ်ကွက် ...ာက်သာ အုပ်ချုပ်ရေးရှိသဖြင့် လုံခြုံကြောင်း ကျွန်တော်အထက် ... ရေးခဲ့ပြီးပါပြီ။

ထိုခေတ်က ပုလိပ်အဖွဲ့မှာ မြို့ပေါ်ကွက်ကွက်ကလေးသာ လုံ ...ပေးနိုင်သဖြင့် ရွာများတွင် ကျေးရွာလက်နက်ကိုင်ကာကွယ်ရေးအဖွဲ့ ... ဖွဲ့စည်းထားရသည်။

ကျွန်တော်တို့ မင်းတုန်းရွာ၊ ကာကွယ်ရေးခေါင်းဆောင်မှာ ကျွန် ...ာ်အကြီး ဦးအောင်ဖြစ်ပြီး ဒုတိယခေါင်းဆောင်က ကျီးကန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ တပ်စိပ်နှစ်ခုခွဲထားရာ ပထမတပ်စိပ်ခေါင်းဆောင်က ဉာဏ် ကျယ်၊ ဒုတိယတပ်စိပ်ခေါင်းဆောင်က ကိုခွေးပု။ ကျန်သူများက ရွာသား များဖြစ်ကြသည်။ လက်နက်အင်အား၊ အင်္ဂလိပ်ခေါင်းတို့ ရိုင်ဖယ်အလက် (၂၀) ရှိသည်။ ကော့မှူးဂါတ်ထဲက လိုအပ်သော ကျည်ဆန်များ ထောက်ပံ့သည်။

တကယ်တမ်းက အင်္ဂလိပ်စစ်တပ်များ ဆုတ်ခွာစဉ် ချန်ထား ရစ်ခဲ့သော လက်နက်တိုက်ကို ဘကြီးဦးအောင်တို့ မှိုရှာရင်း တွေ့ထာ သဖြင့် ကော့မှူးဂါတ်က တရားဝင် ကိုင်ဆောင်ခွင့်ပြုထားသော လက်နက် ခဲယမ်းများအပြင် လက်နက်မျိုးစုံနှင့် ကျည်ဆန်သေတ္တာများ၊ လက်ပ ဗုံးများပင် ရှိပါသေးသည်။

ထိုသည်များကိုတော့ အဘဦးအောင်ခေါင်းဆောင်ပြီး သူကြီး အိမ်အောက်၌ မြေကျင်းတူး၊ ပျဉ်ခင်း၊ ပျဉ်ကာ၍ အလုံအခြုံ သိုဝှက် သိမ်းဆည်းထားသည်။ ထိပ်တန်းလျှို့ဝှက်ချက်အနေဖြင့် သူကြီးနှင့် အဘအောင်တို့ လူကြီးပိုင်းသာသိသည်။

ထိုသို့ လုံခြုံရေးအင်အား တောင့်တင်းပြီး သတ္တိကောင်းသော အရက်သမားလူပေကြီးများ ကာကွယ်ရေးအဖွဲ့အား တော်တန်ရုံလူဆိုး မားပြအဖွဲ့များက ရှောင်ကြသည်။ အင်အားကောင်းသော လက်နက် ကိုင် ရောင်စုံအဖွဲ့များကလည်း ဆွေမျိုးတော်စပ်သူများဖြစ်ကြသဖြင့် အန္တရာယ်မပေးကြပါ။ ထို့ကြောင့် ရောင်စုံခေတ်တွင် မင်းတုန်းရွာကြီး က ငြိမ်းချမ်းနေသည်။

တစ်နေ့တွင် အဘဦးအောင်နေထိုင်သော ရွာအနောက်ဘက် တလင်းထဲရှိ လယ်တဲကြီး၌ ကျေးရွာကာကွယ်ရေးအဖွဲ့ခေါင်းဆောင် များ စုံညီစွာ စုမိကြသည်။ စုမိတော့ အရက်ဝိုင်းဖြစ်သည်။ အရက်





သောက်ခြင်းမဟုတ်။ အဘဦးအောင်က ရွာလယ်တရုတ်မ၊ ကုန်စုံ ဆိုင်မှ ထန်းလျက်များကို ပိုလိုက်ဝယ်ပြီး လယ်တဲ၌ ကိုယ်တိုင်ချက်၍ အိုးကြီးများဖြင့် သိုလှောင်ထားခြင်းဖြစ်သည်။ အဘက ညွှန်သည့် အလျှင် ထန်းလျက်အရက်စစ်စစ် မြေပဲလှော်ဖြင့် ညွှန်ခံတတ်သည်။

"ပျင်းလှသကွာ ... ကျေယ်တို့၊ ခွေးပုတို့၊ ကျိုးကန်းတို့ရာ။ တိုက်ပွဲမဖြစ်တာလည်း ကြာပြီ။ ဓားပြအဖွဲ့တွေလည်း ငါတို့ရွာက လက် နက်ကိုင်အင်အားတောင့်တော့ ရွာနားတောင် မသီရဲကြဘူး။ တခြား ရွာသိမ်ရွာငယ်တွေဘက်ပဲ လှည့်တိုက်နေကြတယ်။ အဲဒါကြောင့် ညကျ ရင် ငါတို့ ရွာကို သူပုန်ဝင်စီးတဲ့သဘောနဲ့ စစ်တိုက်တမ်းကစားကြရ အောင်ကွာ နော့"

"ကိုကြီးအောင် ... ဘယ်လိုလုပ်ခွဲမှာတုန်းဗျ"

"ဟ ... ကျိုးကန်းရ၊ ငါတို့နှစ်ဖွဲ့ ခွဲမယ်လေကွာ။ မင်းက ဒုတိယခေါင်းဆောင်ဆိုတော့ သူပုန်ဘက်က ခေါင်းဆောင်လုပ်။ ငါက တော့ ဒီဘက်က ရွာကာကွယ်ရေး ခေါင်းဆောင်လုပ်မယ်။ မင်းတို့က ညနေ (၇) နာရီလောက်မှာ တောကြီးတန်းဘက်ကထွက်လာပြီး တုတ်မီး (၃)ကြိမ်အချက်ပြပြီး ဆဲဆိုဝင်လာခဲ့။ အသေအချာ မှတ်ထားနော်။

တော်ကြာ တကယ့်သူပုန်အစစ်အဖွဲ့နဲ့ တိုက်ဆိုင်ပြီး မှားပစ် နေဦးမယ်။ ပြီးရင် ခေါင်းပေါ်ကို ကျော်ပစ်ကြ။ နာရီဝက်လောက် ပစ် ကြမယ်။ ငါတို့ဘက်က ငါက တုတ်မီး (၃)ကြိမ် အချက်ပြရင် ရပ်ကြ။ ပြီးရင် 'ဟေး ... ဟေး ... ဟေး' အော်ပြီး လူပြန်စုမယ်။ သူပုန်တွေ ကို တိုက်ထုတ်လိုက်နိုင်တဲ့ သဘောပေါ့။

ပြီးမှ သူကြီးကို ခပ်တည်တည် သတင်းပို့ပြီး အရက်နဲ့ကြက် သောင်းမယ်။ အားလုံးပြီးရင် ငါ့လယ်ထဲမှာ အောင်ပွဲခံမယ်။ ငနီနဲ့သုံးဦး



www.burmeseclassic.com

www.burmeseclassic.com



က ဒီပွဲမှာ ဝင်မနွှဲနဲ့။ လယ်တဲအိမ်မှာ ဆိတ်တစ်ကောင်ပေါ်ပြီး ညစာ စားဖို့ အဆင်သင့်လုပ်ထား။ သူကြီးအိမ်ကရလာတဲ့ ကြက်တွေကော မှဆိုးချက် ချက်ပြီး အမြည်းလုပ်မယ်။ ပေါက်ကြားရင်တော့ ထိတ်တုံး အောင်အကြောင်း သိတယ်မဟုတ်လား။ ဘယ့်နှယ် ... သဘောတူ ကြသလား''

''အားလုံး သဘောတူပါတယ်''

''ကဲ ... အဲဒါဆို ကိုယ့်အိမ်ကိုယ်ပြန်ကြပြီး သေနတ်နဲ့ကျည် ဆန် (၁၀)တောင့်စီ ယူလာခဲ့ကြ။ ပိုမယူလာကြနဲ့။ ညစာ စားစရာ စားပြီး ငါ့တဲမှာ ပြန်လူစုမယ်။ နှုတ်လုံကြပါစေ။ မပေါက်ကြားစေနဲ့ ထပ်ပြောမယ် ... ပေါက်ကြားရင် ငါ့အကြောင်း သိတယ်မဟုတ်လား ထိတ်တုံးအောင်တဲ့ တိုက်ပွဲဖြစ်ဟန်ဆောင်ပြီး တကယ်ပစ်သတ်မှာ။ နား လည်ကြတယ်မဟုတ်လား''

''နားလည်သဘောပေါက်ပါတယ် ... ကိုအောင်''

''အေး ... အဲဒါဆိုရင် ည (၈)နာရီမှာ ခါတိုင်းညတွေလို လူစုပြီး ရွာပတ်ကင်းလှည့်မယ်။ ည (၉)နာရီမှာ လူခွဲပြီး ငါအစောက ပြောထားသလို နေရာယူကြပြီး တိုက်ပွဲစမယ်။ မရှင်းတာရှိရင် ခုကတည်း က ရှင်းအောင်မေး''

''အားလုံးရှင်းပါတယ်''

ည (၈)နာရီတွင် လူစုပြီး ည(၈)နာရီခွဲတွင် ရွာပတ်ကင်း လှည့်ကြပြီး အဘပြောထားသည့်အတိုင်း တာဝန်ခွဲ၍ နေရာယူကြသည်။ ည(၉)နာရီတိတိတွင် တောကြီးတန်းဘက်တာဝန်ကျသော ကျီးကန်းတို့ အဖွဲ့ဘက်က အသင့်နေရာယူပြီးကြောင်း၊ တုတ်မီးနှင့် (၃)ကြိမ် အဖွင့် အပိတ်လုပ်ပြပြီးနောက် ရွာကာကွယ်ရေးခေါင်းဆောင် ဘကြီးထိတ်တုံး





အောင်တို့ နာမည်များအား အော်ဟစ်ဆဲဆို၍ သူပုန်အဖွဲ့ဟန်ဆောင်ပြီး သေနတ်ပစ်ဖောက်ဝင်လာကြဟန် အသံပေးသည်။

အဘအောင်ကတော့ ကျီးကန်းတို့အဖွဲ့က သူတို့နာမည်ခေါင်း စဉ်တပ်၍ အော်ဟစ်ဆဲဆိုနေကြသော်လည်း ကျီးကန်းတို့အဖွဲ့အား နာမည်တပ်၍ မဆဲရဲ။ ကိုယ်ရှူးကိုယ်ပတ်ဖြစ်မှာစိုး၍ နာမည်မတပ်ဘဲ ပြန်ဆဲရသည်။ ကျီးကန်းတို့အဖွဲ့အား နေနှင့်ဦးပေါ့ကွာဟု စိတ်ထဲက ကြိမ်းမောင်းရင်း မူလက ပြောဆိုညှိနှိုင်းခဲ့သလို ကျီးကန်းတို့အဖွဲ့အား ခေါင်းပေါ်မှ ကျော်မပစ်ဘဲ မြေပြင်ပေါ် ရှပ်၍ပစ်သဖြင့် ...

''ဟာ ... ဟာ ... ဘယ်လိုဖြစ်တာလဲ''

ဟု ပြန်အော်ကာ ကျီးကန်းတို့အဖွဲ့ အဆဲရပ်၍ မြေပြင်တွင် ခေါင်းမဖော်ဝံ့ဘဲ ပြားနေအောင် ဝပ်နေရတော့သည်။

''မင်းတုန်းရွာ ကာကွယ်ရေးခေါင်းဆောင် ထိတ်တုံးအောင် တဲ့ကွ။ မှတ်ထား ... ငါ ... မသားတွေ'' ဟု ဆဲဆိုကာ တရစပ်ပစ် တော့သည်။ အဘအောင်မှာ သတ်မှတ်ထားသည့် နာရီဝက်မတိုင်မီ ကျည်ဆန် (၁၀)တောင့်ကုန်သဖြင့် တိုက်ပွဲကိုရပ်ပြီး တုတ်မီးကို (၃)ကြိမ် အဖွင့် အပိတ်လုပ်ပြသဖြင့် တိုက်ပွဲရပ်သည်။ မင်းတုန်းရွာ တစ်ရွာလုံး ကတော့ တကယ့်တိုက်ပွဲဖြစ်ပြီး သူပုန်ဝင်စီးသည်အထင်ဖြင့် ငြိမ်ကုပ် ပုန်းအောင်းနေကြရသည်။

အဘအောင်နှင့် ကျီးကန်းတို့အဖွဲ့များ ပြန်ပေါင်းမိတော့မှ ...

''ဟေ့ကောင် ... ကျီးကန်း၊ မင်းက ဘာကြောင့် ငါ့နာမည် တပ်ပြီး ဆဲရတာလဲ''

''မသိဘူးလေ။ ကိုအောင်ပဲ သဏ္ဍာန်လုပ်၊ သရုပ်နဲ့တူအောင် ဆဲဆိုပြီး ဝင်လာရမယ်ဆို။ ဒါကြောင့် ...''



www.burmeseclassic.com

www.burmeseclassic.com



"တော် . . . တော် . . . ကျိုးကန်း၊ မင်းအကြောင်း ငါသိတယ် အခွင့်အရေးရတုန်း မင်းတို့ ငါ့ကို နှိပ်ကွပ်ကြတာမဟုတ်လား။ အော မှတ်ထား။ မင်းတို့ ငါ့အကြောင်းသိမယ်။ ထိတ်တုံးအောင်တဲ့ကွ နော် တစ်အောင်တည်းရှိတယ်။ နှစ်အောင်ရှိရင် မင်းနှမနဲ့ ပေးစားလိုက် ငါနော် . . ."

"တော်ပါတော့ . . . ကိုအောင်ရယ်၊ တောင်းပန်ပါတယ်။ ကျေ ပါတော့။ ကျွန်တော်တို့က ဓားပြအဖွဲ့အနေနဲ့ သရုပ်ဆောင်ရတော့ မင်း တုန်းရွာ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ကိုအောင်တို့ကိုမဆဲရင် ဘယ် သူ့ကို ဆဲရမလဲ။ ကိုအောင်ပဲ သဘာဝကျအောင် သရုပ်ဆောင်ရမယ် ဆို။ နောက်ပြီး ခေါင်းပေါ်ကျော်ပစ်ရမယ်ဆိုပြီး ကိုအောင်ပစ်တော့ မြေ ပြင်ကို ရှုပ်ပစ်တယ်။ ကျွန်တော်တို့အဖွဲ့ ခေါင်းတောင်မဖော်ရဲဘဲ သေနတ် တွေ မိုးပေါ်တောင်ဖောက်ရတာ။ ကျည်ဆန် (၅) တောင့်စီပဲ ကုန်တယ်"

"ဟား . . . ဟား . . . ဟား . . . အေး . . . ကျေပါတယ် ငါလည်း ငါ့ကိုနာမည်တပ်ဆဲတော့ သောက်မြင်ကပ်လို့ မြေရှုပ်ပြီးပစ် တာ။ ကျည်ဆန် (၁၀) တောင့် ကုန်သွားလို့ပေါ့ကွာ။ နို့မို့ . . . မင်းတို့ မလွယ်ဘူး။ ကဲ . . . လာကြ၊ လူစုံပြီမဟုတ်လား၊ သူကြီးအိမ် သွားကြ မယ်"

"ဟုတ်"

✿ ✿ ✿

❑

ကျေးရွာ ကာကွယ်ရေးအဖွဲ့ဝင်များ လူစစ်ဆေး၍ စုံသည်နှင့် ဆရာ ဦးအောင်ခေါင်းဆောင်ပြီး မင်းတုန်းရွာ သူကြီးအိမ်သို့ ချီတက်ခဲ့ ကြပါသည်။ ညက လဆန်းရက်ဖြစ်သဖြင့် ဆန်းစလကွေးကွေးကလေး တက်နေသည်။ အလင်းရောင်က မစို့မပို့၊ ညဥ့်နက်ကြီးဖြစ်သောကြောင့် သူကြီးနှင့် ရွာသူရွာသားများ သေနတ်သံတိတ်ပြီး ကာကွယ်ရေး အဖွဲ့များ အသံကြားသည်နှင့် ပုန်းအောင်းနေကြရာမှ အလျှိုလျှို ထွက် လာကြသည်။

သူကြီးက . . .

"အစ်ကိုအောင် . . . ဓားပြအဖွဲ့လား၊ သူပုန်အဖွဲ့လား။ ပစ် ခတ်လိုက်ကြတာ ကြောက်ခမန်းလိလိပဲ။ ကိုအောင်တို့ဘက်က ထိခိုက်ရာအနာတရ ဖြစ်ကြသေးသလား"

"ဘယ်ဘက်မှ မထိဘူးဟေ့။ မှောင်ထဲမှာ ငါတို့လည်း အသံ ကြားရာ ရမ်းသမ်းပြီးပစ်ရတာ ဘယ်မှန်မလဲ။ ငါတို့ဘက်က လက်နက် နဲ့ လူအင်အားတောင့်မှန်းသိတော့ အမြန်ပြန်ဆုတ်သွားကြတယ်၊ နို့မို့



www.burmeseclassic.com

www.burmeseclassic.com



လားကွာ . . . ဟိုဘက်ကသူပုန်အဖွဲ့ အလောင်းချင်း ထပ်သွားမှာပေါ့ ထိတ်တုံးအောင်တဲ့ မင်းအစ်ကိုအကြောင်း မင်းသိတယ်မဟုတ်လား"

"သိပါတယ် . . . ကိုအောင်ရယ်၊ ဒါကြောင့်လည်း အစ်ကိုတို့ ကာကွယ်ရေးအဖွဲ့ကို တစ်ရွာလုံးက အားကိုးလေးစားနေရတာ။ အစ်ကို ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

"ထုံးစံအတိုင်းပေါ့ကွာ . . . ငါတို့ ကာကွယ်ရေးအဖွဲ့တွေ ထ ပန်းလာကြတယ်။ ညလယ်စာ ချက်စားကြဖို့ ကြက်ကလေး၊ ငှက်ကလေး နဲ့ အရက်ဖိုးလေးတော့ ဆုချတဲ့အနေနဲ့ပေးပေါ့ . . . သူကြီးရယ်"

"ရပါတယ် . . . အစ်ကိုအောင်၊ အိမ်နောက်ဖေးကြက်ခြံထဲက လိုသလောက် ဖမ်းသွားပေရော့။ ရော့ . . . ဟော့ဒါက အစ်ကိုအောင်တို့ အဖွဲ့အတွက် အရက်ဖိုးဆုချတာ"

"အေး . . . အေး . . . ကျေးဇူးတင်တယ်ညီလေး။ ရွာသူကြီး လုပ်တဲ့ အစ်ကို့ညီလေးက ကိုယ်ချင်းစာပြီး သိတတ်တော့ အစ်ကိုတို့ ရွာကာကွယ်ရေးအဖွဲ့ အသက်စွန့်ပြီး အပင်ပန်းခံရကျိုး နပ်ပါတယ် ကဲ . . . ရွာသူရွာသားအားလုံး ကိုယ့်အိမ်ကိုယ်ပြန်ပြီး စိတ်ချလက်ချ အိပ်ကြပေရော့။ ကျုပ်တို့ရွာ ကာကွယ်ရေးအဖွဲ့က ညလယ်စာ၊ ချက် ပြုတ်စားသောက်ကြရင်း တစ်ညလုံး ရွာလုံခြုံရေးအတွက် ကင်းစောင့် ပေးမယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးကြီးလှပါတယ် ခင်ဗျား"

ထိုညက တကယ်ပင် အဘဦးအောင်တို့အဖွဲ့ မအိပ်ကြပဲ ဆိတ်သားဟင်းနှင့် ကြက်သား၊ ကာလသားဟင်းချက်စားကြပြီး အရက် နှင့်မြည်းကာ တစ်ညလုံး ဆက်ရက်မင်း (ဖရက်မင်း)စည်းစိမ် ခံစားကြ





ရင်း အရုဏ်ဦးရောင်နီလာမှ ကောက်ရိုးပုံခေါင်းတိုး၍ အတုံးအရုံး အိပ်ပျော်သွားကြသည်။

မနက် (၉) နာရီခန့်တွင် ကော့မှူးမြို့က ဌာနအုပ်ဦးမောင် ကလေးနှင့် ပုလိပ်အဖွဲ့ သူကြီးကိုခေါ်၍ ဆင်းလာတော့မှ ရွာကာကွယ် ရေးအဖွဲ့အား အတော်နှိုးယူကြရသည်။ သူကြီးလုပ်သူက ရွာကာကွယ် ရေးအဖွဲ့ကို အလွန်အားကိုး အထင်ကြီးသော်လည်း ဌာနအုပ် ဦးမောင် ကလေးက လူပါး။ မွေ့မွေ့ခြင်း ခြေမြင့်သည်။ ပြုံးပြုံး၊ ပြုံးပြုံးဖြင့် အဘဦးအောင်ကိုကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

အဘထိတ်တုံးအောင်ကလည်း လူလည်။ ဒီယုန်မြင်၍ ဒီချုံ ဖွင်ခြင်းဖြစ်သဖြင့် ဘယ်အချိန်ကတည်းက ရှာထားမှန်းမသိသော ရမ် အရက်ပုလင်းဖွင့်၍ ဆိတ်သားဟင်း၊ ကြက်သားဟင်းတို့ဖြင့် ဌာနအုပ် ဦးမောင်ကလေးအား ပျာပျာသလဲ ဧည့်ဝတ်ပြုတော့သည်။

ဌာနအုပ် ဦးမောင်ကလေးက စောစောစီးစီး စားသောက်ခြင်း ကို အနည်းငယ်သာပြုပြီး သူ့တွင် အသင့်ပါလာသော ကြောင်နက်စီး အရက်ဘူးကိုဖွင့်ကာ Ronson မီးခြစ်ကလေးကို 'ထောက်'ကနဲ ဟန် ဆေးပါဖွင့်လျက် မီးညှိပြီး တစ်ရှိုက်နှစ်ရှိုက် ဖွာလိုက်သေးသည်။ ပြီးတော့ မှ မီးခိုးများကို အကွင်းလိုက်မှုတ်ထုတ်ပြီး ပြုံးထေ့ထေ့ဟန်ဖြင့် . . .

"ကိုအောင် . . . ညက ဘယ်သူ့အဖွဲ့နဲ့ ဖြစ်တာလဲဗျ"

"တောကြီးတန်း တင်ထွန်းတို့၊ မြင့်ထွန်းတို့ ညီအစ်ကို သူပုန် အဖွဲ့ထင်တာပဲ ဆရာ။ အင်အားတော့ အတော်ကောင်းတယ်"

"ဟဲ . . . ဟဲ . . . ကိုအောင်ရယ်၊ ကြည့်လည်း လုပ်စမ်းပါဦး။ တင်ထွန်းတို့၊ မြင့်ထွန်းတို့ ညီအစ်ကိုအဖွဲ့ဟာ မနေ့ကတည်းက ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



က စစ်ပုလိပ်တွေ ဆင်းလာပြီး ထိုးစစ်ဆင်လို့ အဖွဲ့ပျက်သွားတာ ကြာပြီပဲ။ ဓားပြမှုန်ကြီးနဲ့ မိုးကြီးတို့ လက်ကျန်အဖွဲ့ကလေးလောက်သာ ကျန်တော့တာပါ။ အဲဒီအဖွဲ့ကလည်း မိုးကြိုးမောင်းပျက် ရိုင်ဖယ်အစုတ်နဲ့ လုပ်သေနတ်လောက်သာရှိတာပါ။ ညက ကော့မှူးမြို့ကနေ ကျွန်တော်တို့ ကြားရတာကတော့ ဒသမ ၃၀၃ အင်္ဂလိပ်ခေါင်းတို့ ရိုင်ဖယ်သံချည်းပဲ''

အဘဦးအောင်၏ထံမှ စကားသံထွက်မလာတော့။ ရေငုံနှုတ်ပိတ်နေသည်။ ဌာနအုပ်ဦးမောင်ကလေးက တိုသွားသော စီးကရက်ကို တစ်ဖွာရှိုက်လိုက်ပြီး တဲကြမ်းခင်းနှင့်ဖိချေ၍ မီးသတ်လိုက်သည်။ ပြီးမှ ကြမ်းခင်းကြား အပေါက်က အောက်သို့ ထိုးချလိုက်သည်။

''ထားပါတော့ . . . ကျွန်တော် သဘောပေါက်ပါတယ် ကိုအောင်။ Pritice is Perfect တဲ့။ လေ့ကျင့်တာဟာ ကောင်းပါတယ်။ ဒါကြောင့် ညတွင်းချင်း ကျွန်တော်တို့ ဆင်းမလာတာပါ။ နောင်ဆိုရင်တော့ ကြိုတင်သတင်းပို့ပြီး ဌာနက ခွင့်ပြုချက်ရမှလုပ်ပါ။ အခုတစ်ကြိမ်တော့ ရှိစေတော့။ မနက်ဖြန်ကျရင် ညကလေ့ကျင့်လို့ ကုန်သွားတဲ့ ကျည်ဆန်အင်အား စာရင်းပြုပြီး ခင်ဗျားရော၊ သူကြီးပါ လက်မှတ်ထိုးပါ။ ပြီးတော့ ကော့မှူးမြို့နယ်ဂါတ်တဲမှာ လာထုတ်ပါ။ ကျွန်တော် ခွင့်ပြုချက် လက်မှတ်ထိုးပေးမယ်''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ စာရင်းပြုစု လက်မှတ်ထိုးပြီး လာထုတ်ပါ့မယ်။ သုံးဆောင်ပါဦး ဆရာ''

''တော်ပြီ စောသေးတယ်။ မနက်ဖြန်ညနေ ရုံးချိန်လေးနာရီ မခွဲမီ လာခဲ့ကြပါ။ ကျွန်တော်စောင့်နေမယ်''

''ကျေးဇူးတင်ပါတယ် ဆရာ''





ကော့မှူးမြို့နယ်၊ ဌာနအုပ်နှင့်အဖွဲ့ ပြန်ရန်ပြင်တော့ သူကြီးက ည်းများဆင်၍ ပေးလိုက်ရသေးသည်။ ကော့မှူးမြို့သို့ တိုက်ရိုက် ပြန်မည်မဟုတ်သေး။ ရွာစဉ်လှည့်၍ စစ်ဆေး၊ သောက်စားပြီးမှ ညနေစောင်းတွင် ပြန်ကြမည်ဖြစ်သည်။ ရွာကလည်းအဖွဲ့ကတော့ နွားများ ပင်ပန်းလွန်းသဖြင့် ညတွင်းချင်း ပြန်လာနိုင်မည်မဟုတ်။ နောက်တစ်နေ့ မနက်စောစောမှ ပြန်လာနိုင်ကြမည်ဖြစ်ပြီး နေ့လယ်ခင်းမှ ရွာပြန်ရောက်မည်ဖြစ်သည်။ ဤသို့ အဘဦးအောင်တို့ မွေ့ချက်က တစ်ရွာလုံးကို ဒုက္ခပေးတော့သည်။

အကျိုးအကြောင်းသိသွားသော သူကြီးကတော့ ဘကြီးဦးအောင်ကို မျက်စောင်းတခဲခဲ၊ အံတကြိတ်ကြိတ်။ သို့သော် ညီအစ်ကိုချင်း ငယ်ကြောက်ဖြစ်သဖြင့် နှုတ်ကတော့ ဖွင့်မပြောပါ။ ရိုးသားသော ရွာသူရွာသားများကတော့ ဘာမှန်းပင် မသိလိုက်ရှာပါ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့ မနက်စောစော၌ (၁၀)ပိဿာဝင် ပဲဆီတစ်ပုံး ကျွဲဆန်တစ်အိတ်၊ ဗီးကြမ်းငှက်ပျောခိုင်ကြီး လှလှတစ်ခိုင်နှင့် အဘ ဦးအောင်ခေါင်းဆောင်ပြီး ကျွန်တော်နှင့် ကိုခွေးပု၊ ကိုညာဏ်ကျယ်တို့ အဖွဲ့ ကော့မှူးမြို့သို့ လှည်းတစ်စီးဖြင့် ချီတက်ခဲ့ကြသည်။ လမ်းခုလတ် ညောင်ပင်သာရွာတွင် ခေတ္တဝင်ရောက်နားကြစဉ် တံချူခြံရွာတွင်နေသော အဘအောင်၏ မိတ်ဟောင်းဆွေဟောင်း ဦးထမင်းချိုင့်နှင့် ဆုံကြသည်။

"ကိုကြီးအောင် ... ဘယ်လဲဗျ"

"ကော့မှူးမြို့သွားပြီး ကျည်ဆန်ထုတ်မလို့ပေါ့။ မင်းက ဒီရွာ ဘာလာလုပ်တာလဲ"

"လက်ခိုက်ဘုရားကြီး ထီးတော်ပြုပြင်ဖို့ ရွာသူကြီးတွေ အစည်းအဝေးဖိတ်ခိုင်းလို့ လာတာပါ။ ညကတည်းက ညောင်ပင်သာ ရွာမှာ အိပ်တာ။ ကိုကြီးအောင်တို့ မင်းတုန်းရွာကြီးဘက်လည်း လာဖိတ် ပြီး ဒီညအိပ်ဖို့ပဲ"





"လာစမ်းပါ ... ထမင်းချိုးရာ။ ငါတို့ ပြောပြီးပြီတာပဲ။ ငါတို့ အပြန်ကျရင် ငါတို့ရွာတင်မက ဘိုဒင်၊ နှစ်ခွပျားမှတ်ရွာတွေက သူကြီး ဆွေကိုပါ ဖိတ်ပေးပါ့မယ်။ မင်းလမ်းလျှောက်ဖိတ်ရမှာ ပင်ပန်းလှပါ တယ်။ ဒါနဲ့ ဘုရားဂေါပကအဖွဲ့အစည်းအဝေးက ဘယ်နေ့လဲ။ လိုသေး တယ်မဟုတ်လား"

"လိုပါသေးတယ်။ လပြည့်နေ့ဆိုတော့ သုံးလေးရက်လိုပါသေး တယ်"

"ကဲ ... ဒါဖြင့် လာကွာ။ ငါတို့နဲ့ကော့မှူးမြို့ကို လိုက်ခဲ့။ မြို့ကို ကောင်းကောင်းပြစုမယ်။ မကျေနပ်သေးရင် အပြန်ကျ ရွာကို လိုက်ခဲ့ဦး"

"အင်း ... အစ်ကိုအောင်တို့ ရွာအုပ်စုတွေဘက်က ဖိတ်စရာ ကျိတော့ရင် ကျွန်တော်ကော့မှူး ပြန်လိုက်ခဲ့ပါ့မယ်။ မင်းတုန်းရွာတွေ ဘက်တော့ မလိုက်တော့ဘူး။ ကျွန်တော် မနက်ဖြန်ကျရင် ကွမ်းခြံကုန်း ရွာနဲ့ လက်ခုပ်ကုန်းအုပ်စု၊ တွံတေးဘက်လည်း သွားဖိတ်ရဦးမှာ"

"ဒါနဲ့ ကျွန်တော် ညောင်ပင်သာရွာမှာ ညကအိပ်တာ သေနတ် သံတွေ ကြားရတယ်။ အစ်ကိုအောင်တို့ရွာဘက်တွေက ထင်တာပဲ။ ဘာ ဖြစ်ကြတာလဲ"

"ငါတို့ကာကွယ်ရေးတွေ ပျင်းပျင်းရှိတာနဲ့ စစ်တိုက်တန်း ကစား ကြတာပါကွာ။ အဲဒီကျည်ဆန်တွေ ကုန်သွားတဲ့အတွက် ကော့မှူးဌာနအုပ် ဆင်းစစ်ပြီး ဒီနေ့ကော့မှူးဂါတ်မှာ ကျည်ဆန်ထုတ်ရမှာ။ အဲ့သလို အောင်မြင်မှုအတွက် ငါ့အဖွဲ့နဲ့ မင်းကို ပြုစုချင်လို့ မင်းကိုခေါ်နေတာ"

"ဟဲ ... ဟဲ ... တော်လိုက်တာ ကိုကြီးရွှေရာ။ အနော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဌာနအုပ်ဦးမောင်ကလေးတောင် ကိုကြီးရွှေကို အလျှော့ပေးရတယ်ဆို တော့ အောင်ပွဲခံသင့်တာပေါ့။ လိုက်မယ်ဗျာ။ ကဲ ... မောင်းတော့”

အဘအောင်က ထမင်းချိုးအား လှည်းပေါ်တင်ကာ ပစ္စည်း ပစ္စယများဖြင့် ကြပ်ကြပ်တည်းတည်း မောင်းနှင်ခဲ့ကြသည်။ နွားများမှာ သူကြီးအိမ်မှ အားကောင်းမောင်းသန် ဘက်ညီသော နွားများဖြစ်ကြ သဖြင့် အခွဲအရှိန်းကောင်းသည်။ ထို့ကြောင့် မနက် (၉) နာရီခန့်တွင် ကော့မှူးမြို့ဂါတ်တဲသို့ ရောက်ရှိလာသည်။ ရောက်ရောက်ချင်း ဌာနအုပ် ဦးမောင်ကလေးနှင့် ဝင်တွေ့ရာ ...

“အလို ... ကိုအောင်တို့ ဝီရိယကောင်းလှချည့်လား။ လှည်း တက်စုံပဲ။ ကျွန်တော်တောင် Break Fast မစားရသေးဘူး။ လာကြ ဗျာ ... ဈေးရှေ့က လက်ဖက်ရည်ဆိုင်မှာ သွားစားကြသောက်ကြတာ ပေါ့။ ကျွန်တော် ဧည့်ခံပါမယ်”

“ခဏကလေး ဆရာ။ ဆရာ့အတွက် လက်ဆောင်ပစ္စည်း တွေ ပါသေးတယ်။ လှည်းပေါ်ကချပြီး နွားတွေကိုလည်း ထမ်းပိုးဖြုတ် ပြီး အနားပေးလိုက်ဦးမယ်”

“Thank You ... ကိုအောင်၊ ဘာတွေ လက်ဆောင်ပါလာ တာလဲ”

“ဆန်တစ်အိတ်၊ ဆီတစ်ပုံးနဲ့ ဖီးကြမ်းငှက်ပျောခိုင်ကြီးပါ”

“Very Good”

ကျွန်တော်တို့အဖွဲ့ လှည်းပေါ်မှ လက်ဆောင်ပစ္စည်းများချပြီး နွားများဖြုတ်၍ အနားပေးသည်။ ပြီးသည်နှင့် လက်ဖက်ရည်ဆိုင်သို့ လှမ်းခဲ့ကြပါသည်။ ဈေးရှေ့လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ စားသောက်





နေကြစဉ်ကို ထမင်းချိုးက ဆိုင်အနောက်ဘက်၊ ထောင့်စွန်း၌ တစ်ဦး တည်း ထိုင်၍ စားသောက်နေသော လူတစ်ဦးကိုမသိမသာ ညွှန်ပြပြီး အဘအောင်အား နားနားကပ်၍ တိုးတိုးပြောသည်။ ဌာနအုပ်ဦးမောင် ကလေးက မြင်တော့ ...

“ကိုအောင်နဲ့ ထမင်းချိုးတို့ ဘာကြိတ်ကြပြီး တိုင်ပင်နေကြ တာလဲ”

“ဪ ... ထမင်းချိုးက ပြောတယ်ဆရာ။ ဆိုင်အနောက် ဘက်ထောင့်စွန်းမှာ ထိုင်နေတဲ့ကောင်က သူ့လိုလူပဲတဲ့။ မွေးရာပါ မျောက် မှဲ့ အိမ်မြှောင်လို့၊ တောက်တဲ့လို့၊ အမြင့်တက်ကျွမ်းကျင်တဲ့ ဖောက်ထွင်း သမားတစ်ယောက်လို့ သတိပေးတာပါ”

ဌာနအုပ်ဦးမောင်ကလေးက ရဲမျက်စိဖြင့်လှမ်းကြည့် အကဲ ခတ်ပြီး ...

“ဪ ... ဟိုထောင့်က အသားမဲမဲ ပိန်ပိန်ကောင်ကလေး လား။ နာမည်က ဘယ်သူတဲ့တုံး။ ဘယ်ရွာမှာနေတာလဲ”

“ငှက်အော်စမ်းက ကျီးညိုတဲ့ဆရာ။ ထမင်းချိုးလို လူကောင်း တော့ မဟုတ်ဘူး။ သူက သူခိုး၊ ဖောက်ထွင်းဝိဇ္ဇာတဲ့”

“အေးဗျာ ... ကျွန်တော် မှတ်ထားပါ့မယ်။ အခုလို သတိပေး တာ ... ကျေးဇူးတင်ပါတယ် ... ကိုထမင်းချိုးရေ။ နောက်ပိုင်း ဒီ ဒေသက လက်သည်မပေါ်တဲ့ ဖောက်ထွင်းမှုတွေအတွက် သတိထား ရမဲ့သူ တွေ့ပြီပေါ့နော်။ ထမင်းချိုးအကြောင်းတော့ ကျွန်တော်တို့က သိပြီးသားပါ။

ဒါနဲ့ကို ထမင်းချိုး အခု ကော့မှူး-ကွမ်းခြံကုန်း၊ ကားလမ်း ပြီး ချဲ့နေတာ အတော်ပြီးစီးနေပေမဲ့ မြို့ကုန်းရွာနားက အဓိကရ



www.burmeseclassic.com

www.burmeseclassic.com



ကညင်ပင်ကြီးနဲ့ မလွတ်ဘူးဖြစ်နေတယ်။ ဒီကသွားရင် ညာဘက်ကျမှာပေါ့။ ဘယ်ဘက်က ဘုရားစေတီတွေရှိတော့ ပယ်ဖျက်လို့မရဘူး။ မြို့တုန်းက အဓိကရအပင်ကြီးဆိုတော့ ဘယ်သူမှမခုတ်ရဲကြဘူး။ ဒါကြောင့် ကားလမ်းမကြီး ချဲ့တာရပ်ထားရတယ်။ ကိုထမင်းချိုး ခုတ်ပေးမယ်ဆိုရင်တော့ ထိုက်ထိုက်တန်တန်ပေးမှာပါ''

ထိုစဉ် ကျွန်တော်က ...

''ဆရာကြီး ... ကညင်ပင်ကြီးက အတော်ကြီးသလား။ မြို့ကုန်းရွာက ဘယ်နားမှာလဲ။ ဘာကြောင့် သစ်ခုတ်သမားတွေက ကြောက်ကြတာလဲ''

''ဪ ... သူက ဘယ်သူလဲ၊ မြို့က ဧည့်သည်လား။ ကိုအောင်တို့အမျိုးတွေ ထင်ပါရဲ့''

''လူငယ်မို့လို့ ဆရာ့ကို မိတ်ဆက်မပေးရသေးဘူး။ လူကလေးက ကျွန်တော်တူအရင်း မောင်တင်ဝင်းလို့ ခေါ်တယ်။ ကျွန်တော်တို့ဘက်အမျိုးတွေက ယောကျာ်းကလေးမှန်ရင် စနေသားကများတယ်။ မောင်ဝင်းက ဆယ်တန်းဖြေထားတဲ့ တက္ကသိုလ်ကျောင်းသား လောင်းလျာပေါ့။ ကျွန်တော်တို့ရွာသူကြီး ဦးတင်မောင်ရဲ့ အငယ်ဆုံးသားပေါ့''

''ဪ ... ဟော် ... ဒါကြောင့် ငါ့တူက မြို့သားပုံပေါက်နေတယ်မှတ်တာ။ မြို့ကုန်းဆိုတာက ကော့မှူးနဲ့မဝေးဘူး။ ဒီကနေ တွင်းခြံကုန်းဘက်သွားရင် လမ်းမှာ ဘုရားလမ်းရွာ၊ လက်နိုက်ရွာ ဘုရားကြီးကျော်ရင် လာဝတီ၊ ရှမ်းနေ၊ တကူးခြံရွာပြီးတာနဲ့ မြို့ကုန်းရွာရောက်တာပဲ။ အဲ ... ဆက်သွားရင်တော့ အင်လုံး၊ ကသစ်ကုန်း၊ ဒေးဒနော့၊ ညောင်ငူ၊ ကမာပါ ထန်းတောရွာပြီးတာနဲ့ ကွမ်းခြံကုန်းမြို့ကို ရောက်တာပဲ''





''မြို့ကုန်းဆိုတာက ရှေးတုန်းက မွန်ဘုရင်တွေ တည်ခဲ့တဲ့ မြို့ကုန်းဟောင်းပဲ။ လမ်းဘေးမှာ ဘုရားစေတီတွေ အများကြီးရှိတယ်။ ဒီမှာ ဘုရားရတနာသိုက်ရှိတယ် ပြောကြတယ်။ သိုက်ဆရာတွေ သိုက်ထွန်းအရ လာတူးကြပေမဲ့ မအောင်မြင်ကြဘူး။ မွန်ဘုရင်တွေ ဥစ္စာဝတ်သားတွေကို တောင်စွယ်နေကွယ်ရင် သတ်တဲ့လူသတ်ကုန်းလည်း ရှိတယ်။

အဲဒီနေရာတွေက အခုအချိန်ထိ မြေကြမ်းတုန်းပဲ။ စိုက်ပျိုးရေးလုပ်ဖို့ မြေရှင်းတာတောင် လက်မခံဘူး။ မြေတူးဖို့တော့ ဝေးရော့။ မြေအလွန်ပေါ်တယ်။ မြေရှင်းတာနဲ့တင် မြေကိုက်ခံရပြီး ဆုံးပါးတာများတော့ ရတနာသိုက်က လူသတ်ကုန်းမှာလို့ ပြောကြပြန်တယ်။ အခုအချိန်ထိ အဲဒီလူသတ်ကုန်းတစ်ဝိုက်ဟာ ဘယ်သူမှမလုပ်ရဲလို့ ဖုန်းတောကြီး ဖြစ်နေတယ်။

''ဒီကအသွား ကားလမ်းဘယ်ဘက်မှာ လူသတ်ကုန်းရှိတယ်။ ညာဘက်မှာတော့ မြို့ကုန်းရွာထိပ်မှာ အဓိကရကညင်ပင်ကြီးရှိတယ်။ အမြင့်ပေ (၁၀၀)ပေလောက်။ လုံးပတ် လူကြီးလေးငါးဖက်စာ ရှိတယ်။ အနောက်တောင်ဘက်မှာတော့ ရှေးမွန်ဘုရင်တွေ လက်ထက်ကတည်းက ရှိခဲ့တဲ့ အင်းကြီးရှိတယ်။

ရှေးယခင်ကတော့ မြစ်နဲ့ဆက်နေပြီး လောင်းလှေကြီးတွေ လှော်သွားနိုင်သတဲ့ အဲဒီအင်းကြီးကို 'နတ်ဆိုးအင်း' လို့ ခေါ်တယ်။ ဒီအထဲမှာ မွန်ဘုရင်တွေလက်ထက်ကတည်းက လောင်းလှေကြီးတစ်စီး မြုပ်နေတယ်။ ရတနာသေတ္တာတွေ ပါတယ်ဆိုပဲ။

အခုလို နွေရာသီဘက်မှာ သွားကြည့်ရင် လောင်းလှေကြီး ဦးပိုင်းအစတွေ ပေါ်နေလို့ မြင်ရတယ်လို့ဆိုတယ်။ အဲဒါနဲ့ သိုက်သမား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ရွာသားတွေပေါင်းပြီး တူးကြပြန်တယ်။ သိုက်သမားတွေ မြွေ ကိုက်ခံရပြီး ရွာသားတွေ ဝမ်းရောဂါဖြစ်၊ သေကြကြေကြလို့ အခုတော့ လောင်းလှေကြီးကို ဆယ်ဖို့မပြောနဲ့ အင်းထဲတောင် မဆင်းရဲကြဘူး ဒီဘက်က မြေကြမ်း၊ ရေကြမ်းပဲ''

''အဲ ...ငါ့တူမေးတာနဲ့ ကိုထမင်းချိုးနဲ့ ပြောထားတဲ့ကိစ္စ တောင် ဘယ်ရောက်သွားပါလိမ့်''

''ကညင်ပင်ကြီး ခုတ်ဖို့ပါဆရာ။ ကျွန်တော် တာဝန်ယူပါတယ်။ ကန်တော့ပွဲတစ်ပွဲစီစဉ်ပြီး မင်းမိန့်တော့ ပြန်ပေးပါဆရာ။ အဓိကက နေရာ၊ အဓိကရအပင်ကြီးဆိုတော့ အစောင့်ကြီးကြီးက ရှိနေမှာ အသေ အချာပါပဲ။ ကျွန်တော့်အဖွဲ့နဲ့ ကျွန်တော်ခေါင်းဆောင်ပြီး ခုတ်ပေးပါ့မယ် ဆရာ။ စိတ်ချပါ''

''အေးဗျာ ...ကိုထမင်းချိုးကို အားကိုးပါတယ်။ အစီအစဉ် ဆွဲ လူစုပြီး အမြန်ဆုံးသာ ခုတ်ပေရော့။ လိုအပ်တာမှန်သမျှ အားမနာ တမ်း ပြော၊ ခုတ်ခလည်း ထိုက်ထိုက်တန်တန်ပေးမယ်။ သစ်ခုတ်သမား အဖွဲ့အတွက် နေ့စဉ် စားရေးသောက်ရေးလည်း စီစဉ်ပေးမယ်''

''ဒီလိုလုပ်ပါလား ဆရာ။ ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး။ အလုပ် သမားခ နေ့စဉ်ရှင်းပေးဖို့ ပိုက်ဆံနည်းနည်းလိုတယ်။ နောက်ပြီး ကျွန် တော့်မှာက ပေါက်ဆိန်နဲ့ လက်ထိုးလွှလောက်သာရှိတာ။ အပင်ကြီး လှဲမယ်ဆိုရင် ငမန်းလွှကြီးကြီးနဲ့ ကြိုးတွေလိုသေးတယ်ဆရာ။ ဒီအတိုင်း ခုတ်ချရင် ကညင်ကိုင်းတွေနဲ့ ကားလမ်းပိတ်သွားလိမ့်မယ်။ နောက်ပြီး အပင်လှဲခကတော့ ဆရာတို့ အဆင်ပြေသလိုပေးပါ။ ခုတ်လှဲပြီးရင်တော့ ကျွန်တော့်ကို ကညင်ပင်ကြီးပေးပါလား ...ဆရာရယ်''





''အင်း ...ဒါလည်း ဖြစ်သင့်ပါတယ်။ ကိုထမင်းချိုးက သက် န့်ဖျား လုပ်ရမှာဆိုတော့ ရသင့်ပါတယ်။ ကျွန်တော် မြူနီစီပယ်အဖွဲ့နဲ့ မြို့အုပ်ချုပ်ရေးအဖွဲ့ကို ညှိပြီး လုပ်ပေးပါ့မယ်။ အဓိကက ကားလမ်း ပွင့်နိုင်ဖို့ပဲလေ။ အဲ ...သစ်တောဌာနကိုလည်း အကြောင်းကြားရဦး မယ် ထင်ပါရဲ့။ ကျွန်တော် တာဝန်ခံပြီး လုပ်ပေးပါ့မယ်။ စိတ်ချလက်ချ လုပ်ပါ ...ကိုထမင်းချိုး''

''ဟုတ်ကဲ့ ...စိတ်ချပါဆရာ။ ကျွန်တော် တစ်ပတ်အတွင်း စီစဉ် လူစုပြီး ခုတ်ပေးပါ့မယ်။ ပင်စည်ကြီးကိုလည်း ခုတ်လှဲပြီး သစ်ခွဲ ရမယ်၊ လှည်းသမားလည်း လိုသေးတယ်။ ကျွန်တော် ရောင်းစားဖို့ မဟုတ် ပါဘူးဆရာ။ ကျွန်တော်တို့ တကူခြံရွာက ဘုန်းတော်ကြီးကျောင်း ပျက်စီး နေတာ ပြင်ဖို့နဲ့ ပိုတာကို ဆွမ်းစားကျောင်းဆောင်ကလေး ဆောက်ပေး ချင်လို့ပါဆရာ။ ပိုတဲ့ ကိုင်းဖျားကိုင်းနားကိုတော့ ကျွန်တော့်မိသားစု စားဝတ်နေရေးအတွက် ထင်းအဖြစ် ရောင်းစားပါရစေ''

''ကောင်းတယ် ...ကိုထမင်းချိုး စိတ်ထားမွန်မြတ်ပါပေတယ်။ ကြိုတင် သာဓုခေါ်ပါတယ်။ တောအုပ်နဲ့ မြူနီစီပယ်အဖွဲ့ကို ညှိပေး မယ်။ ဖြစ်အောင်လည်း လုပ်ပေးမယ်။ ခင်ဗျားသာ သစ်ခုတ်သမားအဖွဲ့ အမြန်စုပြီး စီစဉ်စရာရှိတာ စီစဉ်ပေတော့။ ငွေလည်း ကြိုတင်ထုတ်ပေး ထားမယ်''

''လူနိုင်တွေရှိတော့ အဘက်ဘက်က ဝိုင်းဝန်းကူညီကြလိမ့် မယ်။ တကူခြံဘုန်းကြီးကျောင်း ပြင်ဆင်ရေးကိုလည်း လက်ခိုက်ရွာ ဘုရားကြီး ထီးတော်ပြင်ဆင်ရေးအစည်းအဝေးက လပြည့်နေ့မှာ လုပ် မှာဆိုတော့ အဲဒီနေ့မှာ အုပ်စုရွာသူကြီးတွေ လာကြလိမ့်မယ်။ အဲဒီမှာ တင်ပြပြီး အလှူငွေတတ်နိုင်သမျှ တည့်ခိုင်းလိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးတင်လှပါတယ်။ ကျွန်တော့် ဆန္ဒ ပြည့်ပါပြီ။ လပြည့်နေ့ လူကြီးတွေဆုံကြတုန်း ကျွန်တော် ကညင်ပင်ကြီး ကို စပြီးခုတ်ပါ့မယ်"

"ကောင်းပါပြီဗျာ"

ထိုနေ့က နှစ်ဦးနှစ်ဖက် အလုပ်ကိစ္စများ အဆင်ပြေကြသဖြင့် ဌာနအုပ်ဦးမောင်တလေးကလည်း အဘဦးထိတ်တုံးအောင်တို့ စာရင်း တင်ပြသော ကျည်ဆန်များကို ရောရောရှုရှု ထုတ်ပေးသည်။ အဘက လည်း လိုက်ပါလာသောအဖွဲ့အား ပြည့်စုံစွာကျွေးမွေးပြုစုပါသည်။ အပြန် ခရီးတွင်တော့ ကိုထမင်းချိုးက တကူခြံရွာအနီးတွင် ဆင်းကျန်နေရစ် ခဲ့ပါသည်။

အဘကလည်း ကတိအတိုင်း အပြန်ခရီးလမ်းတွင်ရှိသည့် ရွာ များမှ ရွာသူကြီးများအား ထမင်းချိုးကို ကူညီသည့်အနေဖြင့် လက် ခိုက်ဘုရားကြီး ထီးတော်ပြုပြင်ရန် အစည်းအဝေးအား လပြည့်နေ့တွင် တက်ရောက်ရန် ဝင်ရောက်ဖိတ်ကြားခဲ့ပါသည်။

✿ ✿ ✿

❑

လပြည့်နေ့၌ လက်ခိုက်ဘုရားကြီးပေါ်တွင် ရွာသူကြီးများ အစည်းအဝေးရှိသဖြင့် ကျွန်တော်နှင့် အဘဦးတင်အောင်တို့အဖွဲ့ ပင် အဖေသူကြီးအား လှည်းဖြင့် လိုက်ပို့ကြရသည်။ နွားများကလည်း ဒီခရီး၊ ဒီလမ်းကို ကျွမ်းကျင်နေကြပြီဖြစ်သဖြင့် ကြိမ်မတို့ရ။

မနက်စောစော နွားများမပင်ပန်းစေရန် ထွက်ခဲ့ကြရာ လမ်း တွင် အုပ်စုရွာသူကြီးလှည်းများဖြင့် ဆုံကြသဖြင့် ပွဲသွားရန် လှည်းတပ် ကြီးချီတက်လာသလိုပင်။ မနက်စောစောဖြစ်၍သာ ဖုန်ဒဏ်သက်သာ သည်။ ကျွန်တော့်ဖခင်က (၆)ရွာပိုင်အုပ်စု သူကြီးဖြစ်၍ ရှေ့ဆုံးက ဦးဆောင်မောင်းခဲ့ပါသည်။

လက်ခိုက်ရွာ ဘုရားကြီးရောက်တော့ ဂေါပကအဖွဲ့က မနက်စာ ထက်ဖက်ရည်နှင့် မုန့်ဟင်းခါး စီစဉ်ကျွေးသည်။ တောရွာများက တက် လာရသူများဖြစ်သဖြင့် နေ့လယ်စာကျွေးရန်လည်း ဘုရားဝေယျာဝစ္စအတွင်း၌ လက်ခိုက်ရွာသူရွာသားများက ချက်ပြုတ်ကြော်လှော်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက် (၁၀)နာရီခန့်၌ ဘုရားကြီးဂေါပက အဖွဲ့ဝင်များနှင့် ကျေးရွာလူကြီးများ အစည်းအဝေးလုပ်နေကြစဉ် အားလပ်နေသော အဘ အောင်နှင့် ကျွန်တော်တို့အဖွဲ့က မြို့ကုန်းရှိ ကညင်ပင်ကြီးအား ခုတ်လှဲ နေကြကြောင်း သိရှိရသဖြင့် ကျွန်တော်တို့အဖွဲ့ အဘအောင်၏လှည်း ဖြင့်ပင် သွားရောက်ကြည့်ရှု အားပေးကြသည်။ ထမင်းချိုးက အဘအောင် တို့အဖွဲ့အား ကောင်းစွာကြိုဆိုပြီး ကျွေးမွေးဧည့်ခံပါသည်။ ဌာနအုပ် ဦးမောင်ကလေး၏ ပံ့ပိုးကူညီမှုဖြင့် လူအင်အား၊ ပစ္စည်းအင်အားက တောင့်တင်းပြည့်စုံလှပါသည်။

ကညင်ပင်ကြီးမှာ ပေ (၃၀၀)ခန့်မြင့်ပြီး လူကြီးသုံးလေးဖက်စာ ခန့်ရှိသည်။ မြစ်ပျဉ်းကြီးကျနေသော မြစ်ဆုံမှာ ငမန်းလွှမမီသဖြင့် လူ နှစ်ရပ်စာခန့်မြင့်သော မြစ်ပျဉ်းများလွှတ်ရာ ပင်စည်လုံးချောအထိ အလုပ်သမားများက ဝါးယားဖြင့် ငြမ်းဆင်နေကြသည်။ ပင်ခြေရင်း တွင် နံ့တစ်ခုပေါ်၌ ကန်တော့ပွဲပေး၍ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ထားသည်။

သစ်ပင်ကြီးခုတ်လှဲသည်ကို လာကြည့်သူများကလည်း မနည်း အငြိမ့်ပွဲတစ်မျှ စည်ကားလှသည်။ သူတို့ သတ်မှတ်ချိန်ကျသည်နှင့် ထမင်းချိုးဦးဆောင်ပြီး ခုတ်လှဲမည့်လက်နက်များအား ကညင်ပင်ကြီး ပင်စည်အရင်း၌ အဖျားကို အောက်စိုက်၍ ထောင်ထားကြပြီး ကညင်ပင် စောင့် ရုက္ခစိုးနတ်ကြီးအား စားသောက်ဖွယ်ရာများ၊ လက်ဖက်၊ ကွမ်းယာ ဆေးလိပ်၊ ကန်တော့ပွဲဖြင့် ရိုသေစွာ ထိုင်၍ ကန်တော့ကြသည်။

(၁၅)မိနစ်ခန့်အကြာ ကန်တော့ပြီးသည်နှင့် ထမင်းချိုးက သစ် ခုတ်ပုဆိန်ကို ခါးထိုးပြီး ကြိုးခွေကြီးကို စလွယ်သိုင်းလွယ်ကာ ကညင် ပင်ထိပ်ဖျားသို့ မျောက်တစ်ကောင်ကဲ့သို့ ဖျတ်လတ်ပေါ့ပါးစွာ တက်သွား





တော့သည်။ ကညင်ပင်ဆိုသည့်အတိုင်း ပင်စည်ကြီးက ပေ(၁၀၀)ကျော် ခန့်အထိ လုံးချော။ ပေ (၁၀၀) ကျော်မှ အကိုင်းအခက်များ ဝေဆာစွာ ထွက်နေသည်။

ထမင်းချိုးက ကိုင်းမကြီးအဖျားအထိ တက်သွားပြီး ကိုင်းဖျား လက်တက်ပေါ်၌ ခေတ္တနားရင်း ပက်လက်လှန်အိပ်နေသည်။ ခဏနား ပြီး ကိုင်းလက်တက်များကို အရင်းတွင် ကြိုးချည်ပြီး တစ်ကိုင်းချင်း ခုတ်ချသည်။ ပြတ်တော့မှ ကြိုးကိုလျှော့ချပေးသည်။ ပတ်လည်ဘေး ကိုင်းများအား ခုတ်ချ၍ကုန်တော့မှ ခေါင်ကိုင်းကို ချိုင်တော့သည်။

ခေါင်းဆောင်သစ်ခုတ်သမား၊ ထမင်းချိုးကလည်း ကျွမ်းကျင် ပြီး အောက်ကတပည့်များကလည်း လက်ညီကြသဖြင့် ကားလမ်းဘေး လွှတ်ကင်းရာကွင်းထဲ၌ သစ်ကိုင်းများမှာ အပုံကြီးဖြစ်နေသည်။ သစ်ကိုင်း ပုံကိုမှ အလုပ်သမားများက အရွက်သင်၍ ကိုင်းဖျားသပ်သပ်၊ ကိုင်း ရင်းသပ်သပ်၊ တစ်တောင်ကျော်ခန့်စီ ဖြတ်တောက်ပြီး လံထင်းများ အဖြစ် မော်တော်ကားလမ်းဘေးတွင် အစီအရီ စနစ်တကျတန်းစီပြီး ပုံထားသည်။ လံထင်းပုံကြီးမှာ ဟီးထပြီး မြန်ဆန်စွာ ပေါ်ထွက်လာပါ သည်။

နေ့လယ် ထမင်းစားချိန်တွင် ခေတ္တနားကြသည်။ ကျွန်တော် တို့အဖွဲ့ ဧည့်သည်များအား အရက်နှင့်စားသောက်ဖွယ်ရာ စုံစုံလင်လင် ဖြင့် ဧည့်ခံသည်။ ထမင်းချိုးက အတော်စည်းကမ်းရှိပုံရသည်။ သူလည်း အရက်မသောက်၊ သူ့အလုပ်သမားများအားလည်း မသောက်စေရပါ။ ကျွန်တော်တို့အဖွဲ့အား မော်တော်ကားလမ်းဘေး၊ အထွေထွေပစ္စည်းများ ထားသော ယာယီတဲ၌ ဧည့်ခံခြင်းဖြစ်သည်။ အခင်းကတော့ ဒန်းကြော ဖျာကြမ်းများ ခင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသည်နှင့် ဆေးလိပ်ဖွာပြီး ခေတ္တနားကြသည်။ ပြီးသည်နှင့် ထမင်းချိုးကပင် ဦးဆောင်ပြီး လိုအပ်သော ပေအရှည်ကို ရအောင်တိုင်းထွာပြီး ပင်စည်ကြီးကိုဆစ်၍ ခုတ်ပိုင်းသည်။ ကြိုးကြီးများဖြင့် လဲလိုရာဘက်သို့ ထိန်း၍ချသည်။

ညနေစောင်းတော့ ပေ (၃၀၀)ခန့်မြင့်သော ကညင်ပင်ကြီး မြစ်ပျဉ်းငုတ်တိုကြီးသာ ကျန်တော့သည်။ ပင်စည်ငုတ်တိုကြီးအားလည်း ဒီအတိုင်းမထား။ သဘာဝစားပွဲလုပ်ရန် အော်ဒါရှိသည်ဟုဆိုကာ (၆) လက်မခန့်စီ ဆစ်ပိုင်း၍ အောက်သို့ချသည်။ ထိုအချိန်တွင် ပင်စည်ကြီး အမြစ်ပေါ်ရန် အဖွဲ့က ဝိုက်၍ တူးနေကြပြီဖြစ်သည်။ တက်ညီလက်ညီ မနိုမကပ်ဘဲ ကျွမ်းကျင်ကြသူများ ဖြစ်ကြသဖြင့် အလွန်ကြည့်လို့ကောင်း သည်။

အလွန်စိတ်ဝင်စားစွာ ကြည့်ရှုရင်း စားသောက်နေကြသော အဘအောင်တို့အဖွဲ့မှာ ညနေစောင်းမှ လက်ခိုက်ဘုရားကြီး ထီးတော်ပြင်ရန် အစည်းအဝေးလုပ်နေကြသော ရွာသူကြီးကို ကြိုဆိုရန် သတိရသဖြင့် လှည်းကောက်ပြင်ဆင်နေကြစဉ် ဌာနအုပ်ဦးမောင်ကလေး ပါဝင်သော သူကြီးများအဖွဲ့နှင့် ဂေါပကအဖွဲ့ဝင်လူကြီးများ သစ်တောအဖွဲ့နှင့် မြို့နီစီပယ်အဖွဲ့ဝင်များ ကားများဖြင့် အသီးသီးရောက်လာကြသဖြင့် စောင့်ကြိုရသည်။

"ကိုအောင် ... နေကောင်းရဲ့မဟုတ်လား။ တိုက်ပွဲရောဖြစ်သေးသလား"

ဌာနအုပ်ဦးမောင်ကလေးက အဘအောင်အား ရင်းနှီးစွာ နှုတ်ဆက်သည်။ အဘအောင်က ...





"နေကောင်းပါတယ် ဆရာ။ တိုက်ပွဲလည်း မဖြစ်ပါဘူး။ အေးအေးပါတယ်"

ဦးမောင်ကလေးက မျက်နှာချိုစွာဖြင့် နှုတ်ဆက်သော်လည်း ကျွန်တော်အဖေ သူကြီးကတော့ ကျွန်တော်နှင့် အဘအောင်ကို ကျေနပ်ပုံမရ၊ မဲ့ရွဲ့ပြသည်။ ကျွန်တော်တို့ တူဝရီးအကြောင်းကို အဖေက အသိဆုံးဖြစ်သည်။

ကျွန်တော်က မိဘထက် အဘအောင်ကို ပိုခင်မင်တွယ်တာကြောင်း အတွင်းသိ၊ အစင်းသိ။ လူကြီးများလာသည်နှင့် သစ်ခုတ်သမားခေါင်းဆောင်ထမင်းချိုးက ပုဆိန်ကိုချထားခဲ့ပြီး အပြေးလာကြို နှုတ်ဆက်ပါသည်။ လူကြီးများကလည်း ထမင်းချိုးကို ပခုံးဖက်၍ ဝိုင်းဝန်းနှုတ်ဆက်ကြပြီး ချီးမွမ်းကြ၍ ဆုတော်ငွေများ ဝိုင်းဝန်းပေးကြသည်။ ထမင်းချိုးတို့မျက်နှာ အပွင့်လန်းဆုံး အချိန်ဖြစ်ပေသည်။

ထိုအချိန်တွင် သစ်ခွဲလွှသမားကြီးများအဖွဲ့က မြေကျင်းတူး၍ လည်းကောင်း၊ သစ်လုံးကြီးများအား တုတ်ဖြင့်ကော်၍ နေရာရွှေ့ပြီး ပျဉ်ခွဲရန် စီစဉ်နေကြသည်မှာ တက်ညီလက်ညီနိုင်လှသည်။ ထိုအချိန်တွင် အုတ်ဖုတ်သမားနှင့် မုန့်ဟင်းခါးဖိုကလည်း လမ်းဘေးမှ လံထင်းပုံကြီးများကို ဈေးအပြိုင်ပေး၍ ဝယ်ယူနေကြပြီဖြစ်သည်။

လူအင်အားတောင့်ပြီး ပစ္စည်းစုံ ကျွမ်းကျင်ကြသဖြင့် ထမင်းချိုးအတွက် တစ်ရက်ထည်းဖြင့် တွက်ချေကိုက်ပြီဖြစ်သည်။ နောက်ရက်များတွင် လွှဆွဲပြီး လိုအပ်သော သစ်များခွဲရန်နှင့် ကညင်ပင်မြစ်ဆုံကြီးအား အမြစ်မှဖော်ယူရန်သာ ကျန်ရှိပေတော့သည်။ ကညင်ပင်မြစ်ဆုံကြီးက သဘာဝစားပွဲလုပ်ရန် ဖြတ်ပိုင်းများနှင့် အမြစ်ကြီးများက ထင်းများ ထွက်လာပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလူကြီးများနှင့် ဂေါပကအဖွဲ့ဝင် ရွာလူကြီးများလည်း ထမင်းချိုးအား လွန်စွာ သဘောကျကြသဖြင့် ...

''ထမင်းချိုးရေ ... မင်း တော်တယ်ကွာ။ လက်ခိုက်ဘုရားကြီး ထီးတော်ပြင်ဆင်ရင်လည်း မင်းခေါင်းဆောင်ပြီး လုပ်မှဖြစ်မယ်။ နို့မို့ ... ငြိမ်းဖိုးနဲ့ဆင်ခ၊ အလုပ်သမားခက မနည်းကုန်မှာ။ မင်းကိုပဲ အားကိုးတယ်ဟေ့။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပေါ့ကွာ။ ဘုရားကြီး ထီးတော်မှာ ရတနာပေါင်းစုံ၊ အဖိုးတန်တာတွေရှိတော့ မင်းကိုမှ စိတ်ချရမယ်။ ငါတို့လည်း တက်မကြည့်နိုင်၊ အချိန်ပြည့် စောင့်ကြည့်မနေနိုင်တော့ တခြားအဖွဲ့တွေကို ငှားရင် စိတ်မချရဘူးကွ''

''ဟုတ်ကဲ့ပါ ခင်ဗျာ။ စိတ်ချရတဲ့ ကျွန်တော့်အဖွဲ့နဲ့ ကုသိုလ်ရအောင် ဝိုင်းဝန်းကူညီပါ့မယ်။ ဘုရားအတွက်တော့ လုပ်အားခမပေးပါနဲ့။ ကျွန်တော်က ဒီဇာကိစ္စတွေပြတ်တာနဲ့ စတင်ဆောင်ရွက်ပေးပါ့မယ်။ အဲ ... ကျွန်တော်က ဘုရားကြီးပြင်ဆင်ရာမှာ ကျွမ်းကျင်ပညာရှင်မဟုတ်တော့ ညွှန်ကြားပေးမဲ့လူတော့ လိုပါတယ်။ လုပ်တာကတော့ ကျွန်တော်ကိုယ်တိုင် အမြင့်တက်ပြီး အသေအချာလုပ်၊ ကုသိုလ်ယူပါ့မယ်ခင်ဗျား''

''ကုသိုလ်ယူတာလည်း ယူပေါ့။ မောင်ထမင်းချိုးလည်း အသက်စွန့်ပြီး အမြင့်တက်လုပ်ရမှာဆိုတော့ လုပ်အားခတော့ယူမှဖြစ်မယ်။ အခု အစည်းအဝေးက အဲဒါကို ဆုံးဖြတ်တာ။ ဘုရားဖူးအဖွဲ့ထဲမှာ ကျွမ်းကျင်ပညာရှင်တွေပါတယ်။ သူတို့က ညွှန်ကြားလိမ့်မယ်။

အဓိက သိတာကတော့ ထီးတော်ကို ရွှေချပြီး ပြုတ်ကျတဲ့ ခေါင်းလောင်းတွေပြန်တပ်မယ်။ စေတနာရှင်တွေ လှူဒါန်းထားတဲ့ ရတနာ





ပစ္စည်းတွေ နိုင်ခန့်အောင် ပြန်ဆင်မယ်၊ ငှက်ပျောဖူးနဲ့ ကြာမှောက်ကြာလှန်ထိ ရွှေဆေးသုတ်မယ်၊ ခေါင်းလောင်းတော်လည်း သုတ်ရမှာပဲ။ ခေါင်းလောင်းအောက်ခြေက အထက်ပစ္စယံကတော့ အလုပ်သမားတွေနဲ့တင် ရလောက်ပါတယ်။ လုပ်သားတွေပါ ငှားရမှာဆိုတော့ အလုပ်သမားခက မပေးလို့မဖြစ်ဘူး။

ဒီသစ်ပင်ကြီးလှဲတာတောင် တစ်ရက်နဲ့မပြတ်တာ စားဝတ်နေရေးက ရှိသေးတယ်။ အဲဒီတော့ ကိုထမင်းချိုးအတွက် လုပ်အားခ၊ ထိုက်ထိုက်တန်တန် ပေးမယ်။ တစ်လကိုးသီတင်း လုပ်ရမှာ။ ဂေါပကအဖွဲ့က ကိုထမင်းချိုးနဲ့ အလုပ်သမားတွေအတွက် စာရေးသောက်ရေး နေရေးထိုင်ရေးပါ နေ့စဉ် စီစဉ်ပေးမယ်။

''ဟုတ်ကဲ့ပါခင်ဗျား ... သင့်မြတ်လှပါတယ်''

ထိုနေ့က ညနေအတော်စောင်းမှ ထမင်းချိုးနှင့် လက်ခိုက်ဘုရားဂေါပကလူကြီးများ ဩနအုပ်ဦးမောင်ကလေးတို့အားလုံးအား နှုတ်ဆက်ပြီး ကျွန်တော်တို့ တောကြီးတန်းအနောက်ခြမ်း ကျေးရွာအုပ်စုများ လှည်းတပ်ကြီးဖြင့် တပျော်တပါး ပြန်ခဲ့ကြပါသည်။ အပြန်မိုးချုပ်၍ မှောင်မှ ရွာပြန်ရောက်သည်။

ရွာရောက်တော့လည်း အဘအောင်၏ လယ်တလင်းထဲတွင် အရက်ဝိုင်း ဆက်ကြပြန်သည်။ တောရွာလေ့စရိုက်နှင့်အတူ ပျော်ပျော်နေ သေခဲဟူသည့် စကားပုံကို လက်ကိုင်ထားကျင့်သုံးသော အဘထိတ်တုံးအောင်တို့အဖွဲ့ကတော့ နေ့စဉ် အပျော်ရှာ၍ အောင်ပွဲခံနေမည်သာဖြစ်သည်။ လယ်ယာလုပ်ငန်းသည် လွန်စွာ ပင်ပန်းဆင်းရဲလှပါသည်။ အဘအောင်တို့လို အပျော်ရှာတတ်မှသာ တောရွာများတွင် နေပျော်သေပျော်ပေလိမ့်မည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်အကြာတွင် ထမင်းချိုးက လက်ခိုက်ဘုရားကြီးအား ငြမ်းမဆင်ဘဲ တက်ရောက်ပြီး ထီးတော်အား ပြင်ဆင်ခြင်း၊ ရွှေချခြင်း၊ ခေါင်းလောင်းများအား သန့်စင်၍ ပြန်လည်ချိတ်ဆွဲခြင်း၊ စေတနာအလှူရှင်များ၊ လှူဒါန်းပူဇော်ထားသော ရတနာပစ္စည်းများအား ခိုင်ခံ့အောင် ပြင်ဆင်ခြင်းများကို နှစ်ရက်ဖြင့် အပြီးလုပ်ပေးပြီး ထီးတော်အရင်း၊ ငှက်ပျောဖူးမှ ကြာမှောက်ကြာလှန် အထက်ပစ္စယံအထိ ရွှေဆေးသုတ်ပေးခြင်းများကို တစ်ဦးတည်း တစ်ပတ်အတွင်း ပြီးစီးအောင် လုပ်ပေးကြောင်း သိရသည်။ အာဂလူသားဖြစ်သည်။

ရွှေဆေးသုတ်ရာတွင် ရေညှိများကို ခွာခြစ်ပြီးမှ သုတ်နိုင်မည်ဖြစ်ရာ ငြမ်းဆင်၍ တစ်လခန့် လူအင်အားဖြင့် လုပ်ရမည့်အလုပ်ဖြစ်သည်။ အခုတော့ အချိန်ကုန် ငွေကုန်သက်သာအောင် ထမင်းချိုးက သူ၏မြဲမြံလှသော ခြေဖဝါး၊ လက်ဖဝါးများကို အသုံးပြု၍ တစ်ပတ်အတွင်း ပြီးစီးအောင် လုပ်နိုင်ခြင်းဖြစ်သည်။ အောက်အလုပ်သမားများက လူအင်အားများသော်လည်း အောက်ပစ္စယံကို ရွှေဆေးသုတ်ရာ ကြန့်ကြာသဖြင့် ထပ်မံကူညီရသေးကြောင်းလည်း သိရသည်။ ကြားသိရသူ အပေါင်းကလည်း သာဓုခေါ်ကြသည်။

လက်ခိုက်ဘုရားကြီးမှာ ရွှေရောင်၊ တစ်ဝင်းဝင်းဖြင့် သပ္ပာယ်လှသည်။ ကော့မှူး၊ ကွမ်းခြံကုန်းမြို့သွား၊ ကားလမ်းလက်ဝဲဘက်ဘေး၌ တည်ရှိပြီး ဘုရားပရဝုဏ်မှာ အုတ်တံတိုင်းခတ်ထားပြီး မုခ်ဦးဝအား ဗိုလ်တထောင်ဘုရားမှ မြနန်းနွယ်လှူဒါန်းသည်ဟု ကမ္ပည်းထိုးထားသည်။ အုတ်တံတိုင်းဝင်းအတွင်း၏ မျက်နှာစာ၌ ထန်းပင်ကြီးများအား အစီအရီ တန်းစီ၍ စိုက်ပျိုးထားသည်။

စိတ်ကူးသစ်စာပေ



လက်ဝဲဘက်၌ ဘုရားကုန်းတော်ပေါ်သို့ တက်ရောက်ရန် ဆောက်လုပ်ထားသော မုခ်ဦးစောင်းတန်းကြီးမှာ အဆင်သင့် ရှည်လျားလှပစွာ စုလစ်မွန်းချွန်၊ ပန်းဆွဲ မျက်နှာဖုံးများဖြင့် ရှေးလက်ရာ မပျက်ဘဲ တည်ရှိနေသည်။

လက်ခိုက်ဘုရားကြီး ပြင်ဆင်ပြီးတော့ ထမင်းချိုးတစ်ယောက် သူ၏ တကျူခြံရွာ၊ ဘုန်းတော်ကြီးကျောင်းအား ဦးစီးပြီးပြင်ဆင်ဆောက်လုပ်နေကြောင်း ကြားသိရပြန်ပါသည်။ ကျွန်တော်တို့ သာဓုခေါ်မိကြပါသည်။

တောရွာများမှ မြို့သို့အကြောင်းမရှိဘဲ မတက်တတ်သော ကျွန်တော်တို့ရွာသားများ မြို့နှင့် အဆက်အသွယ်ပြတ်နေကြသည်မှာ ကြာချေပြီ။ တစ်လခန့်ကြာမှ ရွာက သူနာပြုဆရာမကလေးနှင့် ဆေးမှူးဦးကျော်စွာတို့အား ကော့မှူးမြို့ပေါ်ရှိ ကျန်းမာရေးဌာနမှ ဆေးဝါးများ ထုတ်ယူရန် ကျွန်တော်နှင့် အဘအောင်တို့ လှည်းဖြင့် လိုက်ပို့တော့မှ ကိုထမင်းချိုး၏သတင်းဆိုးကို ကြားရတော့သည်။ မ,ဆယ်ဆိပ်ရွာ၊ ရွှေနဂါးဘုရားမှ စိန်ဖူးတော်နှင့် ထီးတော်တွင် တင်လှူထားသော အလှူရှင်များ၏ ရတနာပစ္စည်းများ ပျောက်ဆုံးမှုဖြင့် ကိုထမင်းချိုးအား ဖမ်းဆီးထားသော သတင်းဖြစ်သည်။

ကောင်းမှုကုသိုလ်သာ လုပ်တတ်သော ကိုထမင်းချိုးအတွက် အကြောင်းသိ ကျွန်တော်တို့ စိတ်မကောင်းဖြစ်မိကြသည်။

အဘအောင်က ကော့မှူးမြို့ပေါ် ကျန်းမာရေးဌာနရှေ့သို့ ရောက်သည်နှင့် လှည်းနှင့်နွားများအား ဖြုတ်၍ အနားပေးပြီး ဆေးမှူးဦးကျော်စွာအား ခွင့်တောင်းသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ ... ကြာဦးမယ်ဆိုရင် ကျွန်တော်တို့ ဈေးဘက် ခဏသွားပါရစေ။ သူကြီးအိမ်က မှာလိုက်တဲ့ပစ္စည်းလေးတွေ ဝယ်စရာ ကိစ္စ ရှိလို့ပါဆရာ"

"သွားလို့ရပါတယ် ... ကိုအောင်၊ အချိန်တွေ အများကြီး ရှိပါတယ်။ ဒီမှာ ထုတ်ရမဲ့ဆေးတွေက အမည်ပေါင်းစုံတော့ တစ်နေကုန် မှာ ကျွန်တော်တစ်ယောက်တည်း မဖြစ်လို့ ဆရာမကလေးကိုပါ ခေါ် လာခဲ့တာ။ နေ့လယ် ထမင်းစားအမီတော့ ပြန်လာကြဗျာ။ လှည်းကူညီ တဲ့အတွက် ကျွန်တော်က ထမင်းကျွေးချင်လို့ပါ။ ကိုအောင်တို့ သောက် လိုရာလည်း တိုက်ပါ့မယ်"

"ဆရာဦးကျော်စွာ ... ဆရာတို့ပဲ စားကြပါ။ ကျွန်တော်တို့ က ကြုံရာမှာပဲစားပါ့မယ်။ ဈေးမဝယ်မီ ကိုထမင်းချိုး အဖမ်းခံရတယ် ဆိုလို့ ဂါတ်ထဲဝင်၊ သတင်းမေးချင်လို့ပါ။ ကျွန်တော်တို့ အပေါင်းအသင်း ပါ"

"အေးဗျာ ... ကိုအောင်တို့ သဘောပါ။ ကျွန်တော်က သူကြီး လှည်းကိုခေါ်လာပြီး လူတွေကို ထမင်းတောင် မကျွေးဘူးလို့ သူကြီးက အပြစ်တင်မှာ စိုးလို့ပါဗျာ"

"ကိစ္စမရှိပါဘူး ဆရာ၊ အေးအေးဆေးဆေး လုပ်ပါ။ အခု ဟာက ကျွန်တော်တို့ကိစ္စနဲ့ ကျွန်တော်တို့ပါ မိတ်ဆွေအပေါင်းအသင်း ချင်း မသွားမဖြစ်လို့ သွားရမှာပါ"

"ဟုတ်ပါတယ် ... ဆရာ၊ ကိုထမင်းချိုးက လူကောင်းပါ။ ကျွန်တော်တို့ ဂါတ်ထဲဝင် သတင်းမေးရင်း ဌာနအုပ်ဦးမောင်ကလေးကို ရှင်းပြချင်လို့ပါ"





ကျွန်တော်က ဝင်ရှင်းပြရသည်။ မရှင်း၍လည်းမရ။ နေ့လယ်စာ စားချိန်တွင် ဆေးမှူးဦးကျော်စွာအပြင် ဆရာမလေး ဒေါ်အိရွှေစင်တို့ နှင့် အတူစားရမည်ဖြစ်ရာ အစာမစားမီ အရက်သောက်တတ်သော အဘဦးအောင်ကြောင့်ဖြစ်သည်။ အဘသောက်လျှင် ကျွန်တော်ကလည်း ဆိုက်သောက်ရပေဦးမည်။ ဆရာမကလေးကို အားနာလှပါသည်။

ဆေးမှူးဦးကျော်စွာကတော့ ယောကျာ်းချင်းဖြစ်၍ ကိစ္စမရှိ။ သူကလည်း သောက်တတ်လျှင်သော်မှ ဆရာမကလေးရှေ့၌ သောက် ရဲမည်မဟုတ်ပါ။ ကျွန်တော်တို့သာ အရက်သမားလူရမ်းကားကြီးများ ဖြစ် သလိမ့်မည်။ ကျွန်တော် ဆရာမလေး၏ရှေ့တွင် အရက်မသောက်ရဲ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ဆရာမကလေးကို လှူပျိုပီပီ၊ စိတ် ဝင်စားနေသောကြောင့် ဖြစ်သည်ဟု ဝန်ခံရချေမည်။ ဘာပဲဖြစ်ဖြစ် အဘအောင်နှင့် ကိုထမင်းချိုးတို့အား ကြံဖန်ကျေးဇူးတင်နေမိပါသည်။

လှည်းအားထားခဲ့ပြီး ကျွန်တော်နှင့် အဘအောင်တို့ ကော့မှူး မြို့လယ်ဈေးဘက်သို့ သွားကြသည်။ အဘက စားသောက်ဆိုင်ကြီးသို့ ဝင်နှံ့ဝင်သည်။

"ဟာ ... အဘ၊ စောစောစီးစီးဗျာ"

"လူကလေးကလည်း အဘကို အရက်သမားကြီးလို့ ထင်နေ ဘာကိုး။ ထမင်းချိုးကို အချုပ်ထဲသွားတွေ့ရင် လက်ချည်းသွားလို့ ကောင်းမလားကွ။ သူ့ခမျာ အစားဆင်းရဲနေရှာမှာ။ မိတ်ဆွေတွေရဲ့ ထုံးရှားအတိုင်း စားစရာကလေးတော့ ဝယ်သွားဦးမှပေါ့။ နောက်ပြီး ဌာနအုပ်ဦးမောင်ကလေးနဲ့လည်း တွေ့ရဦးမှာ အရက်သောက်သွားလို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ ... ကျွန်တော် မေ့သွားလို့ပါ အဘရာ။ ဘွာ တေးနော်"

အဘက စားသောက်ဆိုင်ကြီးတွင် ခေါက်ဆွဲကြော်၊ အစိမ်း ကြော်၊ ကုန်းဘောင်ကြီးကြော်၊ ယိုးဒယားဟင်းချို စုံအောင်ဝယ်သည်။ ပြီးနောက် ထုပ်ပိုးပြီး ဆွဲလာခဲ့သည်။

ဂိတ်ထဲရောက်တော့ အချုပ်ခန်းစောင့် တပ်ကြပ်ပြီးအားခွင့် တောင်းပြီး ကိုထမင်းချိုးအား ဝင်တွေ့သည်။ ကိုထမင်းချိုးက ကျွန်တော် တို့အား မြင်သည်နှင့် သံတိုင်ဘက်သို့ အပြေးထွက်လာသည်။

"ကိုအောင်တို့ ... လာတယ်နော်၊ ကျေးဇူးတင်လိုက်တာဗျာ။ ဒါနဲ့ ဘယ်က သတင်းကြားလို့လဲ"

"ဆေးမှူးဦးကျော်စွာတို့ကို ရှာဆေးခန်းအတွက် ဆေးဝါးတွေ ထုပ်ဖို့ လိုက်ပို့ရင်း လမ်းမှာနားတော့ ညောင်ပင်သာရွာက ကြားလာ တာ။ အမှုက ဘယ်လိုအခြေအနေရှိသလဲ"

"ဟုတ်မှမဟုတ်ဘဲ ... ကိုအောင်ရယ်။ ခိုးမှုသံသယနဲ့ ဖမ်း တာပေါ့။ လက်သည်က မမိသေးဘူး။ ဝဋ်ပေါ့ဗျာ။ ကျွန်တော်မှာတော့ ကောင်းမှုတွေလုပ်ရင်း ခံရတာပါ။ မြို့ကုန်းက အမိကရကြည်ပင်ကြီး ခုတ်လို့ နိုက်တာလို့လည်း ပြောနေကြတယ်။ ကျွန်တော်မှာ တကူးပြီး ကျောင်း ပြင်ဆင်ရင်း တန်းလန်းနဲ့ဗျာ။ အတော်ဒုက္ခရောက်တယ်"

"ဒါနဲ့ ထမင်းချိုးရေ ... မင်းဟိုတစ်ခါ ငါနဲ့ ဦးမောင်ကလေး ကိုပြခဲ့တဲ့ ငှက်အော်စမ်းက ကျိုးညိုရော မဖြစ်နိုင်ဘူးလား"

"ကျွန်တော်ပြောပါတယ်။ ဌာနအုပ်ဦးမောင်ကလေးတို့ ငှက် အော်စမ်း သွားရှာကြပါသေးတယ်။ ကျိုးညို ပျောက်နေတယ်။ ဒီခေတ် ကြီးက အဆက်အသွယ် အသွားအလာမလွယ်ကူတော့ ကျိုးညိုကို မ





သေးသ၍ အမှုမပေါ်ဘဲ ကျွန်တော်ခံနေရမှာပဲ။ ကညင်ပင်စောင့်ရုက္ခစိုး ကြီးကိုင်တာလည်း ဖြစ်နိုင်တယ် ... ကိုအောင်ရဲ့"

"မဟုတ်တာ ... ထမင်းချိုးရယ်၊ ရုက္ခစိုးကိုင်ချင်မှတော့ အဲဒီ သစ်ပင်ခုတ်တဲ့နေ့ကတည်းက သစ်ပင်ပေါ်က တွန်းချမှာပေါ့။ အခုဟာ က လက်သည်တရားခံ မမိသေးလို့ပါ။ ဘုရားစိန်ဖူးတော်ကိုတောင် ရအောင်ခိုးတယ်ဆိုမှတော့ ထမင်းချိုးမဟုတ်ရင် ငှက်တော်စမ်းက ကျိုး ညိုပဲဖြစ်ရမယ်"

"လုပ်စမ်းပါ ... ကိုအောင်ရာ ဌာနအုပ်ဦးမောင်ကလေး နား ဝင်အောင် ပြောပေးစမ်းပါ။ ကျွန်တော် လုံးဝမဟုတ်ပါဘူး။ ဘုန်းကြီး ကျောင်း ဆောက်လက်စတန်းလန်းကြီးနဲ့ ဒီမှာနေရတာလည်း အချုပ် သားတွေများတော့ အနေကြပ်တယ်ဗျာ။ အစားအသောက်လည်း ဆင်းရဲ တယ်။ အိမ်ကမိန်းမက နေ့တိုင်း ထမင်းပို့မလာနိုင်ဘူး။ ဆရာ ဦးမောင် ကလေးကတော့ တစ်ခါတစ်ခါ ဝယ်ကျွေးပါတယ်"

"အေး ... ဟော့ဒီမှာ ခေါက်ဆွဲကြော်နဲ့ ဟင်းတွေစုံတယ် အစားပေရော့။ တို့လည်း ဦးမောင်ကလေးနဲ့ ဝင်တွေ့ပြီး ရှင်းပြပါ့ မယ်"

"ကျေးဇူးတင်ပါတယ် ... ကိုအောင်ရယ်၊ ကျွန်တော် အချုပ် အလွတ်ရင် တကူးတကလာပြီး ကိုအောင့်ကို ကျေးဇူးဆပ်ပါ့မယ်"

"မင်းရဲ့ သက်စွန့်ဆံဖျားလုပ်စာကို ငါတို့ မစားချင်ပါဘူး ကွာ။ မိတ်ဆွေဝတ္တရားရှိတဲ့အတိုင်း ကူညီတာပါ။ ရော့ ... ဟော့ဒီမှာ လည်း ငွေ (၁၀၀)ကျပ်၊ တစ်ပတ်စာလောက်တော့ ဟင်းဝယ်စားနိုင် မှာပါ။ ငါတို့လည်း ပစ္စည်းဝယ်ဖို့ လာတာမဟုတ်ဘဲ၊ ရှောင်လာလို့



www.burmeseclassic.com

www.burmeseclassic.com



စားဖို့သောက်ဖို့ပဲ ငွေပါလာတယ်။ မင်းလွတ်ရင် လာခဲ့စမ်းပါ။ ငါတို့ရွာမှာ ဆိတ်ဖြစ်စေ၊ ဝက်ဖြစ်စေ ကောင်လုံးပေါ်ပြီး ကျွေးပါ့မယ်။ မင်းပြုံ ကျွေးမွေးစရာ မလိုပါဘူး။ ငါတို့တာဝန် ထားစမ်းပါ''

''ဟုတ်ကဲ့ ... ကိုကြီးအောင်ရယ် ကျေးဇူးပါပဲဗျာ''

ထမင်းချိုးအား နှုတ်ဆက်ပြီး ကျွန်တော်တို့ ဂိတ်ထဲမှ ဌာန အုပ် ဦးမောင်ကလေးအခန်းထဲသို့ ခွင့်တောင်းပြီး ဝင်ခဲ့ကြပါသည်။

''မောနင်း ... ကိုတင်အောင်''

''မောမနင်းတော့ဘူး ဆရာ။ အခုပဲ မွန်းတည့်တော့မယ်''

''ဩော် ... ဟုတ်သလား ကိုအောင်။ ကျွန်တော် အခုလေး တင် အိပ်ရာကထတာ''

လက်မှနာရီကို ငုံ့ကြည့်ပြီး ...

''အလို ... ဟုတ်ပ။ မွန်းတည့် (၁၂)နာရီတောင် ထိုးလုပ် ရော့လား။ ထိုင်ကြပါ''

ကျွန်တော်တို့ ဌာနအုပ် ဦးမောင်ကလေး၏ စားပွဲရှေ့မှ ထိုင်ခုံ အသီးသီးတွင် နေရာယူ၍ ထိုင်လိုက်ကြစဉ် ...

''ကိုအောင်တို့ ဂိတ်ထဲကို သက်သက် အလည်လာတာတော့ မဟုတ်လောက်ပါဘူး။ ဘာကိစ္စများ ရှိကြသလဲ၊ ဘာကူညီရမလဲပြော ပါ။ ပြီးရင် ကျွန်တော်က ဧည့်သည်တွေကို နေ့လယ်စာကျွေးပါ့မယ်''

''ကျွန်တော်တို့လာတာ အလည်လာတာ မဟုတ်ပါဘူး။ ရွာက ကျန်းမာရေးမှူး ဦးကျော်စွာ ကျန်းမာရေးဌာနမှာ ဆေးထုတ်ဖို့ လိုက် ပို့တာပါ။ ဒီရောက်မှ ထမင်းချိုး အဖမ်းခံနေရကြောင်း သိရလို့ စားစ လာပေးရင်း ဌာနအုပ်ကြီးကို ဝင်တွေ့တာပါ''

---

စိတ်ကူးသစ်စာပေ



''အေးဗျာ ... ကျွန်တော်တို့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ သူ့လက်ရာ ခြေရာမျိုးဆိုတော့ ကာယကံရှင်တွေ ကျေနပ်အောင် ဖမ်း ထားရတာပါ''

''ထမင်းချိုးက မဟုတ်တော့ နစ်နာတာပေါ့ဗျာ။ ဆရာ မေ့နေ ပြီ ထင်ပါရဲ့။ ကျွန်တော်တို့ ကျည်ဆန်တွေလာထုတ်တုန်းက လက်ဖက် ရည်ဆိုင်ထိုင်ကြရင်း ထမင်းချိုး ပြခဲ့တာလေ။ ငှက်အော်စမ်းက ကျီးညို ဆိုတာလေ။ ထမင်းချိုးလိုလူမျိုးပဲ မွေးရာပါ အမြင့်တက်တတ်တဲ့ ကောင် လေးဆိုတာလေ''

''အိုးဂေါ့ဒ် ... ကျွန်တော် မေ့နေတယ်။ ဟုတ်တာပေါ့ ... အသားမဲမဲ၊ ပိန်ပိန်ပါးပါး ကောင်ကလေး။ အဲဒီကောင်ကလေးက ဒီ ဗတ်ဝန်းကျင်မှာ မတွေ့တာကြာပြီဗျ။ ကျွန်တော်တို့ကတော့ လက်စ သက်နရှိတဲ့ နီးစပ်ရာလူကို ဖမ်းဆွဲရတာပေါ့။ ဒါမှလည်း အထက်လူကြီး တာ ကျေနပ်မှာလေ''

''ဆရာတို့ဘက်က မှားတာပေါ့။ ထမင်းချိုးဆီက သက်သေခံ ပစ္စည်းတွေ သိမ်းဆည်းမိသလား''

''ဘာတစ်ခုမှ မမိပါဘူး''

''ဒါဆိုရင် ထမင်းချိုးကို လွှတ်ပေးပါ။ ကျုပ် တာဝန်ယူပါ တယ်''

''အဲလိုမရဘူး ... ကိုအောင်။ ပစ္စည်းတွေက ရတနာတွေ။ အနိုးမဖြတ်နိုင်ဘူး။ တရားခံအစစ်မိမှ ထမင်းချိုးကို လွှတ်ပေးလို့ရ မယ်''

''အဲဒါဆိုလည်း ငှက်အော်စမ်းက ကျီးညိုကို ရှာပေါ့ဗျာ။ ခက် တာမှတ်လို့''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် ... အပြောသာ လွယ်တာ၊ ဒီရောင်စုံခေတ်ကြီး ထဲမှာ အဆက်အသွယ်က မကောင်းဘူး။ တယ်လီဖုန်းတွေရှိပေမဲ့ ကျွန်တော်တို့ နယ်မြို့ကနေ ရန်ကုန်ခေါ်ရတာတောင် အချိန်အကြာကြီး လှည့်မှ ရန်ကုန်အိတ်ချိန်းကို ဆက်သွယ်လို့ရတယ်။ ကိုးညိုဘယ်နေရာမှာ ဘယ်မြို့ဘယ်ရွာမှာ ရှိတယ်သေချာရင်တော့ ကျွန်တော်ကိုယ်တိုင် လိုက်ဖမ်းပေးပါ့မယ်"

ထိုစဉ်တွင် ပုလိပ်သားတစ်ဦးက ဌာနအုပ်အခန်းထဲသို့ အလေးပြုရင်း ဝင်လာပါသည်။

"အင်စပက်တာ လက်ခိုက်ဂေါပက ဘုရားလူကြီး ဦးစံရွှေက အရေးကြီးလို့တဲ့ တွေ့ခွင့်တောင်းပါတယ်"

"အေး ... အေး ... ဝင်ခွင့်ပြုလိုက်"

ဘုရားလူကြီး ဦးစံရွှေဝင်လာတော့ ဌာနအုပ်က ...

"ကြွပါ ... ဥက္ကဋ္ဌ၊ ဘာများ အရေးကြီးကိစ္စ ရှိပါသလဲ"

"ကျွန်တော့်ဆီကို အစောကတင် ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်တစ်ဦး လက်ခိုက်ဘုရားကြီးဖူးရင်း တက်လာတယ်။ ဖိုးသူတော်တော့ မဟုတ်လောက်ဘူး။ အတော် ကြည်ညိုစရာကောင်းတယ်။ ဆံပင်ဖြူကြီးကို သျှောင်ပတ်ထားပြီး အဖြူရောင်ဝတ်စုံသန့်သန့်နဲ့။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးကလည်း ဖြူဖွေးနေတာပဲ။ အသားအရေက ဝင်းလို့ အလွန်ကျက်သရေရှိတယ်။ ပုတီးမည်းကြီးကလည်း လည်မှာဆွဲထားတာ ပြောင်လက်နေတာပဲ"

"သူက ဘာပြောသလဲ"

"ဟုတ်ကဲ့ ... ဌာနအုပ်မင်းခင်ဗျား"





"အဲဒီအဘက ကျွန်တော့်ကို 'ဥက္ကဋ္ဌ မောင်စံရွှေလားတဲ့' ကျွန်တော် အတော်အံ့ဩသွားတယ်။ ကျွန်တော့်အသက်က (၆၀)ကျော်ပြီလေ"

အဲဒါနဲ့ ဟုတ်ပါတယ်ခင်ဗျား ထိုင်ပါဦးလို့ နေရာပေးတော့ ...

"မထိုင်တော့ဘူးတဲ့။ အခုပဲ ဌာနအုပ်ကိုသွားပြော။ မဆယ်ဆိပ်ရွာက စိန်ဖူးတော်နဲ့ ရတနာပစ္စည်းတွေခိုးတာ အခုအဖမ်းခံထားရတဲ့ ထမင်းချိုး ခိုးတာမဟုတ်ဘူး။ ငှက်အော်စမ်းက ကိုးညိုခိုးတာ။ လူက ပိန်ပိန်မဲမဲကလေး။ အခု ကြည့်မြင်တိုင်တစ်ဖက်ကမ်းက အေးရွာမှာ ခိုလှုံပြီး ပုန်းအောင်းနေတယ်။ ဌာနအုပ်ကို အမြန်သွားဖမ်းလို့ပြော။ နေရာရွှေ့တော့မယ်လို့ ပြောပြီး ထွက်သွားတယ်"

"ကျွန်တော်လည်း ပစ္စည်းတွေသိမ်းဆည်းပြီး ဂေါပကရုံးခန်း တံခါးပိတ်။ အဲဒီအဘကို ဘုရားတစ်ပတ်လှည့်ရှာတာ မတွေ့တော့ဘူး။ အောက်ဆင်းလာတော့လည်း လက်ခိုက်ဘုရားဆောင်းတန်းအရှည်ကြီးမှာ အရိပ်အယောင်တောင် မမြင်ရတော့ဘူး။ မြန်လိုက်တဲ့အဘ"

"ကဲ ... အဲဒါဆို ကျွန်တော် ရန်ကုန်ကို ဖုန်းခေါ်ကြည့်မယ်။ ထမင်းချိုးကံပေါ့။ ဖုန်းခေါ်မရရင်တော့ ရန်ကုန်ကိုလိုက်ရတော့မယ်။ ကျွန်တော်တို့လူစုတာနဲ့ ကားစီးရတာနဲ့ တရားခံကို မိမယ်မထင်ဘူး"

"ကဲ ... ဂွတ်လပ် ထမင်းချိုး"

ဌာနအုပ် ဦးမောင်ကလေးက သူ့စားပွဲပေါ်မှ တယ်လီဖုန်းအိုကြီး၏ လှည့်တံကို ကိုင်ပြီး တဒီးဒီးလှည့်တော့သည်။ ကံကောင်းစွာဖြင့် တစ်ဖက်အော်ပရေတာမှ ပြန်ထူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . . ရန်ကုန်အိတ်ချိန်းကလား၊ ကော့မှူးဂါတ်တဲကပါ။ ကြည့်မြင်တိုင်ဂါတ်ကို အရေးပေါ် ဆက်သွယ်ချင်လို့ပါ"

တစ်ဖက်က ပြန်ပြောသည်နှင့် ဦးမောင်ကလေး ဖုန်းကိုင်၍ စောင့်သည်။ မကြာပါ အဆက်အသွယ်ရသဖြင့် . . .

"ကြည့်မြင်တိုင် ဂါတ်ကပါလားခင်ဗျား။ ကော့မှူးမြို့ဂါတ်တဲက ဌာနအုပ်ဦးမောင်ကလေး စကားပြောနေပါတယ်"

"ဟုတ်ကဲ့ . . . မဆယ်ဆိပ်ရွာက ရွှေနဂါးဘုရားထီးတော်က ရတနာတွေကို တက်ခိုးသွားတဲ့ တရားခံဟာ ငှက်အော်စမ်းက ကျီးညို ပါ။ သူ အခု ကြည့်မြင်တိုင် တစ်ဖက်ကမ်းအေးရွာမှ ပုန်းခိုနေပါတယ်။ နေရာရှေ့တော့မှာမို့ အခုချက်ချင်း ဖမ်းပေးပါ။ လူပုံစံက အသားမဲမဲ ပိန်ပိန်သေးသေး၊ ဗလံကလေးပါ။ ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ကျွန်တော်တို့ စောင့်နေပါ့မယ်။ ကျေးဇူးတင်ပါတယ်"

ဦးမောင်ကလေးက ဖုန်းလက်ကိုင်အား ပုခက်ပေါ်သို့ ပြန်ချ ပြီး . . .

"ဝမ်းသာတယ်ဗျို့။ ဖုန်းက ဒီကနေ့ ချက်ချင်းဆက်လို့ရတယ်။ ထမင်းချိုး ကံကောင်းမှာပါ။ တရားခံမိတာနဲ့ ချက်ချင်းလွှတ်ပါ့မယ်"

"အခု လွှတ်လို့မရသေးဘူးလား။ ဌာနအုပ်ကြီးရဲ့ တရားခံက ပေါ်နေပြီပဲ"

"ခဏကလေး သည်းခံပါ . . . ကိုအောင်၊ ရဲလုပ်ငန်းစဉ်အရ တရားခံမိ၊ ပစ္စည်းမိပြီး သေချာမှ မသက်ဆိုင်သူကို လွှတ်လို့ရပါတယ်။ ကဲ . . . အခုတော့ တစ်နာရီလောက်စောင့်ရင်း နေ့လယ်စာ စားလိုက် ကြရအောင်။ ကျွန်တော် အားလုံးကို ထမင်းကျွေးပါ့မယ်"





ကျွန်တော်တို့ ဈေးရှေ့ကဆိုင်ကြီးတွင် နေ့လယ်စာ စားနေကြ စဉ် (၄၅) မိနစ်ခန့်ကြာတော့ ပုလိပ်သားတစ်ဦး ဦးမောင်ကလေးအား လာခေါ်သည်။

"ဆရာ . . . တရားခံကို ရွှေထည်ပစ္စည်းတွေနဲ့အတူ အေးရွာ ငှက်ဆိပ်မှာမိသတဲ့။ အဲဒါ ကြည့်မြင်တိုင်ဂါတ်က ဖုန်းလာတယ်။ ဆရာ အမြန်လိုက်လာပါတဲ့"

"အေး . . . အေး . . . အော် . . . မေ့တော့မလို့ အချုပ်ခန်း ထဲက ခိုးမှုမသက်ဆိုင်ဘဲ ဖမ်းထားတဲ့ ထမင်းချိုးကို အမြန်လွှတ်လိုက်ပြီး ဒီဆိုင်ကို လာပို့လိုက်။ အဲ . . . နောက်တစ်ခုက ငါ ရန်ကုန်ကို ချက်ချင်း သွားရမယ်။ ရဲသား (၄) ဦး လက်နက်အပြည့်အစုံ ချောကားတစ်စီး ဆွဲထားဖို့ ဂါတ်စာရေးကြီးကို ပြောလိုက်။ ငါ အခုချက်ချင်း လာခဲ့မယ် လို့"

"ဟုတ် . . ."

မင်္ဂလာရှိသော မြင်ကွင်း၊ မင်္ဂလာရှိသော သတင်းပါပင်။ ကျွန် တော်တို့အားလုံး ဝမ်းသာနေကြပါသည်။

မကြာပါ (၁၅)မိနစ်ခန့်ဘဲ ကြာမည်ဟု ထင်ပါသည်။ ဂါတ်စာ ရေးကြီးကိုယ်တိုင် ထမင်းချိုးအား လာပို့သည်။

"ဆရာ . . . အားလုံး အဆင်သင့်ပဲ"

"ကဲ . . . ကိုထမင်းချိုးရေ ဆောရီးပျာ . . .။ လက်စလက်န မှိတော့ ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ကဲ . . . စားချင်ရာစား၊ သောက်ချင် ရာသောက်ပါ"

"ကဲ . . . ဆိုင်ရှင်ရေ ဒီဝိုင်း ငါရှင်းမယ်။ သူတို့စားချင်ရာ စား၊ သောက်ချင်ရာ သောက်ပါစေ၊ ကျသင့်သလောက် ပန်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းမှတ်ထား။ အခုတော့ ရန်ကုန်ကို အရေးပေါ်ကိစ္စရှိလို့ သွားလိုက်ဦးမယ်''

''ဟုတ်ကဲ့ပါ ဆရာ''

ပြောပြောဆိုဆိုပင် ဆိုင်ရှေ့ထိုးဆိုက်လာသော ရဲများစီးလာသည့် ဂျစ်ကားပေါ်သို့ ဌာနအုပ်ဦးမောင်ကလေးမှာ အလျင်အမြန်တက်လိုက်သွားတော့သည်။

ထိုအချိန်တွင်မှ အဘဦးအောင်က ...

''စားချင်ရာစား၊ သောက်ချင်ရာသောက်တဲ့ ... ထမင်းချိုးရေသဘောရှိပဲ။ ပုလိပ်ဆီက စွန့်ကြဲတာ စားရခဲ့တယ်။ တစ်ဝတွယ်စမ်းကွာ။ ဒါကိုလည်း အကောင်းမထင်နဲ့။ မင်းကို သွားဖမ်းမိလို့ မတိုင်တောအောင် နှုတ်ပိတ်တာ၊ တော်ပါသေးရဲ့။ ဒီနေ့ ငါတို့လာတာ မင်းအတွက် ကံကောင်းတာပဲ''

ထိုအချိန်တွင် မသောက်မစားဘဲ တစ်ချိန်လုံး ရေငုံနှုတ်ပိတ်နေသော ဂေါပကဥက္ကဋ္ဌက ...

''ဝမ်းသာလိုက်တာ ... ကိုထမင်းချိုးရယ်၊ ခင်ဗျားက အဓိကရကညင်ပင်ကြီးကို ခုတ်လို့ ကညင်ပင်စောင့်ရုက္ခစိုးက သတိပေးဒဏ်ခတ်တာ။ ဘုရားထီးတော်ပြုပြင် ကျောင်းဆောက်လှူဒါန်းတော့ လက်ခိုက်ဘုရားအစောင့် သူတော်စင်ကြီးက မနေနိုင်ဘဲ ဝင်ကယ်ရတာ။ ကိုထမင်းချိုး ကံကောင်းပါတယ်''

''ကဲ ... ကိုထမင်းချိုးရေ စိတ်ရှိလက်ရှိ သောက်စမ်း၊ စားရမ်းကွာ ... မင်းအိမ်ကို မင်းလွတ်ပြီဖြစ်ကြောင်း လူကြုံနဲ့မှာလိုက်ကဲ ...

တစ်ညလုံးပျော်ရအောင် မနက်က ငါပြောခဲ့သလို ငါတို့ရွာကို ကြွရအော...

...်ကောင်လုံး ပေါ်ကျွေးမယ်။





မင်းလွတ်မြောက်တဲ့ကိစ္စမှာ လက်ခိုက်ဘုရားအစောင့် သူတော်စင်ကြီးအပြင် ငါနဲ့ ဘုရားဂေါပကဥက္ကဋ္ဌတို့ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်တယ်ဆိုတာ မှတ်ထားလိုက်။ 'ထိတ်တုံးအောင်' တဲ့ကွ။ တစ်အောင်တည်းရှိတယ်။ ထိတ်တုံးအောင် ... ထိတ်တုံးအောင် ... မူးသူတွေမြိုင်ကာကမယ် ... ကသူတွေ မြိုင်ကာမူးမယ် ... ထိတ်တုံးအောင် ထိတ်တုံးအောင်မူးလာပြီး ဝမ်းသာလွန်းသဖြင့် အဘအောင်မှာ ကိုကြီးကျော်သီချင်းအား ဖျက်၍ ထိတ်တုံးအောင်အစားထိုးကာ ကွေးနေအောင် ကတော့သည်။

အချုပ်က ပူပူနွေးနွေးလွတ်လာသော ထမင်းချိုးကလည်း ထိတ်တုံးအောင်သီချင်းအား လိုက်၍ဆိုရင်း လက်ခုပ်တီးပေးတော့ ကျွန်တော်နှင့် ဂေါပကလူကြီးပါ မနေသာတော့။ ပျော်လွန်းသဖြင့် သီချင်းဆိုရင်း လက်ခုပ်ဝိုင်းတီးပေးတော့သည်။ ဘယ်အချိန်အထိ စားသောက်၊ ပျော်ရွှင်နေမိသည်မသိ။ ဆေးမှူးဦးကျော်စွာလာခေါ်တော့ ညနေစောင်းနေချေပြီ။

''ကိုအောင်တို့ သွားကြစို့''

ကျွန်တော် ထိုအချိန်ကျမှ ဆရာမလေးအိမ်ရှေ့စင်ကို သတိရပြီး အားနာမိတော့သည်။ သို့သော် အဘအောင်က အပြန်လှည်းပေါ်တွင် ဆေးမှူးဦးကျော်စွာနှင့် ဆရာမလေးအား ထမင်းချိုးအကြောင်း အတ်စုံခင်းပြရာ ဆရာဦးကျော်စွာနှင့် ဆရာမလေးတို့က ချီးမြှင့်သည့်အနေဖြင့် ကိုထမင်းချိုးအား မုန့်ဖိုးများ ဝိုင်းပေးကြသည်။

အပြန်လမ်းခရီးက အလွန်သာယာသည်။ သကြန်ကျခါနီးကြီးဖြစ်၍ လမ်းဘေးရွာစဉ်တစ်လျှောက် ငုပန်းများက ဝါထိန်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ဖူးများကတော့ မပွင့်တတ်သေး။ မိုးကိုမျှော်နေကြသည့် ကောင်းကင်ပေါ်၌ တိမ်ဖြူများက အဆုပ်လိုက် ရွေ့လျားနေကြသည်။

ကျွန်တော်နှင့် ကိုထမင်းချိုးတို့က လှည်းနောက်မြီးတွယ်စီးရင်း ကျွန်တော်၏ အဖွဲ့တွင်စိတ်သဏ္ဌာန်မှာ ထိပ်တိုက်တွေ့လို့ ပျော်ပါးစွာ ရွေ့လျားရင်း အရက်ရှိန်ကြောင့် လေဟုန်စီးနေမိသည်။ ကျွန်တော်၏ အသည်းနှလုံးမှာ ပိတောက်ဖူးတွေလိုင်ုံနေရာမှ ဆရာမကလေး၏ သကြန်မိုးရွာအချက်ကို ငံ့လင့်နေမိပါတော့သတည်း။

✿ ✿ ✿

အခန်း [၄]

❏

ရွာအပြန်တွင် အဦးအောင်က လှည်းမောင်းရင်း ကျန်းမာရေးမှူး ဦးကျော်စွာနှင့် ဆရာမလေး ရွှေစင်အိတို့အား ကျွန်တော်တို့ တောရွာများအကြောင်း၊ လူပေလူရွတ်များ ဖြစ်ကြသော်လည်း အမျိုးကို ချစ်တတ်၍ ဘာသာတရားကို လေးစားကြကြောင်း၊ ကြီးသူကို ရိုသေလေးစားကြကြောင်း၊ အရက်သောက်ထားသဖြင့် လှည်းမောင်းရင်း အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ရှင်းပြနေသည်။

ကိုထမင်းချိုးက လှည်းနောက်မြီးတွင် ခြေတွဲလောင်းချစီးရင်း အိပ်ငိုက်လာသည်။ ကျွန်တော်ကတော့ အရက်သောက်ထားသဖြင့် စကားလည်း ဟာဟာမပြောရဲသဖြင့် ငြိမ်ကုပ်လိုက်လာရင်း ဆရာမလေး ရွှေစင်အိနှင့် စတင်တွေ့ဆုံစအချိန်ကို ပြန်လည်မြင်ယောင်ရင်း အတွေးပွားလာခဲ့မိပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်တို့ လယ်သမားများ စပါးဒိုင်သို့ စပါးများပေးသွင်းရန်အချိန်ဖြစ်သည်။ တလင်းထဲ၌ ရိတ်သိမ်းခြွေလှေ့ပြီးသော ရွှေဝါရောင် စပါးပုံကြီးက ဟီးထနေသည်။ ယခုနှစ် စပါးအထွက်လည်းကောင်းသည်။ ယခင်က စပါးစိုက်သည်မှာ ယခုလို ဓာတ်မြေဩဇာ ပိုးသတ်ဆေး အမျိုးမျိုး မပေါ်သေးပါ။ နောက်ချေး (နွားချေး) မြေဩဇာနှင့် သစ်ရွက်ဆွေး မြေဩဇာလောက်သာ ထည့်နိုင်ကြသည်။

လယ်မြေကို တမန်းညက်အောင်ထွန်နိုင်လေ၊ အထွက်တိုးလေပင်ဖြစ်သည်။ စပါးအမျိုးအစားကလည်း ငစိန်အုပ်စု၊ ငကြွဲအုပ်စု၊ မီးဒုံးအုပ်စုတို့လောက်သာရှိသည်။ ငစိန်က ဆန်ကြမ်း၊ ဆင်းရဲသားနှင့် လယ်သမားစားသည်။ မီးဒုံးက အလယ်အလတ်တန်းစား၊ ငကြွဲကတော့ လူချမ်းသာများ စားကြသည်။

ငကြွဲက ဈေးကောင်းသော်လည်း ကျွန်တော်တို့ လယ်သမား အလုပ်ကြမ်းသမားများ ပါးစပ်နှင့်မတွေ့။ စားလိုက်လျှင် ချောခနဲဝင်သွားပြီး အစာကြေခဲသည်။ ငစိန်က အေးလျှင် မာသော်လည်း ပူပူနွေးနွေးစားလျှင် ဆိမ့်ပြီး အလွန်အရသာရှိသည်။ ဝါးလိုက်လျှင် ဖောက်





ဖောက်နှင့် ပြောင်းဆန်စားရသလို ဝါးကောင်းသည်။ အာဟာရလည်း ပိုဖြစ်သည်ဟု ထင်ပါသည်။

လယ်များပိုးကျလျှင် ပိုးသတ်ဆေးအစား၊ သစ်ရွက်ခြောက်မီးရှို့ထားသောပြာများကို ဖြူးကြသည်။ တကယ့်သဘာဝအတိုင်း စိုက်ပျိုးထားသော လယ်ယာစပါးများဖြစ်သဖြင့် သဘာဝအဆီအနှစ်ကြောင့် ဆန်ကြမ်းဖြစ်သော်လည်း အရသာအလွန်ရှိပြီး အာဟာရဖြစ်စေပါသည်။

လယ်ကေတစ်ရာကျော်က စပါးပုံကြီး (၃)ပုံက တလင်းထဲ၌ ဟီးထနေပါသည်။ ယနေ့ ကျွန်တော်တို့ စပါးများအား အဝယ်ဒိုင်သို့ ပေးသွင်းရမည့်နေ့ဖြစ်သည်။

"သံချောင်းရေ ... သံချောင်း ..."

ကျွန်တော် အဘအောင် တပည့်အား ခေါ်လိုက်သည်။

"ဗျာ ... အစ်ကိုလေး"

"စပါးတိုက်ဖို့ လှည်းတွေမှာထားတာ ဘယ်နစီးရသလဲ"

"အဆင်ပြေပါတယ် ... အစ်ကိုလေး။ အဘအောင်က လှည်း (၃)စီး၊ ကိုလေးကျော်က လှည်း (၂)စီး၊ ဦးပြားကြီးက လှည်း (၂)စီး၊ ကျွန်တော်တို့က လှည်း (၃) စီးဆိုတော့ အားလုံးပေါင်း လှည်း (၁၀)စီး စပါးက တင်း (၂၅၀) ပဲ။ အဝယ်ဒိုင်သွင်းရမှာဆိုတော့ လှည်း(၁၀)စီးဆိုရင် လုံလောက်ပါတယ်"

"ကျန်တာတွေကရော"

"ကျန်တာတွေက အဘအောင်အစီအမံနဲ့ ဆန်ကြိတ်ပြီး မြို့ဘက်ရောင်းမှာ။ အဲဒါကမှ ပိုက်ဆံပိုရတာ ... အစ်ကိုလေးရ"

"ဘာစပါးတွေတုံး"



www.burmeseclassic.com

www.burmeseclassic.com



"အဝယ်ဒိုင်သွင်းမှာက ငစိန်အုပ်စု၊ ကြိတ်ခွဲပြီး မြို့တက်ရောင်းမှာက မီးဒုံးနဲ့ ငကျွဲအုပ်စု"

"ဒါနဲ့ အဘအောင်ကရော ..."

"ဟိုးကောက်ရိုးပုံအနောက်မှာ သူ့နွားတွေ အစာကျွေး၊ ရေတိုက်ပြီး လှည်းကောက်ဖို့ ပြင်ဆင်နေလေရဲ့။ အစ်ကိုလေး အိပ်ရာထနောက်ကျလို့ ထမင်းစားပွဲပေါ်မှာ အဆာပြေစားဖို့ ထမင်းကြမ်းနဲ့ ညကဟင်းကျန်တွေ အဆင်သင့်ပဲ"

"အေး ... အေး ..."

ကျွန်တော်က ကော့မှူးမြို့ပေါ် အထက်တန်းကျောင်းတက်၍ နှစ်၊ နှစ်သုံးနှစ် နေခဲ့ရသော်လည်း မနက်စာ အဆာပြေစားရာတွင် မုန့်ဟင်းခါး၊ နံပြားနှင့် လက်ဖက်ရည်တို့လောက်ဖြင့် အာသာမပြေ၊ မနက်စာ အဆာပြေကို ထမင်းကြမ်းနှင့် ညကဟင်းကျန်ဖြင့် အားပါးတရစားရမှ အဆင်ပြေသည်။ တောသားဖြစ်၍လည်း ထမင်းကြီး (၃)ထပ် စားသည်ဟု ဆိုရပေမည်။ သို့မှသာ နေ့လယ်၊ ထမင်းကြီးစားချိန်အထိ အဆာခံနိုင်ပေမည်။

ယနေ့ အလုပ်က နိုင်ငံတော်က အစဉ်အဆက် သတ်မှတ်ထားသော တာဝန်ကျေစပါးများကို ဝါးဘလောက်သောက်ရွာ စပါးအဝယ်ဒိုင်သို့ သွားရောက်သွင်းရန်ဖြစ်သည်။ ထိုအချိန်က လယ်သမားများသည် ယခုခေတ်ကဲ့သို့ လွတ်လပ်စွာ စိုက်ပျိုးလုပ်ကိုင်ရောင်းချနိုင်ခြင်း မရှိပါ။ နိုင်ငံတော်မှလည်း ဆန်စပါးအား ပြည်ပပို့၍ ရောင်းခြင်းဖြင့် နိုင်ငံခြားဝင်ငွေကို အဓိကထားရှာနေရသော အချိန်ဖြစ်သည်။

လယ်သမားများသည် မိမိတို့လုပ်ကိုင်ကြသည့် စပါးစိုက်ကေအလိုက် တစ်ဧကလျှင် စပါး (၁၈) တင်းနှုန်းဖြင့် နိုင်ငံတော်မှ ချမှတ်





ထားသည့် ဈေးဖြင့် တာဝန်ကျေ ပေးသွင်းရခြင်းဖြစ်သည်။ ပေးသွင်းရသော စပါးများကို သတ်မှတ်ထားသော နီးစပ်ရာ စပါးအဝယ်ဒိုင်များတွင် သွားရောက်ရောင်းချရခြင်းဖြစ်သည်။

ကျွန်တော်တို့ရွာအုပ်စုက ဝါးဘလောက်သောက်ရွာ စပါးအဝယ်ဒိုင်သို့ သွားရောက်ပေးသွင်းရသည်။ စပါးပေါ်ချိန်ဖြစ်သဖြင့် တစ်နယ်လုံး လာရောက်ရောင်းချရရာ စပါးလှည်းများဖြင့် အလွန်စည်ကားလှပါသည်။ တစ်ခါတစ်ရံ စပါးအဝယ်ဒိုင်၌ ခြင်တွယ်ခြင်းကို အလှည့်ကျစောင့်ဆိုင်းနေရရာ နှစ်ရက်သုံးရက်ခန့် ကြာတတ်သည်။

လယ်သမားများ ငွေရှင်ချိန်ဖြစ်သဖြင့် စပါးအဝယ်ဒိုင်အနီး၌ အသောက်ဆိုင်များ၊ ကြက်ပွဲနှင့် လောင်းကစားပွဲများကလည်း ပေါ်များလှသည်။ တောရွာသားများဖြစ်ကြသဖြင့် လက်ထဲငွေရသည်နှင့် ဝင်နွှဲကြသည် များပါသည်။

ထို့ကြောင့်လည်း စပါးပေးသွင်းပြီးသည်နှင့် လက်ဗလာပြန်ကြသည်က ဒုနှင့်ဒေး။ တစ်နှစ်လုံး လုပ်ကိုင်ထားသမျှ ကုန်တော့သည်။ အိမ်စာစပါးကလေး ချန်ထားမှသာ ဆန်နှင့်လယ်ထွက် အသီးအနှံကလေးများဖြင့် တစ်မိုးစာ စားသောက်နိုင်ပေလိမ့်မည်။ ဝမ်းစာ စပါး မချန်လျှင်တော့ လောင်းကစားကြောင့် မိသားစုတစ်စုလုံး ဒုက္ခရောက်ကြပေလိမ့်မည်။

အဘဦးအောင်ကတော့ အလွန်လည်သည်။ သတ်မှတ်စပါး အထက်ပို၍ စိုက်ထားသည်။ ကျွန်တော့်ဖခင် သူကြီးပင်မသိ။ စပါး သွင်းတော့လည်း အပိုကလေး ဆောင်းသွင်းတတ်သည်။ ထိုငွေပိုဖြင့် [illegible]သည်၊ ဖြုန်းသည်၊ မူရင်းတာဝန်ကျေ စပါးသွင်းရသည့်ငွေကို



www.burmeseclassic.com

www.burmeseclassic.com



မထိခိုက်စေရ။ ကုန်ကျစရိတ်များကိုတော့ အပ်နှံငွေထဲကနုတ်ပြီးမှ အစ်ခြင်းဖြစ်သည်။ ပင်ပန်းသဖြင့် အဖေတို့ကလည်း ခွင့်ပြုသည်။

အဘကလည်း တရားလက်လွှတ်တော့မလုပ်၊ အပျော်တမ်းသာ လုပ်ခြင်းဖြစ်သည်။ သို့သော် အဘက လောင်းကစားဝါသနာပါသလို ကျွမ်းလည်းကျွမ်းကျင်သည်။ ပါးနပ်လိမ္မာသဖြင့် ရှုံးပွဲမရှိသလောက်ရှားသည်။ နိုင်လျှင်လည်း လောဘမတက်၊ တပည့်တပန်းများဖြင့် သုံးဖြုန်းရလောက်သည်နှင့် အနိုင်ဖြင့်ပိုင်းသည်။

ထိုအချိန်က စပါးသွားရောင်းလျှင် လှည်းနှင့်နွားကို အသုံးပြုကြသည်က များသည်။ ရေကြောင်းခရီးရှိသော်လည်း နှစ်ခွဒီဆိုင်တွင် မကြာခဏ စပါးသမ္ဗန်များနစ်မြုပ်ကြသဖြင့် ကုန်းလမ်းခရီး၊ လှည်းကိုသာ အသုံးပြုသွားကြသည်။ ယခုလည်း ကျွန်တော်တို့ လုပ်ကိုင်သည့် လယ်ထွက်စပါးများအား တာဝန်ကျေပေးသွင်းရန် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ တာဝန်ကျေစပါးသွင်းပြီးပါမှ ဆန်ကြိတ်ခွဲခွင့် သိုလှောင်ခွင့်ရပေမည်။

ကျွန်တော် မနက်စာ အဆာပြေစားပြီးသောအချိန် ရေနွေးကြမ်းသောက်နေခိုက် မှာထားသောလှည်းများ ရောက်လာကြသည်။ အဘအောင်ကိုယ်တိုင်လည်း လှည်း (၃) စီးဖြင့် ရောက်လာသဖြင့် လှည်းထိုးသည်နှင့် အသင့်စောင့်နေကြသော စပါးသယ်အလုပ်သမားများက လှည်းအသီးသီးပေါ်သို့ စပါးတောင်းများ ထမ်းတင်ကြသည်။ အဘအောင်နှင့်အဖွဲ့က တာလီမှတ်သည်။ ရိုင်ပတ်ကာထားသော စပါးလှည်းများကပုံစံတူ အရွယ်တူ မှတ်ရလွယ်ကူသည်။

နာရီဝက်ခန့်ဖြင့် စပါးတင်လှည်းများ ရိုင်ပတ်ပြည့်သည်။ တစ်စီး(၂၅)တင်း။ ပြီးတော့ အဘက ကိုယ်တိုင် စတုတ်တိုက်သည်။ အခြင်း





အတွယ်မှန်ကန်ရန်နှင့် လမ်းခရီးလှည်းအဆောင့်၌ ဖိတ်စင်မကုန်စေရန်ဖြစ်သည်။ လှည်းတစ်စီး၊ လှည်းမောင်းသမားတစ်ဦး အဘအောင်မောင်းသည့် လှည်းတွင်တော့ ကျွန်တော်နှင့် အဘအောင်က လှည်းမောင်းသမား နေရာတွင် ပူးပူးကပ်ကပ်ထိုင်ကြသည်။

လှည်း (၁၀)စီး၊ စထွက်လာတော့ အဘအောင်မောင်းသောကျွန်တော်တို့လှည်းက ရှေ့ဆုံးကဦးဆောင်လျက် လှည်းတန်းကြီးက ရှည်လျားသည်။ မနက်ခင်းဖြစ်သော်လည်း ဖုန်ကတထောင်းထောင်း။ ရှေ့ဆုံးက လှည်းဖြစ်၍သာ တော်တော့သည်။ ဖုန်ထသောသော တောထဲမှ တွံတေးသိန်းတန်၏ သီချင်းများကို ဟစ်သူက ဟစ်နေသေးသည်။ တောရွာသဘာဝ အပျော်ဆိုသည်မှာ ငွေကုန်မခံနိုင်ဘဲ လူများများရှိသည်နှင့် အပျော်ရှာကြခြင်းပင်။

ကျွန်တော်တို့ မင်းတုန်းရွာနှင့် ဝါးဘလောက်သောက်ရွာကြီးက (၃) မိုင်ခန့် လှမ်းသည်။ နွေဦးပေါက်ရာသီဖြစ်၍ လှည်းများသွားထားသဖြင့် လမ်းက ဖုန်ထနေသည်။ လယ်ကွင်းများထဲ ဖြတ်ဖောက်လုပ်ထားသော ယာယီလမ်းဖြစ်သဖြင့် ရိတ်သိမ်းပြီးစ ရိုးပြတ်နံ့က မွှေးကြိုင်သင်းပျံ့နေသည်။

တစ်ခါက ရိုးပြတ်ရနံ့ကို ကြိုက်နှစ်သက်သော ကျွန်တော်အား အဘအောင်က လုပ်ကြဲဖူးသည်။ ကျွန်တော် ခံလိုက်ရခြင်းကို မှတ်မိနေပါသေးသည်။

"လူကလေး . . . မင်း ဘီယာသောက်ချင်သလား၊ တို့ဗမာလို [illegible] ဖျစ်ရေပေါ့ကွာ"

"သောက်ချင်တာပေါ့ . . . အဘရဲ့၊ ဘီယာကဈေးကြီးတော့ ဘယ်သောက်နိုင်ဘူး။ ဘီယာမူးပြီး စည်းစိမ်ခံရတာ အလွန်နေ့ပျော်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကောင်းတယ်။ အရက်ပြင်းသောက်ရင်လည်း ကျွန်တော်က နိုင်ငံခြား စကော့တလန်ကလာတဲ့ အရက်ကောင်းမှ သောက်ချင်တာ''

''ဟေ ... အေး ... စကော့တလန်က အရက်တွေတော့ မတတ်နိုင်ဘူးမောင်။ ရမ်အရက်အနီရောင်နဲ့ ဗျစ်ရည်။ အဲ ... ဘီယာ တော့ လူကလေးကို အဝတိုက်ပါ့မယ်။ တစ်ပတ်လောက်စောင့်။ အဘ အကြွေးရစရာရှိတယ်''

''ဘယ်မြို့ကဆိုင်မှာ တိုက်မှာလဲဟင် ... အဘ''

''မင်းကလည်း သောက်ရပြီးရောပေါ့။ အရက်သောက်တာကို မြို့သွားသောက်စရာ လိုသလား''

''ဟုတ်ရဲ့လား ... အဘရယ်''

''ဟုတ်ဟုတ်တောင် မြည်နေသေး။ ငါ့တပည့် ကျီးကန်းတို့ ဥာဏ်ကျယ်နဲ့ ခွေးပုတို့ကိုတော့ မပြောနဲ့။ ဘီယာက အဖိုးတန်တယ်။ ငါ့ရဲ့ တူချစ်ကလေးကိုပဲ တိုက်မှာ''

''ကျေးဇူးကြီးလှပါတယ် ... အဘရယ်။ ကျွန်တော်တက္ကသိုလ် က ဘွဲ့ရပြီး အရာရှိကြီးဖြစ်ရင် အဘကို ကောင်းပေ့ဆိုတဲ့ အရက်တွေ ကို တစ်ဝကြီး ဝယ်တိုက်ပါ့မယ်''

''တော်ပါတန်ပါ ... လူကလေးရယ်၊ မင်းဆီက အရက် ကောင်းသောက်ဖို့ (၁၀) နှစ် (၁၀) မိုးလောက် စောင့်ရဦးမယ်။ အခု အဘက မင်းကို ဘီယာအဝတိုက်မှာက တစ်ပတ်ပဲ စောင့်ရမှာ''

''စောင့်မယ် အဘ။ အမြည်းကလေးလည်း ကောင်းကောင်း လုပ်နော်။ ကြက်သား ကာလသားချက်ထက်တော့ မညံ့စေနဲ့''

''ကောင်းပါပြီဗျာ''





တစ်ပတ်ခန့်ကြာသော ညနေခင်း၌ အဘအောင်က ကျွန်တော့် အား အကြောင်းကြားသည်။ ကျွန်တော်က ရွာလယ် ဖခင်သူကြီးအိမ် တွင်တစ်လှည့် အဘအောင်၏ လယ်တဲအိမ်ကြီးတွင် တစ်လှည့် လှည့် ပတ်နေထိုင်ခြင်းဖြစ်သည်။ ကျွန်တော် အဘအောင်၏ လယ်တဲသို့ရောက် တော့ လယ်တဲ၌ လူစုံနေပြီ။ ကိုကျီးကန်းတောင်၊ ကိုဉာဏ်ကျယ်နှင့် ကိုခွေးပုတို့အပြင် တံကျူခြံရွာမှ ကိုထမင်းချိုးပင် အလည်ရောက်နေသေး သည်။

''ကဲ ... လာဟေ့ ... တူချစ်ကလေး၊ ငါတို့ဝိုင်းစတော့မလို့ မင်းကိုစောင့်နေတာ''

''အဘ ... ဘာလဲ ဗျစ်ရည်နဲ့ ရမ်အရက်လား''

''ဟုတ်ပါ့ကွာ''

''ဒါနဲ့ အဘက ကျွန်တော်တစ်ယောက်တည်းပဲ အဝတိုက်မှာ၊ တခြားသူတွေကို မတိုက်ဘူးဆို''

''ဟုတ်ပါတယ် ... လူကလေးရယ်၊ အခုဟာက မနေ့က ပျား ဖွတ်နဲ့ နှစ်ခွာရွာတွေမှာ ကြက်ဝိုင်းဖြစ်လို့ အဘလောင်းတာ နိုင်တယ် လေကွာ။ အဲဒါကြောင့် ဒီတူလေးသာမက တပည့်တွေကိုပါ ပြုစုရတာ ပါ။ အားလုံး ပျော်ပျော်ပါးပါး တစ်ဝသောက်ကြပေရော့။ အမြည်းက လည်း ကောင်းပါ့။ လူကလေးစားချင်တဲ့ ကြက်သားကာလသားချက် ထင်မက တွင်းအောင်းဖားသားဟင်းနဲ့ ငါးလင်ဗန်းအုပ်သီးစပ်စပ်ကလေး ကျော်နုပ်တောင်ပါသေး''

ဟုတ်ပါသည်။ အတော်ရက်ရောသည့်အဘ။ ဘယ့်ကလောက် နိုင်ထားသည့်မသိ။ ဝိုင်းလယ်တွင် ဘယ်ကရှာထားသည့်မသိ၊ ဖန်ရေ တကောင်းကြီးထဲ၌ ဘီယာများက အပြည့်။ ဘေး၌လည်း အမြည်း



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်အစုံအပြင် ရမ်အရက်(၂)ပုလင်းကို ချထားသေးသည်။ ပွဲကြီးပွဲကောင်းပင်။ ဘီယာကို ရမ်အရက်ရောစွဲ တွယ်ကြသည်။ အဝင်မဆိုးမှုယောစပါးကိုတော့ မမြင်ဖူး။ သို့သော် စပါးပင်နံ့ရနေသည်။

အမြည်းကလည်းစွာတော့ သောက်လိုက်ကြသည့်ဖြစ်ခြင်း။ အကာကလည်း ကတိအတိုင်းပင် ဘီယာနှင့် အရက်လျော့သည်နှင့် တဲအိုထဲ ဝင်ဝင်ယူပေးသည်။ ကျွန်တော် မှတ်မှတ်ရရ ငါးကြိမ်ငါးခါ ဝင်ယူပေးသည်။ ဘီယာရေတကောင်းကြီး (၅)လုံးနှင့် ရမ်အရက် (၁၀) ပုလင်း သောက်စားပြီးတော့ တုံးလုံးပက်လက် လဲကုန်သည်။ ကျွန်တော်ကတော့ လျှို့သောက်သဖြင့် ဟန်မပျက်ပါ။ ကျွန်တော်က အပေါ့အပါးသွားဟန်ဖြင့် အရက်ဝိုင်းမှ ထလာခဲ့သည်။

အာဘအောင်ကတော့ နောက်မှ နောက်ကျစွာ ရောက်လာသည့် ဦးကျော်နှင့် ဆက်သောက်နေပါသည်။ ကျွန်တော် အပေါ့အပါးသွားပြီးသည်နှင့် အာဘအောင်ဖုံးကွယ်ထားသော လျှို့ဝှက်ချက်ကိုသိရန် လယ်တဲအိမ်ကြီးအနောက်ဘက်မှ တဲအုံကလေးထဲသို့ ဝင်ခဲ့သည်။ တဲအုံကလေးထဲ၌ ပစ္စည်းများ ရှုပ်ပွနေသည်။

အရက်ချက်ရာတွင် သုံးသည့် မီးဖိုနှင့်ပေါင်းခံအိုး၊ သီးသန့်မီးဖိုကလေး တစ်လုံးပေါ်၌ ဒယ်အိုးကလေးတစ်လုံး၊ အထဲ၌ အနီရောင်အခဲများ ချိုးကပ်နေသည်။ ကျွန်တော် မြည်းကြည့်တော့မှ သကြားအားလှော်ထားခြင်းဖြစ်သည်။ အာဘ၏ လျှို့ဝှက်ချက်ကို ကျွန်တော်သိပါပြီ။ ထန်းလျက်အရက်စစ်စစ်ထဲသို့ သကြားလှော်များထည့်၍ အရောင်ဆိုးပြီး Rum အရက် အတုလုပ်ခြင်းဖြစ်သည်။ သကြားလှော်က အရက်ကို အနီရောင်ဆိုးပေးသည်။





တစ်ခါ အနီးတွင် ခုံပေါ်တင်၍ချထားသော ငါးဒိုင်များတွင်သုံးသည့် သစ်သားစည်အရှည်ကြီးကို တွေ့ရသည်။ ကျွန်းသားအသစ်စက်စက်ဖြင့် စပ်၍လုပ်ထားပြီး ကျွန်းသားအဝိုင်းအဖုံးကြီး ဖုံးထားသည်။ ကျွန်တော် အဖုံးကိုလှပ်ကြည့်တော့ ရှူးခနဲမြည်သွားသည်။ အထဲ၌ ရိုးပြတ်ကောက်ရိုးများအား စိမ်ထားသော အနီရောင်အရည်များကို တွေ့ရသည်။ ကျွန်တော်တို့အား ဘီယာအဖြစ်တိုက်သော အရည်များဖြစ်ပါလိမ့်မည်။ အရက်ချက်ခြင်းကို ကျွမ်းကျင်သောအာဘက ကျွန်တော်တို့အား 'အင်'ထု၍ ပညာပြခြင်းဖြစ်ပေသည်။

ကျွန်တော် ခေါင်းတညိတ်ညိတ်နှင့် အာဘအောင်ပညာပေးခြင်းကို သဘောကျစွာ ကြည့်နေစဉ် အာဘ၊ ဘီယာအတုထည့်သော ဖန်ရေတကောင်းကြီးကို ကိုင်၍ တဲအုံထဲဝင်လာသည်။

"ဘယ့်နှယ် ...လူကလေး အာဘလက်ရာ သိပြီလား။ ဒါတောင် အရင်းအနှီး မနည်းဘူးမောင်။ ကျွန်းသားစည်ပိုင်းအသစ်က (၈၀) ကျပ်တောင် ပေးရတယ်။ မုန့်လုပ်ထန်းလျက်က (၂၀)ကျပ်ဖိုး၊ တစေးခေါ် ကဖော်လုံးက (၁၀)ကျပ်ဖိုး၊ ရေစစ်တွေကတော့ အစိပ်အကျဲလက်ဖြစ်ပါ။ ရိုးပြတ်ကတော့ လတ်ဆတ်ပြီး သန့်ရတယ်။

တစ်ပတ်လောက်စိမ်လိုက်တော့ တစေးကြောင့် ကဖော်ဖောက်ပြီး မှုးတာပေါ့။ အရောင်က နီညို၊ ကောက်ရိုး (ရိုးပြတ်)က အမြှုပ်ထွက်တယ်။ စဇပါင်းလိုက်တော့ အမြှုပ်ထွက်တဲ့ဗျစ်ရည်၊ ဘီယာဖြစ်ကရောပေါ့။ Rum အရက်ကတော့ လွယ်ပါတယ်။ သကြားလှော်ပြီး အရက်ထဲထည့်၊ သမအောင် လှုပ်ပေးရတယ်"

"တော်ပါပေတယ် ... အာဘရယ်၊ နိုင်ငံခြားမှာတော့ ဘီယာ



www.burmeseclassic.com

www.burmeseclassic.com



ကို မုယောစပါးနဲ့ချက်ပြီး ဝက်သစ်ချစည်ပိုင်းထဲ ထည့်ထားရတယ်လို့ ဖတ်ဖူးတယ်။ အခုတော့ အဘက …''

''ဟ …ငါတို့ မြစ်ဝကျွန်းပေါ်အရပ်မှာ ဝက်သစ်ချသားမှ မရှိတာ။ သစ်သားက ပွရမယ်၊ ရေလုံ၊ လေလုံရမယ်။ တစေးခတ်ထားပြီး စိမ်ထားတော့ လေလုံနေလို့ အဖုံးကိုဖွင့်လိုက်ရင် ရှူးခနဲပဲ။ ကောက်ရိုးကလည်း အမြှုပ်ထွက်တယ်လေကွာ။ ငါ့မှာ အမှုန်အမွှားတွေ စစ်ရတာ အလွန်ပင်ပန်းတယ်။ ပညာပေးချင်လို့သာ လုပ်ရတာ၊ နောက်မှရောက်လာတဲ့ ကိုကျော်ကလည်း ကောင်းသတဲ့။ ဒီတစ်အိုးသောက်ပြီးရင် သူလည်း မှောက်လောက်ပါပြီ။ လူကလေး …မင်း ဘယ်သူ့မှ မပြောနဲ့နော်။ တို့ဘိုင်ကျရင် 'အင်ထု' ပြီး ရောင်းတန်ရောင်းရမယ်''

''ဟုတ်ကဲ့ပါ …အဘ။ ဒါကြောင့် ကျွန်တော်သောက်ရင်း ရိုးပြတ်နံ့လိုလို၊ ကျွန်းသားနံ့လိုလို ရနေတာ။ သောက်လို့တော့ ကောင်းပါတယ်။ အန္တရာယ်ရှိမလားအဘ''

''ဘာအန္တရာယ်မှ မရှိနိုင်ဘူး။ ထန်းလျက်နဲ့ တစေးက ငါ အရက်ချက်ရာမှာ အမြဲတမ်းသုံးတယ်။ ကောက်ရိုးရိုးပြတ်က နွားတွေတောင် စားသေးတာ။ ဘာအန္တရာယ်မှ မရှိဘူး။ ကျွန်းသားပိုင်းကလည်း အသစ်။ ဆေးကြောပြီးမှ သုံးတာ။ ဒါကြောင့် ကျွန်းသားနံ့မွှေးမွှေးကလေးနဲ့ ရိုးပြတ်နံ့ သင်းသင်းကလေးရနေတာ''

✿ ✿ ✿

❑

''အဟတ် …ဟတ် …ဟား …ဟား …ဟား …''

ကျွန်တော် လှည်းစီးရင်း ကောက်ကာငင်ကာ ရယ်လိုက်တော့ အဘက …

''ဟာ …ဟ …လူကလေး ဘာဖြစ်တာလဲ။ သွားရင်းလာရင်း အပမှီပြီထင်တယ်''

''မနက်အစောကြီး ဘယ်က အပ,ကမှီရမှာလဲ အဘရဲ့။ သွားရင်းလာရင်း ရိုးပြတ်နံ့ သင်းသင်းကလေးရတော့ အဘလုပ်ကြံတဲ့ ကောက်ရိုးဘီယာအကြောင်း သတိရလို့ပါဗျာ''

''ဟား …ဟား …ဟား …''

''တိုးတိုး …လူကလေး ..ဟိုကောင်တွေ ကြားသွားမယ်။ အခုတောင် အဲဒါမျိုးသောက်ချင်လို့တဲ့။ ဝိုင်းပြီး ငွေစုပေးမယ်လို့ ပြောနေကြတယ်။ အဘက တအား ငွေကုန်ကြေးကျများတယ်လို့ ပြောထားတာ။ အဘချက်တဲ့ Rum အရက်ကိုလည်း ကြိုက်ကြတယ်ဆိုပဲ။ တကယ် အစစ်အမှန်သာ ဝယ်တိုက်ရရင် ဒီကောင်တွေ သောက်ပုံမျိုးနဲ့ အခုခေတ်ငွေနဲ့တောင်၊ သောင်းဂဏန်းလောက် ကုန်မယ်''

''ဟား …ဟား …ဟား …ဟား …'' သာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"တတ်လည်းတတ်နိုင်တဲ့ အဘပဲဗျာ … ကောက်ရိုးဘီယာတဲ့။ သကြားလှော်ပြီးချက်တဲ့ Rum တဲ့။ ဟား … ဟား … ဟား၊ တောသူတောင်သားများ အဘကို တကယ်အထင်ကြီးပြီး ယုံကြတာ အံ့ဩလောက်ပါရဲ့။ ကျွန်တော်ကတော့ အဘအကြောင်း အတွင်းသိမို့ သတိထားနေမိလို့ တော်သွားတာပေါ့"

"အန္တရာယ်မရှိပါဘူးကွ … လူကလေးကလည်း"

"ဟဲ … ဟဲ … ဟဲ …"

ကျွန်တော်တို့လည်း (၁)နာရီမောင်းတော့ ဝါးဘလောက်သောက်ရွာအပြင်တွင် အဝယ်ဒိုင်ဖွင့်ထားသော စပါးအဝယ်ဒိုင်ကြီးသို့ ရောက်သည်။ တာဝန်ကျေ စပါးလာသွင်းကြသော ရှေ့လူများက မနည်း။ ကျွန်တော်တို့ စာရင်းပေးသွင်းပြီး အဝယ်ဒိုင်အား ပတ်ချာဝိုင်းနေသည့် အရိပ်ကောင်းသော ကုက္ကိုပင်ကြီးတစ်ပင်အောက်၌ စတည်းချကြသည်။ နွားများကို တံပိုးကဖြုတ်၍ အနားပေးသည်။ အလုပ်မရှိသော အနားယူ စောင့်ဆိုင်းကြရုံသာရှိသည်။

"ကဲ … လူည်းသမားတွေ အားလုံးလာကြဟေ့။ စောစောစီးစီး ဝိုင်းကြမယ်။ ငါတို့အလှည့်က မနက်ဖြန်မနက်မှပဲ"

အဘက အသင့်ယူဆောင်လာသော သူချက်ထားသည့် ထန်းလျက်အရက်သုံးလုံးကို ထုတ်ပေးသည်။ ကိုခွေးပုနှင့် ကိုညဏ်ကျယ်က အမြည်းအဖြစ် ကြက်ခြေထောက်၊ ခေါင်း၊ အတောင်ပံ၊ လည်ပင်းမှိုဟင်းနှင့် ပဲကြီးလှော်များချပြီး ရေဘူးနှင့် တွယ်ကြတော့သည်။

နေ့လယ်(၁၁)နာရီခန့် သောက်ပြီးသည်နှင့် ကြက်သားနှင့် ဘူးသီးကာလသားချက်ဟင်းဖြင့် နေ့လယ်စာကျွေးသည်။ အရက်ကလေးဘူးသဖြင့် အားရပါးရစားကြပြန်သည်။ ထိုစဉ် ခွေးပုက …





"အဘအောင် … ဟိုတစ်ခါလို ဘီယာလေး၊ ရမ်ကလေး လုပ်စမ်းပါဦးဗျ၊ ကျွန်တော်တို့ ဆိတ်တစ်ကောင် စုဝယ်ပေးပါ့မယ်"

"အေးပါ … စပါးရောင်းပြီး တစ်ပတ်လောက်ကြာတော့ လုပ်ကြတာပေါ့ကွာ။ လောလောဆယ်တော့ ငါလည်း ငွေပြတ်နေတယ်။ စပါးရောင်းရငွေကိုလည်း သူကြီးအကုန်အပ်ရမှာ။ လုပ်အားခကလေးပဲ ရမှာပါကွယ်။ Rum အရက်ချက်တာက အကုန်အကျနည်းပေမဲ့ ဘီယာချက်တာက အတော်ကုန်တာကွ။ မုယောစပါး၊ ဆေးတွေနဲ့ သစ်သားစည်ပိုင်းလည်း ဝယ်ရသေးတာ။ နောက်ပြီး ချက်ချင်းရတာ မဟုတ်ဘူး။ တစ်ပတ်လောက် စိမ်ထားရတာ"

"လုပ်ပါ … ကိုကြီးအောင်ရယ်၊ ကျွန်တော်တို့ အရသာတွေ့လွန်းလို့ပါ။ အခု ထန်းလျက်အရက်သောက်ရတာ ဟာတာတာကြီး။ ဘီယာကလေးကို ရမ်ကလေးစပ်သောက်ရတာ တကယ်အရသာရှိတာပဲဗျ။ လျှာထဲမှာ စွဲကျန်ရစ်ခဲ့တယ်။ ကျွန်တော်တို့ ဆိတ်တစ်ကောင်တင်မကပါဘူး။ အခု လှည်းတိုက်ခလည်း မယူတော့ပါဘူးဗျာ"

"အေး … အေး … လုပ်ပေးမယ်။ တစ်ပတ်လောက်တော့စောင့်"

အကျိုးအကြောင်း အတွင်းသိ၊ ကျွန်တော်ကတော့ ပြုံးနေမိသည်။ အရူး အမဲသားကျွေးမိသလို အဘအောင်၏ လှည့်ကွက်တွင် တောသားများ ခံနေရပြီဖြစ်သည်။ လှည်းတိုက်ငှားခက တစ်ရက်လှည်းတစ်စီး(၅ဝိ/–)ကျပ်၊ နှစ်ရက်(၁ဝဝိ/–)ကျပ်၊ လှည်း(၁ဝ)စီး (၁ဝဝဝိ/–)ကျပ် ရပေမည်။ ထိုခေတ်က တန်ဖိုးရှိသောငွေအတွက် အဘအောင်တို့ ထောဦးမည်။ ကောက်ရိုးနှင့်ရေက အလကားရသည်။

စည်ပိုင်းက (၈ဝ)ကျပ်၊ မုန့်လုပ်ထန်းလျက်က ၂ဝိ/– ကျပ်ဖိုး၊ ဆေးက (၁ဝိ/) ဖိုး၊ အဘအရင်းအနှီးက (၁ဝဝိ/) ကျပ်ကျော်သာ။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . Rum အရက်တချက်ဖို့တော့ ထန်းလျက်နှင့်တစေးဖိုး ကုန်ကျပေဦးမည်။ အချိန်တော့ ကုန်မည်။ အလကားရသော ထင်းကုန်မည်။ အချိန်ကုန်မည်။ သို့သော် စုစုပေါင်း(၃၀ဝိ/–)ကျပ်မကျော်ပါ။ အဘ ငွေ (၇၀ဝိ/–) ကျပ်လောက် ထောပေဦးမည်။

ယခုလည်း လှည်းတစ်စီး၊ စပါး(၂၅)တင်း တင်ရမည်ဖြစ်သော်လည်း အဘက တစ်တင်းစီပို၍ တင်လာသည်။ လှည်း(၁၀)စီး (၁၀)တင်းက အပိုထွက်မည်။ အဘကိုယ်တိုင် စတုတ်တိုက်ထားသဖြင့် မသိသာပါ။ အပြန်လှည်းငှားခ၊ ကျွဲမွေးစရိတ်များကိုလည်း တင်ပေဦးမည်။

ကျွန်တော့်ဖခင်ပိုင် စပါးများဖြစ်သော်လည်း မိဘထက် အဘကို ပိုချစ်သဖြင့် အဘလုပ်သမျှ ပုလင်းတူဘူးဆို့ဖြစ်သော ကျွန်တော်က ကျေနပ်သည်။ အဘကလည်း သိပါသည်။ သူ့ကိုယ်ရေးကိုယ်တာ သုံးရန်အတွက်မဟုတ်။ ကျွန်တော်နှင့် သူ့တပည့်များ အပေါင်းအသင်းများအတွက် သုံးရန် ကြံဖန်ခြင်းသာဖြစ်သည်။

အဖေသူကြီးက စနစ်ကြီးသည်။ သို့သော် သားအရင်းနှင့် အစ်ကိုအရင်းက ပေါင်းကြံကြတော့ မသိရှာပါ။ ဤသို့ဖြင့် ကျွန်တော်တို့ နှစ်ဦးပေါင်းပြီး ရိုက်စားကြသည်မှာ အတော်ကြာချေပြီ။ အဖေက ကျွန်တော့်ကိုယုံသဖြင့် တက္ကသိုလ်ကျောင်းသားလောင်းဖြစ်သော်လည်း လယ်ယာလုပ်ငန်းစိတ်ဝင်စားသဖြင့် ဝမ်းသာနေရှာသည်။

ညနေပိုင်းကျတော့လည်း ထမင်းချက်သူ၊ ဟင်းချက်သူများဖြင့် လှည်းဝိုင်းကြီးက မီးနိုးတလူလူ၊ စပါးသွင်းရန် စောင့်စားနေကြခြင်း ဖြစ်သည်။ အားနေကြသည်။ စပါးဒိုင်ကလည်း မိုးချုပ်သည်အထိ စပါးများအား တင်းတောင်းနှင့်ခြင်၍ အောက်လင်းဓာတ်မီးကြီးထွန်း၍ ဝယ်ယူနေသည်။ စားသောက်ဆိုင်များမှာလည်း လူစည်ကားလှသည်။





မီးကလေး မှိတ်တုတ်မှိတ်တုတ်ဖြင့် တောရွာပွဲဈေးတန်းအလား စားသောက်နေကြသည်။ စပါးဒိုင်နှင့် ဝေးဝေးတွင်တော့ ဖဲဝိုင်းနှင့် ကြက်ဝိုင်းများ ပုန်းလျှိုးဝှက်လျှိုး လုပ်နေကြကြောင်း အဘပြော၍သိရသည်။ အဘကတော့ လောင်းကစား အလွန်ဝါသနာပါသည်။ ယနေ့တော့ အုပ်စုခေါင်းဆောင်ဖြစ်ပြီး ငွေအင်အားနည်းပါးသဖြင့် ငြိမ်နေဟန်တူပါသည်။

ညအိပ်တော့လည်း လှည်းပေါ်တွင်ပါလာသော ဖျာကြမ်းများခင်းပြီး လွယ်အိတ်ခေါင်းအုံး အိပ်ကြသည်။ တပေါင်းလအခါ ခြောက်သွေ့သော ရာသီဖြစ်၍ ကုက္ကိုပင်ကြီးများအောက် အိပ်ရသည်မှာ အလွန်ပျော်စရာကောင်းသည်။ မြစ်ကို ဖြတ်သန်းတိုက်ခိုက်လာသော နွေညလေးကလေးက အေးချမ်းလှသည်။ လပြည့်တော့မည်ဖြစ်သဖြင့် လမင်းကြီးက ဝိုင်းစက်စွာ သာနေသည်။

စပါးရောင်းချပြီးသူများကလည်း ညဘက်ငွေထုပ်ပိုက်၍ မပြန်ရဲကြသဖြင့် စပါးဒိုင်အနီး၌ပင် အုပ်စုဖြင့် ညအိပ်ကြသည်။ ကျွန်တော်တို့ အဖွဲ့ကတော့ မနက်ဖြန်မနက်မှ စပါးသွင်းရမည်ဖြစ်ပြီး နေ့လယ်ခင်းတွင် ချိန်တွယ်ငွေချေခြင်း ပြီးစီးပေမည်။ နေ့လယ်စာစားသောက်ပြီး မှ မြင်းမြင်းထင်ထင် ပြန်ကြရမည်ဖြစ်သည်။

အဘအောင်က ကျေးရွာကာကွယ်ရေးသေနတ်များကို ယူလာသော်လည်း လှည်းတိုင်း၏ ကောက်ရိုးခင်းအောက်တွင် ဓက်ကြီးဆောင်မားများကို သိုဝှက်ယူလာခဲ့သည့်အပြင် သူ၏ လွယ်အိတ်အတွင်း၌ ထက်ပစ်ဗုံးနှစ်လုံး လိုရမည်ရ ဆောင်ယူလာခဲ့သေးသည်။ အပြန်ငွေထုပ်ပိုက်၍ ပြန်ရမည်ဖြစ်ခြင်းကြောင့်ဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့ မနက်အလင်းရောင်ရသည်နှင့် စပါးဒိုင်မှ စပါးသယ်သည့် အလုပ်သမားများ ရောက်ရှိလာကြသည်။ စပါးချိန်တွယ်သူ၊ ကတ္တားကိုင်သူ၊ တာလီစာရေး၊ စသူများမှာ ထိုအချိန်က အလွန် တန်ခိုးထွားကြသည်။ ဒိုင်မှူးနှင့် လက်ထောက်ဒိုင်မှူးဆိုသူများကတော့ ဆိုဖွယ်ရာမရှိတော့။

ထိုအချိန်က လယ်သမားဆင်းရဲသားများမှာ စာကောင်းစွာ မတတ်ကြပါ။ စပါးချိန်သည့်ကတ္တားကို နားလည်ဖို့ဆိုသည်မှာ ဝေလာဝေး၊ ဒိုင်က ချိန်တွယ်သည့်အတိုင်းသာ ခေါင်းညိတ်လက်ခံကြရသည်။ သည်ကြားထဲ အဖျင်းအမှော်အတွက်က ဘယ်လောက် ဖုန်၊ သဲ၊ ခဲ ဘယ့်လောက်၊ အစိုဓာတ်ကဘယ်လောက် စသဖြင့် ထပ်မံဖြတ်လိုက်ကြသေးသည်။

ကျွန်တော်တို့ကတော့ သူကြီးသားဖြစ်၍ လူရည်လည်သည် ဟုပင် ဆိုရပေမည်။ သင်္ချာဘာသာကို ဝါသနာပါသဖြင့် ရွာလယ်ဒေါ်တရုတ်မဆိုင်မှ ကတ္တားကြီးကို စိတ်ဝင်စား၍ လေ့လာထားရာ ပေါင်ချိန်နှင့် ပိဿာချိန်နည်းများကို ကျွမ်းကျင်နေသည်။





ထို့ကြောင့် ကျွန်တော်တို့အလှည့် မနက် (၉)နာရီခန့်၊ စပါးချသည်နှင့် ကတ္တားချိန်သည်နှင့် ကတ္တားချိန်သူအား စီးကရက်တိုက်၊ ကွမ်းယာကျွေးပြီး မိတ်ဆွေဖွဲ့သည်။ သယ်ယူသည့်တင်းတောင်းကို အလေးချိန်တိုက်ပြီး ပျှမ်းမျှယူ၍ အလေးတွင် ထည့်ပေါင်းခြင်းတို့ကို မမှန်မကန်မလုပ်ရန် သတိပေးသဖြင့် ကတ္တားချိန်သူက ကျွန်တော့်အား ဖြုံသည်၊ မှန်မှန်ကန်ကန်လေည်း လုပ်ပေးသည်။

ထို့ကြောင့် ကျွန်တော်က လက်ဖက်ရည်အချိုပါ မှာ၍ တိုက်လိုက်သေးသည်။ အလုပ်သမား အဆိုင်းလေးဆိုင်းဖြင့် သယ်ချ၊ ထမ်းပိုးကြသဖြင့် အလွန်လျင်မြန်သည်။ ရွှေဝါရောင် စပါးပုံကြီးများမှာလည်း နံနက်ခင်းနေရောင်ခြည်အောက်၌ ရွှေဝါရောင်တောင်ပို့ကြီးများသဖွယ် အပြိုင်းအရိုင်း ပေါ်ပေါက်လာတော့သည်။

နံနက် (၁၀း၃၀)နာရီခန့်တွင် ကျွန်တော်တို့၏ လှည်းများပေါ်မှ စပါးများ ချိန်တွယ်ဝယ်ယူမှု ပြီးစီးသွားသော်လည်း ဖြတ်ပိုင်းရသည်နှင့် ငွေထုတ်ရန် တန်းစီနေရသေးသည်။ ထိုအချိန် အဘအောင်က လှည်းသမားများအား နေ့လယ်စာ ထမင်းကျွေးနေသည်။ သူကတော့ စားသေး။ ကျွန်တော်ငွေထုတ်ပြီးမှ စားကြမည်ဖြစ်သည်။ နာရီဝက်ခန့် စောင့်မှ ကျွန်တော့်အလှည့်ရောက်သည်။ တာဝန်ကျစပါးအပြင် (၁၀) တင်း ပိုဆောင်းထားသဖြင့် ကျေးဇူးတင်ကြောင်းပြောပြီး ငွေထုတ်ပေးသည်။

ငွေထုတ်ပြီးမှ ကျွန်တော်နှင့် အဘအောင်တို့ ထမင်းစားကြသည်။ စားပြီးသည်နှင့် အဘက လှည်းတိုက်သမားများအား လှည်းတိုက်ခ (၂)ရက်စာ ငွေ (၁၀၀)ကျပ်စီရှင်းပေးရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် . . . ကျွန်တော်တို့ မယူဘူးလေ။ ဘီယာဖိုး ကြို ပေးထားတာပါ"

"မယူချင်ပါဘူးကွာ။ ငါပဲ ကြဲဖန်ပြီး တိုက်ပါ့မယ်။ တော်ကြာ မင်းတို့မိဘတွေ မိန်းမတွေက သူကြီးအိမ်က လှည်းချောဆွဲတယ်လို့ အထင်မခံနိုင်ဘူး။ နာမည်ပျက်တယ်။ တော်ကြာ . . . သူကြီးသိသွားရင် ငါပဲနာမည်ပျက်မှာ။ မင်းတို့ကတိအတိုင်း ဆိတ်တစ်ကောင်သာ ပေါ်ပေး။ ကျန်တာ ငါတိုက်ပါ့မယ်"

"ဝေး . . . ဟေး . . . ဟေး . . . ဒါမှတို့အစ်ကိုကြီး ထိတ်တုံး အောင်ကွ။ ဘာမှတ်သလဲ"

"ထိတ်တုံးအောင် ××× ထိတ်တုံးအောင် ××× တို့အစ်ကိုကြီး ထိတ်တုံးအောင် ××× မူးသူတွေ ပြိုင်ကာသောက်မယ် ××× သောက်သူတွေ ပြိုင်ကာမူးမယ် ××× ထိတ်တုံးအောင် ××× ထိတ်တုံးအောင်"

ကိုကြီးကျော်သီချင်းကို ဖျက်ဆိုပြီး ကွေးနေအောင် ကကြတော့သည်။ အဘအောင်ကလည်း မခေပါ။ လက်ခုပ်တီးပြီး လိုက်ဆိုပေးသည်။ အဘအောင်မှာ ဤသို့ ပျော်တတ်သော လူမျိုးဖြစ်သည်။

ကျွန်တော်တို့ရွာ မင်းတုန်းရွာနားရောက်တော့ ကျွန်တော့်အချစ်တော် နွားနှစ်ကောင်ဖြစ်သော ရွှေကျီးနှင့် ဥညြတို့က အိမ်ပြန်ရောက်၍ နားရတော့မည်ဖြစ်သဖြင့် ကြိမ်မတို့ရဘဲ ကဆုန်စိုင်း၍ ပြေးကြသည်။ ဤသည်မှာ နွားနှစ်ကောင်၏ ဓလေ့စရိုက်ဖြစ်သည်။ အိမ်ကို အလွန်ခင်တွယ်သလို ကျွန်တော့်ကိုလည်း ခင်သည်။

ကျွန်တော်နှင့် အဘအောင် ခရီးသွားမည်ဆိုလျှင် သူတို့နှစ်ကောင် မြူးနေကြသည်။ လှည်းပြင်ပြီးသည်နှင့် သူတို့နှစ်ကောင်အား





ချည်တိုင်မှ ကြိုးဖြည်ပေးသည်နှင့် လှည်းတံပိုးအောက်၊ မောင်းစရာ မလိုဘဲ အလျှိုအလျှို ဝင်ကြသည်။

ရွှေကျီးနှင့် ဥညြဆိုသည့်အတိုင်း နွားနှစ်ကောင်စလုံး အမွေးမှာ မည်းနက်စိုအိနေသည်။ အရပ်အမောင်းမြင့်မားပြီး အလွန်သန္ဓေကောင်းသည်။ ကြိမ်တို့စရာမလို၊ ဘက်ညီ အတွဲညီကြသည်။ စုပေါင်းလှည်းတန်းကြီးဖြင့်သွားလျှင် သူကြီးအိမ်မှ နွားပီပီ၊ နွားပါးဝကြသည်။ ထိပ်ဆုံးကသွားမှ ကျေနပ်သည်။ တခြားလှည်းများ ကျော်တက်မခံ။

ရွှေကျီးမှာ ကျွန်တော်တို့ ခြံပေါက်နွားဖြစ်သည်။ ဥညြမှာ ရွှေကျီးနှင့်အတွဲရစေရန် ပင်ပင်ပန်းပန်း တစ်နယ်လုံးအနှံ့ ရှာဖွေဝယ်ယူထားရသော နွားဖြစ်သည်။ ခြံပေါက်ချင်းမဟုတ်သော်လည်း တစ်ကောင်နှင့်တစ်ကောင် အလွန်တည့်သည်။ ကြင်လည်း အလွန်ကြင်နာကြသည်။ ရှေးဘဝက ပဋ္ဌာန်းဆက် နွားညီနောင်ထင်ပါရဲ့။

ကျွန်တော်တို့ ရွာအနောက်ပေါက်ကဝင်တော့ ကျွန်တော်က–

"အဘအောင် . . . မနက်ဖြန် ရွာအရှေ့ပိုင်းက ဦးမောင်ကြီး ဒေါ်ကျင်မြတို့အိမ်မှာ နတ်ကနားပွဲ ရှိတယ်မဟုတ်လား"

"ဟုတ်တယ် . . . လူကလေး၊ (၃) ရက်တောင် နတ်ကမှာ။ မောင်ကြီးက နတ်မယုံပေမဲ့ သူ့မိန်းမ မကျင်မြကို ပြောမရလို့ လွှတ်ထားတာ"

"ဟုတ်တယ် . . . အဘရ၊ အဲဒီမိန်းမကြီးက နတ်ဆို အသေယုံတာ။ ကျွန်တော်တို့ မနက်ဖြန် အဲဒီနတ်ကနားပွဲ ဝင်နွှဲကြရအောင်"

"ဟား . . . ဟား . . . ဟား . . . လူကလေးက ရမ်အရက်အစစ် သောက်ချင်ဟန်တူပါရဲ့။ ဟား . . . ဟား . . . ဟား . . . အဘကြဲပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



စပါးတိုက်လှည်းများအား ပြန်လွှတ်လိုက်ပြီး ကျွန်တော်တို့ ရွာလယ် မင်းတုန်းချောင်းကူးတံတားကျော်တော့ ကျွန်တော်တို့အိမ်ရှေ့၌ ကျွန်တော်တို့ရွာက လှည်းတစ်စီး ရပ်ထားသည်။

"အဘရေ ... အိမ်မှာတော့ ဧည့်သည်ရောက်နေပြီထင်တယ်နော့"

"အေးကွ ... လှည်းကတော့ ရွာအနောက်ဖျားက အပုလှည်းဆိုတော့ မြို့က လှည်းကြုံလိုက်လာဟန်တူပါရဲ့"

အိမ်ခြံဝရောက်၍ အိမ်အောက်ထပ် လှမ်းကြည့်လိုက်တော့ တစ်ဦးက ထဘီအပြာနှင့် အင်္ကျီအဖြူဝတ်ထားသော တိုက်နယ်ဆေးရုံမှ ဆရာမကြီးဒေါ်သူဇာ။ တစ်ဦးကတော့ ထဘီအနီနှင့် အင်္ကျီအဖြူဝတ်ထားသော ဆရာမကလေးတစ်ဦး။ အသက် (၂၀)ခန့်ရှိပြီး အရပ်မြင့်မြင့်၊ အသားဖြူဖြူ။ ကရင်အမျိုးသမီး ဖြစ်ဟန်တူသည်။ ရုပ်ရည်မှာ ချောမောပြေပြစ်ပြီး သပ်ရပ်သန့်ရှင်းလှသည်။

"ကိုယ်တော်တို့တူဝရီး ဘယ်ကပြန်လာကြတာလဲ။ ဒီကဆရာမကလေးက ရွှေစင်အိတဲ့။ ဒီရွာက ကျန်းမာရေးဆေးခန်းမှာ တာဝန်ကျတာ။ ကျွန်မက လှည်းကြုံရှိတာနဲ့ လိုက်ပို့ပေးတာ။ အဲဒါ ကျွန်မအပြန် လှည်းစီစဉ်ပေးဦး။ ဆရာမကလေး နေဖို့ထိုင်ဖို့ စားသောက်ရေးကိုတော့ သူကြီးက တာဝန်ယူထားတယ်"

"အေးလေကွာ ... တို့ရွာဆေးခန်းမှာ အလုပ်ဆင်းရမှာ။ ဆရာဦးကျော်စွာက ရွာလယ်ဆေးခန်းမှာ အိမ်လုပ်နေတော့ ဆရာမလေးနဲ့ အတူနေဖို့ ဘယ်ဖြစ်မလဲ။ ဒါကြောင့် ငါတို့အိမ်မှာပဲ တည်းမယ်။ မင်းညီမလည်း အဖော်ရှိတယ်လေကွာ"





အဖေသူကြီးက ဝင်ပြောတော့ ကျွန်တော် စိတ်ထဲကြိတ်ပြီး ်းသာသွားသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ဆရာမလေး ွှေစင်အိကို လူပျိုပီပီ မြင်လျှင်မြင်ခြင်း သဘောကျသောကြောင့်ဖြစ်ပါသည်။

"ကောင်းပါတယ် ... ကျွန်တော်ကလည်း အောက်ထပ်ခန်း ာနေတာ။ အဘအောင်နဲ့ လယ်တဲအိမ်ကြီးမှာ နေတာက များပါတယ်။ ကြာခင် (၁၀)တန်းအောင် စာရင်းတွေ ထွက်ပြီး မြို့သွား၊ တက္ကသိုလ် တ်ရမှာဆိုတော့ ဆရာမလေး လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ... အစ်ကို။ ဒီအိမ်ကြီးက အကြီးကြီး ကျွန်မ နေတတ်ပါတယ်။ လိုအပ်တာရှိရင်လည်း ကူညီပါရှင့်"

"ဟုတ်ကဲ့ ... စိတ်ချပါခင်ဗျား"

"ကဲ ... ကိုယ်တော်တွေ ခရီးရောက်မဆိုက်ဘဲ ဆရာမကလေး ရွာဆေးခန်း လိုက်အပ်ပေးရဦးမှာဆိုတော့ လိုက်ခဲ့ကြဦး"

"ဟုတ်ကဲ့ ... ဆရာမကြီး၊ ရွာဆေးခန်းက ချောင်းကူးတံတား ာက်မှာတင်၊ လမ်းလျှောက်သွားကြတာပေါ့။ ဆရာမကြီးကို မြို့လိုက် ဦးမှာဆိုတော့ နွားနှစ်ကောင်ကို အစာကျွေးရေတိုက်ပြီး ခဏအနား လိုက်ဦးမယ်။ ဆရာမကြီးတို့လည်း နေ့လယ်စာ မစားကြရသေး ဟုတ်လား"

"ဟုတ်ပါ့တော် ... ဒီရွာကို လှည်းကြုံရှိတယ်ဆိုတာနဲ့ ကတိုက် ိုက် ထွက်လာကြရတာ"

ထိုစဉ် ကျွန်တော့်ညီမလေးက ...

"ဆရာမကြီးနဲ့ ဆရာမလေး ... ထမင်းအဆင်သင့်ဖြစ်ပြီ သုံးဆောင်ကြပါ။ အစ်ကိုနဲ့ဘကြီးရော စားပြီးကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘကြီးတို့ စားပြီးကြပြီ။ ကဲ ... သမီးလေးရေ ဟောဒီမှာ တာဝန်ကျေ စပါးသွင်းခရငွေ။ ငါနဲ့လူကလေးကတော့ ငါ့ထဲ အိမ်ပြန်ပြီး နွားတွေ အစာကျွေးမယ်။ ငါတို့လည်း ခဏနားပြီး ရေမိုးချိုး မယ်။ ပြီးတာနဲ့ လှည်းကောက်ပြီး ထွက်ခဲ့မယ်။ မင်းက သူကြီးရဲ့ ဆရာမကြီးနဲ့ ဆရာမကလေးကို ဆေးမှူးဦးကျော်စွာဆီ ပို့ပေးလိုက် ပါ"

ကျွန်တော်နှင့် အဘအောင်တို့ ရွာလယ်သူကြီးအိမ်မှ ရွာ အနောက်ဘက် အဘအောင်၏တဲအိမ်ကြီးသို့ ပြန်ခဲ့ကြပါသည်။

"ငါ့နွားတွေ သနားပါရဲ့ကွာ။ အခုပြန်လာ၊ အခုပြန်ထွက် ဦးမယ်။ တခြားလှည်းကြုံရှိရင်တော့ အဆင်ပြေမယ်။ မင်းအဖေ သူကြီး ကလည်း တုံးပုံ့ကွာ။ တခြားလှည်းကို ဆင့်တာမဟုတ်ဘူး"

"အဖေက ညှိသည်ဆို အားနာတတ်တယ်လေ ... အဘရဲ့ အစိုးရဝန်ထမ်းဆိုတော့ ပိုဆိုးတာပေါ့"

"ဒါနဲ့အဘ ဆရာမလေး ရွှေစင်အိက အတော်ချောတယ် နော်"

"အဘ သိပါတယ် ... လူကလေးရယ်။ မင်းမျက်လုံးတွေ အရောင်ထွက်နေတာ။ ဒါပေမဲ့ ရွှေစင်အိဆိုတဲ့နာမည်ကြီးက တောဆန် တယ်။ ရှေးရိုးနာမည်ကြီး"

"ဟာ ... အဘကလည်း နန်းဆန်တယ် လုပ်စမ်းပါ။ အဓိပ္ပာယ် အသားအရေကလည်း ဝင်းအိနေတာပဲ။ လိုက်ပါ့ဗျာ"

"ကိုယ်ထင် ခုတင်ခြေလေးချောင်းပေါ့ကွာ။ မင်းက တက္ကသိုလ် ကျောင်းသားကြီးပဲဖြစ်တော့မယ်။ ဘာမှ ရေရေရာရာမသိဘူး။ ရွှေစင်အိ





ဆိုတာ တို့ဂေါတမဘုရားရှင် မပွင့်မီကတည်းက နာမည်ကွ။ ရှေးရိုးနာ မည်ကြီး"

"အလိုဗျာ ... မကြားဖူးပါဘူး။ သိဒ္ဓတ္ထမင်းသား ဘုရား အလောင်းနဲ့ ယသော်ဓရာဒေဝီ၊ မိထွေးတော်ဂေါတမီလို့ပဲ ကြားဖူးပါ တယ် ... အဘကလည်းဗျာ"

"အေး ... အဲဒါကြောင့် မင်းတို့ခေတ်လူငယ်တွေ ခက်ကုန် တာပေါ့။ လူကလေး ယသော်ဓရာ၊ ပတ်ပျိုး၊ ယိုးဒယားကို ရသလား ကြားဖူးသလား"

"ယသော်ဓရာ ××× နန်းတောင်ညာ ×× သားရာဟုလာ ×× ဆိုတာ မဟုတ်လားအဘ။ ကြားဖူးတယ်၊ မကုန်တော့ မရဘူး"

"အေး ... နားထောင် အဘဆိုပြမယ်"

အဘက အသံနေအသံထား၊ အသံဝါကြီးဖြင့် နှာနိကရိဏ်း ဗျူဟာ ဆိုပြပါတော့သည်။

"ယသော်ဓရာ ××× နန်းတောင်ညာသားရာဟုလာ ××× နန်း သဲမှာပင် ××× ပျော်မရွှင် "

"သန်းခေါင်လယ် ××× သန်းခေါင်လယ် ××× မောင်ဖုံ့ကို နိုး ××× သူတိုင်ပင် ××× ခန္တကမြင်း ကကြိုးဆင် ××× ထွက်တော်မူ နန်းကခွာတယ် ××× မောင်ဘုန်းပျောက်တယ် ××× ဆောင်အုံးဗွေ မြင့်အလယ်"

"ယသော်မေခင် ××× ရွှေစင်အိရယ် ××× ကြာလျှင် သိမယ် နိုးမိမယ် ××× "

"ဟော့ ... တွေ့လား လူကလေး။ 'မေခင်' တို့ 'ရွှေစင်အိ' တို့ဆိုတဲ့ နာမည်တွေက တို့ဂေါတမမြတ်စွာဘုရား တောထွက်ပြီး ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



စရိယာ (၆)နှစ် မကျင့်ကြံမိကတည်းက ပေါ်နေတဲ့ ရှေးဟောင်းနာမည်ကြီးတွေကွ ... လူကလေးရ''

''ဟာ ... ဒါတော့ အဘ စကားတတ်တိုင်း ကပ်ပြီးပြောတာပဲ။ အဲဒီ ပတ်ပျိုး၊ ယိုးဒယားတွေက ကုန်းဘောင်ခေတ်၊ ဂီတစာဆိုဦးတို့ လက်ထက်ကျခါမှ စပ်ဆိုခဲ့တဲ့ သီချင်းတွေပဲဥစ္စာ ရှေးစာသားမဟုတ်ပါဘူးဗျာ''

''အေး ... အဲဒါ ခက်တာပေါ့။ အထောက်အထားနဲ့ပြောတာတောင် လူကလေးက လက်မခံချင်သေးဘူး။ ဟား ... ဟား ... ဟား ... တကယ့်ငတုံးကလေးပဲ။ ဒါပေါ့ကွာ ...။ စကားပုံတွေတောင် ရှိသေးတာပဲ။ 'မမြင်ဖူး မှုးမြစ်ထင်၊ ကိုယ်ထင် ခုတင်ရွှေနန်း' ဆိုတာတွေလေ ... ဟား ... ဟား ... ဟား ...''

ကျွန်တော် အဘအောင်ကို အတော်ဖြုံသွားသည်။ မိမိကိုယ်မိမိ ငါ တက္ကသိုလ်ကျောင်းသားလောင်းကြီးပဲဟု အထင်ကြီးနေခြင်းလည်း လျှော့ကျသွားသည်။ အခုမှ သတိရမိသည်။ အဘအောင်က ဘုန်းကြီးကျောင်းထွက်ဖြစ်သော်လည်း သင်္ဂြိုဟ်ကိုးပိုင်းကျိုးပြီး ပရိယတ္တိ ပဋိပတ္တိ၊ ပရိဒေဝကို နှံ့စပ်သူ။ သူဆိုနေကျ (၁၂)ရာသီ တောလားများနှင့် သီချင်းကြီးသီချင်းခန့်၊ ပတ်ပျိုး၊ ယိုးဒယား၊ ခေတ်ဟောင်းသီချင်းများကို ပိုင်နိုင်စွာ ဆိုနိုင်သူဖြစ်သည်။ ဘုန်းကြီးမလုပ်လို၍ ရွာသူကြီးမလုပ်လို၍ လယ်သမား၊ ကိုင်းသမား လုပ်နေခြင်းသာဖြစ်သည်။ အဘလူတော်ကြီးဖြစ်သည်။

ကျွန်တော်တို့ တလင်းတဲအိမ်ကြီးရောက်၍ ခေတ္တနား၊ ရေချိုးပြီး အဝတ်အစားလဲနေစဉ် အဘက ...

''လူကလေး ... ညနေစာအတွက် အမြည်းလုပ်ကွာ''





''ဟာ ... အဘကလည်း ဆရာမကြီးကို ကော့မှူးလိုက်ပို့ရဦးမှာမဟုတ်လား။ ကော့မှူးမြို့ပေါ်ကျမှ စားကြသောက်ကြမှာ မဟုတ်လား''

''လူကလေး ... နွားတွေ ပင်ပန်းပြီကွ။ မင်း အဲဒါ ခက်တာပေါ့။ မင်းအဖေသူကြီးကလည်း သဘောကျမှာမဟုတ်ဘူး။ ဆရာမကြီးကို အားနာလို့သာ ငြိမ်နေတာ။ ငါ ငပိန်နဲ့ ကျီးကန်းတောင်ကို အရက်ဖိုးပေးပြီး ခိုင်းလိုက်ပြီ။ မင်းအဖေသူကြီးလည်း သဘောကျမှာပါ။ မင်းနဲ့ ငါတွဲပြီး မြို့ပေါ်တက် အရက်သောက်မယ်မှန်း သူလည်း ရိပ်မိမှာပါ''

''ဟာ ... သွားပါပြီဗျာ။ ကျွန်တော်ကတော့ ဆရာမကြီးကို လိုက်ပို့ဖို့ အိမ်ဝင်၊ ရွှေစင်အိကိုတွေ့ပြီး စကားပြောဖို့အတွက် ဒီမှာ မောင်းတင်ပြီး ပြင်ဆင်နေတာ သွားပါပြီဗျာ။ အဘက အတော်လူလည်ကျတယ်ဗျာ။ ကိုယ်ချင်းမစာတတ်ဘူး။ ဒါကြောင့်လည်း လူပျိုသိုးကြီးဖြစ်နေတာ''

''ဟ ... လူကလေးရဲ့။ အဘရဲ့ လူပျိုကြီးဂုဏ်ကိုတော့ လာမထိခိုက်ပါနဲ့။ သူ့ဘက်ကပါလာတဲ့ မတော်ချင်မှနေရတဲ့ ယောက္ခထီး၊ ယောက္ခမနဲ့ ခွေမျိုးတွေ ကျွေးမွေး နည်းမှတ်လို့။ လူကလေး နားမလည်သေးလို့ မိန်းမယူချင်နေတာ။ ဆရာမကလေးက လူကလေးတို့အိမ်မှာ တည်းတာ ကိုယ့်ခြင်းထဲက ကြက်ပဲ၊ ဘယ်အချိန် ရိုက်ချက်စားစား ရတာပဲဟာကို အဆန်းလုပ်လို့ကွာ''

''ကဲ ... လူကလေးက ဆရာမလေး မျက်နှာမြင်ရအောင် ညစာ အိမ်ပြန်စားမလား၊ အဘနဲ့အတူ အရက်သောက်ရင်း [illegible] မလား ... ကြိုက်တာလုပ်''



www.burmeseclassic.com

www.burmeseclassic.com



အဘအောင် တင်းသွားဟန်တူ၍ ကျွန်တော်က လျှော့ပြီး ချော့ရပြန်ပါသည်။

"ဟုတ်ပါရဲ့ ... အဘရယ် ကျွန်တော် စိတ်လောသွားတာပါ။ မ,ဘက်လိုက်တော့ မိုက်ဘက်ပါတော့မလို့။ အဘပြောတာ အကုန်မှန်ပါတယ်။ ရွှေကျီးနဲ့ ဥညြလည်း ပင်ပန်းလှပါပြီ။ အသွားအပြန် မိုင်(၂၀) ကျော်ခရီး၊ နောက်ပြီး ညတွင်းချင်း ပြန်လာရမှာ။ သရဲက အခြောက်ခံ ရဦးမယ်။

ဆရာမလေးလည်း ကျွန်တော်တို့အိမ်မှာ တည်းတာဆိုတော့ အချိန်တွေ အခွင့်အရေးတွေ အများကြီးရှိပါသေးတယ်။ ဟုတ်တယ် မဟုတ်လား ... အဘရာ ... နော်လို့။ ကျွန်တော် ဒီည ဒီတလင်းထဲ မှာပဲ ညအိပ်ပြီး အဘနဲ့အတူ အရက်သောက်ပါ့မယ်"

"အေး ... အဲလိုလုပ်စမ်းပါ။ မီးဖိုထဲက ဒယ်အိုးထဲမှာ ဝက် သားဟင်း လုံးထားတာရှိတယ်။ အဲဒါကို မင်းကြိုက်သလိုလုပ်။ ကြောင် အိမ်ပေါ်က ပုလင်းကြီးထဲမှာ ငါးဖောင်ရိုးခြောက်တွေရှိတယ်။ ရေဆေး ပြီး အမြည်းလုပ်ရအောင် ကြော်။ ဌာနအုပ် ဦးမောင်ကလေးကို ညှော်ခံ တုန်းက လိုရမည်ရ ငါသိမ်းထားတဲ့ ရမ်ပုလင်းက လက်ကျန်ရှိသေး တော့ ဒီညလူကလေးနဲ့ အဘအတွက်ပေါ့။

✿ ✿ ✿

❑

နောက်တစ်နေ့ မနက် (၉)နာရီခန့် ကျွန်တော် အိပ်ရာက ထတော့ ...

"လူကလေး ... ကာလနဂါး နိုးပြီလားကွ။ လူတော်လူကောင်း အရာရှိကြီး ဖြစ်ချင်တဲ့သူဟာ စောစောအိပ်၊ စောစောထရတယ်။ အခု တော့ မင်းဟာက ညက စောစောအိပ်ပေမဲ့ မနက်ကျတော့ စောစော မထချင်ဘူး။ အဲဒီအကျင့်ကိုပြင်။

အဘဆိုရင် ညက ကင်းစစ်ရသေးတော့ ည(၁၀)နာရီမှ အိပ် ရတယ်။ အကျင့်ဖြစ်နေတော့ အရုဏ်ကျင်းတာနဲ့ နိုးတာပဲ။ မီးဖိုထဲမှာ ထမင်းကြော်ထားပြီးပြီ။ ညက ဟင်းကျန်ကလေးနဲ့ ရေနွေးကြမ်းသောက် ရင်း စားကြတာပေါ့။ မျက်နှာသစ်ပြီးပြင်တော့ လူကလေး ... မင်းပဲ ဦးမောင်ကြီးတို့အိမ် နတ်ကနားပွဲ သွားချင်တယ်ဆို"

"ဟုတ်ပါ့ ... အဘရယ်၊ ကျွန်တော် မေ့နေတာ"

ကျွန်တော်တို့တူဝရီး စားသောက်ပြီးတော့ ရွာအရှေ့ပိုင်းသို့ ထွက်လာကြစဉ် ရွာအလယ် မင်းတုန်းချောင်းကူး တံတားရောက်တော့ သူနီဖောင်းဝတ်ပြီး ဆွဲခြင်းကလေးဆွဲလာသော ဆရာမလေးရွှေစင်အိ နှင့် ဆုံကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . အစ်ကိုလေးတို့ အိမ်ပြန်လာတာလား။ ညက ဘယ်မှာအိပ်ကြသလဲ။ ကျွန်မက အိမ်ပြန်၊ ညစာစားမလားလို့ မျှော်နေတာ"

"ကျွန်တော်တို့က လယ်တလင်းတဲကြီးမှာ စပါးတွေပုံထားတော့ စောင့်အိပ်ရသေးတယ် ဆရာမ။ အဲဒီမှာပဲ စားကြရသောက်ကြရပါတယ်။ ဒီညတော့ အိမ်ပြန်စားပါ့မယ်။ ဟိုမှာ ဟင်းပြွတ်နေပြီ"

"ဟုတ်ကဲ့ . . .။ အဲဒီတလင်းတဲက ဘယ်နားမှာလဲ။ ကျွန်မ လာလည်ရင်း ဟင်းချက်ပေးပါ့မယ်။ ကျွန်မ ထမင်းဟင်း ကောင်းကောင်း ချက်တတ်ပါတယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်။ ဆရာမလေး အားရက်ကျမှ လာလည်ပါ။ ကျွန်တော်တို့ လယ်တဲကြီးက ရွာအနောက်ပေါက်ကထွက်ရင် လှမ်းမြင်နေရပါတယ်။ ရွာအနောက်ဘက် သင်္ချိုင်းကုန်းအစပ်နားမှာပါ"

"ဟော့တော် . . . ညရေးညတာ မကြောက်ဘူးလား"

"ရိုးနေပါပြီ . . . ဆရာမရယ်။ သရဲဆိုတာ တစ်ခါမှလည်း အကောင်အထည် မမြင်ဖူးပါဘူး"

"တစ်ခါမှ အခြောက်မခံရဘူးလား"

"အကောင်အထည် မမြင်ရပေမဲ့ အရိပ်အငွေ့လောက်တော့ အခြောက်ခံရဖူးပါတယ်။ ဒါတွေကလည်း ဒီအရပ်ဒေသတွေမှာ မဆန်းတော့ပါဘူး"

"ဘယ်လိုအခြောက်ခံရတာလဲ . . . အစ်ကိုလေး"

ကျွန်တော်က ကျွန်တော် (၁၀)တန်းစာမေးပွဲဖြေအပြီး အဘနှင့် ပြန်လာစဉ် ညောင်ပင်သာရွာအကျော် ချောင်းကူးတံတား၌ နန္ဒင်းနှ





ပေးသော မီးနေသည် သရဲမအကြောင်းပြောပြတော့ ဆရာမကလေးမှာ ကြောက်လန့်ဟန်ဖြင့် ပခုံးကလေးတွန့်လျက် . . .

"ဒါနဲ့ ဒီချောင်းကူးတံတားမှာရော ရှိသလား . . အစ်ကိုလေး"

"ဒီချောင်းကူးတံတားမှာတော့ မကြားမိပါဘူး။ ဒီတံတားကလည်း ဆောက်ထားတာ၊ သုံးလေးနှစ်ပဲ ကြာသေးတော့ ရှေးဟောင်းတံတား မဟုတ်ပါဘူး"

ထိုစဉ် အဘက ဝင်၍ နှောက်တော့သည်။

"ဘယ့်နှယ်မရှိရမှာလဲ။ ဒီတံတားက အသစ်ဆောက်ထားတာဆိုပေမဲ့ တိုင်ကြီးတွေက (၈)လက်မ ပတ်လည်တိုင်ဟောင်းတွေ သူ့အဖေသူကြီး ဘယ်ကအချောင်ရလို့ ဝယ်ဆောက်ထားတာလဲမသိဘူး။ ဒါကြောင့် ဒီတံတားပေါ်ကို မိုးချုပ်နေဝင် အဖော်မပါဘဲနဲ့ မဖြတ်နဲ့ . . ဆရာမလေး။ ဒီကအကောင်က ကြီးတယ်။ သရဲမဟုတ်ဘူး၊ သဘက်အဆင့်လောက်ရှိတယ်။

သူက ညတိုင်ကျ တစ်လံလောက်လျှာကြီးကို ခင်းပြီး နားရွက်ကို စောင်လိုခြုံထားတာ။ အစွယ်က ပြူးပြူး၊ လကွင်းလောက် မျက်လုံးနီနီကြီးနှစ်လုံးနဲ့ အတော်ကြောက်စရာကောင်းတာ။ အမွေးအမှင်ထူထူ၊ အနံ့က ပုပ်အဲ့အဲ့နဲ့ အလွန်ညစ်ပတ်တာ။ ကျွန်တော်တို့ကတော့ ညရေးညတာ သွားလာနေရတော့ မကြာခဏ ကြုံဖူးတော့ ရိုးနေပါပြီ။ နောက်ပြီး ကျွန်တော်တို့မှာ ရိုင်ဖယ်သေနတ်တွေပါတော့ ကျွန်တော်တို့ကိုတော့ ကြောက်ပါတယ်။ မကြောက်ရင်လည်း ဒီကောင် မချောင်ဘူးလေ။ ကျွန်တော်တို့က အရေဆုတ်ပစ်မှာ"

မဟုတ်တာပြောနေသဖြင့် ကျွန်တော်က . . .

"အဘကလည်း ဆရာမလေး ကြောက်အောင် ခြောက်နေအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားမဆုံးမီ အဘက လက်ကာပြပြီး မျက်စိတစ်ဖက်မှိတ်ပြသဖြင့် ကျွန်တော် စကားတန်းလန်းနှင့် ရပ်လိုက်ရသည်။ ဆရာမလေးက အလွန်ကြောက်လန့်ဟန်ဖြင့် ...

"ချောင်းကူးတံတားက သာယာလွန်းလို့ ကျွန်မ အလုပ်က ပြန်လာတာနဲ့ ညနေစောင်းမှာ အမောအပန်းဖြေမလားလို့ စိတ်ကူးထားတာ။ တော်ပါသေးရဲ့ ... အဘပြောမှသိရလို့ ကျေးဇူးပဲနော်"

"အေး ... အေး ... ညရေးညတာ အသွားအလာ ဆင်ခြင်ပေါ့ ... ဆရာမလေးရယ်။ ဆရာမတို့အလုပ်က ညရေးညတာ အရေးပေါ်လူနာအတွက် လာခေါ်တတ်တော့ သတိထားပါ။ အဖော်ကောင်းမှ လိုက်ပါ။ အဘက စေတနာနဲ့ အသိပေးတာပါ"

"ဟုတ်ကဲ့ရှင့် ... ကျွန်မ ဆေးခန်းသွားပါဦးမယ်ရှင်"

ကျွန်တော်နှင့် အဘအောင်တို့ ဆရာမလေးနှင့် တွေ့ဆုံပြီးဖြစ်သဖြင့် အိမ်သို့ပင် မဝင်တော့ဘဲ နတ်ကနားပွဲကျင်းပရာ ရွာအရှေ့ထိပ် ဦးမောင်ကြီး၏အိမ်သို့ တန်းပြီး လာခဲ့ပါတော့သည်။

နတ်ကသည့် အိမ်ရှေ့ရောက်တော့ ဦးမောင်ကြီးက ထွက်၍ကြိုသည်။ မဏ္ဍပ်ထဲ၌ နေရာပေးသည်။ ဦးမောင်ကြီးမိန်းမ ဒေါ်ကျင်မြက နတ်ကတော် မိန်းမလျာတစ်ဦးကို ယပ်ခပ်ပေးနေသည်။

ထိုစဉ် ကျွန်တော်တို့အား နတ်ကနားပွဲ ရှေ့ဆုံးတန်းအုပ်စုမှ လှမ်းခေါ်သံကြားရသည်။

"ကိုအောင်တို့ ... ဒီဘက်လာကြဗျာ။ ဒီမှာ အဖွဲ့စုံတယ်"

ခေါ်သံကြား၍ ကြည့်လိုက်တော့ သံယောင်းမဦးပိန်၊ ဦးလေးကျော်၊ ကိုခွေးပုနှင့် သံလုံး၊ ကျီးကန်းငတင်အပြင် ကိုထမင်းချိုးတို့ပါ လူစုံတက်စုံ ရောက်ရှိနေကြပါသည်။





ဒေါ်ကျင်မြက ယပ်ခပ်ပေးနေသည်။ နတ်ကတော် မိန်းမလျာက စကားသံသေးသေး မပီကလာ၊ ပီကလာဖြင့် နတ်ဝင်သည့်ဟန်ဆောင်နေသည်။ ကျွန်တော်က ...

"အခုဝင်နေတာ ဘာနတ်လဲဗျ။ ကလေးပေါက်စနတ်လား"

"ဟဲ့ ... ဟဲ့ ... လူကလေး စကားကို ရိုရိုသေသေပြောရတယ်။ အဲဒါ မမနဲ့ဟဲ့ ... မမနဲ့နတ်ဝင်နေတာ"

ဟု နတ်ချော့နေသော မိန်းမလျာက ဝင်ပြော၏။

"မမနဲ့နတ်က အသက်ဘယ်လောက်ရှိပြီလဲ"

"ပုဂံခေတ်ကတည်းကဆိုတော့ အသက်တစ်ထောင်ကျော်ပြီပေါ့ဟဲ့"

"ဒါဆို ခင်ဗျားမမနဲ့က အသက်တစ်ထောင်ကျော်တာတောင် စကားမပီသေးဘူးဆိုတော့ သွယ်နာမစင်သေးလို့လားဗျာ"

"ဝါး ... ဟား ... ဟား ... ဟား ..."

ပရိသတ် ပွဲကျကုန်သည်။ ထိုစဉ် မိန်းမလျာကြီးက ...

"အောင်မယ်လေး ... မမနဲ့ရယ်၊ မသိနားမလည်တဲ့ ကလေးပြောတာ ဗွေမယူပါနဲ့နော်။ ခွင့်လွှတ်တော်မူပါ"

နတ်ထိန်းမိန်းမလျာကြီးနှင့် ဒေါ်ကျင်မြက ကြောက်လန့်တကြား တောင်းပန်၍ ကန်တော့နေကြသည်။ ကျွန်တော်တို့အဖွဲ့က ခပ်တည်တည်။ အိမ်ရှင်ဦးမောင်ကြီးကလည်း ခပ်ပြုံးပြုံး။ ယခင်ကတည်းက မယုံသလို၊ နတ်ကသည်ကိုလည်း ကျေနပ်သူမဟုတ်။ ဇနီးဖြစ်သူ ဒေါ်ကျင်မြ၏ဆန္ဒကို မလွန်ဆန်နိုင်၍သာ လွှတ်ထားရသည်ကိုး။

ထိုစဉ် သံယောင်းမဦးပိန်က ဆိုင်းဝိုင်းရှေ့ နတ်ကသောစင်ပေါ်သို့ 'ကျား'ဟု အော်ကာ ရှေ့ကျွမ်းပစ်၍ ဝင်ကတော့သည်။ ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကလည်း သဘောပေါက်သည်။ ချက်ချင်း နတ်ကျားကရန် နတ်ဒိုး ကောက်တီးတော့သည်။

ဦးပိန်က ရှေ့ကွမ်း နောက်ကွမ်းပစ်၍ ကျားက ကသည်။ တကယ်နတ်ဝင်သည်၊ မဝင်သည်တော့မသိ။ ဦးပိန် ကျားက,ကသည်မှာ အလွန်ကြည့်ကောင်းသည်။ ထိုအချိန် ပရိသတ်များက မဏ္ဍပ်အတွင်း အပြင်၌ ပြည့်လျှံသွားသည်။

ဦးမြဝင်းဆိုသော အတွင်းသိ ရှာသားတစ်ဦးက ကျားနတ်ဝင်နေသော ဦးပိန်ရှေ့သို့ ရေအပြည့်ထည့်ထားသော သောက်ရေအိုးတစ်လုံးကို သွားချပေးလိုက်သည်။ ဦးပိန်က သောက်ရေအိုးကို ပါးစပ်ဖြင့်ကိုက်ပြီး မတ်တတ်ရပ်ပြသည်။ ထို့နောက် ကျွမ်းသုံးလေးပတ်ထိုးပြရာ ရေအိုးကမကွဲ။ ကျွန်တော်တို့အုပ်စုက တဟေးဟေးအော်၍ လက်ခုပ်တီးတော့ ပရိသတ်အားလုံး လက်ခုပ်တီး၍ အားပေးကြသည်။

သံယောက်မဦးပိန် ကျားက,က၍ မောသလောက်ရှိသောအခါ ကျွန်တော့်အနားတွင် ထိုင်နေသော အဘထိတ်တုံးအောင်က ဝုန်းခနဲ မတ်တတ်ရပ်၍ လက်ဝါးနှစ်ဖက်ကို ခေါင်းပေါ်၌ တဖြောင်းဖြောင်းရိုက်ပြီး နတ်ကန္နားစင်ပေါ်သို့ ဝင်၍ကတော့သည်။

အဘအောင်မှာ ခန္ဓာကိုယ် တောင့်တောင့်ဖြင့် အကအလွန်ကြမ်းသည်။ နတ်စင်တွင်ခင်းထားသော ဝါးခြမ်းများမှာ တကြွပ်ကြွပ်မြည်နေသည်။ နတ်စင် ယိမ်းထိုးသလို လူကလည်း မျက်စိစုံမှိတ်ပြီး တဝုန်းဝုန်း အကကကြမ်းသည်။

“မကျေနပ်ဘူးဟေ့ ...မကျေနပ်ဘူး”

မကျေနပ်ဘူးဆိုသဖြင့် ကနားစီးမိန်းမလျာ အထာကြည်နှင့်





ဒေါ်ကျင်မြတို့က ကုန်းကန်တော့ကြရင်း တောင်းပန်စကားဆိုသည်။ ဦးပိန်ကျားနတ်ဝင်ကတည်းက သူတို့လန့်နေကြသည်လေ။

“အခုဝင်လာတာ ဘယ်ကိုယ်တော်ကြီးပါလဲရှင့်။ ပြီးတော့ ဘာတွေများ မကျေနပ်ပါသလဲရှင့်။ သမီးတော်တို့ကို ပြောမှ သိရမှာပါ။ အမိန့်ရှိတော်မူပါ”

“ခြော် ...ဒီလောက် အကောင်အထည်ကြီးနဲ့ ဝင်လာတာ တောင် ဘာနတ်မှန်း မသိကြဘူး။ နတ်ကတော်လုပ်စားပြီး အထာကြည်လိုက်တာ။ စီးတော်ကျား အရင်လွှတ်ပြီးမှ ဝင်လာတာ။ ငါကိုကြီးကျော်ပေါ့ဟဲ့”

ထိုစဉ် အောက်မှာ အပေါင်းသင်းများအဖွဲ့က ...

“ကိုကြီးကျော်တဲ့ဟေ့ ...”

ဟုအော်လိုက်ရာ နတ်ဆိုင်းက ကိုကြီးကျော်သီချင်းကို အလိုက်သင့် တီးပေးသည်။ ကျွန်တော်တို့အဖွဲ့က ကိုကြီးကျော်သီချင်းကို စာအားသွင်း၍ ‘ထိတ်တုံးအောင် ...ထိတ်တုံးအောင်’ ဟု လိုက်ဆိုကြသည်။

“ထူးလည်းထူးတယ် ××× မူးလည်းမူးတယ် ××× တို့ထိတ်တုံးအောင် ×××”

“မူးသူတွေ ပြိုင်ကာကမည် ××× ကသူတွေ ပြိုင်ကာမူးမယ် ထိတ်တုံးအောင် ××× ထိတ်တုံးအောင် ×××”

ဟု လက်ခုပ်လက်ဝါးတီး၍ လိုက်ဆိုကြသည်။ အကတစ်ပိုဒ်ပြီးတော့ ဦးပိန်ကျားကရင်း အဘအောင်ဘေးနားတွင် ပတ်နေသည်။ ဘာက ...

“စီးတော်ကျား ...လာစမ်း။ ဟံသာဝတီ အနောက်မြိမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သာမက တစ်ပြည့်လုံးမှာ ငါမပါရင် ပွဲမစည်တာကို သိကြရဲ့သားနဲ့ ငါ့ကို အဦးဆုံး မဖိတ်ဘူး။ ဟိုကောင်မ . . . အထာကြည်၊ ငါမကျေနပ်ဘူး။ နင့်ကို ငါ့စီးတော်ကျားနဲ့ တိုက်သတ်မယ်။ ဘာမှတ်သလဲ''

''မိန့်တော်မူပါ . . . ကိုယ်တော်ကြီး၊ သမီးတို့ မေ့လျော့ပြီး အမှားပါရင်လည်း ခွင့်လွှတ်တော်မူပါ။ အခါတိုင်းက ကိုယ်ကြီးကျော်က နောက်ပိုင်းမှ ဝင်တတ်လို့ပါ''

''နောက်ပိုင်းဝင်တာ မိန်းမလျာဟဲ့။ ငါကတော့ ဦးဦးဖျားဖျား ရှေ့ပိုင်းပဲ ဝင်ချင်တယ်''

''ဝါး . . . ဟား . . . ဟား . . . ဝါး . . .''

ပရိသတ်က မည်သို့ခံစားပေါက်သည်မသိ တဝါးဝါးတဟားဟား ပွဲကျပြီး လက်ခုပ်တီးကြရာ ဆိုင်းဝိုင်းက မနည်းပတ်တုတ်ပေးရသည်။

''ဖေကျို . . . ဖေကျို . . . ချမ်းချမ်း . . . ဂွမ်း . . .''

''ကဲ . . . ငါနဲ့ ငါ့စီးတော်ကျားကို သောက်တော်ရွှေရည် ဆက်စမ်း''

''မှန်လှပါ့ . . . ကိုယ်တော်ကြီး''

နတ်ကတော်အထာကြည်နှင့် ဒေါ်ကျင်မြက ရေတစ်ခွက် လာဆက်သည်။

''တယ် . . . ဒီဟာမတွေ သတော့မှာပဲ။ သောက်တော်ရွှေရည်ဆိုတာ အရက်ကိုပြောတာ။ အရက်ဆိုတာတောင်မှ ငါက ရွှေရောင် Rum အရက်ကို ပြောတာ။ ငါ့တပည့်အောက်လက်ငယ်သားတွေ လာတယ်။ ပုလင်းလိုက်ဆက်စမ်း''

''မှန်ပါ့ . . . သည်းခံတော်မူပါ . . . ကိုယ်တော်ကြီး''





ဒေါ်ကျင်မြက ပွဲတင်ထားသော Rum အရက်ပုလင်းကို ယူပြီး ပုလင်းလိုက်ဆက်သည်။ အဘအောင်က ပုလင်းအဖုံးကို ပါးစပ်နှင့် ကိုက်လှည့်ဖွင့်ပြီး (၃)ငုံခန့် ရေမရောဘဲ ပုလင်းလိုက်မော့သည်။ ပြီးနောက် သူ့စီးတော်ကျား ဦးပိန်အား တိုက်သည်။ ဦးပိန်က လေးဘက်ထောက်ပြီး ခေါင်းမော့၍သောက်ရာ ပုလင်းတစ်ဝက် ကျိုးသွားသည်။ ထိုပုလင်းကိုမှ ကျွန်တော်တို့အား ပေးသည်။

ကိုကြီးကျော်က တစ်ပိုဒ်က ပြန်သည်။ စီးတော်ကျားကလည်း အရက်မူးလာသဖြင့် ရှေ့ကျွမ်း၊ နောက်ကျွမ်း ပစ်၍ကသည်။

''ကဲ . . . အမြည်းတော်ဆက်စမ်း။ အရက်လည်း နောက်တစ်လုံးပေး။ ဒီနေ့တော့ ပွဲစင်ပေါ်က အရက်တွေ အကုန်သောက်ပြီးမှ ပြန်ကြမယ်''

နတ်ကတော် အထာကြည်က ပွဲတင်ထားသော အရက်တစ်လုံးကို ယူပေးသည်။ ဒေါ်ကျင်မြက ငါးအကောင်လိုက်ကြော်နှင့် ကြက်ကြော်ကို ယူပေးသည်။ နတ်ပွဲထုံးစံအတိုင်း တုံးတစ်ခြင်းမဟုတ်ဘဲ အကောင်လိုက်ကြော်ထားရာ အဘအောင်က မဆန့်မပြဲ ကိုက်ဆွဲစားသည်။ ပြီးမှ ကျွန်တော်တို့ဘက် ပစ်ချကြွေးသည်။ ရမ်ပုလင်းကတော့ ကုန်။ အဘနှင့် စီးတော်ကျားက တစ်လဲစီ မော့နေကြသည်။ စားပြီး တတိယအပိုဒ်က ပြန်သည်။

ဤသို့ဖြင့် သုံးချီ၊ သုံးလား ကကြရာ နတ်စင်ပေါ်တွင်တင်ထားသော အရက်နှင့်အမြည်းများလည်း ကုန်ပေပြီ။ ညနေလည်း စောင်းပြီ။ အဘအောင်နှင့် သံယောက်မဦးပိန်တို့ မွေ့ချက်ကြောင့် အခြားနတ်များ မဝင်နိုင်။ နတ်ကတော်အထာကြည်နှင့် ကနားရှင်ဒေါ်ကျင်မြတို့ ရှိခိုးဦးတင်တောင်းပန်လေမှ ကိုကြီးကျော်ဝင်သည်ဆိုသည့် အဘ

www.burmeseclassic.com



အောင်တို့က . . .

"ကျေနပ်ပြီဟေ့"

ဟု အော်ကာ ကျွမ်းထိုးပြီး နတ်စင်အောက်ဆင်းသည်။ ဦးပိန်က ကျွမ်းထိုးခြင်းကို ကျွမ်းကျင်သဖြင့် ပြဿနာမဖြစ်သော်လည်း အဘအောင်က သူ့ခန္ဓာကိုယ်ကြီးကို မထိန်းနိုင်ဘဲ ဦးပိန်နှင့်အပြိုင် လိုက်ထိုးရာ ကျွန်တော်တို့အဖွဲ့ အောက်ကဆီးဖမ်း၍သာ တော်ပေတော့သည်။

အဘအောင်က မျက်နှာပူသည်ဆို၍ ကျွန်တော်တို့ပြန်ကြရာ နတ်စင်ပေါ်၌ သောက်စရာ အရက်ပုလင်းနှင့် မြည်းစရာများ ကုန်ပြီဖြစ်သဖြင့် အထာကြည်က ယောကျ်ားနတ်များ မဝင်တော့ဘဲ မိန်းမနတ်များသာ ဝင်၍ကနေရတော့သည်။ ကျွန်တော်တို့အဖွဲ့ကို ကျေနပ်ဟန်တော့မရှိ။ နတ်ကနားရှင် ဒေါ်ကျင်မြက နတ်ကို အလွန်ယုံသည်လေ။

ဟန်ဆောင်လုပ်ကြံ၊ ကြံစည်ခြင်းဖြစ်ကြောင်း သိသော်လည်း နတ်ဝင်သည်နှင့်ပတ်သက်၍ မပြောရဲ မဆိုရဲ။ ရေငုံနှုတ်ပိတ်နေသည်။ ဒေါ်ကျင်မြယောကျ်ား ဦးမောင်ကြီးကတော့ ကျွန်တော်တို့အဖွဲ့အား အလွန်သဘောကျနေသည်။ နေ့တိုင်း လာကကြရန် ဖိတ်ခေါ်နေပြီး လက်ထောင်ပြသည်။

ကျွန်တော်တို့အပြန်တွင်တော့ အဘအောင်နှင့် ကျားဝင်သည် ကျီးကန်းငတင်ကို တွဲ၍ ပြန်ရသည်။ ရမ်အရက်ကို ရေမရောဘဲ တစ်ယောက်တစ်လုံးစီခန့် သောက်ခဲ့သောကြောင့်ဖြစ်သည်။ မူးနေသည့်တောင် အဘအောင်က ထိတ်တုံးအောင် တေးသွားကို အသံဝါကြီးဖြင့် ဆိုနေပါသေးသည်။ ကျွန်တော်တို့ ရွာထဲမဝင်တော့ဘဲ တလင်းတဲကြီးသို့ ပြန်ခဲ့ကြပါသည်။

✿ ✿ ✿

❑

နတ်ကနားပွဲအပြီး သုံးလေးရက်ခန့်အကြာတွင် ဒေါ်ကျင်မြယောကျ်ားဦးမောင်ကြီး ကျွန်တော်တို့တလင်းတဲအိမ်ကြီးသို့ ရောက်လာပြီး အဘအောင်နှင့် နှစ်ကြိမ်၊ သုံးကြိမ်ခန့် တိုးတိုးတိတ်တိတ် တိုင်ပင်နေကြသည်ကို တွေ့ရပါသည်။ ဘာတွေကြိတ်ကြံနေသည်မသိ။ ကျွန်တော်ကလည်း မမေးမိ။ အဘအောင်ကလည်း မပြောပါ။

တစ်ပတ်ခန့်အကြာတွင် ကျွန်တော် လယ်တဲအိမ်ကြီးမှ ရွာထဲရှိ မိဘများအိမ်သို့ ပြန်လာခဲ့သည်။ မင်းတုန်းချောင်းကူးတံတားပေါ်၌ ဆရာမလေးရွှေစင်အိနှင့် ဆုံပြန်သည်။

"အစ်ကိုလေး . . . ဘယ်လျှောက်နေတာလဲ။ မိဘအိမ်တောင် ပြန်မလာဘူး။ လယ်တဲအိမ်မှာ စာရေးသောက်ရေး အဆင်ပြေရဲ့လား"

"မိုးတျတော့မယ်လေ . . . ဆရာမရဲ့၊ စပါးတွေကို အမိုးအကာအောက် ပုတ်ထဲထည့်ပြီး ဝမ်းစာအတွက်နဲ့ ပျိုးအတွက် လုံခြုံအောင်သိမ်းရတယ်။ ဝါးဘလောက်သောက်ရွာသွားပြီး ဆန်ကြိတ်ခွဲပြီး ပိုတဲ့ဆန်တွေ ရောင်းရတယ်။ ဒါကြောင့် အိမ်ဘက်မလှည့်နိုင်တာ။ စာရေးသောက်ရေးကတော့ ယောကျ်ားတွေပဲဗျာ၊ ဖြစ်သလိုပေါ့ဗျာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို ညီမ ဟင်းချက်ပြီး ဆေးခန်းသွားရင်း ဟင်းလာပို့ပေးမယ်။ ပုပုရွှေးရွှေးစားချင်ရင်တော့ ညနေဆေးခန်းကအပြန် ဟင်းလာချက်ပေးမယ်လေ။ အစ်ကိုလေးက ညီမအပြန် ပြန်လိုက်ပို့ပေးပေါ့"

ဆရာမလေးက ရေလာမြောင်းပေး စကားဆိုပါပြီ။ ကျွန်တော် ရေမစီးရဲသေးပါ။ အဘနှင့် တိုင်ပင်ရပါဦးမည်။

"ဟုတ်ကဲ့ . . . တစ်ခါတစ်ရံလောက်ပဲ လုပ်ပါ။ အမြဲတမ်းတော့ တာဝန်ကြီးပါတယ်။ ကျွန်တော်တို့က တောသားတွေပဲ ဖြစ်သလို စားတတ်ပါတယ်"

"အပန်းမကြီးပါဘူး . . . အစ်ကို၊ ညီမလာခဲ့ပါ့မယ်။ ဆေးခန်းမှာလည်း အားနေတာပါ။ လူနာလာမှ အလုပ်ရှိတာပါ။ ဒါနဲ့ ဒီချောင်းကူးတံတားက တကယ် သရဲခြောက်တတ်သလား . . . အစ်ကို"

"အဘ ချဲ့ကားပြီး ပြောတာနေမှာပါ။ ဒီလောက်ကြီးလည်း မဟုတ်လောက်ပါဘူး"

ကျွန်တော်က အဘအောင်စကားအား မဖျက်လို၍ မယုတ်မလွန် ဖြေရသည်။ အဘက ကျွန်တော် ဆရာမလေးအား သဘောကျနေမှန်းသိသဖြင့် လမ်းခင်းအကွက်ရိုက်ပေးမှန်း ကျွန်တော်သိပါသည်။ ဆရာမလေးက သရဲကြောက်တတ်တော့ ကျွန်တော်က အလုပ်သွားအလုပ်ပြန် ကိုယ်ရံတော်တပ်မှူးကလေးပေါ့"

"ဒါနဲ့ အစ်ကိုလေးတို့ (၁၀) တန်းအောင်စာရင်းတွေ ဘယ်တော့ထွက်မှာလဲ"

"လိုပါသေးတယ်။ မိုးတွင်း ဇွန်၊ ဇူလိုင်လတွေမှ ထွက်မှာပါ။ ထွက်တော့လည်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတင်ရမှာနဲ့ နောင်နှစ်လောက်မှ တက္ကသိုလ်တက်ရမှာပါ"





"ဟုတ်ကဲ့ . . . အစ်ကို၊ ညနေကျ ညီမ လာခဲ့မယ်နော်"

"ဟုတ်ကဲ့ ခင်ဗျာ"

ဆရာမလေး ဆေးခန်းဘက်ထွက်သွားတော့ ကျွန်တော် အိမ်ဖက်သို့ ပြန်ခဲ့ပါသည်။ အိမ်ရှေ့သို့ရောက်သောအခါ အိမ်အောက်ထပ် စားပွဲခုံရှည်ကြီး၌ ကျွန်တော့်အဖေ သူကြီးနှင့်အတူ နတ်ကနားပွဲပေးသော ဦးမောင်ကြီးနှင့် ဒေါ်ကျင်မြတို့အပြင် အဘထိတ်တုံးအောင်ကိုလည်း တွေ့ရသည်။ ကျွန်တော်ကိုမြင်တော့ အဘအောင်က လှမ်းခေါ်သည်။ ဒေါ်ကျင်မြက တရှုံ့ရှုံ့ငိုနေသည်။ ကျွန်တော်က အဘအောင်အနီး ခုံရှည်လွတ်သည့်နေရာတွင် ဝင်ထိုင်လိုက်ရင်း . . .

"ဘာတွေဖြစ်လို့လဲ . . . အဒေါ် . . . အဒေါ်ကျင်မြ"

"အီး . . . အဟီး . . . ဟီး . . . ပြောရမှာတောင် ရှက်ပါတယ် . . . လူကလေးရယ်။ မင်းဦးလေးက ဒေါ်လေးကို အိမ်ပေါ်က နှင်ချတယ်။ ပြီးတော့ ဒေါ်လေးယုံကြည်လို့ ကိုးကွယ်ထားတဲ့ နတ်တွေကိုလည်း ဓားနဲ့ခုတ်ပြီး မင်းတုန်းချောင်းထဲ မျှောပစ်တယ်။ အခုလည်း ဒေါ်လေးကို အိမ်ပေါ်ကမဆင်းရင် ဓားနဲ့ခုတ်သတ်မယ်ဆိုလို့ မင်းအဖေသူကြီးကို လာတိုင်ရတာပါကွယ်။ အမလေး . . . ကြားလို့ကောင်းကြသေးရဲ့လား . . . အရပ်ကတို့ရဲ့"

"အင် . . . အီး . . . အီး . . . ရွတ် . . ."

ကျွန်တော် အလွန်အံ့သြသွားရပါသည်။ တစ်သက်လုံး မိန်းမစကားနားထောင်၍ မိန်းမကြောက်ရသူ၊ ဦးမောင်ကြီးက ဓားကြိမ်း ကြိမ်း၍ အိမ်ပေါ်က နှင်ချသတဲ့လေ။ ကျွန်တော် ချက်ချင်း သဘောပေါက်သွားပါသည်။ အဘအောင်နှင့် ဦးမောင်ကြီးတို့ ကြိတ်ထိုးတိုင်ပင်သည်မှာ ဤကိစ္စဖြစ်ပေလိမ့်မည်။ အဘအောင်၏ စနက်ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမောင်ကြီး ... ပြောပါဦးဗျ၊ ဘယ်လိုဖြစ်တာလဲ"

"မင်းအဒေါ်က ငါ လင်ကြီးတစ်ယောက်လုံး တစ်အိမ်တည်း အတူနေပြီး ငုတ်တုတ်ရှိနေပါလျက် နောက်လင်ငယ် ယူတယ်လေကွာ"

"ဟာ ... ဦးလေးကလည်း ကျွန်တော်တို့ရွာမှာ ဒါမျိုးမရှိပါဘူး။ ကြားလည်း မကြားမိပါဘူး။ ဒေါ်လေးလည်း အသက်ကြီးပါပြီ၊ တစ်ယောက်များ ဝင်ချုန်တာလား။ အသေအချာစဉ်းစားပြီး ညှိနှိုင်းတိုင်ပင်ကြပါဦးဗျ"

"ဟုတ်ပါတယ် ... လူလေးရယ်၊ ဒေါ်လေးလည်း ဒီကိစ္စမျိုးကို စိတ်ကူးထဲတောင် မထည့်ပါဘူး။ ငါ့တူတို့၊ သူကြီးတို့၊ ကိုအောင်တို့ အသိပါကွယ်။ ပြောပေးကြပါဦး။ အဟင့် ... ရှုတ်"

"ဘာမဟုတ်ရမှာလဲ၊ လက်ပူးလက်ကြပ်မိတာတောင် ပြောင်လိမ်ချင်သေးတယ်။ တယ် ... ငါလုပ်လိုက်ရ၊ ငါလုပ်ကြီးဖြစ်တော့မယ် ဒီလိုငါ့တူရ ..."

နတ်ကနားပွဲ နောက်ဆုံးနေ့က မကျင်မြ လိပ်ပြာလှလို့ဆိုပြီး နတ်ကတော်အထာကြည်က မင်းလေးက တော်ကောက်တယ်ဆိုပြီး အဲဒီလူနဲ့ မင်္ဂလာဆောင်ပေးတယ်။ အဲဒီနေ့က ငါ့တူတို့မရှိလို့၊ မကျင်မြ မျက်နှာ ပျားရည်လိမ်းထားသလို ချိုနေတာပဲ။ ပုရွက်ဆိတ်တောင် တက်လောက်တယ်။

အဆိုးဆုံးကတော့ အဲဒီညမှာ သူက မင်းလေးနဲ့ လက်ထပ်ထားလို့တဲ့ဆိုပြီး ငါနဲ့အတူမအိပ်ဘူး၊ ခွဲအိပ်တယ်။ လူလေး ... စဉ်းစားကြည့်စမ်းကွာ။ ငါတို့ ပေါင်းသင်းလာတာပဲ (၁၅) နှစ်ရှိပြီ။ ငါ့အိမ်ပေါ်မှာ ငါ့ရဲ့လုပ်စာနဲ့ တင်မြှောက်ပသထားတာ။ ဒီမိန်းမအေး ထိုင်





မစားချင်ဘူးထင်ပါရဲ့။ ငါ့မိန်းမကိုပါ ကြာခိုတယ်ဆို သိပ်ပြီး မလွန်ဘူးလား။ ဒါကြောင့် ငါလည်း မခံနိုင်တော့လို့ နတ်ရုပ်တွေကို ဓားနဲ့ခုတ်ပြီး သူ့ပါ နှင်ချတာ။ ငါလွန်သလား ... လူကလေးရယ်"

ကျွန်တော် ဘာမျှ မဝေဖန်မီ အဘက ...

"မှန်တယ် ... မောင်ကြီး၊ မင်းဘက်က တရားတယ်။ အဲဒီမင်းလေးကို ပုဒ်မ (၄၉၇) မယားခိုးမှုနဲ့ အမှုဖွင့်တရားစွဲ၊ နတ်ကတော်အထာကြည်ကိုလည်း ပုဒ်မ (၄၉၇/၁၁၄) အားပေးကူညီမှုနဲ့ တရားစွဲ၊ ထောင်(၅)နှစ်စီတော့ တန်းနေတာပဲ။

နောက်ပြီး မကျင်မြက အိမ်ထောင်ရှင်ဖြစ်ပါလျက်နဲ့ အိမ်ထောင်ရေးဖောက်ပြန်ပြီး မင်းလေးနဲ့ လက်ထပ်တာဆိုတော့ လင်နဲ့မယားပိုင် ပစ္စည်းတစ်ယောက်တစ်ဝက် ရပိုင်ခွင့်မရှိဘူး။ အိမ်ပေါ်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းရမှာအေ့"

အဘထိတ်တုံးအောင်က မှုးမှုးနှင့် ဝင်ဖောက်သည်။ ထိုအခါမှ ကျွန်တော် ဇာတ်ရည်လည်တော့သည်။ ရယ်လည်း ရယ်ချင်သည်။ ဦးမောင်ကြီးက အလွန်အနေအေးသည်။ စကားပင် ဟဟပြောတတ်သူမဟုတ်။ အဘအောင်၏ စနက်ပင် ဖြစ်ပါလိမ့်မည်။ အဘက ဆက်၍ထောင်ပေးပြန်သည်။

"အေး ... ဒီကိစ္စမှာ သူကြီးလုပ်တဲ့ ငါ့ညီအပြစ်လည်း မကင်းဘူး"

"ဟာ ... အစ်ကိုကြီးကလည်း ... ဘယ့်နှယ် ... ငါ့ဘက်တိုလှည့်လာရတာလဲ"

"အဲဒီ မင်းလေးဆိုတဲ့အကောင်က ကုလားလေ၊ (FRC)ကွ၊ မင်းက မှတ်ပုံတင်မစစ်ဘဲ ငါတို့ ရွာထဲကို အဝင်ခံတယ်။ အဲဒီလို မင်း



www.burmeseclassic.com

www.burmeseclassic.com



က နတ်ပွဲတွေကိုခွင့်ပြုတော့ ဟိုက ရောင့်တက်ပြီး သူများမိန်းမတွေကို ပါ ကြာခိုတော့တာပဲ''

''တော်ပါတော့ . . . ကိုအောင်ရာ၊ မင်းဝင်ရှင်းမှ ပိုရှုပ်ကုန်ပါပြီ''

ကျွန်တော်က ပွဲပျက်စေရန် လူတတ်ကြီးလုပ်၍ ဝင်ဖျန်ဖြေသည့်သဘောဖြင့် . . .

''ကဲ . . . ကဲ . . . ဒေါ်လေးကျင်မြ ငိုမနေနဲ့တော့။ ဒါနဲ့ နတ်ကတော် မိန်းမလျာတွေရော ဘယ်ရောက်သွားပြီလဲ''

''မင်းဦးလေး ဓားနဲ့လိုက်လို့ ထွက်ပြေးသွားကြပါပြီကွယ်''

ကျွန်တော့်အဖေ သူကြီးက . . .

''ကိုးကွယ်တာလည်း ကိုးကွယ်တာပေါ့၊ ယုံကြည်တာလည်း ယုံကြည်တာပေါ့။ ကျွန်တော်တို့ မြန်မာပြည်မှာ ဘာသာရေးလွတ်လပ်ခွင့်ရှိပါတယ်။ အဲ . . . ဒါပေမဲ့ အလွန်အကျွံတော့ မဖြစ်စေနဲ့ပေါ့။ သဒ္ဓါလွန်တော့ တဏှာကျွံတယ်တဲ့။ အသက်တွေလည်း (၅၀) ကျော် ကုန်ကြပြီပဲ။ လူကြားလို့လည်း မကောင်းပါဘူး။ ဆက်ပြီး ရန်မဖြစ်ကြပါနဲ့တော့။

ကဲ . . . ကိုမောင်ကြီး၊ ဒေါ်ကျင်မြကို အိမ်ပြန်ခေါ်ပြီး အေးအေးဆေးဆေးနေ။ ဒေါ်ကျင်မြကလည်း ကိုမောင်ကြီးက မကြိုက်တာမလုပ်နဲ့တော့။ တကယ်တော့ ဒါတွေဟာ အတုအယောင်တွေပဲ။ ဗုဒ္ဓမြတ်စွာဘုရားကလွဲပြီး ဘာမှ မကိုးကွယ်တာ၊ မယုံကြည်တာ၊ အကောင်းဆုံးပဲ နောက်တစ်ခါ ရန်ဖြစ်ကြရင်တော့ ကျွန်တော့်အဆိုးမဆိုနဲ့။ ကော့မှူး ဂါတ်ပို့ပြီး အချုပ်ထဲကို နှစ်ယောက်စလုံး ထည့်ထားမယ်''





''ဟုတ်ကဲ့ပါ . . . သူကြီးမင်း။ ကျွန်တော့်ဘက်က မမှားစေရပါဘူး''

''ကျွန်မဘက်ကလည်း မမှားစေရပါဘူးရှင့်''

ဦးမောင်ကြီးနှင့်ဒေါ်ကျင်မြတို့ ပြန်သွားကြတော့ အဘအောင်မျက်နှာက စပ်ဖြီးဖြီးနှင့် တဟဲဟဲရယ်နေသည်။ အဘအောင်လက်ချက်မှန်း သေချာပေပြီ။ ထိုစဉ် ကျွန်တော့်အဖေ သူကြီးက . . .

''သား . . . ရွာကျောင်းက ဘဘုန်းဖျားနေတယ်။ အဲဒါ ဆရာမလေးကို ဆေးခန်းကခေါ်ပြီး သွားပြပေးလိုက်။ အပြန်ကျမှ အိမ်မှာ ထမင်းစား၊ ကြက်သားဟင်းချက်ထားတယ်။ သားလည်း အိမ်မှာကပ်ဦး၊ လယ်တဲမှာချည်းပဲ အချိန်ကုန်မနေနဲ့ ကြားလား''

''ဟုတ်ကဲ့ပါ အဖေ''

''ဘဘုန်းလည်း ကျန်းမာ၊ မင်းလည်း ဆရာမလေးနဲ့ အဆင်ချောတာပေါ့ကွာ။ ဘဘုန်း မကျန်းမာမချင်း မနက်ည နှစ်ခေါက်သွား။ ကြားလား . . . လူကလေး . . . ဟား . . . ဟား . . . ဟား . . .''

အဘအောင်ကလည်း ကျွန်တော့်အဖေ ရှေ့မှာတင် ဝင်ကြွပ်ပေးပြန်သည်။

''ကိုအောင် . . . ဆရာမလေးက မဆိုးဘူးဗျနော်''

အဖေက ထောက်ခံတော့ မီးဖိုချောင်ဘက်က အမေကထွက်လာပြီး . . .

''သားက ငယ်သေးပေမဲ့ စီးပွားရေးလည်း လုပ်တတ်နေပါပြီတော်။ သူများလက်မဦးခင် ကြောင်းလမ်းထားလိုက်ရအောင်''

အငယ်ညီမက ထွက်လာပြန်ပြီး . . .

''သမီးထောက်ခံတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ဘာတွေလဲ။ တစ်ဖက်က ဘာမှန်းမသိသေးဘဲ အမေတို့က ထောက်ခံနေ။ တော်ကြာ ... ဆရာမလေးမှာ ရည်းစားသနာရှိရင် သူကြီးသားဖြစ်တဲ့ ကျွန်တော် အရှက်ကွဲမှာ"

"ဒါဆို မင်းဘက်က သဘောကျတယ်ပေါ့ ... ဟုတ်သလား သား။ အမေ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်း"

"ဟာ ... အမေကလည်းဗျာ"

"အမေကလည်းဗျာဆိုရင် လူကလေး ကြိုက်ဟန်မတူဘူး ခယ်မရေ ... ငါလည်း လူပျိုကြီးပဲ၊ ငါနဲ့စပ်ပေးဟာ"

"ဝါး ... ဟား ... ဟား ... ဟား ..."

"အဘကလည်းဗျာ ... အသက်က (၆၀)နားပဲ ကပ်နေပြီ။ မိန်းမယူချင်တုန်းပဲလား"

"မင်း မှုလကျိုး သွန်နီလုပ်နေတာ၊ အမြင်ကပ်လို့ပေါ့။ မင်းအမေ၊ အဖေတွေ မေးကြည့်ပါလား။ ထိတ်တုံးအောင်တို့ စွံချက်က ငယ်စဉ်လူပျိုဘဝမှာ ဝိုင်းဝိုင်းလည်နေလို့ ရှောင်ပြေးနေရတာ"

အဖေက ...

"ဟုတ်တယ် သားရဲ့။ မင်းအဘက ပေါ့သေးသေးမဟုတ်ဘူး။ ငယ်စဉ်ဘဝက အလွန်စွံတာ။ သူကြီးသားဆိုတော့ မိန်းမတွေကကို ဝိုင်းပိုးတာ။ မင်းအဖေ့ကို ကြည့်ပါလား။ မင်းအမေက အဖေနဲ့မရရင် ရေနံဆီသောက် သေမယ်ဆိုလို့ အဖေက သနားပြီး ယူလိုက်ရတာ"

"တော်နော် ... ကလေးတွေရှေ့ မဟုတ်မဟပ်တွေ ပြောနေတယ်။ တော်ကသာ ကျွန်မကိုမရရင် မင်းတုန်းချောင်းထဲ ခုန်ချမယ်ဆိုလို့ ကျွန်မက လူကြီးတွေ စကားနားထောင်လိုက်ရတာ။ အဲဒီတုန်းက ကျွန်မက ရွာကွမ်းတောင်ကိုင်ရှင့် ... ဘာမှတ်သလဲ"





"အေးပါကွာ ... မင်းတုန်းချောင်းထဲခုန်ချပြီး ရေကူးမယ်ဆိုတာကို လူကြီးတွေ နားကြားလွဲတာပါ"

"တော်နော် ..."

အမေက အဖေ့ဗိုက်ကြော လိမ်ဆွဲလိုက်တော့ အဖေ ငြိမ်သွားတော့သည်။

"ဝါး ... ဟား ... ဟား ... ခစ် ... ခစ် ... ခစ် ..."

ကျွန်တော်တို့ မိခင်၊ ဖခင်များ ငယ်မူပြန်ကြသည်ကို ကြည့်ပြီး သဘောကျလှသဖြင့် တဝါးဝါးဖြစ်နေသည်။

"ကဲ ... ကျွန်တော်၊ ဆရာမလေးကို ဆေးခန်းကသွားခေါ်ပြီး ဘာဘုန်း ကျောင်းသွားလိုက်ဦးမယ်"

"အေး ... အေး ... သား ... အပြန်တော့ဝင်ခဲ့ဦး။ အမေက ဘာဘုန်းအတွက် ကြက်သားဆန်ပြုတ်ကလေး လုပ်ထားတယ်"

"အမေသွားတာ လာတာနဲ့ မီပါ့မလား"

"အခုမှ မနက် (၁၀)နာရီကျော်လောက် ရှိပါသေးတယ်။ သားရယ် ... ဂီလာနရဟန်းဆိုတာ မွန်းလွဲရင်လည်း ဆေးဖြစ်ဝါးဖြစ် ဘုဉ်းပေးလို့ရပါတယ်"

"ငါတောင် လိုက်ချင်သေး။ လူကလေးတို့ အနှောင့်အယှက် ဖြစ်မှာစိုးလို့"

အဘအောင်က ကပ်၍ နောက်ပြန်သည်။ ကျွန်တော်ကလည်း ပြန်၍ ...

"အဘတို့က လူကြီးတွေပဲ။ လူကြီးနေရာ လူကြီးနေ၊ ကလေးတွေကိစ္စမှာ ဝင်မပါပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ . . . ပြောထားဦးပေါ့။ ငါမပါရင် မင်းကိစ္စမဖြစ်ပါဘူး။ ငါနောက်ရင် မင်းသိသားနဲ့ ပွဲပျက်သွားလိမ့်မယ်"

"ဟာဗျာ . . . အဘကလည်း"

ကျွန်တော့်အဘ ထိတ်တုံးအောင်အကြောင်း သိသည်။ ကျွန်တော် အရက်သောက်တတ်သည်ကို ဆရာမလေးအား ချွန်ပေလိမ့်မည်။ ကြာလျှင် အဘနှင့်ကျွန်တော် အနိုင်အထက် စကားပြောနောက်ကြရင်း အမှားပါမည်စိုး၍ ကျွန်တော်အိမ်မှ အမြန်ထွက်ခဲ့လာသည်။ ရွာလယ်ဆေးခန်းရောက်တော့ ဆရာမလေးနှင့် ဆေးမှူးဦးကျော်စွာတို့ မိသားစု စကားထိုင်ပြောနေကြသည်။ ဆေးမှူးဦးကျော်စွာက ရွာဆေးခန်းအား အိမ်လုပ်နေခြင်းဖြစ်သည်။

"လာ . . . ထိုင်ဟေ့ . . . မောင်ဝင်း၊ ဘာကိစ္စ အရေးပေါ်လာသလဲ"

"ရွာဦးကျောင်းက ဘဘုန်းဖျားနေလို့တဲ့။ အဲဒါ ဆရာမလေးကို လာခေါ်တာ"

"ဟာကွာ . . . ဘဘုန်းဖြစ်မှတော့ ငါလည်းလိုက်မှာပေါ့။ တော်ကြာ မလေးမစားဖြစ်နေမယ်"

ဆေးမှူးဦးကျော်စွာက ဝင်ကလိပြန်ပါသည်။

"ဆရာတို့က ဆေးခန်းမှာ တစ်ယောက် Stand By နေရမှာ မဟုတ်ဘူးလား"

"ရွာမှာ ကျန်းမာရေးကောင်းနေကြတာ မင်းအမြင်ပဲလေ။ ဆရာတော်ကိစ္စဆိုတော့ ငါလည်းလိုက်မှ တော်ပေမပေါ့"

"ဖျားတာ၊ နာတာလောက်တော့ ကျွန်မနဲ့တင် ဖြစ်ပါတယ်





ဆရာ။ ကျွန်မလိုအပ်မယ်ထင်တဲ့ ဆေးဝါးတွေ အကုန်ယူသွားပါ့မယ်။ ရောဂါကြီးရင်တော့ ဆရာ့ကို ပြန်လာခေါ်ပါ့မယ်"

"အေးပါ . . . ငါနောက်နေတာပါ၊ သွားကြပါ။ ထိုးဆေးလည်း ယူသွား။ အအေးမိတာ နေမှာပါ"

ထိုအခါမှ ကျွန်တော် ဟင်းချမိသည်။ ဆေးမှူးဦးကျော်စွာကလည်း ရွာဆေးခန်းရောက်သည်မှာ နှစ်ပေါက်နေပြီဖြစ်၍ ကျွန်တော်တို့အကြောင်း အတွင်းသိ၊ အစင်းသိ၊ အဘထိတ်တုံးအောင်လိုလူမျိုးပဲ ဖြစ်သည်။ တစ်ခါတစ်ရံ အဘ တလင်းတဲကြီး၌ ခွက်ပုန်းလာချတတ်သည်။ ကျွန်တော်က ဆေးအိတ်ကိုဆွဲ၊ ဆရာမလေးက ဆွဲခြင်းကို ကိုင်ပြီး လမ်းလျှောက်လာကြရင်း မင်းတုန်းချောင်းကူးတံတားပေါ်သို့ ရောက်တော့ ဆရာမလေးက ခေတ္တရပ်ပြီး . . .

"အစ်ကိုလေး . . . ကျွန်မတော့ ဘာဖြစ်မှန်းမသိဘူး။ ဒီချောင်းကူး တံတားပေါ်ရောက်ရင် စိတ်ကို လန်းဆန်းသွားတာပဲ။ သရဲခြောက်တယ်ပဲပြောပြော ကျွန်မက ဒီနေရာကလေးကို အရမ်းသဘောကျတယ်။ ဘဝဟောင်းက ပဋိသန္ဓေဆက်များလားတော့မသိဘူး။ ကျွန်မ ဒီရွာကြီးကိုလည်း အရမ်းသဘောကျတယ်"

"ဟုတ်ကဲ့ . . . ဒီရွာက အလွန်စည်းလုံးညီညွတ်ပြီး သာယာပါတယ်။ တခြားရွာတွေမှာ လုံခြုံရေးမကောင်းတော့ ပတ်ဝန်းကျင်ရွာတွေက ဒီရွာမှာ လာစုနေကြတာ။ ရွာက ပိုစည်ကားလာတယ်။ ဒီ မင်းတုန်းချောင်းကူးတံတားကတော့ ရွာလယ်မှာ ဖြတ်စီးနေတာ။ ဒီချောင်းရေကြောင့် ရွာမှာ စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်နေတာပါ"

"ဒီရွာက ရွာဦးကျောင်း၊ စေတီနဲ့ ချောင်းကူးတံတားက အလွန်သဘာဝကျပြီး လှပသာယာပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလုပ်စဝင်တဲ့ (၂) နှစ်တွင်းမှာ မြို့ပေါ်မှာလည်း တာဝန်ကျဖူးတယ်။ တောရွာ နှစ်ရွာ၊ သုံးရွာမှာလည်း တာဝန်ကျဖူးပါတယ်။ ဒါပေမဲ့ ဒီမင်းတုန်းရွာကြီးလောက် မသာယာဘူးရှင့်။ ဆင်းရဲသားကလည်း များတော့ ကျန်းမာရေးကိစ္စလည်း အသိမကြွယ်ကြဘူး။

ကျွန်မတို့ခေတ်ပေါ်ဆေးကို အားမကိုးဘဲ ဆေးမြီးတိုနဲ့ ဗိန္ဒောပယောဂဆရာပဲ အားကိုးကြတာများတယ်။ အဲဒီတော့ ကလေးမွေးရင် မိခင်ရော၊ ကလေးပါ အသေအပျောက်များတယ်။ နီးစပ်ရာ ဆရာတွေနဲ့ကုတာ မနိုင်မှ ကျွန်မတို့ကို အားကိုးတာ။

အဲဒီတော့ အချိန်က လွန်နေပြီ။ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ ပေါက်ရတော့တာပေါ့။ ကျွန်မတို့လည်း ပင်ပန်းတယ်။ မနိုင်ရင် မြို့ဆေးရုံပို့ရတော့ စရိတ်စကလည်း အကုန်များတာပေါ့။ ဒီရွာကြီးကတော့ မြို့နဲ့ အဆက်အသွယ်မပြတ်တော့ ကျွန်မတို့ကို အားကိုးယုံကြည်လို့ ကျန်းမာရေးလည်း ကောင်းကြပါတယ်။

ဗိန္ဒောဆရာကောင်းကောင်းနဲ့ ဆရာမ ကြုံဖူးသလား။ အဖျား၊ အနာတင်မကဘဲ ရောဂါအမျိုးမျိုးနဲ့ ဒဏ်ရာအနာတွေကို (၇)ရက်အတွင်း ပျောက်အောင်ကုနိုင်တယ်။ ကျွန်တော့်ဆရာကြီးပဲ ကျွန်တော်က ဆရာကြီးရဲ့လက်ထောက်။ ဆေးဆရာကြီးနာမည်က ဆရာမှိုင်းတဲ့။ အလွန်တော်တာ။ အသပြာဆရာ မဟုတ်ဘူး။ စေတနာဆရာ။ အခု အထက်မြန်မာပြည်ဘက် ခရီးသွားနေတယ်။

အဘက ကြုံရာအိပ်၊ ကြုံရာစား ဆေးကုတာ။ ကျွန်တော်တို့ စပါးပေါ်ချိန်မို့ ကျွန်တော် ပါမသွားတာ။ အလွန်အင်မတန်တော်တဲ့ ဆရာကြီးပဲ။ အရင်က ဟံသာဝတီတစ်ပိုင်းလုံး ဆရာကြီးကိုပဲ အားကိုးကြရတာ။ ဆရာကြီးပြန်လာမှ ကျွန်တော် ဆရာမနဲ့ တွေ့ပေးမယ်"





"ဩော် ... အဲလိုဆရာကြီးမျိုးလည်း ရှိသလား။ ကျွန်မ လေးစားပါတယ်ရှင်။ တွေ့ချင်စမ်းပါဘိ"

ကျွန်တော်တို့ ချောင်းကူးတံတားပေါ်၌ ခေတ္တနားကြရင်း လမ်းလျှောက်ပြီး အိမ်ဝင်သည်။ အဘနှင့်အဖေက ထမင်းစားရန် ပြင်ဆင်နေကြသည်။ ကျွန်တော်တို့နှစ်ဦးကိုမြင်တော့ အဘအောင်က ပြုံးထွေထွေ။ အဖေကတော့ လှမ်းရှုတ်ဆက်သည်။ အမေက ညီမလေးနှင့်အတူ ထမင်းပြင်နေရာမှ အသင့်ထည့်ထားသော ဆန်ပြုတ်နှင့် ဟင်းချိုင့်ကို ယူပေးသည်။

"ကဲ ... သားတို့ နာဦးမလား၊ အမြန်သွားရင်တော့ ဆွမ်းကပ်မီတာပေါ့။ အပြန်ကျမှ ထမင်းစားကြနော်"

"ဟုတ်ကဲ့ပါ ... အမေ"

ကျွန်တော်က ဆေးအိတ်ကြီးကိုင်လျက် ဆွမ်းချိုင့်အား လှမ်းယူတော့ ဆရာမလေးက ...

"အစ်ကိုလေး ... ညီမ ဆွမ်းချိုင့်ဆွဲခဲ့မယ်။ အစ်ကိုလေးက ဆေးအိတ်ကြီးနဲ့။ ညီမအိမ်မှာ ဆွဲခြင်းထားခဲ့မှာ"

ကျွန်တော်တို့နှစ်ဦး အထုပ်အပိုးကိုယ်စီနဲ့ ထွက်လာကြတော့ အဘက မကြားတစ်ကြား

"ရှေ့သွားနောက်လိုက် ညီတယ်နော် ... ညီလေး"

ဟု ကျွန်တော်အဖေ့အား ပြောသံကို ကြားရသည်။ ဆရာမလေးကတော့ ကြားမကြားမသိ။

ကျွန်တော်တို့ ရွာဦးကျောင်းရောက်တော့ ဆရာတော်က ကျက်သရေခန်းရှေ့ ကျောင်းပက်လက်ကုလားထိုင်ကြီးပေါ်၌ ထိုင်နေပြီး ဂုဏ်ယ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ခြေဆုပ်လက်နယ် နှိပ်ပေးနေသည်။ ကျွန်တော်တို့ကို မြင်သည်နှင့် ...

"လာကြ ... ဒကာလေးနဲ့ ဆရာမလေး၊ နေကောင်းကြရဲ့နော်"

"တင်ပါ့ဘုရား ... ဆရာတော် သက်သာရဲ့လားဘုရား"

"အအေးမိတာပါ၊ အစာမကြေချင်ဘူး။ အဖျားနည်းနည်းရှိတယ်။ အသက်ကြီးလာတော့လည်း လှုပ်ရှားတာနည်းတော့ ဣရိယာပုတ်မမျှဘူးထင်ပါရဲ့"

"တပည့်တော်အမေက ကြက်သားဆန်ပြုတ်နဲ့ ဟင်းတွေ ထည့်ပေးလိုက်ပါတယ်ဘုရား"

"အိမ်း ... အိမ်း ... သုံးဆောင်ရတာပေါ့"

"တပည့်တော်မ အဖျားတိုင်းပြီး သွေးပေါင်ချိန်တိုင်းချင်ပါတယ် ... ဆရာတော်ဘုရား"

ကျွန်တော်နှင့် ဆရာမလေးတို့ ဆရာတော်အား ဝတ်ပြုရှိခိုးကြသည်။ ပြီးမှ ကျွန်တော် သတိရသည်။ ဆရာမလေးက ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း အလိုက်အထိုက်နေတတ်သည်ကို သဘောကျမိသည်။

သွေးပေါင်ချိန်ချိန်တော့ ကျွန်တော်က ဝိုင်းကူရသည်။

"၁၂၀၊ ၈၀ ဆိုတော့ မများပါဘူး ... ဘုရား။ အဲ ... အဖျားကတော့ ၁၁၀ ဆိုတော့ နည်းနည်းရှိတယ်။ တပည့်တော်မ ဆေးထိုးပေးပါ့မယ်။ ပြီးရင် ကြက်သားဆန်ပြုတ်၊ သောက်လို့ရပါတယ်ဘုရား။ သောက်ဆေးတွေလည်း ပေးခဲ့ပါ့မယ်။ မနက်ဖြန်လည်း ဒီချိန်လာကြည့်ပါဦးမယ်ဘုရား"





"အိမ်း ... အိမ်း ... ကျန်းမာလို့ ချမ်းသာကြပါစေကွယ်"

ဆေးထိုးပြီးတော့ ဆရာမကလေးကိုယ်တိုင် ဆန်ပြုတ်ဆွမ်းကပ်သည်။ ငါးကြော်နှင့် ကြက်သားကြော်ကို အရိုးနွှင်ပြီး အသင့်စားနိုင် ပြုလုပ်ပေးသည်။

"ဆရာတော်က ကြက်သားဆန်ပြုတ်ကို တစ်ပန်းကန် ကုန်အောင်သောက်သော်လည်း အသားများကိုတော့ အနည်းငယ်သာ ဘုဉ်းပေးသည်။ ပက်လက်ကြိမ်ကုလားထိုင်ကြီးတွင် ပြန်ထိုင်တော့ ချွေးများထွက်လာသည်။

"ဆရာမလေးဆေး တယ်စွမ်းတာပဲ။ ချွေးပြန်လာတော့ နေတော်သက်သာပါသွားပြီ"

"အနာနဲ့ဆေး တည့်အောင်ပေးရင် ပျောက်ရေးမခက်ပါဘူးဘုရား။ ချွေးတိတ်သွားရင်တော့ သင်္ကန်းလဲလိုက်ပါဘုရား"

"အိမ်း ... အိမ်း ... သာဓုပါဗျာ ... သာဓုပါ ... သာဓုပါ။ ဆရာမလေး ဒီရွာမှာ နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"အားလုံးအဆင်ပြေပါတယ် ဘုရား။ သူကြီးမိသားစုက မိဘအရင်းလို ဂရုစိုက်ပါတယ်ဘုရား။ လိုလေသေးမရှိပါဘူး၊ ပြည့်စုံပါတယ်ဘုရား"

"အိမ်း ... အိမ်း ... သူကြီးက ဘုန်းကြီးညီ အငယ်ဆုံး။ သိပ်တန်အေးတယ်။ ဟိုအလတ်ကောင် ထိတ်တုံးအောင်ကတော့ အခု အသက် (၆၀)နား နီးနေပြီ။ ဆိုးတုန်းမိုက်တုန်း။ ဒီကလူကလေးကတော့ထူးချွန်ပေမဲ့ ထိတ်တုံးအောင်ရဲ့ တပည့်ခံနေတာ။ ဆရာမလေးထက်တော့ အသက်နည်းနည်းကြီးမလားဘဲ။ အဲဒီကောင် မလိုးဒ



www.burmeseclassic.com

www.burmeseclassic.com



ရင် ဘုန်းကြီးကိုတိုင်၊ ကြားလား။ ခိုင်းစရာရှိရင် အားမနာနဲ့ နေ့ရေး ညည နိုင်းသာခိုင်း''

''တင်ပါ့ဘုရား''

''ကဲ . . . နေ့လယ်စာ မစားကြရသေးဘူးထင်ရဲ့၊ ပြန်ကြတော့ ဘုန်းကြီးလည်း ကြိမ်းလိုက်ဦးမယ်။ နောက်နေ့တွေလာရင် ဒီကျောင်း မှာ ထမင်းစားကြ။ ကပ္ပိယကြီး စီစဉ်ပေးလိမ့်မယ်''

''တင်ပါ့ဘုရား။ တပည့်တော်တို့အိမ်မှာပဲ စားပါ့မယ်ဘုရား''

''အိမ်း . . . အိမ်း . . . သာဓု . . . သာဓု . . . သာဓု . . .''

ကျွန်တော်တို့ အိမ်ပြန်လာပြီး အမေနှင့်ညီမလေးပြင်ပေးသော ထမင်းကို လက်ဆုံစားကြသည်။ အမေနှင့်ညီမလေးက ကျွန်တော့် အား ညှီသည်များသဖွယ် ဘေးမှ ယပ်ခတ်ပေးရင်း သဘောကျနေ သည်။

''ဆရာမလေးရောက်လာမှ အမေတို့အိမ်လည်း စည် တော့တယ်။ သားက တလင်းထဲမှာ အနေများတယ်။ သူ့ဘကြီး ကျွေးတဲ့ ထမင်းဟင်းကို ဖြစ်သလိုစားကြရတာ။ ဆရာမလေးလည်း နေတော့ အိမ်ပြန်ပြီး မကြာခဏ ထမင်းစားပါကွယ်။ ဩော် ... သားရေ့ . . . မင်းဘကြီးအောင်က ညနေ တလင်းထဲပြန်လာဖို့ သွားတယ်။ ညနေ အလုပ်ရှိသတဲ့''

''ဟုတ်ကဲ့ အမေ''

''ဒါဆို အတော်ပဲပေါ့။ ကျွန်မလည်း အစ်ကိုလေးတို့ တ ထဲ မရောက်ဖူးလို့ သွားလည်ရင်း ညနေကျ၊ ထမင်းဟင်းချက်ပေး လို့ ပြောထားတယ်''





''နောက်နေ့မှလာပါ ဆရာမ။ အဘအောင် သွားစရာကိစ္စရှိ တယ် ထင်ပါရဲ့''

''ဟင့်အင်း . . . ညနေကျ လာမှာပဲ''

''မဟုတ်ဘူး . . . ဆရာမရဲ့၊ အဘအောင်နဲ့ ကျွန်တော် အပြင် သွားနေရင် လွဲမှာစိုးလို့ပါ။ တလင်းထဲမှာက တဲစောင့်သံလုံးပဲ ရှိနေမှာ။ အားနာလို့ပါ''

''ကိုယ်တော်ချော မသိရင်ခက်မယ်။ အဲဒီသွားမယ့်ဆီကိုလည်း လိုက်မှာပဲ''

ထိုစဉ် အမေက သဘောပေါက်ဟန်ဖြင့် . . .

''ဆရာမရေ့ . . . သူတို့တူဝရီးက လှည်းတစ်စီးနဲ့ နေဝင်မိုး ချုပ် သွားနေတာ၊ မသင့်လျော်ဘူး။ နောက်နေ့ကျမှ သားက ဆရာမလေး ကို ရွာဆေးခန်း လာခေါ်လှည့်''

တော်ပါသေးသည်။ အမေဝင်ရှင်းမှ ဆရာမလေး နှုတ်ဆိတ် သွားသည်။ ညီမလုပ်သူကတော့ ကျွန်တော့်အား မဲ့ပြနေပါသည်။

ကျွန်တော်ပြန်လာတော့ ဆရာမလေး အလုပ်ပြန်မဆင်းတော့ ဘဲ အိမ်တွင် ကျန်နေခဲ့သည်။ ရွာလယ်ချောင်းကူးတံတားရောက်တော့ ကျွန်တော် ဆရာမလေးကို သတိရပြန်သည်။

ကျွန်တော် တလင်းထဲရောက်တော့ အဘအောင်က တပည့် များအစုံအလင်နှင့် ဝက်ပေါက်တစ်ကောင်ကို ပေါ်နေသည်။

''အဘ . . . ဘယ်က အကြံအဖန်ရလာတာလဲ''

''ဟော . . . တူချစ်ကလေး ပြန်လာပြီလား၊ အဆင်ပြေရဲ့ ဦးမောင်ကြီး ကောင်းမှုလေကွာ။ သူ့မိန်းမနဲ့ အဆင်ပြေသွားလို့ အဖွဲ့ကို ချီးမြှင့်တာ။ ရမ်အရက် သွားရှာနေတယ်။ မကြာခင် ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာလိမ့်မယ်။ လူကလေးက အိမ်ပြန်တယ်ဆိုတော့ ထမင်းစားပြီးရော ပေါ့။ အဘတို့အဖွဲ့ကတော့ မစားရသေးဘူး။ ဝက်လိုက်ဖမ်းနေရတာနဲ့ နေ့ဝက်ကျိုးရောကပဲ။ ဝင်သလောက်တော့ စားဦးပေါ့ကွာ''

အဘတို့အဖွဲ့က မြိုင်သည်။ ထမင်းချက်သူ၊ ရေနွေးအိုးတည်သူ ကလီစာကိုင်သူ၊ ဝက်မွေးခြစ်သူ၊ အသားခုတ်ထစ်သူနှင့် မြိုင်ဆိုင်လှသည်။ ကလီစာဟင်းနှင့် အူမကြီးသုပ်၊ ဝက်ခေါင်းသုပ်၊ စပါးလင်ခပ်ထားသော ဝက်ခြေထောက်ပြုတ်တို့မှာ လတ်ဆတ်သဖြင့် အလွန်အရသာရှိသည်။

မကြာမီ ဦးမောင်ကြီးနှင့် ကိုလေးကျော်တို့ ရမ်အရက်ပုလင်းနှင့် ဖန်ခွက်အသစ်၊ ပန်းကန်အသစ်များ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ပြန်လာကြသည်။

''ကိုအောင်ရေ ... ရွာလယ်မတရုတ်မဆိုင်က ရမ် ၅ ပုလင်းပဲ ရတာနဲ့ အကုန်ဆွဲလာခဲ့တယ်။ ပန်းကန်လုံး၊ ပန်းကန်ပြားလည်း ထိုမှာမို့ ဝယ်လာတယ်။ ဖန်ခွက်တွေပါ အဆစ်ပါသေးတယ်။ ကိုအောင့်တဲမှာက အကြမ်းပန်းကန်နဲ့ အရက်သောက်ရတာ မမိုက်ပါဘူးဗျာ''

''ဟင် ... ဦးလေးက အရက်မသောက်တတ်ဘူး၊ ဝက်သားမစားဘူးဆို''

''ဟကောင် ... တူလေးရဲ့ အိမ်မှာ မင်းကြီးမင်းလေး ထိုကွယ်တော့ အရက်လည်း မသောက်ရဘူး၊ ဝက်သားလည်း မစားရဘူးဟော ... အခုတော့ မင်းဘကြီး ထိတ်တုံးအောင်ကျေးဇူးကြောင့် အိမ်မှာ ဘာနတ်မှမရှိတော့ဘူး၊ ရှင်းလို့ လင်းလို့။ ဒါကြောင့် အခုမှ အတိုး





ပြီး အရက်ကောင်းကောင်းသောက်မယ်၊ ဝက်သားအဝတွယ်မယ်။ ဟား ဟား ... ဖိမ်ဘဲဟေ့။ ကိုအောင့်ကျေးဇူး ကြီးပါပေတယ်။

ဒါကြောင့် အခုတော့ ကျေးဇူးဆပ်တာ။ ကုန်ချင်သလောက်ကုန်ပါစေ။ ဘယ့်နှယ်ကွာ ... နတ်တွေပ,သရလို့ ကုန်လိုက်တဲ့ငွေ သောက်သောက်လဲ။ ဟော ... အခု နတ်တွေလည်း မောင်းချလိုက်ကရော ... ဟော ... အခုတော့ အရင်က ဆုံးပြီလို့ထင်ထားတဲ့ အကြွေးတွေတောင် ပြန်လာဆပ်ကြတယ်။ မင်းအဒေါ်လည်း အမြင်မှန်ရသွားပြီဟေ့''

''ဟား ... ဟား ... ဟား ... ဟား ...''

ကျွန်တော်က ထမင်းစားပြီးပြီဖြစ်၍ နေ့လယ်စာစားပြီး တစ်ရေးအိပ်လိုက်ပါသည်။ ညနေစောင်းတော့ ဧည့်သည်လာသည်ဆိုသဖြင့် အဘက အိပ်ရာကနိူးတော့ ဧည့်သည်မှာ ကျွန်တော့်ညီမနှင့် ဆရာမလေးတို့ဖြစ်နေကြသည်။ တော်ပါသေးသည်။ ကျွန်တော် ထမင်းစားထားသဖြင့် အရက်မသောက်ရသေး။ ဧည့်သည်များလည်း ပြန်ကုန်ကြရာ အဝေးမှလာပြီး ညအိပ်မည့် ကိုထမင်းချိုးသာ ကျန်နေတော့သည်။

''မနက်ဖြန်ညနေမှ လာကြမယ်ဆို''

ကျွန်တော်က မျက်နှာသစ်ရင်း လှမ်းမေးတော့ ညီမလေးက ...

''အိမ်ခြေရင်းက ကိုမဲကြီး ငှက်တွေရလာလို့ လာပို့တယ် အစ်ကို။ အဲဒါ အမေကပါ ပို့ခိုင်းတယ်။ ဆရာမလေးက ချက်ပေးမယ်တဲ့''

''ဟာကွာ ... အားနာစရာ။ ဒီမှာ အဘထိတ်တုံးအောင်နဲ့ ကိုထမင်းချိုးတို့က ကောင်းကောင်းချက်တတ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် . . . အစ်ကိုလေး ညီမလက်ရာကို စားဖူးတယ်ရှိအောင် ချက်ကျွေးချင်လို့ပါ"

ဆရာမလေးနှင့် ညီမလေးက မီးဖိုပြာဖြင့် ငရုံအရေခွံအား စင်ကြယ်အောင်တိုက်ဆေးပြီး တုံးတစ်သည်။ ပြီးနောက် မီးမွှေး၍ ဆားနှစ်နင်းနယ်ပြီး ငရုတ်သီး၊ မန်ကျည်းသီးမှည့်၊ မဆလာတို့ဖြင့် ချဉ်စပ်ကလေး ချက်သည်။

မီးဖိုထဲ၌တွေ့သော ဝက်သားများ လုံးထားသည်ကို မြင်တော့ . . .

"ဟာ . . . ဒီမှာ ဝက်သားဟင်းတွေ အများကြီးပါလား။ ဒီမှာလည်း ဝက်လက်တွေ။ ဟော့သည်မှာ . . . အူချို။ အတော်ပဲ ကျွန်မ ဝက်လက်ပေါင်းပြီး အူချိုပါ သုပ်ပေးမယ်"

ဆရာမလေးက ဝက်လက်ပေါင်းနှင့် အူချိုသုပ်ကို ကျွမ်းကျင်စွာ လုပ်ကိုင်ပေးရာ မြန်လှသည်။ အသုပ်ထဲ၌ ကြက်သွန်၊ ငရုတ်သီးစိမ်း၊ စပါးလင် အကွင်းလိုက်လှီးပြီး ခရမ်းချဉ်သီးနှင့် ရှောက်ရွက်ပါ ထည့်ထားတော့ အရသာက ပို၍ကောင်းသည်။ ဆားအစား၊ ငံပြာရည်ထည့်တော့ ပို၍ကောင်းသည်။

ထိုညက ညစာကို ဆရာမလေး၊ ညီမလေးတို့နှင့်အတူ စားရတော့ အလွန်မြိန်သည်။ ထိုနေ့ ကျွန်တော် အရက်မသောက်ဖြစ်တော့။ အဘကတော့ နေ့လယ်စာ နောက်ကျသည်ဆိုပြီး ဝင်မစားပါ။ ညကျမှ နွားတွေကို အစာကျွေးရေတိုက်ပြီးမှ ရေမိုးချိုး၍ စားပေလိမ့်မည်။

ကျွန်တော်တို့ ထမင်းစားပြီးတော့ ဆရာမလေးက သူအသင့်ယူလာသော လက်ဖက်ကို ပုစွန်ခြောက်နိုင်းချင်းဖြင့် ခရမ်းချဉ်သီး ကြက်သွန်ဖြူထည့်၍ သုပ်ပေးသည်။ ညီမလေးက ဆပ်ပြာဖြင့် တစ်ခါမှ





စင်ကြယ်စွာ မဆေးဖူးသော လက်ဖက်ရည်ပန်းကန်နှင့် ဖန်ခွက်များကို ဆပ်ပြာ၊ အုန်းဆံဖတ်ဖြင့် တိုက်၍ ပြောင်စင်အောင် ဆေးကြောနေသည်။ ကျွန်တော်က တလင်းစောင်းရှိ ကျောက်စီရေတွင်းမှ ရေခပ်ပေးရသည်။ အဘက နိုးနေပြီဖြစ်၍ ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျနေသည်။

"ကဲ . . . လူကလေးရေ၊ ဝက်သားလုံးထားတာတွေ မင်းအိမ်ကမိဘတွေ စားဖို့ ခပ်ထည့်ပေးလိုက်။ အသားတွေပါတော့ ညနေစောင်းမှ တုတ်မီးယူပြီး လိုက်ပို့ပေးလိုက်။ လူကလေးလည်း ဟိုအိမ်မှာ ညအိပ်ချင် အိပ်။ မနက်မှ ပြန်လာခဲ့။ အခုည အလုပ်မရှိပါဘူး"

"ဟုတ်ကဲ့ အဘ။ အဘအတွက် ဆရာမလေးလုပ်ပေးတဲ့ ဝက်သားသုပ်နဲ့ ငရုံချဉ်စပ်ဟင်း၊ ဝက်လက်ပေါင်း အဆင်သင့်ပဲ။ မြို့ကဆိုင်ကြီးအတိုင်းပဲ . . . အဘရေ့။ ဆရာမလေးလက်ရာက အလွန်ကောင်းတာ"

"အေးကွယ် . . . ဆရာမလေးရော၊ သမီးကိုပါ ကျေးဇူးတင်ပါတယ်။ ဒီမှာတော့ ဟိုကပေး ဒီကပေး အသားပေါပေမဲ့ ယောကျ်ားသားချည်းဘဲဆိုတော့ ဟင်းဖြစ်ပြီးရော စားကြတာပဲ။ အခုညတော့ ဟင်းကောင်းသတ်ရာ စုံစုံလင်လင်နဲ့ စားရမှာပေါ့ကွယ်"

ကျွန်တော် ညီမငယ်ကိုရော၊ အဘကိုပါ ကျေးဇူးတင်မိသည်။ ညီမငယ်က အလိုက်သိသည်။ အရက်သောက်ထားသော အကြမ်းပန်းကန်နှင့် ဖန်ခွက်များကို ဆရာမလေးမသိခင် ဦးအောင်ဆေးကြောလိုက်သည်။

အဘက သူ့အပေါင်းအသင်းတပည့်များနှင့် ဦးမောင်ကြီးပေးသည့်သော အရက်ပိုင်းကို စောစီးစွာဖြတ်ပြီး သိမ်းဆည်းထားသည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



နေသေးသော တံကူခြံရွာက ကိုထမင်းချိုးကတော့ မူး၍ တဲပေါ်ရှိ အဘ အိပ်ခန်းထဲ၌ အိပ်နေပြီဖြစ်သည်။ ညကျမှ အဖော်လုပ်၍ သောက်ကြပေလိမ့်ဦးမည်။

ကျွန်တော်ကတော့ ယနေ့ အရက်တစ်စက်မှ မသောက်သဖြင့် ဆရာမကလေးတို့နှင့်လည်း ရဲဝံ့စွာ စကားပြောနိုင်ပြီး မိခင်၊ ဖခင်တို့ အလယ်တွင် သူတော်ကောင်းလေးလုပ်၍ စကားပြောရပေဦးမည်။ တစ်ခု ခက်တာက ယခုညလိုအခွင့်အရေး နောင်ရရန်မလွယ်။ ညီမလေးပါ လာတော့ မလွတ်လပ်။ ဆရာမလေးကို ချစ်စကားပြောရန်အတွက် အခြေအနေက မပေးတော့။

လမ်းလျှောက်တော့ ဆရာမကလေးက အလယ်က၊ ညီမလေး က တစ်ဖက်၊ ကျွန်တော်ကတစ်ဖက်။ ကျွန်တော့်လက်နှစ်ဖက်ကလည်း မအား။ တုတ်မီးတစ်ဖက်၊ ဟင်းချိုင့်ကြီးတစ်ဖက်။ သို့သော် ယခုညနေ ကျွန်တော် အလွန်ပျော်သည်။

ရွာလယ်ချောင်းကူးတံတားနားရောက်တော့ ဆရာမလေးက စိုးရွံ့ဟန်ဖြင့် ကျွန်တော့်ဘယ်လက်မောင်းအား ကိုင်ထားသည်။ ချောင်း ကူးတံတားပေါ်သို့ရောက်တော့ ဆရာမလေးက ထုံးစံအတိုင်း ရပ်၍ ပတ်ဝန်းကျင်ကို ကြည့်သည်။

သစ်ပင်ကြီးများကြားမှ ဝင်လုဆဲ နေမင်းကြီးက ချောင်းရေ ကို ရွှေအိုရောင်ဟပ်၍ အလင်းရောင်ပြန်နေရာ လွန်စွာ လှပသာယာ သည်။ ကျွန်တော်တို့ခြံရှေ့ရောက်တော့ နေဝင်သွားပြီး အမှောင်ထုက ချက်ချင်း စိုးမိုးလာပါတော့သတည်း။

✿ ✿ ✿

## အခန်း [၅]

ကျွန်တော်တို့ မင်းတုန်းရွာကြီးတွင် စိတ်ကောင်းရှိသော လူပေ လူတေကြီးများ အတော်များသည်။ အရက်ကြိုက်၍ တေပေနေသလို အလုပ်အကိုင်မဲ့များ မဟုတ်ကြ။ အလုပ်ကိုယ်စီရှိကြပြီး ဆင်းရဲမွဲတေ နေသူများလည်း မဟုတ်ကြပါ။ ရပ်ရေး၊ ရွာရေး၊ လူမှုရေး ကိစ္စများတွင် အားတက်သရော ပါဝင်ကူညီကြသည်။

ဘကြီးဦးအောင်ကတော့ လူပျိုကြီး။ ရပ်ရွာကာကွယ်ရေး ခေါင်းဆောင်ဖြစ်ပြီး သူနှင့်တွဲဖက်များကတော့ သံယောက်မငပိန်၊ ပါ လေရာမြှတ်ကျော်၊ သူကြီးညီဝမ်းကွဲ ကိုလေးကျော်၊ ကျီးကန်းငတင်၊ ခွေးပုနှင့် ကိုညက်ကျယ်၊ ဘကြီးဦးလူဒင်၊ တံကူခြံရွာက ကိုထမင်းချိုင့် တို့ဖြစ်ကြသည်။

သံယောက်မငပိန်ဆိုတာက အသားမည်းမည်း၊ ပိန်ပိန် လူ ဗလုံ့ဂုဏ်လေးပါ။ အနောက်အပြောင် အလွန်သန်တဲ့ လူပျော်ကလေး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ထက်တော့ အသက်ကြီးတယ်။ ဦးလေးအရွယ်ပေါ့။ သူ့ခန္ဓာကိုယ်က ကျစ်ကျစ်လျစ်လျစ်နဲ့ အလွန်သန်မာမြန်ဆန်တယ်။ ရွာထဲမှာ ပြဿနာဖြစ်ရင် သူ အမြဲတမ်း ရှေ့ဆုံးကပါတယ်။ ပြဿနာလေးတစ်ခု ဖြစ်ရင် သူက ပုံကြီးချဲ့ပြီး ပြဿနာကြီးလုပ်တယ်။

တစ်ရွာလုံးကိုပတ်ပြီး မွှေတတ်လွန်းလို့ သူ့နာမည် ငပိန်နဲ့တွဲပြီး သံယောင်းမငပိန်လို့ တစ်ရွာလုံးက ခေါ်ကြတာ။ သူက လူမှုရေး စိတ်ဓာတ်တော့ အပြည့်ရှိတယ်။ ရွာထဲမှ အသုဘရှိရင် (၇)ရက် (၇)လီ သွားပြီး အသုဘပြင်ပေးတယ်။ ဝေယျာဝစ္စ ကိစ္စအားလုံး သိမ်းကျုံးပြီး ဒိုင်ခံလုပ်ပေးတယ်။

မသာရေချိုးတာ၊ အလောင်းစင် ပြင်တာ၊ ခေါင်းသွင်းတာကအစ မညည်းမညူလုပ်ပေးတယ်။ လုပ်စရာမရှိရင်လည်း ထိုင်နေတာမဟုတ်ဘူး ထင်းခွဲ၊ ရေခပ်တာကအစ သူပါတယ်။ ထမင်းဟင်းချက်တော့လည်း အလွန်လက်ရာကောင်းတယ်။

သံယောင်းမငပိန် မကောင်းတဲ့အချက်ကတော့ အရက်ကလေးဝင်သွားတာနဲ့ အလွန် အစအနောက်သန်တယ်။ လူကြီးလူငယ်၊ သူကြီးကအစ ချမ်းသာမပေးဘူး။ ဒါကြောင့် အဘထိတ်တုံးအောင်လိုပဲ မကြာခဏ သူကြီးအိမ်က ထိတ်တုံး အချုပ်ခန်းစာမိတယ်။ ဒါပေမဲ့ သူက ပျော်ပျော်ပါပဲ မဖြုပါဘူး။ ဝါသနာကို မပြင်ပါဘူး။

အဲဒီခေတ်က ရွာလူကြီးတွေကလည်း အလွန်တော်ပါတယ်။ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင် ဆောင်ရွက်ပေးတတ်ကြတယ်။ တစ်ရွာလုံးကလည်း ဟိုဖက်သည်ဖက် ပတ်ချာလည် အမျိုးတော်စပ်နေကြတာကိုး။

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့တောရွာမှာက အသုဘဖြစ်ရင် (၇) ရက် (၇)လီ ထားရိုးထုံးစံရှိတယ်။ အိမ်ပေါ်မှာ (၃) ရက်ပြင်ထားတယ်။ အိမ်အပြင်မှာ ခေါင်းသွင်းပြီး (၃) ရက်ထားတယ်။ (၇) ရက်ပြည့်တဲ့ မနက်မှ သရဏဂုံတင်ပြီး အသုဘချတာ။ တောရွာဓလေ့ထုံးစံအတိုင်း အကျွေးအမွေးက (၇) ရက်လုံးလုံးပဲ။ အသုဘဆိုပေမဲ့ ကျွန်တော်တို့ ငယ်ငယ်တုန်းက အလွန်ပျော်တာပဲ။

အသုဘအိမ်က လက်တိုလက်တောင်းခိုင်းတာကို လုပ်ပေးရင်းဆော့တဲ့အပြင် အသုဘအိမ်ကကျွေးတဲ့ ထမင်းစားရတာ အလွန်မြိန်တယ်။ (၇)ရက်လုံးလုံး နေ့လယ်စာကို အသုဘအိမ်မှာစားတယ်။ ညစာကိုတော့ သရဲကြောက်လို့ သွားမစားဖြစ်ပါဘူး။ အသုဘအိမ်ကချက်တဲ့ ဝက်သားအိုးကြီးချက်နဲ့ မြန်မာမဲဇလီဟင်းချို၊ သရက်ချဉ်သုပ်က အလွန်စားကောင်းတာ။ ဆင်းရဲချို့တဲ့သူတွေလည်း ကျွေးနိုင်အောင် ရပ်ရွာက အလှူငွေကောက်ပြီး ထောက်ပံ့တယ်။

ပြောရရင်တော့ တောအလှူကလေး တစ်ခုလိုပါပဲ။ ဒါကတော့ ကျွန်တော်တို့ မင်းတုန်းရွာကြီးရဲ့ ဓလေ့ထုံးစံ။ ဘယ်သူသေသေ၊ အသုဘစရိတ်အတွက် ပူစရာမလိုဘူး။ ဒါကြောင့် အသုဘဆိုပေမဲ့ ပျော်စရာကောင်းတယ်လို့ ကျွန်တော် အထက်က ဆိုခဲ့တာပါ။

ကျွန်တော်ပြောခဲ့သလို ရွာအနောက်ပိုင်းက ကိုငှက်ရိုးဆုံးတော့ ရပ်ရွာထုံးစံအတိုင်း ပထမ (၃) ရက် အလောင်းပြင်ထားတယ်။ အိမ်ဦးခန်းမှာပေါ့။ သူက လယ်သမား၊ ပိုးထိပြီးဆုံးတာ။ နာမည်နဲ့လိုက်အောင် အလွန်ပိန်တယ်။ ထုံးစံအတိုင်း အသုဘဖဲဝိုင်းကြီးက မြိုင်မြိုင်သဲသဲပေါ့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုးထိတယ်ဆိုတာ ရောဂါကြောင့်မဟုတ်လို့ အစိမ်းသေပဲ။ အဲဒီအချိန်မှာ အာဘဆရာမှိုင်းကလည်း ရွာမှာမရှိဘူး။ ကျန်းမာရေးမှူးဦးကျော်စွာလည်း မရောက်သေးတဲ့ ကာလပေါ့။ ကိုငှက်ရိုးက အလွန်ပိန်တာ။ အသားမရှိတော့ အဆိပ်က ချက်ချင်းတက်ဟန်တူပါရဲ့။ ပိုးထိတဲ့လယ်ကွင်းထဲက အိမ်အရောက် ကော့မှူးဆေးရုံကို ပို့ဖို့ လှည်းပြင်နေတုန်း ဆုံးရှာတာ။

ညဦးနက်လာတာနဲ့အမျှ အိမ်ပေါ် အလောင်းစင်ဘေးနားက ဖဲဝိုင်းကြီးက ပိုစည်ကားလာတယ်။ အိမ်ရှင်ရွာသားတွေနဲ့ ရွာနီးစပ်ချုပ် ဘို့ဒင်ရွာ၊ ပျားမွှတ်နဲ့ နှစ်ခွရွာတွေကအပြင် ညောင်ပင်သာရွာက လက်ကြီးသမားတွေပါ ပါတယ်။ ကျွန်တော်တို့ မင်းတုန်းရွာက ရွာခံတွေ ရှုံးနေကြတဲ့ အချိန်ပေါ့။

အဲဒီအချိန်မှာ သံယောင်းမ ငပိန်တို့အုပ်စု မယောင်မလည်နဲ့ ပျောက်သွားတယ်။ တစ်နေရာမှာ လူစုအရက်သောက်ကြရင်း အစည်းအဝေးလုပ်ကြတာ။ ရပ်ရေးရွာရေးတော့ မဟုတ်ပါဘူး။ ရွာခံတွေ ရှုံးနေတော့ အကြံအဖန်လုပ်ဖို့နဲ့ နောက်ဖို့ပြောင်ဖို့ ဝါသနာတူတွေစုပြီး အစည်းအဝေးလုပ်တာ။ အရက်သောက်ဖို့ ဝတာနဲ့ တာဝန်ခွဲတယ်။

သံယောင်းမငပိန်က ခေါင်းဆောင်။ ငပိန်တာဝန်က အသုဘအိမ်မှာ အောက်လင်းဓာတ်မီးကြီးကို လေထိုးရင်း ရေနံဆီဖြည့်ရင်း တိုင်ပင်ကိုက် လုပ်ရမည့်အလုပ်။ ကိုယ့်တာဝန်နဲ့ ကိုယ်ခွဲပြီးတာနဲ့ လူပါခွဲပြီး အသုဘအိမ် ပြန်လာကြတယ်။ ချိန်းထားတဲ့ အချိန်ရောက်တာနဲ့ အိမ်အောက်ဝင်သူဝင်၊ မယောင်မလည် စောင့်ကြည့်သူက စောင့်ကြည့်။





ငပိန်ကတော့ အောက်လင်းဓာတ်မီးကြီးက လေပေါင်ကိုတွက်ချက်ပြီး ထိုးထားတာ။ (၁၅) မိနစ်လောက်ကြာတော့ ဓာတ်မီးကြီးက လေပေါင်ကျသွားပြီး မီးက မှိန်လာတယ်။ ငပိန်က စောင့်ကြည့်ပြီး အောက်လင်းဓာတ်မီးကြီးအောက်မှာ ထိုင်ခုံနဲ့ အကျအန ထိုင်စောင့်နေတာဆိုတော့ ဖြုတ်ပြီး လေထိုးမယ့်ဟန်နဲ့ ကိုင်ပြီး အချက်ပေးလိုက်ရော အပေါင်းအသင်း (၃)ယောက်က အိမ်အောက်ကနေ အလောင်းကို တုတ်နဲ့ထိုးတယ်။

လက်ပြင်ဘက်က တုတ်နဲ့ထိုးတော့ အလောင်းကြီး ငုတ်တုတ်ထထိုင်လာတာပေါ့။ အဲဒီမြင်ကွင်းကို မြင်တော့ အစိမ်းသေမှန်းသိထားတဲ့ ဖဲသမားတွေဟာ ဘာပစ္စည်းမှမယူနိုင်ဘဲ အော်ဟစ်ပြီး ထွက်ပြေးကြရော။ အချိန်ကိုက်ပဲ ငပိန်က ...

"ဟာ ... မီးဖာကြွေသွားပြီ"

ဆိုပြီး မီးကို မှိတ်ပစ်လိုက်တယ်။ အဲဒါက အချက်ပေးတာ။ အပြင်မှာ အသင့်စောင့်ကြည့်နေကြတဲ့ ငပိန့်အပေါင်းအသင်းတွေက မှောင်မည်းနေတုန်း ကြိုတင်လေ့လာထားတဲ့အတိုင်း ဖဲဝိုင်းထဲက ငွေတွေကိုလုပြီး သူတို့ချိန်းဆိုထားတဲ့ စုရပ်ကိုပြေးကြတယ်။ ငပိန်ကတော့ မှင်သေသေနဲ့ ...

"ဟ ... မီးခွက်ထွန်းကြပါဦးဟ။ ဒီမှာ ဘာဖြစ်ကုန်ပြီလဲ မသိဘူး။ မြန်မြန်လုပ်ကြ"

မီးခွက်အလင်းရောင်ရမှ မီးဖာလဲ၊ ဆီထည့်အချိန်ဆွဲပြီး လေပေါင်ထိုးတယ်။ ပြီးမှ မီးကိုညှိပြီး ထွန်းပေးတယ်။ မီးလင်းတော့မှ ဖဲသမားတွေ ဖဲဝိုင်းရှိရာကို မရွံ့မရဲ ပြန်လာကြတယ်။ ဝိုင်းထဲမှာ ငွေဆို



www.burmeseclassic.com

www.burmeseclassic.com



လို့ တစ်ပြားမှ မကျန်တော့ဘူး။ ဖဲသမားချင်း တစ်ယောက်တစ်ခွန်း စကားများကြ၊ ဆဲဆိုကြ၊ ရန်ဖြစ်ကြနဲ့ ဆူညံသွားတာပဲ။

ဖဲဝိုင်းဆိုတော့ . . . အဲ . . . သူကြီးလည်း မတိုင်ရဲကြဘူး။ အဲဒီညက ဖဲဝိုင်းလည်း ပျက်ကရောပဲ။ ငပိန်ကတော့ နေရာမထ။ ဣန္ဒြေ ကောင်းကောင်းနဲ့ သူနဲ့ ဘာမှမဆိုင်သလို နေတယ်။ အိမ်ရှင်တွေ အလျှို လျှိုရောက်လာမှ . . .

''ပယောဂကပ်ပြီး ဖုတ်ဝင်တာထင်တယ်။ အစိမ်းသေဆိုတော့ ဖြစ်တတ်ပါတယ်''

လို့ပြောပြီး အလောင်းပုံစံပျက်သွားတာကို သပ်ယပ်အောင် ပြုပြင်ပြီး နေရာပြန်ချပေးတယ်။ ငပိန်က အောက်လင်းဓာတ်မီးနားမှာပဲ နေပြီး နေရာမရွှေ့တော့။ ဖဲသမားတွေလည်း ငပိန်ကို မထင်ရဲကြဘူး လေ။ အဲ့သည်လို ငပိန်က မှင်မောင်းကောင်းတာ။ အသုဘရှင်ကတော့ ငပိန့်ကို ကျေးဇူးတင်လို့ အရက်ဖိုးတောင် ဆုချသေးတယ်။

ညဥ့်သန်းခေါင်ကျတော့ ငပိန်ပျောက်သွားတယ်။ အသုဘအိမ်မှာလည်း စောင့်အိပ်သူအမျိုးအဆွေတွေနဲ့ ရှတ်ရှတ်သဲသဲ။ အော်သံ ကြားလို့ ရောက်လာကြတဲ့ အဘထိတ်တုံးအောင်နဲ့ ရွာကာကွယ်ရေး အဖွဲ့တွေ ထမင်းဟင်းချက်ပြုတ်သူတွေသာ ရှိတော့တယ်။

အိမ်သားတွေ၊ ဆွေမျိုးတွေလည်း တစ်ယောက်မှ အိမ်ပေါ်မှာ မအိပ်ရဲကြတော့ဘဲ မီးဖိုကြီးတွေနားမှာဘဲ လူစုပြီး ထိုင်နေကြရတယ်။ အဘတို့ လုံခြုံရေးအဖွဲ့ကတော့ သေနတ်တွေနဲ့ ခပ်တည်တည် အိမ်ပေါ် တက်ပြီး ထိုင်ကြတယ်။ အဘက ငပိန်တို့လက်ချက်မှန်း အကျိုး အကြောင်းသိတာနဲ့ ရိပ်မိတယ်။

စိတ်ကူးသစ်စာပေ



အဘတို့အဖွဲ့ရောက်လာမှ အိမ်ရှင်လည်း အားရှိပြီး အဘတို့ ကြိုက်တတ်တဲ့ ထန်းလျက်အရက်ကို ရွာလယ်တရုတ်မကုန်စုံဆိုင်က နှိုးဝယ်ပြီး တိုက်တယ်။ အမြည်းကလည်း ဝက်အူပုံစုံ သည်းစုံဟင်းနဲ့ ဆိုတော့ အဘတို့ ဟန်ကျတာပေါ့။ သောက်လိုက်ကြတာ ရောင်နီလာ မှ ပြန်ကြတယ်။

အသုဘအိမ်ရှင်က အဘတို့အဖွဲ့ကို ကျေးဇူးတွေတင်လို့ နောက် ညတွေလည်း လာစောင့်ပေးဖို့ ဖိတ်တယ်။ အဘကလည်း အထာနဲ့ ကင်းတာဝန်က အရေးကြီးတယ်။ ခင်ဗျားတို့အတွက် လက်နက်ကိုင် နှစ်ယောက် ညစဥ့်ချပေးမယ် ပြောပြီး ပြန်တယ်။

အဲဒီညက ငပိန်က စုရပ်မှာ ရှယ်ယာသွားခွဲနေတာ။ ငပိန့်ကို သူ့အဖွဲ့တွေက ဘတ်လို့မရဘူး။ ငပိန်က ဖဲဝိုင်းအခြေအနေကို တစ်ချိန် လုံး ထိုင်ကြည့်နေတာမို့ ဝိုင်းထဲက ဘယ်သူဆီမှာ ငွေဘယ်လောက်ရှိ နေမှန်း သူသိတယ်။ သူ့တပည့် လူယုံတွေကိုလည်း ထည့်ထားတာ လေ။

လူတချို့က သဘောပေါက်ကြပေမဲ့ မှောင်ထဲမှာလည်းဖြစ်ပြန်၊ မျက်မြင်သက်သေလည်းမရှိတော့ ဒီလိုနဲ့ပဲ ပြီးလိုက်ရတာပါ။ အဲဒါက သံယောင်းမငပိန်ရဲ့ အမွှေကောင်းချက်။ ငပိန်ကလည်း သိတတ်ပါတယ်။ နောက်တစ်နေ့ကျတော့ အဘအောင်ကို ရမ်အရက် (၂)လုံးနဲ့ ကြက် ကြော်တစ်ကောင်လာပေးပြီး နှုတ်ပိတ်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်ယောက်ကတော့ ပါလေရာမြတ်ကျော်။ သံယောင်းမ ငပိန်ရဲ့ တပည့်တစ်ဦးပဲ။ သူက သူကြီးခိုင်းရင် အင်မတန်ဖင်ပေါ့တယ်။ ဖျတ်ဖျတ်လတ်လတ်လည်းရှိတယ်။ အရွယ်က ကျွန်တော့်ထက် အသက်နည်းနည်းကြီးတယ်။ တကယ်တမ်းပြောရရင်တော့ ကျွန်တော်နဲ့က ငယ်ပေါင်းသူငယ်ချင်းတွေပဲ။

ကိုမြတ်ကျော်၊ ကိုလူထွေး၊ ကိုအုံ့မောင်၊ ကိုလှသိန်းတို့က ဝါးဘလောက်သောက်ရွာ အလယ်တန်းတက်တုန်းက ကျွန်တော်နဲ့ ကျောင်းတက်ဖော် သူငယ်ချင်းတွေ။ အဲဒီအထဲမှာ ကျွန်တော်က အငယ်ဆုံး။ အလယ်တန်းအောင်ကြတော့ သူတို့က မိသားစုစီးပွားရေးအခြေအနေကြောင့် မြို့သွားပြီး အထက်တန်းကျောင်း မတက်နိုင်ကြတော့လို့ ကျွန်တော်တစ်ယောက်တည်း တက်ခဲ့ရတာ။ ကျွန်တော် (၁၀)တန်းဖြေပြီး ရွာပြန်ရောက်တော့မှ ပြန်တွေ့ကြတာ။

ကိုမြတ်ကျော်က နေရာတကာ စပ်စပ်စပ်စပ်ပါတတ်လို့ ပါလေရာမြတ်ကျော်ဆိုတဲ့ နာမည်ရတာ။ ကျွန်တော့်အဖေသူကြီးရဲ့ လက်စွဲ





တပည့်ရင်းပဲ။ ရွာဆော်လည်း သူပဲ။ သူကြီးသွားရာနောက် တကောက်ကောက်လိုက်ရတယ်။ သူကြီးက ကိစ္စရှိလို့ ရွာနီးချုပ်စပ်ခိုင်းမလား၊ မြို့သွားခိုင်းမလား၊ နေပူမိုးရွာမရှောင် နေ့ညမရှောင် ခြေလျင်သွားတာ၊ အကုန်အကျသက်သာတော့ အဖေသူကြီးရဲ့ လက်စွဲပေါ့။ ကျွန်တော်တို့ကို အရေးကြီးလို့ခိုင်းရင် ကျွန်တော်က အဘအောင်ပါမှ လှည်းနဲ့သွားတာ။ လမ်းမှာ သုံးဖို့စွဲဖို့လည်း ငွေတောင်းသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ကို ခိုင်းခဲတယ်။ မတတ်သာတဲ့ အရေးကြီးကိစ္စကျမှသာခိုင်းတာ။

ကိုမြတ်ကျော်ရဲ့အကျင့်ကတော့ ကြက်ပွဲဆိုရင် အလွန်ဝါသနာပါတယ်။ အနောက်အပြောင်ကလည်း အလွန်သန်တယ်။ စတာနောက်တာမှာ အကွက်ရတာနဲ့ ဘယ်သူ့မှ အလွတ်ပေးရိုး ထုံးစံမရှိဘူး။ သူ့ဘကြီး ဦးလှဒင်ကိုတောင် အကွက်ရတာနဲ့ ဆော်တာပဲ။ အဘဦးလှဒင်ကလည်း အဘထိတ်တုံးအောင်တို့လို လူပျော်ကြီး။ အမှတ်အသား အငြိုးအတေးတော့ အလွန်ကြီးတယ်။

အဲ . . . တစ်နေ့မှာ ကျွန်တော်တို့ရွာက တိုက်ကြက်ရွှေနီနဲ့ ညောင်ပင်သာရွာက တိုက်ကြက်ကုလားကြီးတို့၊ ရွာအနောက်ဘက်က သချိုင်းကုန်း မန်ကျည်းပင်ကြီးအောက်မှာ ချိန်းဝိုင်းလုပ်ကြတယ်။ နှစ်ဖက်လောင်းကြေးက သောင်းဂဏန်းကျော်တယ်။ အဲဒီခေတ်က ငွေသောင်းဂဏန်းဆိုတာ အခုခေတ် သိန်းဂဏန်းထက် များတာပေါ့။

တိုက်ကြက်ရွှေနီရဲ့ ပိုင်ရှင်က ငမိုး။ ပါလေရာမြတ်ကျော်ကို ကြက်ဆွဲအဖြစ် ဆရာတင်ထားတယ်။ မြတ်ကျော်က ကြက်ဆွဲ၊ ကြက်ထိုင် အလွန်ကျွမ်းတယ်။ ဝိုင်းစတော့ ပထမအချီမှာပဲ တိုက်ကြက်ရွှေနီရဲ့ တောင်ပံရိုက်ချက်ကြောင့် ညောင်ပင်သာရွာက ကြက်ကုလားကြီး ခေါင်းမှာ သွေးခြင်းခြင်းရဲပြီး နှာရည်တွေ ကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချီစလို့ ရွှေနီက အတက်နဲ့ခွပ်ပြီး ခေါင်းကို နှုတ်သီးနဲ့ဆိတ်တာနဲ့ ကြက်ကုလားကြီး ဝိုင်းအပြင် ထွက်ပြေးတော့တာပဲ။ ညောင်ပင်သာရွာသားတွေ ရှုံးသွားတဲ့ ပွဲပေါ့၊ အဲဒါ ပါလေရာမြတ်ကျော်ရဲ့ အကြံအဖန်လက်ချက်ပဲ။ ကျွန်တော်တို့ ရွာကအဖွဲ့နိုင်လိုက်ပြီး သောင်းဂဏန်းပိုက် ပြန်ကြတာပေါ့။

နောက်မှ ကိုမြတ်ကျော်ပြောလို့ သိရတာ။ တိုက်ကြက်ရွှေနီကြီး အတောင်ပံရင်းမှာ အနက်ရောင်သံမှိုကလေးတွေ စိုက်ထားပြီး ခြေအတက်မှာ ရှိန်းခိုလိမ်းထားတာတဲ့။ ဒါကြောင့် ဟိုတစ်ဖက်၊ ကြက်ကုလားကြီးကို ရွှေနီကြီးက အတောင်နဲ့ရိုက်၊ အတက်နဲ့တိုးတာနဲ့ မျက်နှာစုတ်ပြတ်ပြီး နှာရည်တွေ မွန်ကုန်တာတဲ့လေ၊ ဘယ်ကလောက်ညစ်သလဲလို့။

ကြက်ပွဲပြီးတော့ ငမိုးနဲ့ ပါလေရာမြတ်ကျော်တို့အဖွဲ့ ငွေထုပ်ပိုက်ပြီး ရွာပြန်လာကြတယ်။ ညောင်ပင်သာရွာက ကြက်ကုလားကြီးအဖွဲ့တွေကတော့ မကျေမနပ် တအံ့တဩနဲ့ ပြန်ကြသတဲ့။ သူတို့ရဲ့ တိုက်ကြက် ကုလားကြီးကလည်း နာမည်ကြီး ရှုံးပွဲမရှိဖူးဘူးတဲ့လေ။

နောက်ပိုင်း ညောင်ပင်သာယာရွာဘက်က ကြားရတာက တစ်မျိုး၊ မင်းတုန်းရွာက ကြက်ပိုင်ရှင်ငမိုးနဲ့ ကြက်ဆရာ မြတ်ကျော်တို့က သူတို့ရွာ သချိုင်းကုန်းမှာမို့ ကြိုတင်ပြီး အောက်လမ်းနည်းတွေနဲ့ လုပ်ကြံထားတာကြောင့် ညောင်ပင်သာယာရွာက ကြက်ကုလားကြီး ရှုံးတာတဲ့။

ဒါကြောင့် ရွာပြင်လယ်ကွင်းတလင်းထဲမှာ မကျေပွဲနွှဲချင်တယ်လို့ ထပ်မံချိန်းကြပြန်တယ်။ အဲဒီဒုတိယကြက်ပွဲမှာလည်း ပါလေရာမြတ်





ကျော်ရဲ့ အကြံအဖန်ကောင်းမှုကြောင့် မင်းတုန်းရွာက ကြက်ခြေနီပဲ နိုင်ပြန်တယ်။ အဲဒါကြောင့် တတိယပွဲကို ညောင်ပင်သာရွာမှာ လာနွှဲဦးမယ်လို့ ပါလေရာမြတ်ကျော်က ချဲလင့်လုပ်လိုက်ပေမဲ့ ညောင်ပင်သာရွာသားတွေ ငြိမ်ကုပ်ပြီး ပြန်သွားကြတယ်။

အဲဒီလောက် မြတ်ကျော်က ပါးနပ်တာ။ ရှယ်ယာခွဲတော့လည်း မြတ်ကျော်က ဆရာကြီးလုပ်ပြီး လောင်းကြေးအနိုင်ငွေ တစ်ဝက်တိတိကို ခွဲယူတာ၊ ငမိုးကလည်း မြတ်ကျော်ကို ဆရာတင်ပြီး ခွင်ဖန်ကြတာမို့ ကျေနပ်တယ်။ အဲဒါကြောင့် မြတ်ကျော်တို့ ငွေရွှင်ပြီး သူ့ဆရာသမားအရင်း အဘထိတ်တုံးအောင်ကို ပြုစုပူဇော်ကြတာပေါ့။

အဲ . . . နောက်တစ်ကြိမ်ကတော့ မြတ်ကျော်ခံရတဲ့အလှည့်။ သူ့ဘကြီး ဦးလူဒင်ကို နောက်ပြောင်မိလို့ ဘကြီးဦးလူဒင်က မြတ်ကျော်ကို ပညာပြန်ပေးပြီး ဆုံးမတဲ့ ဇာတ်လမ်းကလေးပါ။

ဘကြီးဦးလူဒင်က အသက် (၅၀)ကျော်ပေမဲ့ လူပျို၊ လူပျော်ကြီး။ အဘထိတ်တုံးအောင်ရဲ့ ငယ်သူငယ်ချင်း။ သောက်ဖော်စားဖက်တွေလေ။ တစ်နေ့တော့ ကြက်တိုက်လို့နိုင်တဲ့ ပိုက်ဆံတွေကို သူ့တူပါလေရာမြတ်ကျော်ဝှက်ထားတဲ့ နေရာသိတော့ တချို့တစ်ဝက်ယူပြီး ဘကြီးထိတ်တုံးအောင်နဲ့ ထန်းလျက် အရက်ချက်သောက်ဖို့၊ ထန်းလျက်ပိုလိုက်ဝယ်ပစ်လိုက်တယ်။ မြတ်ကျော် ကြက်နိုင်တုန်းက ဘကြီးဦးလူဒင်ကို မပြုစုဘူးလေ။

မြတ်ကျော် သူ့ပိုက်ဆံတွေ ပျောက်မှန်းသိလို့ အဘဦးလူဒင်ကို မေးကြည့်တော့မှ အဘထိတ်တုံးအောင်နဲ့ အရက်ချက်သောက်ပစ်လိုက်မှန်း သိရတယ်။ အဘအောင်ပါနေတော့ မြတ်ကျော် မပြောရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဘအောင်က သူ့ငယ်ဆရာ၊ သူ့ငယ်ကြောက်။ ဒါကြောင့် တေးထား ပြီး ဘကြီးဦးလူဒင်ကို လက်စားပြန်ချေဖို့ အကွက်ကောင်းကို စောင့်နေ တယ်။

ဝါဆိုလထဲ တစ်နေ့မှာ ကျွန်တော့်အဖေသူကြီးက မြတ်ကျော် နဲ့ ဦးလူဒင်ကို ကော့မှူးမြို့လွှတ်ပြီး ဝါဆိုသင်္ကန်းနဲ့ ဆွမ်းကျွေးဖို့ အလှူ ပစ္စည်းတွေ ဝယ်ခိုင်းတယ်။ အဲ ... ပြောဖို့ မေ့နေတယ်။ ကျွန်တော်က (၁၀)တန်းကို ဂုဏ်ထူး (၂) ဘာသာနဲ့အောင်လို့ အဘအောင်နဲ့အတူ ရန်ကုန်တက်ပြီး တက္ကသိုလ်တက်ဖို့ စုံစမ်းနေချိန်မှာပါ။

အမှန်က ကျွန်တော်နဲ့ အဘအောင်တို့ ဝယ်ပေးရမှာ။ ရက် ဘယ်လောက်ကြာမယ်မှန်း မသိတော့ အဘဦးလူဒင်တို့ကို ခိုင်းတာပါ။ ကျွန်တော်တို့ကလည်း ရက်ကြာရင် နွားကျွေးဖို့ အခက်အခဲရှိမှာစိုးလို့ ရွာကလှည်းကြုံနဲ့ ကော့မှူးမြို့တက်ပြီး ကော့မှူးက ဂျစ်ကားနဲ့ ရန်ကုန် တက်ကြတာ။ နောက်ဆံမတင်းတော့ အလွန်ပျော်ဖို့ကောင်းတယ်။

လှည်းတန်းက တည်းခိုခန်းတစ်ခုမှာတည်း၊ စားသောက်ဆိုင် တစ်ခုမှာ စားကြပြီး အဆောင်ရရှိရေး ကျောင်းတက်ရေးအတွက် စုံစမ်း ကြတာပါ။ ရန်ကုန်တိုင်းအတွင်း အဆောင်မပေးပေမဲ့ ကျွန်တော်က ကော့မှူးမြို့နယ် မင်းတုန်းရွာကဖြစ်လို့ အဆောင်ရနိုင်သတဲ့။ အဓိက ဘာသာကိုလည်း ဥပဒေအဓိကနဲ့ လျှောက်ခဲ့တယ်။ ကျွန်တော့်အမှတ် က ဆေးမမီ။ စက်မှုတက္ကသိုလ်မမီ ဖြစ်နေတယ်။ ထားပါတော့ ... ကျွန်တော့်အကြောင်း နောက်တော့မှ ရေးပြမယ်။

ဘကြီးဦးလူဒင်နဲ့ ကိုမြတ်ကျော်တို့ ဝါဆိုသင်္ကန်းကပ်ဖို့အတွက် သူကြီးအိမ်ကလှည်းနဲ့ ကော့မှူးမြို့ တက်လာကြတယ်။ ကျွန်တော်တို့





မင်းတုန်းရွာနဲ့ ကော့မှူးမြို့က (၁၀)မိုင်ကျော်ဝေးတယ်။ လမ်းမှာ ဘို့ဒင်၊ ပျားမှတ်၊ နှစ်ခွ၊ ညောင်ပင်သာ၊ ပေတောကုန်း၊ ကရင်စု၊ လက်ပံပင် စတဲ့ရွာတွေကို ဖြတ်ကျော်ပြီးမှ ကတ္တရာလမ်းမပေါ်ရောက် တာ။ ကတ္တရာလမ်းကနေလည်း ကော့မှူးမြို့ကို (၂)မိုင်လောက် သွားရ သေးတယ်။ အဲဒါ အဘဦးလူဒင်တို့ ရွာက စောစောစီးစီး လှည်းနဲ့ထွက် ကြတယ်။

နေ့လယ်ရောက်တော့ မှာလိုက်တဲ့စာရင်းအတိုင်း ပစ္စည်းတွေ ဝယ်တယ်။ ပြည့်စုံတော့ ဈေးရှေ့က တရုတ်ဆိုင်မှာ နေ့လယ်စာ စားကြ သောက်ကြတယ်။ စားသောက်ပြီးတော့ ဖိမ်ခံပြီး ဆက်ရက် (ဇရက်) မင်းစည်းစိမ်ခံစားရင်း ညနေစောင်းမှာ တူဝရီးနှစ်ယောက် လှည်းယာဉ် ကလေးနဲ့ ကြောကြော့လေး ပြန်လာကြတယ်။

ညောင်ပင်သာရွာမှာ ခဏနားပြီး ညနေစောင်းတာနဲ့ ပြန် လာကြတယ်။ ဒီနေ့က ထူးထူးခြားခြား ဝါဆိုမိုးက မရွာဘူး။ အရက် သောက်ထားတော့ လှည်းခုန်တာနဲ့ ချွေးပြန်လာကြတယ်။ ချောင်းရိုး ကလေးအနားရောက်တော့ အကြံအစည်ရှိထားတဲ့ မြတ်ကျော်က ဖောက် လာတယ်။

"ဘကြီး ... အိုက်တယ်ဗျာ။ ချောင်းရိုးကလေးထဲမှာ ရေဆင်း ချိုးရအောင်။ မနက်ကတည်းက ရွာက စောစောထွက်လာခဲ့ရတော့ ရေမချိုးဖြစ်ခဲ့ဘူး။ နွားတွေလည်း ပင်ပန်းပြီ။ အစာကျွေးရင်း၊ ရေတိုက် ရင်း ခဏနားပြီး အပန်းဖြေကြရအောင်"

"အေးလကွာ ... ငါ့တူရဲ့နွားတွေကို အစာကျွေးပြီး ရေတိုက် တာကတော့ ဟုတ်ပါရဲ့၊ ကောက်ရိုးက လှည်းပေါ်မှာ အဆင်သင့်ပါ တယ်။ ငါတို့မှာ ရေလဲပုဆိုးမှ မပါတာ။ ဘယ်လိုရေချိုးကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ...အဘကလည်းဗျာ ...ယောကျ်ားအချင်းချင်းပဲ ဘာရှက်စရာလိုသလဲ။ ငယ်ငယ်တုန်းကလိုပေါ့။ ဒီနေရာက အသွားအလာ ရှင်းပါတယ်။ လူလာတော့လည်း ချောင်းထဲမှာ ရေစိမ်နေကြတာပေါ့"

"အေး ...အေး ...လုပ်လေကွာ။ ငါလည်း လှည်းမောင်းရတာ အိုက်စပ်ပူလောင်နေပြီ။ ငယ်မူပြန်ကြတာပေါ့။ ဟား ...ဟား ဟား ..."

ချောင်းစပ်ကိုင်းတောအနီးတွင် လှည်းအား လမ်းဘေးကပ်ရပ်ပြီး လှည်းအား ခွထောက်ထောက်၍ နွားနှစ်ကောင်အား ထမ်းပိုးကဖြုတ်ပြီး ချောင်းရေတိုက်သည်။ ပြီးမှ လှည်းပေါ်၌ခင်းထားသော ကောက်ရိုးတစ်ပွေ့စီ ချကျွေးပြီး လွှတ်ထားလိုက်သည်။ နွားနှစ်ကောင်မှာ ကောက်ရိုးအားမစားသေးဘဲ ချောင်းစပ်မြက်ခင်းတွင် မြက်နုများအား ရှာစားနေကြသည်။ ကျွန်တော်တို့ကလည်း လိမ္မာသော နွားများဖြစ်ကြ၍ လွတ်လပ်စွာ လွှတ်ထားလိုက်သည်။

"ကဲ ...အဘ၊ ကျွန်တော် အရင် အဝတ်အစားတွေချွတ်ပြီး ရေထဲဆင်းမယ်။ ကမ်းစပ်မှာ ပုံထားမယ်။ အဘက နောက်ကလိုက်ခဲ့ပေတော့။ ကျွန်တော် လှည့်မကြည့်ပါဘူး။ ကျောခိုင်းနေပါ့မယ်။ ဟဲ. ဟဲ ...ဟဲ ..."

"အေး ...အေး ...သွားနှင့်။ အဘ နောက်ကလိုက်ခဲ့မယ်။ ပစ္စည်းတွေကို တာလပတ်နဲ့ ဖုံးထားလိုက်ဦးမယ်"

လူ့သဘာဝမှာ အဖော်ရှိလျှင် လိုက်လုပ်တတ်သည်။ အရက်ကလေးကလည်း သောက်ထားသဖြင့် ရင်ကပူပူ၊ ရေမြင်လျှင် ချိုးချင်ကြသည်။ တူဝရီးနှစ်ယောက် အားရပါးရ ရေချိုးနေကြစဉ် အကြံသမား မြတ်ကျော်က ရှုံ့မဲ့ကာ ဗိုက်ကိုနှိပ်ထားပြီး ...





"အဘရေ ...ကျွန်တော် ဗိုက်အရမ်းနာလာတယ်ဗျ။ အပေါ့အလေး သွားချင်တယ်။ ချောင်းရေထဲ ပါချလိုက်ရမလား"

"ဟ ...ဟ ..မလုပ်နဲ့ ...မလုပ်နဲ့ ...ကမ်းပေါ်တက်ပြီး ချုံကွယ်မှာထိုင်။ မင်းနှယ်ကွာ ...အရေးကောင်း၊ ဒိန်းဒေါင်းဖျက်ဆိုသလို မြန်မြန်သွား။ ငါ လှည့်မကြည့်ပါဘူး။ နောက်ကျောခိုင်းနေပါ့မယ်"

"ဟုတ်ကဲ့ အဘ။ ခဏကလေးပါ"

မြတ်ကျော် ကမ်းပေါ်တက်၊ သူ့အဝတ်အစားများ လဲပြီးသည်နှင့် ဦးလူဒင်၏ အဝတ်အစားများကိုပါယူကာ နွားနှစ်ကောင်ကိုလည်း ဆွဲခေါ်ခဲ့သဖြင့် အလွန်ယဉ်သော နွားနှစ်ကောင်မှာ မြတ်ကျော်၏နောက်မှ တကောက်ကောက် လိုက်လာခဲ့ကြသည်။ ရွာရောက်တော့ မြတ်ကျော် ခြေရာဖျောက်ပြီး နွားနှစ်ကောင်ကတော့ သူကြီးအိမ်သို့ ပြန်သွားကြသည်။

အဘဦးလူဒင်မှာ ရေထဲက မတက်ရဲ၊ ရေစိမ်နေရသဖြင့် အလွန်ချမ်းလာသည်။ လူသံ၊ လှည်းသံကြားသည်နှင့် ကိုင်းပင်ကွယ်ပြီး ပုန်းနေရသည်။ မိုးချုပ်၍ မှောင်မှ ကမ်းပေါ်တက်ရတော့ လဲစရာ အဝတ်အစားကမရှိ။ ဘုန်းကြီးကပ်လှူရန် သင်္ကန်းများကို သတိရသဖြင့် သင်္ကန်းအသစ်များကို ရုံရတော့သည်။

ထိုခေတ်က လူကြီးများမှာ သျှောင်ထုံးဆံပင်ရှည်ထားကြသဖြင့် သျှောင်ထုံးနှင့် သင်္ကန်းမှာ ကိုးလိုးကန့်လန့် ဖြစ်နေရှာသည်။ တစ်ခါသည်းသာကျန်ခဲ့ပြီး နွားနှစ်ကောင်က မရှိတော့၍ ချောင်းအတက်ကို လူအားတစ်ယောက်တည်းဖြင့် ဆွဲရန်းတက်နိုင်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝယ်လာခဲ့သော ပစ္စည်းများကို သင်္ကန်းအသစ်များနှင့် ထုပ်ပိုးပြီး လှည်းခွထောက်ဖြင့် နှစ်ဖက်လျှိုထမ်းကာ ရွာသို့ ကုန်းကြောင်းပြန်လာခဲ့ရသည်။ တစ်လမ်းလုံးလည်း မြတ်ကျော်အား ဆဲဆိုပြီး မောင်းတင်၍ ပြန်လာခဲ့ရတော့သည်။

မိုးအတော်ချုပ်မှ ရွာသို့ပြန်ရောက်သော်လည်း ရွာသူရွာသားများက အထုပ်ကြီးနှစ်ထုပ်ထမ်း၍ သင်္ကန်းရုံလာသော ဦးလူဒင်အား မမှတ်မိ။ အထူးအဆန်းအနေဖြင့် ဝိုင်းကြည့်ကြပြီး မသက်သာ၍ သူကြီးနှင့် ရွာကာကွယ်ရေးအဖွဲ့အား တိုင်ကြပြီး ဖမ်းဆီး၍ သူကြီးအိမ်သို့ ခေါ်ဆောင်လာကြသည်။ သူကြီးအိမ်ရှိ အောက်လင်းဓာတ်မီးအလင်းရောင်ဖြင့် ဦးလူဒင်မှန်းသိသဖြင့် အကျိုးအကြောင်းကို မေးမြန်းကြသည်။

ဦးလူဒင်က မြတ်ကျော်စနက်ဖြစ်ကြောင်း နတ်သံနော၍ ပြောပြသော်လည်း သူကြီးကလက်မခံ။ အားလုံးက ဝိုင်းရယ်ကြသည်။ သူကြီးက အဝတ်အစားများထုတ်ပေး၍ လဲခိုင်းပြီးသည်နှင့် ဘာသာရေးအရ လှူဖွယ်သင်္ကန်းများအား အလွဲသုံးစားလုပ်သည်ဆိုကာ အချုပ်ခန်းထဲ ထည့်၍ ထိတ်တုံးခတ်သည်။ ဦးလူဒင် ဘယ်လိုမှ ရှင်းပြ၍ မရတော့။ ထိုညကစ၍ မြတ်ကျော်လည်း ရွာမှ ပျောက်သွားတော့သည်။

ဦးလူဒင်ကတော့ အချုပ်ခန်းထဲ တစ်ညအချုပ်ခံရရင်း မြတ်ကျော်အား ဓားကြိမ်းကြိမ်းနေတော့သည်။ ကျွန်တော်နှင့် အဘအောင်တို့က ချော့မော့၍ ထမင်းကျွေး၊ အရက်တိုက်မှ ငြိမ်သွားတော့သည်။ ရွာသူရွာသားအားလုံးတို့ကလည်း ထိုကိစ္စကို ပြောမဆုံးပေါင်၊ တောသုံးတောင်ဖြစ်၍ နေပါတော့သည်။





နွားနှစ်ကောင်လည်း တင်းကုပ်ထဲ ပြန်ရောက်နေကြပြီဖြစ်၍ အဘထိတ်တုံးအောင်က သံယောင်းမငပိန်နှင့် ခွေးပု၊ သံလုံးတို့အား နွားနှစ်ကောင်ဆွဲပြီး ညတွင်းချင်းပင် လှည်းအား ပြန်ကောက်စေရသည်။ ဤသို့ အစအနောက် အလွန်သန်သော ပါလေရာမြတ်ကျော်ဖြစ်ပေသည်။

✿ ✿ ✿

❑

တစ်ပတ်ခန့်ကြာတော့ ဝါဆိုလပြည့်နေ့၌ ကျွန်တော့်အဖေ ရွာသူကြီး ဦးစီးပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဝါဆိုသင်္ကန်းကပ်သည်။ ထိုအချိန်၌ ဆရာတော်၏နံဘေး၌ ပါလေရာမြတ်ကျော်က မိန့်မိန့်ကြီးထိုင်နေပြီး ဆရာတော်အား ဝတ်ကြီးဝတ်ငယ် ပြုစုနေသည်။

ဆရာတော်ကတော့ ကိုမြတ်ကျော်နှင့် အဘဦးလူဒင်တို့၏ ပြဿနာကို သိရှာဟန်မတူပါ။ သူကြီးကလည်း ဆရာတော်ရှေ့မှီ ဘာမှုမပြောပါ။ အဘဦးလူဒင်ကတော့ ဆရာတော်၏ကွယ်ရာတွင် မြတ်ကျော်အား အံကြိတ်ပြီး လက်သီးဆုပ်ပြသည်။

ဘာသာတရား ကိုင်းရှိုင်းသူများဖြစ်ကြပြီး ဘုန်းတော်ကြီးကျောင်းပေါ်ဖြစ်၍ ပြဿနာတော့မဖြစ်ပါ။ မြတ်ကျော်ကလည်း အပါး



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော့်အနီးမှ တစ်ဖဝါးမှမခွာပါ။ တစ်ရွာတည်းသား၊ တပ္ပဝရီးတော် စပ်သူများဖြစ်ကြ၍လည်း ပွဲပြီးမီးသေ ကြာတော့လည်း ခွင့်လွှတ်ကြ စမြဲပါပင်။

တစ်နေ့တွင် ကျွန်တော်တို့ ဟင်းစားပြတ်နေသဖြင့် ကိုမြတ်ကျော်နှင့် ကျွန်တော် ချောင်းစပ်လတာပြင်ဆင်း၍ ငါးဖျံမွေး နိူက်ကြသည်။ ငါးဖျံမွေးကို ငါးပျက်ဟုလည်း ခေါ်ကြသည်။ ခါးလယ်၌ ရေယက် (၂)ခုရှိပြီး လတာပြင် ရွှံ့နွံပေါ်၌ ထောက်၍သွားသည်မှာ အလွန်မြန်သည်။

လူနှင့်တွေ့ပါက လတာပြင်ရှိ ကြိုရာကျင်းများအတွင်းသို့ ဝင်ပြေးပုန်းအောင်းကြသည်မှာ အလွန်လျင်မြန်သည်။ ငါးဖျံမွေးဆိုသည့် အကောင်မှာ လူကြီးတစ်ဦး၏ လက်မအရွယ်ခန့်သာရှိသော်လည်း ဟင်းချက်စားလျှင် အလွန်အရသာရှိသည်။

ကျွန်တော်နှင့် ကိုမြတ်ကျော်တို့ တစ်မနက်လုံး ငါးဖျံမွေးနိူက်ကြရာ ပျော်စရာအလွန်ကောင်းသည်။ တစ်ပိသာခန့်ရတော့ အိမ်ပြန်ရန်အလုပ် ကိုမြတ်ကျော်က ပြန်ခါနီး နောက်ဆုံးဘိတ် အိတ်နဲ့လွယ် ဆိုသလို နောက်ဆုံးကျင်းကို နိူက်ရာ . . .

"အောင်မယ်လေး . . . ညီရေ၊ ငါ့ကို ဂျပ်မြွေကိုက်သွားပြီဟ။ လုပ်ပါဦးဟ"

"ဟာ . . . ကိုမြတ်ကျော်၊ တောင့်ထား . . . သတိမလစ်စေနဲ့၊ ကျွန်တော်ရှိတယ်။ ရွာကဆရာကြီး ဦးမှိုင်းဆီကို ပြေးကြမယ်"

ကျွန်တော် ငါးဖျံမွေးထည့်ထားသော ပလိုင်းတစ်ဖက်လွယ်၍ ကိုမြတ်ကျော်ကို တစ်ဖက်က တွဲရသည်။ ဂျပ်မြွေဆိုသည်မှာ ဂျပ်လုံးနှင့် ဂျပ်ပြားဟူ၍ နှစ်မျိုးရှိသည်။ ကမ်းစပ်လတာပြင်ကျင်းများအတွင်း





၌ ပုန်းအောင်းနေလေ့ရှိသည်။ နှစ်မျိုးစလုံး အဆိပ်ရှိသည်။ ဂျပ်မြွေကိုက်ပါက အလွန်အိပ်ချင်ပြီး ဆေးမမီပါက အိပ်ပျော်ရင်း သေဆုံးတတ်သည်။

လတာပြင်ကျင်းဝ၌ ရေယက်အရာကလေးများရှိပါက ငါးဖျံမွေးတွင်း။ ဗိုက်ရာတွေ့ပါက ဂျပ်မြွေတွင်းဟု ခွဲခြားသိနိုင်သော်လည်း ကိုမြတ်ကျော်က ပြန်ခါနီး မစူးစမ်းဘဲ ရမ်းသမ်းနိူက်မိခြင်းဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ ရွာပြန်ရောက်ပြီး ဆရာကြီးဦးမှိုင်းအိမ်ဝင်ကြရာ ဆရာကြီးအား အဆင်သင့်တွေ့ရသဖြင့် တော်ပါသေးသည်။

"မောင်ဝင်း . . . ဘာဖြစ်လာတာတုန်း။ အဲ . . . ပါလေရာ မြတ်ကျော်ပါလား"

"ကိုမြတ်ကျော်ကို ကမ်းစပ်လတာထဲက ဂျပ်မြွေကိုက်တာ . . အဘရေ့။ ကယ်ပါဦး"

"အေး . . . အေး . . . သတိရနေသေးသားပဲ။ အချိန်မီပါတယ်။ မအိပ်လိုက်နဲ့။ အဘမန်းပေးမယ်။ ဟော့ဒီ သွေးဆေးတော်ကြီးကို မောင်ဝင်းက ရေဖျော်ပြီးတိုက်လိုက်၊ အိပ်မငိုက်အောင်။ ပြီးရင် မောင်ဝင်းက ကြိုရာလှည်းတစ်စီး ချောဆွဲခဲ့၊ ကမ်းစပ်ကိုပြန်သွားရမယ်။ ဓိဝိတဒါန ကောင်းပါတယ်လို့ပြော။ ကြားလား . . ."

"ဟုတ်ကဲ့ . . . အဘ"

ကျွန်တော် လူနာအား အဘဆေးဆရာကြီး ဦးမှိုင်းထံတွင် အပ်ထားခဲ့ပြီး ငါးဖျံမွေးပုလိုင်းပါ ချထားခဲ့သည်။ ဆရာကြီး ဦးမှိုင်းအိမ်မှ အဘအောင်တို့ လယ်တဲအထိ အတန်ငယ်လှမ်းသဖြင့် ရွာလယ်မှ အဘ ဦးလှခွင်တို့ ခြံဝင်းထဲဝင်လိုက်တော့ အဘက လှည်းကောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘဦးလူဒင် … လုပ်ပါဦး၊ ကိုမြတ်ကျော်ကို ဂျပ်မြွေကိုက်လို့ ဆရာကြီးဦးမှိုင်းအိမ်မှာ ထားခဲ့တယ်။ အဲဒါ ကမ်းစပ်ပြန်သွားရမှာမို့ လှည်းကူညီပါဦး။ ကျွန်တော့်အဘအောင် အိမ်သွားခေါ်ရင် အချိန်လင့်သွားမှာစိုးလို့ပါ"

"သေပါစေကွာ … ဒီကောင်မျိုး။ ဆန်ကုန်မြေလေး စောစောကြွသွားလည်း အေးတာပဲ"

"ဟာ … အဘကလည်းဗျာ၊ ကိုယ့်တူအရင်းဟာကို"

အဘဦးလူဒင်က အခဲမကျေ ပြောမဲ့သာ ပြောနေသော်လည်း လှည်းကောက်ပြီး လှည်းပေါ် စွေ့ခနဲ ရောက်နေပေပြီ။

"ကဲ … တက် … တက် …"

အဘဦးလူဒင်က လှည်းကို ဆေးဆရာကြီးဦးမှိုင်းအိမ်သို့ ဒုန်းစိုင်းမောင်းသည်။ ရောက်သည်နှင့် ကျွန်တော်က ကိုမြတ်ကျော်ကို လှည်းပေါ်သို့ တွဲတင်ပေးသည်။ ဆရာဦးမှိုင်း၏ ဆေးစွမ်းကြောင့် လူနာမှာ အိပ်ငိုက်မနေပါ။ ဆရာကြီးဦးမှိုင်းကိုလည်း လှည်းပေါ်တင်၍ တစ်ခါတည်း ပင့်ဆောင်ခဲ့ပါသည်။

အဘဦးလူဒင်က ကမ်းစပ်သို့ လှည်းသို့ ဒုန်းစိုင်းမောင်းပြန်သည်။ ဂျပ်မြွေအကိုက်ခံရသော လူနာထုံးစံမှာ အလွန်အိပ်ချင်တတ်သည်ဟုဆိုသည်။ အိပ်ပျော်သွားပါက အသက်ပါ ပါသွားတတ်သည်။ ထို့ကြောင့် ကိုမြတ်ကျော်အား မအိပ်စေရန် ကျွန်တော်က အနီးတွင်ထိုင်၍ နှိုးပေးနေရသည်။

လမ်းတွင် အဘဦးလူဒင်က ကျွန်တော့်အား မျက်ရိပ်ပြ ဖယ်ခိုင်းပြီး ကိုမြတ်ကျော်အိပ်ငိုက်သည်နှင့် နွားရိုက်ကြိမ်လုံးဖြင့် ရိုက်ပြီး နှိုးတော့သည်။





"ရှမ်း …"

"အောင်မယ်လေးဗျ …"

"မငိုက်နဲ့ … တူကလေး၊ မင်းအတွက် အန္တရာယ်ရှိလို့ ရိုက်ပေးရတာ"

"ဖြည်းဖြည်းလုပ်ပါ … အဘရယ်၊ ကျွန်တော် သတိရှိပါတယ်"

"အဘက ဟိုတစ်ခါကိစ္စကြောင့် ကျွန်တော့်ကို လက်စားချေနေတာမဟုတ်လား။ ကျွန်တော်က အဘကို တောင်းပန်ပါတယ်။ ကျေပါဗျာ"

"အဲဒါတွေကြောင့် မဟုတ်ဘူး။ မင်းအိပ်ပျော်သွားရင် သေမှာစိုးလို့။ ငါက စေတနာနဲ့ သတိပေးနေရတာ"

"ဟုတ်ကဲ့ … ကျွန်တော်သိပါတယ် အဘရယ်။ သတိထားနေပါ့မယ်။ ကျွန်တော် အိပ်ငိုက်ရင်လည်း ဖြည်းဖြည်းရိုက်ပါ အဘရယ်နော်"

ကျွန်တော်နှင့်အဘ ဆေးဆရာကြီး ဆရာမှိုင်းတို့ကတော့ အကြောင်းသိ အတွင်းသိ၊ အစင်းသိများဖြစ်ကြ၍ ပြုံးလို့သာ နေမိကြသည်။

သို့ဖြင့် ရွာမှ ကမ်းစပ်သို့ တစ်မိုင်ခန့်ဝေးသောခရီးကို အဘဦးလူဒင်က လှည်းမောင်းရင်းက နောက်လှည့်၍ တူတော်သူ မြတ်ကျော်အား ကြိမ်ဖြင့် တရွှမ်းရွှမ်း ရိုက်နေတော့သည်။ ချောင်းကမ်းစပ်ရောက်တော့မှ ကျွန်တော်က ကိုမြတ်ကျော်ကို တွဲခေါ်သည်။

ထိုအခါတွင်မတော့ အဘဦးလူဒင်ကလည်း တူအရင်းဖြစ်သဖြင့် ဖေးဖေးမမ ကူညီရှာပါသည်။ ဆရာမှိုင်း ညွှန်ကြားသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကမ်းစပ်ခရာချုံဆီသို့ တွဲခေါ်ရပြီး ခရာပင်အမြစ်အား သူကိုယ်တိုင်လက်နောက်ပြန်ဖြင့် စမ်းစေပြီး နုတ်ခိုင်းရသည်။ ခရာမြစ်ကို ရေဆေးရန်ဖြစ်သော်လည်း အဘဦးလူဒင်က ကျွန်တော့်အား လက်ကုပ်သဖြင့် အသာငြိမ်နေရသည်။

ကိုမြတ်ကျော်ခမျာ ... ပျောက်လိုသောဇောဖြင့် သဲနုင့်ရွံ့များကပ်နေသော ခရာမြစ်ကို သည်အတိုင်း ဝါးစားရရှာတော့သည်။ ခရာမြစ်က အလွန်ခါးပြီး သဲနုင့်ရွံ့များပါသဖြင့် မျက်နှာရှုံ့မဲ့နေရှာသည်။ ထိုအချိန်တွင် လှည်းပေါ်ကမဆင်းအဲ အသင့်စောင့်နေသော အဘဆေးဆရာကြီးဆရာမှိုင်းက ...

"ကဲ ... လာကြ ... လာကြ။ အသက်အန္တရာယ်အတွက်တော့ စိတ်ချရပါပြီ။ ဒါပေမဲ့ အဆိပ်ထုတ်ဖို့ တစ်ဆင့်ကျန်သေးတယ်။ အဆိပ်မထုတ်ရင် မျက်စိမှုန်ပြီး နားပင်းသွားတတ်တယ်။ ငါ့အိမ်ကို အမြန်မောင်း"

အပြန်ခရီး၌လည်း ဘကြီးဦးလူဒင်က ကိုမြတ်ကျော်အား အိပ်မငိုက်စေရန်ဟု အကြောင်းပြကာ ကြိမ်လုံးဖြင့် ရိုက်ပြန်သည်။

ထိုအခါမှ ဆရာမှိုင်းက မနေသာတော့ဘဲ ...

"ဟ ... တော်တော့ဟ ... လူဒင်ရ၊ မင်းရိုက်တာနဲ့ မြွေဆိပ်ဒဏ်ရာကို ကုရမဲ့အစား ကျောကကြိမ်ဒဏ်ရာကို ကုရမှာက များနေပြီ"

ဆေးဆရာကြီး ဆရာမှိုင်းဝင်ဟန့်မှ ဘကြီးဦးလူဒင်က အရိုက်ရပ်တော့သည်။ အမှန်တော့ ကိုမြတ်ကျော်က သူ့ကို ကိုယ်တုံးလုံးထားခဲ့ပြီး ဒုက္ခရောက်ရသည့်ကြားထဲ သူကြီးက အချုပ်ခန်းထဲထည့်၊ ထိတ်တုံးပါ အခတ်ခံရသဖြင့် လက်စားချေခြင်းမှာ သိသာပါသည်။





ဘကြီးဦးလူဒင်မှာ လူပျော်ကြီးဖြစ်သော်လည်း အငြိုးအတေးအလွန်ကြီးသည်။ ရွာပြန်၍ ဆရာမှိုင်းအိမ်ပြန်ရောက်မှ ပုလင်းလေးတစ်လုံးကို မီးကင်၍ မြွေကိုက်ဒဏ်ရာအား ပုလင်းအဝဖြင့် ငုံပေးရာ အဆိပ်မည်းမည်းများ ထွက်လာသည်။ သွေးနီများပါလာမှ ရပ်တော့သည်။

ကိုမြတ်ကျော်မှာ ဂျပ်မြွေကိုက်၍ မသေသော်လည်း ကျောကုန်းမှ ကြိမ်ဒဏ်ရာအရှိုးများကို တစ်ပတ်ခန့် ဆရာမှိုင်းထံတွင် ကုသလိုက်ရသည်။ ပြီးမှ အသက်သခင်ကျေးဇူးရှင်အနေဖြင့် ဆရာမှိုင်းအား စပါး (၅) တင်းဖြင့် ကန်တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ဘကြီးဦးလူဒင်မှာ အသက် (၅၀)ကျော် (၆၀)နား ကပ်နေပြီ ဖြစ်သော်လည်း ခန္ဓာကိုယ် တောင့်တင်းသန်မာသည်။ အဘဦးအောင်နှင့် သက်တူရွယ်တူ ငယ်ပေါင်းသူငယ်ချင်းများဖြစ်ကြသည်။ ရွာဘုန်းတော်ကြီးကျောင်းထွက်ချင်း တူသော်လည်း အဘအောင်က ပါးရည်နပ်ရည်ရှိသည်။ စာပေဝါသနာပါသူဖြစ်သဖြင့် ဗဟုသုတလည်း ပြည့်စုံသည်။

အဘဦးလူဒင်ကတော့ တုံးဆိုတိုက်၊ ကျားဆိုကိုက် ကမူးရှူးထိုး လုပ်တတ်သည်။ ဆုံးဖြတ်ချက်မြန်သဖြင့် မှားတတ်သည်။ ထို့ကြောင့်လည်း သက်တူရွယ်တူချင်းဖြစ်သော်လည်း ဦးလူဒင်က အဘဦးအောင်ကို ဆရာတင်ရသည်။ အဘဦးအောင်ကိုလည်း ငယ်ကြောက်ဖြစ်သည်။

ဦးလူဒင်ကလည်း မိဘအမွေ၊ လယ်ဧက (၅၀)ကျော်ပိုင်သဖြင့် ချမ်းသာသည်။ လယ်ယာများကို အလုပ်သမားများငှားပြီး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သည်။ ဇနီးသည်ရှိသော်လည်း အလွန်အနေအေးသည်။ သမီးတစ်ယောက်လည်းရှိသည်။ နာမည်က ဖြူဖွေးတဲ့။ အလွန်အသားဖြူသည်။





ကျွန်တော်တို့နှင့် ဝါးဘလောက်သောက်ရွာ၊ အလယ်တန်းကျောင်းတွင် အတူတက်ခဲ့ရသော ငယ်သူငယ်ချင်းများလည်း ဖြစ်ပါသည်။ အလယ်တန်းအောင်တော့ သူမအား အဘဦးလူဒင်က အထက်တန်းကျောင်းဆက်မထားတော့။ ကျွန်တော်တို့ရွာ မင်းတုန်း၏ကွမ်းတောင်ကိုင် အပျိုချောဖြစ်လာသူဖြစ်သည်။ ပိုးပန်းသော ကာလသားများလှသည်။

သူမ၏ လှဂုဏ်သတင်းက ရွာနီးစပ်ချုပ်၊ နှစ်ခွ၊ ပျားမွှတ်၊ သို့ဒင်ရွာများသာမက ဝါးဘလောက်သောက်၊ ညောင်ပင်သာ၊ ဒရယ်လူးရွာများအထိ ကျော်ဇောသည်။ ကျွန်တော်ကတော့ ငယ်စဉ် ကျောင်းနေဘက်လည်းဖြစ်ပြန်၊ နှပ်ချေးတွဲလောင်းဘဝထဲက ပေါင်းခဲ့သူဖြစ်သဖြင့် အထင်မကြီး။ ညီမတစ်ယောက်အနေဖြင့်သာ ဆက်ဆံသည်။ အဘဦးလူဒင်က ကျွန်တော်နှင့် သဘောတူသလို၊ ကျွန်တော့်မိဘများကလည်း သဘောကျသည်။ အဘအောင်တစ်ယောက်သာ ကျွန်တော့်ဘက်က သဘောမကျ။

"လူကလေး ... ရွာမြက် ရွာနွားမစားနဲ့ကွ"

"ဟာ ... အဘကလည်း ကျွန်တော်က နွားမှမဟုတ်ဘဲ။ ဘယ်စားပါ့မလဲ"

"ဥပမာပြောတာကွ ... လူကလေးရဲ့ မင်းကလည်း။ လူဒင်ကချမ်းသာပေမဲ့ ပြဿနာကောင်ကွ။ သူ့သမီးယူတာနဲ့ မင်း ပြဿနာအားလုံးကို ရှင်းနေရလိမ့်မယ်။ နောက်ပြီး မင်းအဖေကသူကြီး။ လူဒင်က စိတ်ရင်းကောင်းတယ်လို့ ဆိုနိုင်ပေမဲ့ လူပုစိတ်တို၊ ခွေးပုရန်လို ဆိုတဲ့ သူမျိုး။ သည်းမခံတတ်ဘူး။ ခွင့်မလွှတ်ဘူး။ အငြိုးအတေး အလွန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တာကွ။ မင်းနဲ့က မသေမချင်းပေါင်းရမှာ။ ဒါကြောင့် အဘက တားတာ"

"ကျွန်တော်လည်း စိတ်မဝင်စားပါဘူး အဘရာ"

"အေး ... မဖြူဖွေးက လိမ္မာပါတယ်။ သူ့အမေ မသီတာလည်း အေးတာပဲ။ လူဒင်က ခက်နေတာ။ ဥစ္စာပစ္စည်းလည်း ချမ်းသာပါရဲ့၊ ဒါပေမဲ့ကွာ ..."

"ကျွန်တော် သဘောပေါက်ပါတယ်အဘ။ ဒါဆို ကျွန်တော့်က ဘယ်သူ့ကို ယူရမှာလဲ"

"ဆရာမကလေးကိုပေါ့ဟ ... လူကလေးရ"

"အဘပဲ ရွှေစင်အိဆိုတာ ရေးဟောင်းနာမည်ကြီးဆို"

"မင်းကိုစတာပါ ... လူကလေးရာ။ ဆရာမလေးက တို့ရွာကွမ်းတောင်ကိုင် ဖြူဖွေးထက်တောင် ချောသေးတယ်။ ဒါနဲ့ မင်းဆရာမလေးကို ရည်းစားစကား ပြောပြီးပြီလား"

"မပြောရသေးပါဘူး ... အဘရယ်"

"ဒီလောက်တောင် ရေလာမြောင်းပေးလုပ်နေတာ မင်းအတော်ညံ့တဲ့အကောင်။ မင်းကြိုက်ရင် မြန်မြန်ပြောလိုက်။ တော်ကြာ မင်းတက္ကသိုလ်ကျောင်းကြီးတက်ရရင် အနေဝေးသွားလိမ့်မယ်"

"ဘယ်လိုပြောရမှာလဲ အဘ"

"တယ်ကွာ ... လူချင်းသာ လဲလိုက်ချင်တော့တယ်။ ထိတ်တုံးအောင်ရဲ့တူ မဟုတ်တဲ့အတိုင်းပဲ"

"ဆရာမလေးကို မြင်မြင်ချင်းချစ်မိပါတယ်လို့ တစ်ခွန်းတည်းပြော။ အဖြေမတောင်းနဲ့။ ပြောပြီးတာနဲ့ ဆရာမလေးနဲ့ ဝေးဝေးနေခပ်စိမ်းစိမ်းနေ၊ သူ့ဘာသာ အဖြေပေးလာလိမ့်မယ်"





"အဲလိုကြီး ကောင်းပါ့မလား ... အဘရယ်။ ကိုယ်ကလည်းချစ်ခွင့်တောင်းသေး၊ စိမ်းစိမ်းနေတော့ ဆရာမလေးက ကိုယ့်အိမ်မှာလာပြီး မှီခိုနေတဲ့ညှော်သည်။ ဘယ်ကောင်းပါ့မလဲ"

"အဲဒါ ခေတ်ပေါ်ရည်းစား စကားပြောနည်းကွ။ မင်းက ဒါ့လောက်တောင် စာမဖတ်ပါလား။ စာရေးဆရာကြီး ပီမိုးနင်းရဲ့ 'လူပေါ်လူဇော်လုပ်နည်း' စာအုပ်ထဲမှာ ပါတယ်ကွ။ မင်းဖတ်ကြည့်ချင်ရင် ဒို့အိပ်ရာဘေးနားမှာရှိတယ်"

"ပြီးတော့ရော ... အဘရယ်"

"မင်းက စိမ်းစိမ်းနေရင် သူက လာလိမ့်မယ်။ သူကပ်လာရင်တော့ မင်းကလျှော့။ အမူမလွန်စေနဲ့"

"ဟာ ... အဘဟာကလည်းဗျာ ... ရှုပ်လိုက်တာ။ ကျွန်တော်က သူ့ကိုချစ်တယ်၊ သူကလည်း လက်ခံချင်ပုံရပါတယ်။ ပြီးရောပေါ့။ မူခြင်းမူရင် သူ့ဘက်ကမူရမှာမဟုတ်လား"

"သူတို့က ခရစ်ယာန်ဘာသာဝင်ကွ ... ပြတ်သားတယ်။ ရဲတယ်။ နောက်ပြီး သူတို့ဘာသာ့ထုံးစံအရ စေ့စပ်ထားတာတွေ၊ ဘာတွေရှိနေရင် ဘယ်လိုလုပ်မလဲ။ အဲဒါတွေမရှိမှ မင်းကိုလက်ခံမှာ။ ဒါကြောင့် အဘက လူကလေးကို အဖြေမတောင်းနဲ့လို့ ပြောတာ။ သူ့ဘာသာဆုံးဖြတ်ပြီး အဖြေပေးလိမ့်မယ်။ အခွင့်အရေးပေးပြီး ဆုံးဖြတ်နိုင်အောင်အချိန်ပေးထားတာ"

"ဟာဗျာ ... အဘကလည်း သူက လက်မခံရင်ကော"

"အလွယ်ကလေးပါ ... လူကလေးရယ်၊ ဖြူဖွေးကိုယူပေါ့"

"ဟာဗျာ ... အဘကလည်း အမျိုးမျိုးပြောတယ်။ တော်ပါပြီဗျာ ... အဘအကြံဉာဏ်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ..."

"စိတ်မပျက်နဲ့ ... လူကလေး။ ဒီကိစ္စမျိုးက ဒီလိုပဲ။ မင်း ဆရာမလေးအချစ်ကို ရကိုရစေ့ရမယ်လို့ အဘအာမခံတယ်"

"တကယ်လား အဘရ"

"တကယ်ပေါ့ကွ ... လူကလေးရ၊ မင်းဟာမင်း ရည်စားစကားကို ပြောတတ်သလိုပြောဖို့က မင်းတာဝန်။ ကျန်တဲ့အပိုင်းက အဘတာဝန်ထားလိုက်"

"ရှက်တော့ ရှက်စရာကြီးဗျာ ... မျက်နှာလည်း ပူတယ်။ မပြောဘဲလည်း မနေနိုင်ဘူး၊ တော်ကြာ ..."

"တော်တော့ ... လူကလေး၊ မင်း ယောကျ်ားမဟုတ်ဘူးလား။ ဒါဟာ ယောကျ်ားနဲ့မိန်းမ ဖြစ်ရိုးဖြစ်စဉ် သဘာဝပဲ။ မိန်းကလေးဘက်ကတော့ ထုံးစံအတိုင်း တန်ဖိုးရှိအောင် မူမှာပေါ့။ အဲ့ဒါကိုတော့ မင်း စိတ်ရှည်လက်ရှည် သည်းခံရမယ်။ ပြီးတော့လည်း ပြီးသွားတာပါပဲကွာ"

"အဘက မိန်းမကျွမ်း ကျေလှချည့်လားဗျာ။ ဒါနဲ့တောင် လူပျိုကြီး ဖြစ်နေသေးတယ်"

"ဟာကောင်ရ ... မိန်းမတွေအကြောင်း သိလွန်းလို့ မိန်းမ မယူဘဲ လူပျိုကြီးလုပ်နေတာပေါ့။ အဲဒါပေမဲ့ ငါက ကလေးတော့ ချစ်တတ်တယ်ကွ"

"ဩော် ... အဘက ဒီလိုလား။ မိန်းမနဲ့ မပေါင်းသင်းချင်ပေမဲ့ ကလေးတော့ လိုချင်တာပေါ့။ အဘရယ် ... ဒါများ ဘာခက်တာ မှတ်လို့။ ရွာနောက်ဖျားက မဘုတ်ဆိုက တောင့်တောင့်တင်းတင်း။ သူ့ယောကျ်ား၊ အရက်သမားကိုစိန်က ပိုးထိပြီးဆုံးသွားတာ မကြာသေး





ဘူး။ ကလေးက (၅)ယောက်တောင် ကျန်နေခဲ့တယ်။ ဒေါ်ဘုတ်ဆိုတာလည်း အသက် (၄၀) တောင် မကျော်သေးဘူး။ အသားမဲပြီး အကျည်းနည်းနည်းတန်ပေမဲ့ တောင့်ပါတယ်ဗျ။ ကုသိုလ်လည်း ရပါတယ်။ ချစ်လိုက်စမ်းပါဗျာ။ ကလေးတွေက တစ်လှေကြီးနဲ့"

"ဟဲ့ကောင်လေး ... ဘာတွေလျှောက်ပြောနေတာလဲ။ အဘက ကလေးချစ်တတ်တယ်ဆိုတာက သွေးရင်းသားရင်းကို ပြောတာဟ။ ငါ့ညီကမွေးတဲ့ မင်းကို ငါက ငါ့သားလိုချစ်ခဲ့တယ်။ မင်းမိဘတွေထက်တောင် ငါကပိုသေးတယ်။ မင်းကမွေးမဲ့ကလေး ငါ့မြေးကိုလည်း ချစ်ချင်တယ်လို့ ပြောတာဟ"

"ဝါး ... ဟား ... ဟား ... ဟား ..."

ကျွန်တော်နှင့် အဘဦးအောင်တို့ လယ်တဲအိမ်ကြီးအတွင်း၌ အားရပါးရ စကားကောင်းနေကြစဉ် အိမ်အဝ၌ ချိုင့်ကလေးဆွဲ၍ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ဆရာမကလေးကို တွေ့ရတော့ ကျွန်တော့်မျက်နှာ ဘယ်သွားထားရမှန်းမသိ။

တကယ်တော့ အဘအောင်က မြင်သင့်သည်။ ကျွန်တော်က တဲအိမ်ပေါက်ဝအား နောက်ခိုင်းနေပြီး နေ့လယ်စာစားရန် ထမင်းစားပွဲကို ပြင်ဆင်နေရင်း စကားပြောနေခြင်းဖြစ်သည်။ အဘအောင်က ဘေးတစ်စောင်း။ အဘ၏အထာကို ကျွန်တော်သိသည်။ မြင်လျှက် မမြင်ချင်ဟန်ဆောင်၍ ပြောနေခြင်းဖြစ်ပေမည်။

"ဟာ ... ဆရာမ၊ လာ ... လာ ... ကျွန်တော်တို့ အခုပဲ နေ့လယ်စာ စားတော့မလို့။ အတော်ပဲ"

အဘအောင်က ကျွန်တော့်အား မျက်စိတစ်ဖက်မှိတ်ပြီး လက်ယမ်းခေါ်ပြသည်။ ဆရာမကလေးက တဲအိမ်အဝတွင် ထီးဆိုတ်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြင်ဟန်မတူပါ။ ကျွန်တော်က ဆရာမကလေး၏လက်ထဲမှ ချိုင့်ကို လှမ်းယူလိုက်တော့ . . .

"ဒေါ်ဒေါ်က ဟင်းပို့ခိုင်းလိုက်လို့၊ ငါးရှဉ့်ချဉ်စပ်ဟင်းနဲ့ ငါးရှဉ့်ကြော်နှစ်။ အစ်ကိုလေးက ကြိုက်တယ်လို့ပြောတယ်။ အဲဒါလာပို့တာ"

"ဆရာမလေးရော စားပြီးပြီလား။ မစားရသေးရင် ကျွန်တော်တို့တူဝရီးနဲ့အတူ နေ့လယ်စာ တစ်ခါတည်း စားလိုက်ကြရအောင်။ လူကလေး ပြင်ကွာ"

"နေပါစေ . . . အဘ။ ကျွန်မ ခူးခပ်ပြင်ဆင်ပေးပါ့မယ်။ ကျွန်မလည်း မစားရသေးပါဘူး။ အတူ ထမင်းလက်ဆုံစားချင်လို့ လာတာပါ"

ကျွန်တော်နှင့် ဆရာမလေးတို့ ဝိုင်းပြင်ဆင်နေကြသည်ကို အဘအောင်က ပြုံးပြုံးကြီး ကြည့်နေသည်။ ကျွန်တော် ရောကောသောကော ဆရာမလေးနှင့် ဝိုင်း၍ ပြင်ဆင်ပေးနေရသော်လည်း မျက်နှာရှုလှသဖြင့် ခေါင်းကို ငုံ့ထားမိသည်။

"အစ်ကိုလေး . . . အဘပြောတာ တကယ်လားဟင်"

"ဘာကိုပြောတာလဲဟင် . . ညီမ"

"ညီမကို အစ်ကိုလေးက ရည်းစားစကားပြောမလို့ဆို"

ကျွန်တော် ဆွံ့အနေစဉ် ဆရာမလေးက တိုးတိုးပြောသော်လည်း အဘအောင်က ကြားဖြစ်အောင်ကြားသည်။

"ဟုတ်ပ့ါ . . . ဆရာမလေးရယ်။ အဘတူက မပြောရဲလို့ အဘက မြှောက်ပေးနေရတာပါ"

"ညီမသိပါတယ် အစ်ကို။ တစ်နေ့ အစ်ကိုက ညီမကို ဖွင့်ပြောလာလိမ့်မယ်လို့ မျှော်လင့်ပြီးသားပါ"





"ဗျာ . . ."

ကျွန်တော် နှုတ်ပိတ်သွားပြန်သည်။ အမှန်က ဆရာမလေး စကားကို ကျွန်တော်က ရှေ့နင်းပြီး ပြောရမှာဖြစ်သော်လည်း ကျွန်တော်က ပြောမထွက်ပြန်။ ထို့ကြောင့် အဘက ဝင်ပြောပြန်သည်။

"ဟုတ်ပ့ါ . . . ဆရာမလေးရယ်။ အဘတူက အဘကိုသာ ရင်ဖွင့်တာ၊ ဆရာမလေးကိုတော့ မပြောရဲမဆိုရဲ ဖြစ်နေတယ်လေ"

"ဟုတ်လား . . . အစ်ကိုလေး"

ဒီတစ်ခါတော့ ရှေ့ယောင်ပြီး ကျွန်တော် ခေါင်းညိတ်လိုက်မိပါသည်။

"အစ်ကိုလေးရယ် . . . ကောက်ညှင်းကမစေးရဘဲ ဆန်ကြမ်းကစေးတယ်လို့ ကျွန်မ အပြောခံရတော့မှာပဲ။ ကျွန်မက မိန်းမသား ပါ . . . အစ်ကိုလေး။ အစ်ကိုလေးက ယောကျ်ားပါ။ ပွင့်ပွင့်လင်းလင်းပြောရမှာပါ"

"မပြောရဲဘူး။ နောက်ပြီး . . . ညီမက ချေ့သည်၊ အစ်ကိုက အိမ်ရှင် အားနာတယ်။ စော်ကားသလိုဖြစ်နေမှာလည်း စိုးရိမ်တယ်"

"တူချစ်ကလေး . . . စစ်နဲ့အချစ်မှာ မတရားတာ မရှိဘူးကွ။ ကိုယ်တကယ်ချစ်လို့၊ တကယ်မြတ်နိုးလို့ ချစ်ခွင့်တောင်းတာ အားနာရမှာမရှိဘူး။ ဒါဟာ သဘာဝပဲ။ ဟား . . . ဟား . . . ဟား . . ."

"ကျွန်မက ခရစ်ယန်ဘာသာဝင်၊ ကရင်မြန်မာ ကပြားပါ။ ရှင်းလင်းပါတယ်။ နောက်ပြီး ဘယ်ဘာသာမဆို ကောင်းတာကိုပဲ ဘုရားရှင်တွေက ညွှန်ပြပါတယ်။ ဒါကြောင့် ဘယ်ဘာသာမဆို ကျွန်မ လေးစားတယ်။ လက်ခံပါတယ်။ ခရစ်ယာန်ဘာသာနဲ့ ဗုဒ္ဓဘာသာက နီးစပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဆရာမကလေးက အဘတူအချစ်ကို လက်ခံတယ်ပေါ့ နော်"

ဆရာမကလေးက တစ်ခါတွင်တော့ နှုတ်ကမဖြေတော့ မျက်နှာ နီရဲပြီး ခေါင်းငုံ့ထားသော်လည်း ခေါင်းကိုတော့ အသာအယာ ညိတ်ပြ ရှာပါသည်။ ကျွန်တော့်မှာ အဘ၏ ဘေားတီးလှုံ့ဆော်မှုကြောင့် ရင်ထဲက အလုံးကြီး ကျသွားပြီး ဆရာမလေးအား ပြေးဖက်မိသည်။ ဆရာမလေး က ငြိမ်နေသော်လည်း အဘအောင်က ...

"ဟိုးတား ... ဟိုးတား ... လက်မပါကြေး။ ဓာတ်လမ်းက အထွတ်အထိပ်ကို ရောက်လာပြီ။ ကတ် ... ကတ် ... ထမင်းစားပြီးမှ ဆက်ရိုက်မယ်။ ကဲ ... အခုတော့ ရှူတင်ထမင်းစားကြစို့"

အဘအောင်၏ကောင်းမှုကြောင့် ကျွန်တော် အဆင်ပြေသွား သည်။ ဒီလိုမှန်းသိ အစောကတည်းက ပြောဖြစ်ပါသည်။ အချိန်တွေ အလွန်နှမြောလှပါသည်။ ထမင်းစားတော့လည်း ဆရာမလေးက အဘ အား ဦးချပြီး ကျွန်တော့်အား ဟင်းခပ်ထည့်ပေးပြီးမှ သူစားသည်။ ထိုနေ့က ထမင်းစားရသည်မှာ လွန်စွာမြိန်သည်။ ထမင်းနှစ်ပန်းကန် အသာကလေး ကုန်သည်။

ကျွန်တော်ကြိုက်သော ဟင်းဖြစ်၍လော၊ ဆရာမလေး၏ ချစ် ဖြေစကားကြားရ၍လား၊ နှစ်ခုစလုံးလည်း ဖြစ်နိုင်ပါသည်၊ ထမင်းစားပြီး တော့ စားသောက်ပြီး ပန်းကန်များအား ဆရာမလေးက ဆေးနေစဉ် ကျွန်တော် ရေခပ်ပေးသည်။ အဘအောင်က ရေနွေးကြမ်းနှင့် ထန်း လျက်ခဲ စားနေသည်။ ကျွန်တော်တို့ ပန်းကန်များဆေးပြီးတော့ အဘ အောင် တဲအိမ်ထဲတွင် မရှိတော့။ တမင်ရှောင်ပေးမှန်း ကျွန်တော် သိပါသည်။

စိတ်ကူးသစ်စာပေ



ထို့ကြောင့် ကျွန်တော်က နှုတ်မရဲသော်လည်း လက်တော့ရဲ ပါသည်။ ဆရာမလေးအား တင်းကျပ်စွာဖက်ပြီး အားပါးတရ အနမ်း မိုးများ ဖြိုင်ဖြိုင်ရွာချပစ်လိုက်တော့သည်။ အချိန် မည်မျှကြာသွားသည် မသိ။ အဘက ...

"အဟမ်း ... အဟမ်း ..."

"လူပျိုလက်၊ ဝက်မြီးဆိုတာ ဒါပဲထင်ပါရဲ့။ ငါတူကလေး မိုး လုပြီထင်တာ။ အေးပေါ့လေ ... ကိုယ်ချင်းစာကြည့်ရင်တော့ ဒါဟာ သဘာဝပါပဲ။ နော် ဆရာမလေး"

ဆရာလေးမှာ ရှက်လွန်း၍ ခေါင်းငုံ့နေရှာသည်။

"အဘရယ် ... ကျွန်တော်က အပြောနောက်ကျလို့ အခုမှ အတိုးချပြီး ချစ်ရမှာပါ။ ကျောင်းကြီးကလည်း ဖွင့်တော့မှာဆိုတော့ ခွဲ ရဦးမှာလေ"

"လူကလေးရယ် ... မင်းကျောင်းကြီးက တစ်နှစ်လုံး မပိတ် တော့ဘူးတဲ့လား။ ကြားထဲမှာ စာရေးရင်လည်း ရတာပဲ။ နောက်ပြီး ရန်ကုန်နဲ့ ငါတို့ရွာက ဝေးတာမှမဟုတ်ဘဲ။ အချိန်မရရင် ဒလမှာ တွေ့ ဖို့ချိန်း ငါကိုယ်တိုင် ဆရာမလေးကို ဒလဆိပ်ကမ်း လိုက်ပို့ပေးမယ်"

"ဟုတ်ပါရဲ့ ... အဲဒါကျတော့ အဘက ကိုယ်ချင်းစာတတ် ပြီး တော်ပြန်ရော"

"ဟဲ့ ... လူလေးရဲ့။ အဘကလည်း ငယ်ရာက ကြီးလာတာ ပါကွ။ ကိုယ်ချင်းမစာတတ်ဘဲ ရှိပါ့မလား။ အဘငယ်စဉ်က ဗျားမွတ် ရွာက မိန်းကလေးရဲ့ရည်းစား ဖြစ်ဖူးတယ်။ မင်းလိုပေါ့ကွာ ... အခု အမဲသားကျွေးမိသလို မမြင်ဖူး မှုးမြစ်ထင် တန်းတန်းစွဲဖြစ်ကုန်တာ ပေါ့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒီမိန်းကလေးက သူ့တစ်ရွာတည်းသား ရည်းစားရှိတော့ နီးစပ်တဲ့လူနောက် ပါသွားတာပေါ့။ အဘမှာ ရည်းစားလူလုအရှုံးကျွဲခတ်ခံလိုက်ရတာ မချိမဆန့်ဘဲ။ အဲဒီကတည်းက အမေကလွဲပြီး မိန်းမတွေကို အထင်မကြီးတော့လို့ ခုချိန်ထိ လူပျိုကြီးလုပ်နေတာ"

"အဘရယ် . . . သမီးကတော့ အဲဒီအစားထဲ မပါပါဘူး။ တစ်သက်မှာ တစ်ယောက်ဆို တစ်ယောက်ပါပဲ။ အစ်ကိုလေးဟာ သမီးရဲ့ အချစ်ဦးပါ။ သမီးကိုကြိုက်ကြတဲ့လူတွေ ရှိပါတယ်။ သမီး ဘယ်သူ့ကိုမှ မတုံ့ပြန်ခဲ့ပါဘူး။ အစ်ကိုလေးနဲ့ကျမှ ဖူးစာဆုံလို့ ကြုံတွေ့ခဲ့ရတာပါ"

"အေး . . . အခုတော့ မင်းတို့ငယ်ကြပါသေးတယ်။ လူလေးကလည်း ဘွဲ့မရသေးဘူး။ ဘွဲ့ရပြီးရင်လည်း အလုပ်အကိုင်လေးနဲ့မှ တင့်တယ်မယ်။ မိဘချမ်းသာတာက တစ်ပိုင်းပေါ့။ ဒီကြားထဲမှာ နှစ်ဖက်မိဘတွေ စေ့စပ်ထားရင်လည်း ဖြစ်တာပါပဲ။ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာနဲ့ ကတိသစ္စာ ထိန်းသိမ်းကြပေါ့ကွယ်"

"ဟုတ်ကဲ့ပါ . . . အဘ"

လူကြီးစကားပြော၍ ဆုံးမသွန်သင်သော အဘအား ကျွန်တော်နှင့် ဆရာမလေးရွှေစင်အိတို့ မိဘအရာထား၍ ကန်တော့ကြပါသည်။

အတည်ပေါက်ကြီးပြော၍ ဆိုဆုံးမနေသောအဘက ဖောက်လာပြန်ပါသည်။

"လူကလေး . . . လက်ချည်းပဲလားကွ။ လူကြီးတန်မဲ့ ဖူးစာရေးနတ်လုပ်ပေးတဲ့ အဘကို အဘကြိုက်တာလေးနဲ့တော့ ကန်တော့မှ။ ဒါမှ လေးလေးနက်နက် တန်ဖိုးထားရာ ရောက်ပေတော့မပေါ့"





"ဟုတ်ပါရဲ့ . . . အဘရယ်၊ ကျွန်တော် ဝမ်းသာလွန်းလို့ မေ့သွားမိတာပါ။ ဒါပေမဲ့ ကျွန်တော့်မှာ ပိုက်ဆံမပါဘူး . . . အဘရဲ့"

"ညီမမှာ ပိုက်ဆံအိတ်ပါပါတယ်။ ဘယ်လောက်ယူမလဲ . . . အစ်ကို"

"ထားပါ . . . ညီမရယ်။ ညီမကို အိမ်ပြန်ပို့ရင်း ညနေကျမှ ရွာလယ် ဒေါ်တရုတ်မဆိုင်က အစ်ကိုယူပေးလိုက်ပါ့မယ်"

"အစ်ကိုလေးလည်း အရင်လို သိပ်သောက်မနေနဲ့နော်။ ညီမ အစ်ကိုလေးတို့အကြောင်းကို သိပြီးသား။ အစ်ကို့ဘဝထဲမှ ညီမရှိနေပြီပဲ။ အရက်ရှိစရာ မလိုတော့ဘူး။ အဘက အဖော်မရှိလို့ အရက်ကို ဘဝကြင်ဖော် လုပ်နေရတာ"

"အေးပါကွယ် . . . အေးပါ . . . အစ်ကို အရက်ဖြတ်ပါ့မယ်"

"အေးပေါ့ကွာ . . . ပုဂ္ဂိုလ်ခင်တော့ တရားမင်ဆိုတာလို ဘဝကြင်ဖော်ရတော့ တစ်သက်လုံးပေါင်းလာတဲ့အဘကို လက်တွဲဖြုတ်ပြီပေါ့"

"မဟုတ်ပါဘူး . . . အဘရယ်၊ မဖြတ်သေးပါဘူး။ လျှော့သောက်မယ်ပြောတာပါ။ တက္ကသိုလ်ကျောင်းကြီးတက်တော့လည်း ဖြတ်ရမှာပါ"

"အေး . . . ဟုတ်တယ်။ ကျောင်းတက်ရင် မသောက်နဲ့တော့။ ရွာပြန်လာမှသောက်။ ဟား . . . ဟား . . . ဟား . . ."

"ဒါပေါ့ . . . အဘရယ်၊ ဟား . . . ဟား . . . ဟား . . . ဟား"

အလွန်အတိုင်အဖောက်ညီသော ကျွန်တော်တို့တူဝရီးကို ကြည့်၍ ဤဆရာမလေးရွှေစင်အိက မျက်စောင်းခဲနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတွင် ဆရာမလေးအား အိမ်ပြန်ပို့ပြီး ကျွန်တော် ရှာလယ် ဒေါ်တာရုတ်မကုန်ဆုံဆိုင်မှာ Rum နှစ်ပုလင်း ဆွဲခဲ့ပါသည်။ ကျွန်တော် တလင်းတဲအိမ်ကြီးသို့ ပြန်ရောက်တော့ အဘက ကျိုးကန်းကိုတင်၊ ပါလေရာမြတ်ကျော်၊ သံခဲနှင့် ခွေးပုတို့အား ခေါ်ထားပြီး ကြက်ဖကြီးတစ်ကောင်အား ရိုက်ချက်ထားနှင့်၏။

"လာဟေ့ . . . လူကလေး၊ မင်းရဲ့အချစ်စစ်ပွဲ အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ အဘက ဂုဏ်ပြုဖို့ စီစဉ်ထားတာ။ မင်း Rum နှစ်လုံးလောက်နဲ့တော့ မလောက်ဘူးကွ။ ဒီက ဖိုးသမားတွေက သောက်အားကောင်းတယ်"

"အဲဒီအရည်တွေမြင်လို့ ကျွန်တော် ပိုက်ဆံပိုထည့်လာပါတယ် အဘရယ်။ ဘယ်နှလုံး ဝယ်ရဦးမလဲ"

"နှစ်လုံးလောက်ထပ်ဝယ်ကွာ၊ ခွေးပုကို ခိုင်းလိုက်"

"ဟုတ်ကဲ့ . . . အဘ"

ထိုညက ကျွန်တော် ပျော်လွန်းသဖြင့် အမူးသောက်သည်။ အမြည်းစားပြီး ညစာထမင်းပင် မစားနိုင်တော့။ အဘကတော့ အရက်သောက်ပြီး အာဝဇ္ဇန်းရှင်ရှင်ဖြင့် သူ့အပေါင်းအသင်းနှင့် တပည့်များအား သူအောင်သွယ်ပေးပုံများကို ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေသည်။ ကျွန်တော်ကတော့ ရေချိန်လွန်၍ စောစောအိပ်ရာဝင်ခဲ့ပါတော့သည်။

✿ ✿ ✿

❑

"ယသော်ဓရာ ××× နန်းတောင်ရာ ××× သားရာဟုလာ×× ရွှေမျက်နှာ ××× ညှိုးလေအောင်သာ ××× ပစ်သွားရှောင်ခွာ ××× အောင်ချာကပ္ပိနန်း ×××××××××××××××××

နန်းတွင်းမှာပင် ××× အိုလေ ××× ပျော်မရှင် ××× မောင်စံကိုနှိုး ××× သူတိုင်ပင် ××× ခန္ဓကနတ်မြင်း ××× ကကြိုးဆင် ××× ယသော်မေခင် ××× ရွှေစင်အိရယ် ××× ကြာရင် သိမယ် ရိပ်မိမယ် သန်းခေါင်လယ် ××× သန်းခေါင်လယ် ××× ထွက်တော်မူ နန်းကခွာမယ် ××× မောင်ဘုန်းပျောက်တယ် ××× ဆောင်အုံးမွေ့မြင့်အလယ် ယသော်မေခင် ××× ရွှေစင်အိရယ် ××× ကြာရင် သိမယ် ရိပ်မိမယ် ××× "

အဘက ခွေးပုနှင့်အတူ ဝိုင်းကိုသိမ်းဆည်းရင်း အသံဝါကြီးဖြင့် ဟစ်နေသဖြင့် ကျွန်တော် အိပ်နေရာမှ လန့်နိုးသည်။

"အဘကလည်းဗျာ . . . သန်းခေါင်ကျောင်း ကျော်နေပြီ။ မိန်းမ ယူလိုက်တာဗျာ။ ပွဲက ပြီးသွားပြီပဲ။ ရွှေစင်ကို ဘာကြောင့် ထည့်ဆိုနေရတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီသီချင်းကို သန်းခေါင်ယံအလယ်မှာ ဆိုရတာ အာတွေ လွန်းလို့ပါ . . . လူကလေးရာ။ ဘယ့်နှယ် . . . တစ်ရေးနိုးပြီလား။ အိပ်မက်ရာမက်ကော ကောင်းရဲ့လား"

"အိပ်မက်က ကောင်းခန်းရောက်နေမှ အဘနှောင့်ယှက်လို့ ပျက်သွားပြီဗျာ . . . နှမြောစရာ"

"ခေါင်းအုံးကို သုံးချက်ပုတ်၊ ရေသောက်၊ အပေါ့အပါးသွားပြီး ပြန်အိပ်၊ ဆက်မက်လိမ့်မယ်"

ကျွန်တော် ရေသောက်၊ အပေါ့အပါးသွားပြီး ပြန်အိပ်သည်။ အိပ်ပျော်သွားသော်လည်း အိပ်မက်က ပြန်မမက်ပါ။ အတော်နောက်တတ်သည့် အဘဖြစ်ပါသည်။

နောက်တစ်နေ့မနက် ကျွန်တော် အိပ်ရာကနိုးတော့ နံနက် (၆)နာရီသာရှိသေးသည်။

အဘက နံနက်စာစားရန် ပြင်ဆင်နေသည်။

"လူကလေး . . . နိုးပြီလား၊ ထတော့။ မျက်နှာသစ်ပြီး ထမင်းကြော်နဲ့ ရေနွေးကြမ်းစားရအောင်။ ခွေးပုလက်ရာမကောင်းတော့ လူကလေးကြိုက်မှာ မဟုတ်ဘူး။ အခုဟာက ကြက်ဥနဲ့ အဘကိုယ်တိုင်ကြော်ထားတာ။ မင်းတို့အိမ်က ဆန်ပြုတ်တော့မယ်တဲ့။ အဲဒါ စပါးအစိတ်လောက် ဝါးဘလောက်သောက်ဆန်စက်မှာ သွားကြိတ်ရမယ်။ လိုက်မှာလား"

"လိုက်မှာပေါ့ . . . အဘရဲ့။ ညက အဘမအိပ်ဘူးလား။ အိမ်မှာ ဆန်တွေ မိုးမကျ[illegible]က ကြိတ်ထားတာ ဘယ်ရောက်သွားပလဲ"

"ဟကောင် . . . လူကလေးရ၊ တစ်မိုးစာ ဆန်ကြိတ်ထားပေမဲ့ ဝါဆိုသင်္ကန်းကပ်တုန်းက တစ်ရွာလုံး လာစားကြတာလေ။ နောက်





ပြီး ဆရာမလေး ရွှေစင်အိကလည်း မင်းတို့အိမ် ရောက်နေတာ။ အစား ကြီးလို့ဖြစ်မှာပေါ့"

"ဟာဗျာ . . . အဘကလည်း ဆရာမလေးကိုပဲ စားပြောရင်၊ သီချင်းဆိုရင် ဆွဲဆွဲထည့်နေတော့တာပဲ"

"ဟဲ . . . ဟဲ . . . ဟဲ . . . ငါ့တူကိုချစ်တော့ ဆရာမလေးလည်း ငါ့တူမပေါ့လကွာ။ လူကလေးကို အဘ သားလိုချစ်တော့ လူကလေးနဲ့စပ်ပြီး ဆရာမလေးလည်း ကချွေးမွေး . . . အဲလေ ငါ့သမီးပဲပေါ့"

"ဟား ဟား ဟား ဟား"

မနက်စောစောစီးစီး ကျွန်တော်တို့တလင်းတဲထဲ၌ ရယ်သံက ပြန့်ထွက်နေသည်။ အဘနှင့်ကျွန်တော် ထမင်းကြော်စားရင်းက ရေနွေးကြမ်း သောက်နေကြသည်။ သံခဲနှင့်ခွေးပုတို့ လှည်းပေါ် စပါးအိတ်များတင်ရာက ရောက်လာကြသည်။

"အဘအောင် . . . စပါး နှစ်ဆယ့်ငါးအိတ်တင်ပြီးပြီ။ အပေါ်က တာလပတ်လည်းအုပ်ထားတယ်။ မိုးမစိုအောင်လို့။ တစ်အိတ်ကို စပါးနှစ်တင်း စပါးအတင်းငါးဆယ်ဆိုတော့ အဘနွားတွေ နိုင်ပါ့မလား။ ဗွက်တော ရှုန်းရဦးမှာ"

"ငါ့နွား ကိုးညိုနဲ့ ဉသြက အတိုင်အဖောက်ညီပါတယ်ကွာ။ စပါးအတင်းငါးဆယ်လောက်ကတော့ အပျော့ပါ။ စပါးငါးဆယ်ကြိတ်ရင် ဆန်က နှစ်ဆယ့်ငါး၊ သုံးဆယ်တင်းလောက်သာ ထွက်မှာပါ။ နွားစာ ဖွဲနုဖွဲကြမ်းကလေးတော့ ရမှာပေါ့။ အပြန် ဝန်ပေါ့ပါတယ်။ မင်းတို့ ကြိုးတွေတော့ နိုင်နိုင်ချည်ရဲ့မဟုတ်လား။ တော်ကြာ မို[illegible]ပြီး ဗွက်တောရုန်းရရင် ပြုတ်ကျကုန်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ . . . အဘ၊ အစ်ကိုလေး စပါးအိတ်တွေပေါ်က လိုက်နိုင်အောင်ကို ခိုင်ပါတယ်"

"အေး . . . အေး . . . မင်းတို့ ထမင်းကြော် စားကြ။ စားပြီး တလင်းထဲ ရေဝပ်နေတာတွေ ဖောက်ချစမ်းကွာ။ ညနေစာလည်း ချက်ပြုတ်ထားကြ။ ငါတို့က မိုးချုပ်လိမ့်မယ်။ မင်းတို့အတွက် နေ့လယ်စာကတော့ ညကဟင်းကျန်နဲ့ စားကြ"

"ဟုတ်ကဲ့ပါ . . . အဘ"

"အဲ . . . နေဦး။ လူစာချက်ပြုတ်ပြီးတော့ နွားစာလည်း စင်းထားကြ။ အပြန်မိုးချုပ်တော့ မမြင်မစမ်းနဲ့"

"စိတ်ချပါ . . . အဘ"

ကျွန်တော်တို့လှည်းထွက်လာတော့ မနက်ခုနစ်နာရီခန့် ရှိပါပြီ။ ဝါးဘလောက်သောက်ရွာနှင့် ကျွန်တော်တို့ရွာမှာ ဖြတ်လမ်းကမောင်းလျှင် သုံးမိုင်ခန့်သာ ဝေးသော်လည်း ယခုမိုးတွင်းအခါ လယ်ကွင်းများ ထွန်ရေးငင်နေကြပြီဖြစ်သဖြင့် လမ်းရိုးအတိုင်း ကွေ့ပတ်မောင်းရတော့ (၄) မိုင်ခန့် ပိုဝေးသွားသည်။

ဖွက်တောလည်း ရှန်းရသဖြင့် မနက် (၉) နာရီခန့်မှ ဝါးဘလောက်သောက်ရွာ ဆန်စက်သို့ ရောက်သည်။ မိုးတွင်းအခါဖြစ်၍ ဆန်ကြိတ်ခွဲသူနည်းသဖြင့် မနက် (၁၀)နာရီခန့်တွင် ကျွန်တော်တို့ စပါး ကြိတ်ခွင့်ရသည်။ ကျွန်တော်နှင့် အဘအောင်တို့ စားသောက်ဆိုင်ကြီးတွင် စားသောက်ကြရင်း စောင့်ရာ မွန်းတည့် (၁၂)နာရီခန့်တွင် ကြိတ်ခွဲမှု ပြီးစီးသည်။

"ကဲ . . . လူကလေး၊ ဘာလုပ်ဦးမလဲ"

စိတ်ကူးသစ်စာပေ



"အဘ . . . ကျွန်တော်က ဆန်ကြိတ်ခရှင်းပြီး ဆန်အိတ်တွေ လှည်းပေါ်တင်ထားလိုက်မယ်။ အဘက ဈေးသွားပြီး ဟင်းချက်စရာဝယ်ဗျာ။ ဒီရွာက ငါးပတ်ကြီးတွေ အလွန်လတ်တယ်။ ငါးကျည်း၊ ငါးခူလည်း ဝယ်ဗျာ။ ဆရာမလေးကို မုန့်ဟင်းခါးချက်ခိုင်းမယ်။ နောက်ပြီး ဝက်သားနဲ့ ဟင်းသီးဟင်းရွက်လည်း ဝယ်ဗျာ"

"အေး . . . အေး . . . အဘဈေးသွားမယ်။ ဈေးတောင်ကွဲလောက်ပြီ။ ညနေဈေးစောင့်ရရင် နည်းနည်းကြာမယ်။ လူကလေး မိုးရွာရင် ဆန်အိတ်တွေရေမစိုအောင် မိုးကာလုံအောင် အုပ်ထားနော်"

"စိတ်ချပါ . . . အဘ၊ ကျွန်တော် လုံခြုံအောင်အုပ်ပြီး လှည်းနားမှာ စောင့်နေမှာပါ။ ဘယ်မှသွားစရာမရှိပါဘူး"

အဘလှည်းပေါ်တွင် ဆောင်လာသော ပလိုင်းတစ်လုံးလွယ်၍ ရွာထဲဝင်သွားသည်။ ဆန်စက်ကြီးက တိုးမြစ်ကမ်းနဖူးတွင် ရှိသဖြင့် လှေသမ္ဗန်များဖြင့် ရေလမ်းခရီးကလာသော အဆင်ပြေသော်လည်း ရွာနှင့်တော့ နည်းနည်းလှမ်းသည်။ သို့သော် ဆန်စက်ကြီးလည်နေသ၍ ဆန်စက်ကြီးအနီးတွင် စားသောက်ဆိုင်၊ ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်များက တန်းစီပြီး တည်ရှိနေသည်။

ကျွန်တော် ဆန်ကြိတ်ခွဲခရှင်းပြီး လှည်းပေါ်ဆန်အိတ်များအား တမာစီသည်။ စပါးတင်း (၅၀) ကြိတ်ခွဲရာ ဆန် (၂၅)အိတ်ခန့်နှင့် ဖွဲနု (၂) အိတ်၊ ဖွဲကြမ်း (၃)အိတ်သာရသည်။ အလုပ်သမားများဖြင့် မိုးကာလုံအောင်အုပ်ပြီး ကြိုးချည်သည်။ (၁)နာရီအချိန်ခန့်ပဲ ကြာပါလိမ့်မည်။ အဘဟင်းချက်စရာများ မနိုင်မနင်းဖြင့် ပြန်ရောက်လာသည်။

"အဘ . . . များလှချည်လား၊ ကျွန်တော့်မှာတာတွေ ပြည့်စုံအောင် ပါရဲ့လား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပါပါ့ဗျာ ...။ ညနေဈေးမထွက်သေးတော့ ရွာထိပ်မှာတင် ရောင်းချဖို့ ပြင်ဆင်နေကြတုန်း။ အခန့်သင့်ပြီး အကုန်ဝယ်လာခဲ့တယ်။ ဈေးကလည်းပေါ၊ လတ်ဆတ်တာပေါ့ကွာ"

"ကဲ ... အဘရေ၊ မိုးလေးကင်းတုန်း ပြန်ကြစို့"

အပြန်ခရီးကျတော့ မိုးလေလွတ်ရန် နွားနှစ်ကောင်အား ခပ်သွက်သွက်မောင်းခဲ့ရာ (၁)နာရီခန့်ကျော်ကျော်တွင် တလင်းထဲ ပြန်ရောက်သည်။ တဲအိမ်ကြီး၌ သံခဲနှင့်ခွေးပုတို့အပြင် အဖေသူကြီးပါ ရောက်နေသဖြင့် ကျွန်တော်က ...

"အဘရေ ... ဘာပြဿနာများ ဖြစ်သလဲမသိ၊ အဖေရောက်နေတယ်"

"ဘာမှမပူနဲ့ ... လူကလေး၊ မင်းနဲ့ ဆရာမလေးကိစ္စ ပါလေရာမြတ်ကျော်တို့ဖွလိုက်လို့ သိသွားပြီနဲ့တူတယ်"

"ဟာ ... အဘ၊ အဲဒါဆိုရင် ဒုက္ခပဲ။ အဖေက ဆူမှာဗျ"

"လူကလေး ... မင်း အဲဒါတွေ ခက်တာပေါ့။ မင်းတို့ကိစ္စကို မင်းအဖေသာမက ဦးလှုဒင်နဲ့ တစ်ရွာလုံးသိအောင် အဘက သွယ်ဝိုက်ပြီးလုပ်လိုက်တာ"

"အဲဒါ ပြဿနာမဟုတ်ဘူးလား ... အဘရဲ့"

"ရော် ... ခက်နေပါပြီ။ လူကလေး ... အသာနေ။ ဒီကိစ္စ အဘရှင်းမယ်။ အဘလုပ်ထားတဲ့ပြဿနာလို့သာ မှတ်လိုက်။ အဘ တာဝန်ထားလိုက်"

ကျွန်တော်တို့ တလင်းထဲ အိမ်ရှေ့ရောက်တော့ လှည်းရပ်လိုက်တာနှင့် အဖေထွက်လာပါသည်။





"သားရယ် ... မင်းတို့ကိစ္စ မိဘတွေကို အရင်ပြောပါတော့လား။ အခုတော့ တစ်ရွာလုံးသိမှ အဖေတို့သိရတာ။ လှုဒင်က မကျေနပ်လို့ သားနဲ့ဆရာမလေးကို ဓားကြိမ်း ကြိမ်းနေသတဲ့။ ဒီနေ့ ဆရာမလေးလည်း အလုပ်တောင် မဆင်းရဲတော့ဘဲ အိမ်မှာတစ်ချိန်လုံး ငိုနေတယ်။ ထမင်းလည်းမစားဘူး။ အဲဒါ မင်းအိမ်လိုက်ခဲ့ဦး"

"ဒီမှာ ... ညီလေး၊ ဒီကိစ္စတွေအားလုံး ငါစီစဉ်တာ။ လှုဒင့်သမီးဖြူဖွေးက အသားဖြူလွန်းလို့ ရွာကွမ်းတောင်ကိုင်ဖြစ်တာ။ ဆရာမလေးက (၁၀)တန်းအောင်ပြီးသား။ အချိန်မရွေး ဘွဲ့ရနိုင်တယ်။ ဆေးပညာလည်း တတ်ပြီးသား။ မင်းတို့မိသားစု ကျန်းမာရေးအတွက် အားကိုးနိုင်တယ်။ ရုပ်ရည်ကလည်း ပိုချောတယ်။ ခရစ်ယာန်ဘာသာဝင်လည်း ဘာထူးလို့လဲကွာ။ သူတို့ဘာသာကလည်း မေတ္တာထားပြီး ခွင့်လွှတ်တာပဲ။ ဖြူဖွေးက အလယ်တန်းပဲအောင်တာ။ ပိုက်ဆံရှိပေမဲ့ ဂုဏ်ရှိတာချင်း မတူဘူး။ ဒီကိစ္စ ငါရှင်းမယ်။ လှုဒင်ဆိုတာ ဘယ်လောက်စိတ်ကြီးကြီး ငါက ငယ်နိုင်ပါကွာ"

"ဟုတ်တော့ ဟုတ်ပါတယ် ... အစ်ကို၊ ကျွန်တော်လည်း ဆရာမလေးကို ပိုသဘောကျပါတယ်။ ဒါပေမဲ့ ငယ်ငယ်ကတည်းက ကမ်းလှမ်းထားတဲ့စကားက ရှိနေတော့ ခက်နေတာ"

"အိမ်ထောင်ရေးမှာ စာချုပ်ချုပ်ထားတာမရှိဘူး ... ညီလေး။ ဒါက ကလေးတွေကိစ္စ။ သူတို့ကြိုက်တာသူတို့ ရွေးချယ်မှာပဲ။ ထားပါ၊ ဒီကိစ္စငါရှင်းမယ်"

အဖေနှင့်အဘ အချေအတင်ပြောနေကြတုန်း ကျွန်တော် လှည်းမောင်းပြီး ခွေးပုနှင့်သံခဲတို့အား ဆန်အိတ်များချရန် ခေါ်ခဲ့၍



www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်အိမ်သို့ မောင်းခဲ့ပါသည်။ သတင်းရလျှင် ဖွတတ်သော ပါလေရာကိုမြတ်ကျော်အား မကျေနပ်သလို အဘအောင်ကိုလည်း နားမလည်နိုင်တော့ပါ။

အတွေးများသွားပြီး လှည်းမောင်းလာရာ လူနှင့်စိတ်က မကပ်မိ။ ခြံရှေ့သို့ ဒုတ်ဒုတ်ထိရောက်တော့မှ ခြံပေါက်စွားနှစ်ကောင်က အလိုက်တသိ ရပ်ပေးတော့မှ စိတ်နှင့်လူ ကပ်မိတော့သည်။ ကျွန်တော် လှည်းပေါ်မှခုန်ဆင်း၍ အိမ်ထဲပြေးဝင်ခဲ့ရာ ရွှေစင်အိကာ မီးဖိုခန်းထဲ၌ ငိုနေသဖြင့် အမေနှင့်ညီမလေးတို့က ဝိုင်းချော့နေကြသည်။ ကျွန်တော်လာသည်ကို မြင်သည်နှင့် အလိုက်တသိရှောင်ပြီး အိမ်အပေါ်ထပ် တက်သွားကြသည်။

"ညီမရယ် … ဘာလို့ငိုနေရတာလဲ"

"အစ်ကိုလေးရယ် … ညီမ အရမ်းရှက်တယ်။ ညီမက ဒီရွာမှာ ညွှသည်ပါ။ တစ်ရွာလုံးကိုလှည့်ပြီး ဆေးကုနေရတာပါ။ အစ်ကိုလေးနဲ့ မဖြူဖွေးအကြောင်းကိုလည်း မသိပါဘူးရှင်"

"အဖေတို့ငယ်ငယ်က သူ့သူငယ်ချင်းချင်းပြောထားတဲ့ စကားတွေပါ။ စေ့စပ်ကြောင်းလမ်းထားတာလည်း မဟုတ်သလို၊ ကျွန်တော်တို့ချင်းကလည်း အလယ်တန်းကျောင်းတုန်းက သူငယ်ချင်းတွေပါ။ တစ်ဦးနဲ့တစ်ဦးလည်း မေတ္တာမျှနေကြတာ မဟုတ်ပါဘူး။ အနေသာကြီးပါ … ညီမရယ်"

"အခု ဘယ်လိုလုပ်ကြမှာလဲ … အစ်ကိုလေး။ ညီမကတော့ ရှက်လွန်းလို့ ဒီရွာမှာတောင် အလုပ်မလုပ်ချင်တော့ဘူး"

"စိတ်အေးအေးထားပါ … ညီမရယ်။ အဘနဲ့အဖေ စီစဉ်နေပါတယ်"





"သတင်းကလည်း လူသိတာမြန်လိုက်တာ … အစ်ကိုလေးရယ်။ ဒီကိစ္စက သိုသိုသိပ်သိပ် ဖြစ်ရမယ့်ကိစ္စ။ အခုတော့ ရပ်ကျော်ရွာကျော်ဖြစ်လို့။ အစ်ကိုလေးမပြောရင်တော့ အဘအောင်ပြောတာ ဖြစ်မှာပဲ"

"ဟုတ်တယ် … အဘအောင်လည်း သူ့ကိစ္စ သူရှင်းပေးပါလိမ့်မယ်။ စိတ်ချမ်းချမ်းသာသာနေပါ … ညီမရယ်"

ထိုစဉ် အဖေနှင့်အဘအောင်တို့ ပြန်လာကြသည်။

"ကဲ … သားနဲ့သမီး။ မနက်ဖြန် အဖေတို့ ရန်ကုန်တက်မယ်။ သမီးတို့အင်းစိန်က မိဘတွေအိမ်မှာ နားဖောက်မယ်။ ရက်သတ်မှတ်ပြီး စေ့စပ်ကြောင်းလမ်းမယ်။ မင်္ဂလာကိစ္စကတော့ သား တက္ကသိုလ်ကျောင်းပြီးမှ ဆောင်ရွက်ကြတာပေါ့။ ဒီရွာကိစ္စကတော့ အစ်ကိုကြီးဦးတင်အောင် သူ့ဘာသာသူ ရှင်းပေးလိမ့်မယ်"

"အဖေ … ဦးလူဒင်က လူပုံစိတ်တိုဗျ။ တော်ကြာ ဆရာမလေးကို ရန်ရှာနေမှာစိုးရတယ်"

"မစိုးရိမ်နဲ့သား … မင်းအဘက ဦးလူဒင်ကို နိုင်ပါတယ်"

ထိုစဉ် အဘက …

"လူကလေး … အဘကို အားမကိုးဘူးလား၊ မယုံဘူးလား။ လူဒင်က ဘာကောင်ဖြစ်နေနေ အဘ ဂရုမစိုက်ဘူး။ အခုဟာက သားတလည်း ဖြူဖွေးနဲ့ မေတ္တာမျှနေကြတာ မဟုတ်သလို၊ စော်ကားတာလည်းမဟုတ်ဘူး။ ဘာမှ စိတ်ထဲထားမနေကြနဲ့။ အဘဘာသာရှင်းပါ့မယ်။ ရှင်းဆို အခုပဲသွားရှင်းမှာ"

"အဘ … တုတ်တစ်ပြက် ဓားတစ်ပြက် မဖြစ်စေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချစမ်းပါ ... လူကလေးရာ။ အဘအောင်အကြောင်းလည်း သိရဲ့သားနဲ့။ ထိတ်တုံးအောင်ပါကွ။ ဟဲ ... ဟဲ ... ဟဲ .."

"အဲဒီ ထိတ်တုံးအောင်ဆိုတာကြီးကို လန့်နေတာပါ ... အဘရယ်"

"ကဲ ... ဒီအချိန်ကစပြီး လူကလေးရော၊ ဆရာမလေးပါ စိတ်အေးအေးထားပါ။ ပြဿနာ ရှင်းပြီးပြီလို့သာ မှတ်လိုက်။ ညစာ အဘကိုယ်တိုင် ဟင်းချက်ပြီးရင် သံခဲတို့ကို ပို့နိုင်းလိုက်မယ်။ အဘ ထိတ်တုံးအောင်လက်ရာ ဝက်သားနီချက်နဲ့ အစိမ်းကြော်။ လူကလေးလည်း ဒီည ဒီမှာအိပ်တော့။ မနက်ဖြန်မနက် ပြင်ထားကြ။ အဘလှည်းပြင်ပြီး လာခေါ်မယ်"

"ဟုတ်ကဲ့ ... အဘ"

"ကဲ ... ခွေးပုနဲ့သံခဲ ဆန်အိတ်တွေချပြီးရင် ပြန်ကြရအောင်။ တဲအိမ်မှာ ဟင်း၊ ထမင်းချက်ရဦးမယ်"

"ပြီးပါပြီ ... အဘ။ အသင့်ပါပဲ"

ထိုညက ကျွန်တော် ရွာလယ်အိမ်တွင်အိပ်ပြီး ဆရာမလေးကို ချော့ရသည်။ အိမ်သားအားလုံးလည်း သိပြီဖြစ်၍ ကျွန်တော်တို့ အနေအထိုင် လျှို့ဝှက်စရာမလိုတော့။ အဖေနှင့်အမေကပါ သိပါသည်။ လူကြီးဆန်ဆန်နေသော်လည်း ကျွန်တော့်ညီမငယ်မှာ လွန်စွာဝမ်းသာသဖြင့် ဆရာမလေးအား အစ်မအရင်းသဖွယ် ပြုစုကျွေးမွေးသည်။ ကျွန်တော်ကလည်း ချော့သဖြင့် ညစာထမင်းစားရန် ပြင်ဆင်နေကြသည်။

အဘအောင်၏လက်ရာ ဝက်သားနီချက်နှင့် အစိမ်းကြော်၊ ဝက်ခြေထောက်စွပ်ပြုတ်ဟင်းတို့အား ခွေးပုက လာပို့သဖြင့် အဖေနှင့် အမေပါ ခေါ်၍ ကျွန်တော်တို့မိသားစု မြိန်ရှက်စွာ ထမင်းစားကြရပါသည်။ ဆရာမလေးလည်း စိတ်အေးချမ်းသာစွာဖြင့် ညီမလေးနှင့်အတူ အပေါ်ထပ်တွင် အိပ်သည်။ ကျွန်တော်ကတော့ ကျွန်တော်၏အောက်ထပ် အိပ်ခန်းတွင် အိပ်ပါသည်။ အချိန်မတော်မှ ပြန်လာတတ်သော ကျွန်တော့်အတွက် အိမ်သားများအား မနိုးရစေရန် အောက်ထပ်အိပ်ခန်းအား ယူထားခြင်းဖြစ်သည်။

အိမ်ခြံတံခါးအား ပိတ်သည့်အပြင် ခွေးတစ်ကောင်လည်း ရှိသဖြင့် လုံခြုံပါသည်။ ထို့အပြင် အဘအောင်တို့ ကင်းအဖွဲ့ကလည်း တစ်ညလုံး တစ်လှည့်စီ ကင်းပတ်နေကြရာ ကျွန်တော့်ရွာ လုံခြုံရေးက အထူးကောင်းမွန်ပါသည်။

ရွာစည်းရိုးပတ်လည် ထီးရိုးဝါးပင်များ အပြည့်စိုက်ထားသဖြင့် ခွေးပင် တိုးဝင်ထွက်ဖို့ မလွယ်ကူပါ။ ဤသည်မှာ ကျွန်တော်တို့ရွာများ၏ ထုံးစံဖြစ်သည်။ မနက် (၄)နာရီခန့်ကပင် တစ်အိမ်သားလုံး နိုးနေကြပြီး ပြင်ဆင်နေကြသည်။

ညီမလေး၏လက်ရာ မနက်စာ ထမင်းကြော်စားပြီးကြတော့ အဘအောင်က ဝီရိယကောင်းစွာ မနက် (၅)နာရီခန့်တွင် လှည်းကြီးဖြင့် ပေါက်ချလာသည်။

"အဘ ... ဝီရိယ ကောင်းလှချည်လား။ ငှက်ပျောခိုင်ကြီးတလည်း ပါသေး။ မနက်စာရော စားပြီးပြီလား"

"အေး ... စားပြီးပါပြီ။ ငှက်ပျောခိုင်က လူဒင်တို့ခြံထဲက ဆောင်းလာတာ။ ကျွဲဆန်တစ်အိတ်လည်း တင်ရဦးမယ်။ ရန်ကုန်ရောင်းစိန်က မင်းယောက္ခမလောင်းတွေကို လက်ဆောင်ပေးဖို့လေကွာ။ မင်းအဖေတို့စုံတွဲ၊ မင်းတို့စုံတွဲနဲ့ ငှက်ပျောခိုင်နဲ့ ဆန်အိတ်ပါတော့







www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ ကျေနပ်မှာပေါ့။ ကော့မှူးမြို့ရောက်ရင်တော့ ဂျစ်ကား စင်းလုံးငှားကြတာပေါ့ကွာ''

''အဘရယ် ... အဘအစီအစဉ်က အရမ်းကောင်းတာပဲ။ ကျွန်တော်တောင် သတိမရမိဘူး''

''လူကလေးက မျောက်အုန်းသီးရဆိုသလို ဝမ်းသာနေတော့ ဘယ်သတိရတော့မလဲကွာ။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ အဘ ကိုယ်ချင်းစာပါတယ်''

''ဒါနဲ့အဘ ဦးလှုဒင်နဲ့ ဘယ်လိုအဆင်ပြေသွားတာလဲ''

''ဟ ... လူကလေးရဲ့ လှုဒင်ဆိုတာ အဘယေ်နိုင်ပါ။ အဘ နည်း အဘဟန်နဲ့ ပြောလိုက်တော့ သဘောပေါက်သွားပြီး သူ့ခြံထဲက ငှက်ပျောနိုင်လှလှကြီးတစ်နိုင်တောင် သဘောကောင်းစွာနဲ့ လက်ဆောင် ပေးဖို့ သူကိုယ်တိုင် ခုတ်ပေးလိုက်သေးတယ်လေကွာ''

''အဘထိတ်တုံးအောင် တော်ပါပေတယ်ဗျာ''

''မင်း ငါ့နာမည်ကို လက်ခံပြီမဟုတ်လား။ လက်မခံရင်လည်း မင်းထိုက်နဲ့မင်းကံပဲ ... လူကလေး။ ဟား ... ဟား ... ဟား ... ဟား''

''လက်ခံပါတယ် ... အဘရယ်။ ကျေးဇူးလည်း တင်ပါတယ်''

''အေး ... အဲဒါ မှတ်ထား။ လူကလေး ငယ်စဉ်ကတည်းက ကိစ္စမှန်သမျှ အဘနဲ့မကင်းခဲ့သလို အခုလည်း အဘက နေရာ တကာပါရပြန်ရော။ အခုလည်း ဆရာမလေးတို့ အင်းစိန်အိမ်မှာ ည အိပ်ရဖို့များတယ်။ ညကျရင် သား လူကလေးက အဘကြိုက်တာနဲ့ ညည်ခံပြုစုကန်တော့ပေတော့''

''အဘ ... သူများအိမ်မှာ ကောင်းပါ့မလား''





''ထိတ်တုံးအောင်ပါကွာ ... လူကလေးကလဲ။ ဟား ... ဟား ... ဟား ... ဟား ...''

ကျွန်တော်တို့လှည်း စထွက်တော့ အဘအောင်က လှည်း မောင်းသည်။ ရှေ့အလယ်က အဖေနှင့်အမေ။ ငှက်ပျောနိုင်နှင့် ဆန် အိတ်က ကြားထဲ။ ကျွန်တော်နှင့် ဆရာမလေးက လှည်းနောက်မြီး တွင် ခြေတွဲလောင်းချ၍ လိုက်လာကြသည်။

အဘက ...

''ညီလေး ... ငါတို့ အင်းစိန်မှာ ညအိပ်ကြမှာလား။ လှည်း နဲ့နွားတွေအတွက် ကိစ္စကရှိသေးတယ်။ ငါ လိုရမည်ရ ခွေးပုနဲ့သံလုံး ကို ကုလားတို့ မြို့တက်ဆန်ရောင်းမယ့်လှည်းနဲ့ လိုက်ခဲ့ဖို့ မှာထား တယ်''

ထိုစဉ် ဆရာမလေးက ...

''ညနေစောင်းမှ အင်းစိန်ကိုရောက်မှာလေ ... အဘရဲ့ ရောက်ပြန်ကြီး ဖြစ်နေမှာပေါ့။ ဟိုမှာညအိပ်မှ ကောင်းမှာပေါ့။ ကျွန်မ တို့အိမ်ကလည်း နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး။ ကျယ်ကျယ်ဝန်းဝန်းရှိ ပါတယ်''

''အေး ... အဲဒီအရည်တွေကြိုမြင်လို့ ငါ နွားတွေ အစာ မငတ်ရအောင် ကြိုတင်စီစဉ်ထားတာ။ ငါတို့က မနက်ဖြန်ညနေလောက် မှ ပြန်ရောက်မှာဆိုတော့ ဟိုကောင်တွေကို ရွာပြန်လှည်းမောင်းနိုင်း ပြီး မနက်ဖြန်ညနေအမီ လာကြိုခိုင်းလိုက်မယ်''

''အဲဒီအစီအစဉ်ကောင်းပါတယ် ... အစ်ကိုကြီး''

''ထိတ်တုံးအောင်ပါလို့ ဆိုနေ။ ဝါး ... ဟား ... ဟား ... ဟား''



www.burmeseclassic.com

www.burmeseclassic.com



အလွန်အင်မတန် အကွက်စေ့သော အဘအား သဘောကျသဖြင့် ဝိုင်း၍ရယ်ကြသည်။ ပျော်တတ်သောအဘက မင်္ဂလာခရီးဖြစ်သဖြင့် တစ်လမ်းလုံး ဦးဆောင်ပြီး ဟာသများပြောလာသဖြင့် ဆရာမလေးသည် တခစ်ခစ်ရယ်မော သဘောကျနေသည်။

ညောင်ပင်သာရွာရောက်တော့ ကျွန်တော်တို့လည်း ခေတ္တခန့်ရပ်၍ နွားများအား အနားပေးစဉ် နောက်က ကိုကုလားတို့လှည်း မီလာသည်။

"အဘအောင် ... နေ့းလှချည်လားဗျ"

ကိုကုလားက လှမ်းနောက်ရာ အဘက ...

"မင်းတို့လှည်းကို စောင့်မောင်းနေတာပေါ့ ... ကောင်ရေ။ ငါ့နွားတွေအကြောင်းလည်း မင်းတို့သိရဲ့သားနဲ့"

"ဟုတ်ပါ့ ... ဆရာ။ ရွှေကျိုးနဲ့ ဥသြကတော့ ကျွန်တော်တို့နယ်မှာ ပြိုင်စံရှားတဲ့ အဆွဲအရုန်းကလည်း ညီပါ့ဗျာ"

"မင်းတို့ နားဦးမလား"

"ဆန်အိတ်တွေပါတော့ နွားတွေခဏနားပြီး ရေတိုက်လိုက်ဦးမယ် ... အဘအောင်ရေ"

"အေး ... အေး ..."

ကျွန်တော်တို့လည်း လှည်းခဏနားရင်း ညောင်ပင်သာရွာတောလက်ဖက်ရည်ဆိုင်ကလေးတွင် ခေတ္တထိုင်ရင်း လက်ဖက်ရည်သောက်၍ နားကြသည်။ ညောင်ပင်သာရွာမှာ လမ်းဆုံရွာဖြစ်သည်။ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ အရက်ဆိုင်၊ စားသောက်ဆိုင် အစုံရှိပါသည်။





ကျွန်တော်တို့ မင်းတုန်းရွာမှာ ရွာကြီးဖြစ်သော်လည်း အတွင်းကျသဖြင့် လက်ဖက်ရည်ဆိုင်ပင်မရှိ။ အရက်ပုန်းဆိုင်တော့ ရှိသည်။ ကျွန်တော်တို့ ကော့မှူးမြို့လယ် ဈေးကြီးအနီးရောက်တော့ နံနက်(၈)နာရီပင် မထိုးသေး။ ကားဂိတ်ဖြစ်သဖြင့် ဂျစ်ကားတစ်စီး စင်းလုံးငှား၍ရသည်။ ခွေးပုနှင့်သံလုံးတို့အား အဘက လှည်းအပ်လိုက်သည်။ သူတို့နှစ်ဦးက ကိုကုလားဆန်ရောင်းပြီး နေ့လယ်စာကပ်စားပြီးမှ ပြန်ကြမည်ဖြစ်သည်။ အဘအောင်က ကပ်၍ အရက်ဖိုးပေးခဲ့ပါသေးသည်။

ကျွန်တော်တို့ ဒလဆိပ်ကမ်းရောက်တော့ နံနက် (၉) နာရီကျော်ခန့် ထိုစဉ်က ကူးတို့သင်္ဘောအဖြစ် တိုးအောင်နှင့်တိုင်းအောင်ဟူသော သင်္ဘောနှစ်စင်းရှိသည်။ နှစ်ထပ်သင်္ဘောအငယ်ကလေးများဖြစ်ကြ၍ လူနှင့်ကုန်ပစ္စည်းက ပြည့်ကျပ်နေသည်။

ကျွန်တော်တို့က ငှက်သမ္ဘန်ဖြင့် ရန်ကုန်ဘက်ကူးလိုသော်လည်း ဆရာမလေးနှင့် ကျွန်တော့်အမေက ကြောက်သည်ဆိုသဖြင့် သင်္ဘောကျပ်ကျပ်ဖြင့်ပင် တိုးဝှေ့၍ စီးခဲ့ရသည်။ ဆန်အိတ်ကြီးနှင့် ငှက်ပျောခိုင်က ဝန်ပိုအဖြစ် အတော်ဒုက္ခပေးသည်။ အထမ်းလုပ်သားများရှိသဖြင့် အတင်အချ တော်ပါသေးသည်။ ရန်ကုန်ဘက်ကမ်းရောက်တော့ အငှားDatSun (Pick up) ကားကလေးရသဖြင့် တော်ပါသေးသည်။

ကျွန်တော်တို့က ဆရာမလေးနှင့် အမေ့အား ခေါင်းခန်းထဲတင်ပေးလိုက်ပြီး ကျွန်တော်၊ အဘအောင်နှင့် အဖေတို့က နောက်ခန်း၌ဆန်အိတ်၊ ငှက်ပျောခိုင်များဖြင့် အတူစီးကြသည်။ ရန်ကုန်ဆိပ်ကမ်းမှအင်းစိန်၊ ဘို့ကုန်းရောက်အောင် တစ်နာရီကျော် ကားစီးရသည်။ ထိုစဉ်က လမ်းများမှာ ကျဉ်းသလို ယာဉ်သွားယာဉ်လာလည်း နည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အငှားကားကလေး အင်းစိန်၊ ဘို့ကုန်းအနီး လက်ဝဲဘက် ရေနံရည်ဝနေသော နှစ်ထပ်အိမ်မည်းကြီးရှေ့သို့ ရပ်သည်နှင့် ဆရာမလေးက ဆင်းပြီး ခြံဝင်းတံခါးကြီးအား ဖွင့်ပေးသည်။ ဆန်အိတ်ချနိုင်ရန်ဖြစ်သည်။ ကားနောက်ပြန်ဆုတ်သွင်းစဉ် အိမ်ပေါ်မှ ဦးလေးနှင့် အဒေါ်အရွယ်နှစ်ဦး ထွက်လာသဖြင့် ...

"ဖေဖေနဲ့မေမေ ... ဒါ သမီးတာဝန်ကျတဲ့ မင်းတုန်းရွာက သူကြီးနဲ့မိသားစု အလည်လိုက်လာတာ"

"ဩော် ... ဝမ်းသာပါတယ်။ ဆရာကြီးတို့ အိမ်ပေါ်ကိုကြွကြပါ"

ဆရာမလေးဦးဆောင်၍ အဖေနှင့်အမေ အိမ်ပေါ်ကိုတက်သွားတော့ အဘက ဆန်အိတ်ကြီးထမ်းသည်။ ကျွန်တော်က ငှက်ပျောခိုင်ထမ်း၍ အိမ်ပေါ်တင်ပေးရာ ဦးလေးနှင့်အဒေါ်က ...

"အားနာစရာကွယ်၊ အဝေးကြီးသယ်လာရတာ အလွန်အားနာပါတယ်"

"ရပါတယ်အဒေါ် ... ဒါက ကျွန်တော်တို့ရွာလက်ဆောင်ပါ။ လှည်းနဲ့ကားနဲ့ သယ်ရတာပါ။ မပင်ပန်းပါဘူး"

"ကဲ ... ခဏနားပြီး ထမင်းစားကြတာပေါ့"

"ကြိုတင်မှာမထားတော့ အခက်အခဲများဖြစ်နေမလား ... အဒေါ်"

"ကိစ္စမရှိပါဘူး။ ဒီနားက လမ်းဆုံဆိုတော့ စားချင်ရာ အကုန်ဝယ်လို့ရပါတယ်။ ဖွယ်ဖွယ်ရာရာကလေး လုပ်ပေးမယ်နော်"

"ရှိတာနဲ့ဖြစ်ပါတယ် ... ဒေါ်လေး"

စိတ်ကူးသစ်စာပေ



"ကဲ ... သမီးညှိုသည်တွေကို ရေချိုးဖို့ စီစဉ်ပေး။ အမေ ဟင်းကိစ္စ စီစဉ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ မေမေ"

ဦးလေးကြီးမှာ ကရင်လူမျိုး ဖြစ်ဟန်တူသည်။ ခေါင်းတုံးခေါက်ဆံပင်နှင့်။ အသက် (၅၀)ခန့်၊ ဗလကောင်းသည်။ အဒေါ်ကြီးမှာ မြန်မာလူမျိုးဖြစ်ဟန်ရှိသည်။ အသားဖြူဖြူနှင့် သွယ်သွယ်။ အသက် (၅၀) ခန့်ဖြစ်သော်လည်း ချောမောလှပတုန်းပင်ဖြစ်သည်။

မကြာမီ ဆရာမလေးက ရေချိုးခန်း အဆင်သင့်ဖြစ်ကြောင်း လာပြောသဖြင့် အဘအောင်နှင့်အဖေ ရေချိုးခန်းတစ်လှည့်စီ ဝင်နေကြစဉ် ကျွန်တော်နှင့် ဆရာမလေးအဖေတို့ ညှိခန်းတွင် ထိုင်ကြရင်း ရေနွေးကြမ်းသောက်၍ စကားပြောကြသည်။

"တူမောင့်နာမည် ဘယ်လိုခေါ်ပါသလဲ"

"မောင်တင်ဝင်းပါ ... ဦးလေး"

"အသက်ကရောကွယ်"

"(၂၀)နှစ်ပါ ဦးလေး"

"ဘယ်နှတန်းအောင်သလဲ"

"(၁၀)တန်းအောင် အခု တက္ကသိုလ်တွေဖွင့်ရင် ဥပဒေဘာသာ ကျောင်းတက်မှာပါခင်ဗျ"

"သစ်တောမမိဘူးလား"

"မိပါတယ်ခင်ဗျာ"

"ကျွန်တော် (၁၀)တန်းအောင်တုန်းက ဂုဏ်ထူးနှစ်ဘာသာ ပါပါတယ်။ ဝါသနာလည်းပါပြီး မြို့မှာနေချင်တာနဲ့ ဥပဒေဘာသာတွဲပဲ လျှောက်ထားတာပါ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ကောင်းပါတယ်။ ဦးက သစ်တောဌာနက။ အင်းစိန်သစ်တောရုံးက ရုံးအုပ်စာရေးကြီးပါ။ ရုံးက အပေါ်လမ်းမှာတင်။ အခုနေ့လယ်စာပြန်စားတာ။ ယောက်ျားကလေး သစ်တောဌာနမှာ အမှုထမ်းရင် ပိုကောင်းတာပေ့ါ။ ယူနီဖောင်းဝတ်ပြီး အပွင့်တင် သေနတ်ကိုင်ရတယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း ဝါသနာပါပါတယ်"

"အခု အဓိကဘာသာ သိရပြီလား"

"မသိသေးပါဘူးခင်ဗျာ . . . လျှောက်ထားဆဲပါ"

"အဲဒါဆိုရင် တူတော်မောင်တို့မပြန်ခင် ဦးကို ခုံနံပါတ်နဲ့ ကိုယ်ရေးရာဇဝင် အပြည့်အစုံပေးခဲ့။ ပြည်လမ်းက လိပ်ခုံးပညာရေးဌာနမှာ ဦးလေးမိတ်ဆွေတွေရှိတယ်။ သစ်တောဘာသာရအောင် ဦးလေး ကြိုးစားပေးမယ်။ ဒီဘာသာတွဲယူရင် ကျောင်းပြီးတာနဲ့ သစ်တောဌာနမှာ အလုပ်ကတန်းရတာ။ ဥပဒေဘာသာယူတော့ အလုပ်သင်ရှေ့နေ (၃)နှစ်လောက်လုပ်မှ နာမည်ရတာ။ ဘောင်ကျဉ်းတယ်"

"ဟုတ်ကဲ့ပါ . . . ဦးလေး"

ကျွန်တော် ရေချိုးအလှည့်ကျတော့ ဆရာမလေးက လာခေါ်ပြန်သည်။ ကျွန်တော်က သစ်တောဌာနတွင် အလုပ်ဝင်ရန် ဦးလေးက ပြောကြောင်း အသိပေးတော့ ဆရာမလေးက . . .

"ရှေ့နေဆိုတော့ မြို့ပေါ်မှာနေရမှာ။ သစ်တောဝန်ထမ်းဆိုတော့ တောထဲတောင်ထဲ သွားနေရမှာ။ ငှက်ဖျားမိမယ်။ အစ်ကိုလေး စဉ်းစားဦး"

"ယောက္ခမကြီးက သစ်တောက အရာရှိဖြစ်စေချင်တယ်။ ကျွန်တော်လည်း ဝါသနာပါပါတယ်။ ရရင်လည်း မဆိုးပါဘူး။ ညီမလည်း တောထဲလိုက်နေပေ့ါ။ ငှက်ဖျားဖြစ်တော့လည်း ဆေးကုပေး"

---

စိတ်ကူးသစ်စာပေ



"အစ်ကိုလေးသဘောပါ။ ညီမက တောရွာတွေမှာ အမှုထမ်းချင်တယ်ဆိုရင် ကျန်းမာရေးဌာနက ဦးစားပေးပြီး ပြောင်းရွှေ့ပေးပါတယ်"

ကျွန်တော်တို့ရေချိုးပြီးတော့ ဧည့်သည်များနှင့်အတူ အိမ်သားတွေပါ ထမင်းလက်ဆုံစားကြသည်။ အိမ်ဖော်ဖြစ်ဟန်တူသူ မိန်းကလေးက ဟင်း၊ ထမင်းနှင့် လိုအပ်သမျှ လိုက်ပေးသည်။ ထမင်းစားနေစဉ်၌ပင် အဘထိတ်တုံးအောင်က ဦးဆောင်ပြီး စကားစသည်။

"ကျွန်တော်တို့ လာရင်းကိစ္စကတော့ ဆရာမလေးလည်း ဒီက ညီတော်မောင်တို့ကို ပြောပြီးဖြစ်ပါလိမ့်မယ်။ သားနဲ့သမီးကို ကြိုတင်ပြီး စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စပါ"

"သမီးအမေပြောလို့ ကျွန်တော် သိပြီးပါပြီ။ ကန့်ကွက်စရာမရှိပါဘူး။ ကျွန်တော်တို့ သဘောတူပါတယ်။ သမီးကို ကျွန်တော်တို့ စိတ်ချတယ်။ သမီးက မှန်ကန်အောင် ဆုံးဖြတ်တတ်ပါတယ်"

ထိုအခါမှ ကျွန်တော့်အဖေက . . .

"ဦးစောဘအောင် လက်ခံတာ ဝမ်းသာလှသဗျာ။ သမီးနဲ့သားက စိတ်တူကိုယ်တူ စုံမက်ကြတာပါ။ မင်္ဂလာပွဲကိုတော့ သားကျောင်းပြီးမှ၊ ဒါမှမဟုတ် ကလေးတွေ ဆန္ဒရှိတဲ့အချိန် လုပ်ပေးကြတာပေ့ါ။ ကြိုက်တဲ့နေရာပြောပါ။ ကျွန်တော်တို့ဘက်က အကုန်ခံပြီး လုပ်ပေးပါ့မယ်"

"ဟုတ်ကဲ့ . . . သူကြီး။ ကျွန်တော်တို့ဘက်ကလည်း တစ်ဦးတည်းသောသမီးဆိုတော့ သင့်တင့်လျောက်ပတ်အောင် လုပ်ပေးနိုင်ရပါပြီ။ အကြီးအကျယ် အကုန်အကျခံစရာမလိုပါဘူး"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးမိခင်ကတော့ အလွန်အေးသည်။ ဘာမှဝင်မပြော။ တပြုံးပြုံးနှင့် ခေါင်းသာညိတ်နေရှာသည်။ ကျွန်တော်တို့စားသောက်ပြီးတော့ အချိုပိုင်းထိုင်ကြသည်။ ပြီးတော့ ဦးလေးဦးစောဘအောင်က အလုပ်ပြန်ဝင်ရမည်ဖြစ်သဖြင့် နှုတ်ဆက်သည်။

"ကဲ ... ကျွန်တော် အလုပ်ပြန်ဝင်ရဦးမယ်။ ညနေမှ ပြန်ဆုံကြတာပေါ့နော်"

"ဟုတ်ကဲ့ခင်ဗျား"

ဦးစောဘအောင် အဝတ်အစားလဲပြီး အလုပ်ပြန်ဝင်ရန် အိမ်ပေါ်ကအဆင်း ကျွန်တော့်အား လှမ်းခေါ်သဖြင့် ကျွန်တော်ကပြေးသွားရာ အိမ်ပြင်ရောက်၍ ခြံတံခါးဖွင့်ပြီးမှ ...

"ဒီမှာ ... ငါ့တူ၊ မင်းအဘတွေက သောက်တတ်သလား"

"ဟုတ်ကဲ့ ... အနည်းအပါး လုပ်တတ်ပါတယ်"

"ဒါဆို ည ဒီမှာအိမ်မှာမဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"အဲဒါဆို စေ့စပ်ပွဲ အထိမ်းအမှတ်အနေနဲ့ ညနေကျရင် ဦးက နိုင်ငံခြားအရက်ကောင်းနဲ့ ဧည့်ခံချင်တယ်။ အမြည်းကတော့ ဘာကြိုက်တတ်မှန်းမသိတော့ ငါ့တူက သမီးနဲ့တိုင်ပင်ပြီး ဝယ်ခြမ်းထားပါ"

"ဟုတ်ကဲ့ပါ ဦး"

"ကဲ ... ဒါဆို ဦးသွားပြီ။ လွတ်လွတ်လပ်လပ် နားကြပါ။ ညနေကျ ပြည့်စုံအောင် စီစဉ်ထား။ ဆိုဒါပါ ရှာထားပါ။ ဝီစကီက ဆိုဒါနဲ့မှ ကောင်းတာ"

"ဟုတ်ကဲ့ပါခင်ဗျာ"





ကျွန်တော် အိမ်ပေါ်ပြန်တက်လာတော့ အကဲခတ်နေသော အဘအောင်က ...

"တူချစ်ကလေး ... ဦးစောဘအောင်က ဘာတွေမှာနေတာလဲကွ"

"မသိချင်ပါနဲ့ အဘအောင်ရယ်။ အဘကြိုက်မှာ မဟုတ်လောက်ပါဘူး"

"ပြောစမ်းပါ ... လူကလေးရဲ့ မင်းကလည်း ..."

"ဟဲ ... ဟဲ ... ညနေကျ နိုင်ငံခြားဝီစကီနဲ့ ဧည့်ခံချင်လို့ စီစဉ်ထားပါတဲ့။ အဲဒါ အဘတို့ ကြိုက်မကြိုက်မေးနေတာ"

"အောင်းမြတ်လေး ... တကယ်အလိုက်သိတဲ့ ခမည်းခမက်ကြီး။ အဘက ညနေခက်တော့မယ် မှတ်နေတာ"

"အဘကလည်းဗျာ ... တစ်ရက်တလေ မသောက်ဘဲ နေတာမဟုတ်ဘူး"

"ငါက ခရီးထွက်ရင် မသောက်ဘဲ မနေနိုင်ဘူးကွ။ အိမ်မှာကျတော့လည်း ... ဟဲ ... ဟဲ ..."

"ကောင်းပါတယ် ... ကျွန်တော်လည်း နိုင်ငံခြားဝီစကီ မသောက်ဖူးလို့ သောက်ကြည့်ချင်နေတာ။ စေ့စပ်ပွဲ အထိမ်းအမှတ်ပေါ့နော် ... သား"

"ဟုတ်ပါတယ် အဖေ"

"အေးကွ ... ဟန်ကျလိုက်တာ။ သား ကျောင်းတက်ရင်လည်း ဒီအိမ်ကတက်ရင် ဖြစ်နိုင်တာပဲနော်"

"မလုပ်ပါနဲ့ ... အဖေရာ၊ အားနာစရာကြီး။ နောက်ပြီး ခုနာ လှမ်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မလွှတ်လပ်မှာစိုး၍ ပိတ်တားထားရသည်။ ထိုစဉ် ဆရာမလေးက အခန်းထဲကထွက်လာပြီး . . .

"ဒီအိမ်ကနေ ကျောင်းတက်တော့ အိမ်ချက်ထမင်းဟင်း စားရတာပေါ့ . . . အစ်ကိုလေးရဲ့။ အဆောင်မှာနေရရင် အဆောင်ထမင်းဟင်းက ညံ့ကလည်းညံ့နဲ့။ နောက်ပြီး ခရီးဝေးပေမဲ့ ဒီအင်းစိန်သစ်တောရုံးက ဖယ်ရီကားကြီးက မနက် (၇)နာရီကတည်းက စထွက်တာ။ ကျောင်းအရောက် (၈)နာရီ၊ အတော်ပဲ။ မြို့ထဲအထိ ဝန်ထမ်းတွေ အကြိုအပို့ လုပ်ရတာ။ အဲ . . . ညနေကျတော့ နောက်ကျတတ်တယ်"

"ကဲ . . . အဖေ၊ အမေနဲ့ အဘတို့ နေ့လယ်နေ့ခင်း နားပြီး တစ်ရေးတစ်မော အိပ်ကြပါဦး။ ကျွန်တော်တော့ ဒီနားဟိုနားဘက်ကြည့်လိုက်ဦးမယ်"

"တူချစ်ကလေး . . . အဘပါ လိုက်မယ်လေကွာ"

"အဲဒါဆို အဘ ပိုက်ဆံပါထည့်ခဲ့ဦး"

"အေးပါ . . . ငါ သဘောပေါက်ပါတယ်"

ကျွန်တော်တို့တူဝရီး လမ်းလျှောက်လာကြရင်း အင်းစိန်လမ်းဆုံ၊ လေဟာပြင်ဈေးထဲဝင်သည်။ ကောင်းနိုးရာရာ အမြည်းများဝယ်ကြသည်။ ဆိုဒါကို သတိရ၍ ဝယ်ကြရာ ဆိုဒါဖိုးထက် ပုလင်းဖိုးက များနေသည်။

တစ်ခါ အမြည်းကောင်းရစေရန် လမ်းစားသောက်ဆိုင်ကြီးမှ ဘဲကင်တစ်ကောင်နှင့် ဝက်နံရိုးကြော်များ ဝယ်ကြသေးသည်။ အဘအောင်က သူ့လက်ရာပြချင်သည်ဆိုသဖြင့် ဘို့ကုန်းဈေးမှ ဝက်ခေါင်းတစ်လုံးနှင့် ဝက်ခြေထောက်များဝယ်ရာ အိမ်ပြန်ရောက်တော့ အလုပ်ရှုပ်တော့သည်။





ညနေစားဝိုင်းမှာ ခမ်းနားလှသည်။ ဂျော်နီဝါကားအရက်နှင့် ဆိုဒါ၊ ရေခဲ၊ ဖန်ခွက်လှလှကလေးများ၊ အမြည်းက အလွန်စုံသည်။ ဝက်အူမကြီးသုပ်၊ ဝက်ခေါင်းသုပ်နှင့် ဝက်ခြေထောက်စွပ်ပြုတ်မှာ အလွန်အရသာရှိသဖြင့် ဦးစောဘအောင်က အဘအောင်လက်ရာကို ချီးမွမ်းပြီး ဘဲကင်နှင့် ဝက်နံရိုးကြော်၊ အခြားအမြည်းများကို မနှိက်တော့။

ထိုညက အမြည်းစုံလွန်းသဖြင့် ညစာထမင်းလွတ်သည်။ ကျွန်တော်နှင့်အဖေကတော့ အရက်ကောင်းသော်လည်း အနည်းငယ်စီသာသောက်ပါသည်။ အဘအောင်နှင့် ဦးစောဘအောင်က အစ်ကိုကြီးညီလေးဖြစ် အတော်အတွဲညီသည်။ ဝိုင်းသိမ်းတော့ အရက်နှစ်လုံးကုန်သွားသည်။

နောက်တစ်နေ့ မနက်တွင် ကျွန်တော်တို့ မနက်စာစာပြီး ဦးစောဘအောင်တို့အား နှုတ်ဆက်ရာ ဆရာမကလေးကလည်း ပြန်လည်လိုက်ပါမည်ဖြစ်သဖြင့် ကျွန်တော်တို့စုံတွဲ မိဘနှစ်ဖက်အား ကန်တော့ကြသည်။

ကျွန်တော် တက္ကသိုလ်ကျောင်းတက်လျှင် အင်းစိန်အိမ်တွင် လာနေရန် ဦးစောဘအောင်က ဖိတ်သည်။ အဘအောင်နှင့် အဖေ့အတွက်ဟုဆိုကာ ဂျော်နီဝါကားနှစ်ပုလင်း လက်ဆောင်ပြန်ပေးလိုက်ရာ အဘအောင်က လက်ကမချတော့။ အနေအေးသော ကျွန်တော်၏ အမေနှင့် ဆရာမလေးအမေမှာ လွန်စွာတူလှသည်။ တပြုံးပြုံးဖြင့် စကားများများ မပြောကြ။ အဘနှင့် ဦးစောဘအောင်တို့မှာ အဖွဲ့ကျသွားသဖြင့် အပြန်အလှန် ဖိတ်နေကြသည်။

အပြန်၌ လေးဘီးကားငှားရသဖြင့် ရွှေတိဂုံဘုရားကြီးအား ဝင်ဖူးကြရာ ဆရာမလေးကလည်း အလိုက်အထိုက် ဝင်ကန်တော့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒလဘက်ကမ်းရောက်တော့ နေ့မွန်းတည့် (၁၂)နာရီရှိပြီဖြစ်၍ ကျွန်တော်တို့ မြန်မာထမင်းဆိုင်ကြီးတစ်ဆိုင်တွင် နေ့လယ်စာ စားကြသည်။

အဘအောင် အရက်သောက်မည်စိုးသဖြင့် အဖေက တရုတ်ဆိုင်တွင် မစားဘဲ မြန်မာဆိုင်တွင် တမင်ဝင်စားခြင်းဖြစ်သည်။ စားသောက်ပြီး ဂျစ်ကားစင်းလုံးငှား၍ ကော့မှူးသို့ပြန်ခဲ့ကြရာ ကော့မှူးဈေးရှေ့ကားဂိတ်သို့ ညနေ (၂)နာရီခန့်တွင် ပြန်ရောက်သည်။ ခွေးပုနှင့် သံလုံးတို့က အသင့်စောင့်ကြိုနေကြသည်။

"မင်းတို့ နေ့လယ်စာ စားပြီးကြပြီလား"

"စားပြီးပါပြီ ... အစ်ကိုလေး"

"အေး ... အဲဒါဆို လက်ဖက်ရည်ဆိုင် ခဏထိုင်ပြီး နားကြရအောင်"

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် ထိုင်ကြစဉ် အဖေက ..

"ကောင်လေးတွေ ... ရွာမှာ ဘာထူးသေးသလဲ"

"ရွာကတော့ အေးအေးချမ်းချမ်းပါပဲ သူကြီး။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ။ မြန်မြန်ပြောစမ်းကွာ"

"အဘဦးလူဒင် မနေ့ညက ဆုံးသွားပြီ"

"ဟေ ...ဘယ်လိုဖြစ်တာလဲ ... ဘာရောဂါနဲ့လဲ"

"မြွေကိုက်တာ ... သူကြီး"

"ပိုးထိတယ်လုပ်စမ်းပါဟ"

"ပိုးထိတယ်လို့ မဆိုနိုင်ဘူးသူကြီး။ မြွေပွေးကြီးက အထပ်ထပ်အခါခါ ကိုက်တာ"





"ပြောစမ်းပါဦး ... ဘယ်လိုဖြစ်တာလဲ"

အဘအောင်က အားမလိုအားမရ ပြန်မေးသည်။

"ဒီလိုအဘရေ ... အဘဦးလူဒင်က ညနေ နွားရိုင်းသွင်းချိန်မှာ သူ့လယ်ထဲက ရေနုတ်မြောင်းဖောက်ပြီး ပြန်အလာ နောက်ခပ်လှမ်းလှမ်းက ကိုကုလားတို့အုပ်စုကလည်း လိုက်လာကြတယ်။ အဲဒါ ကန်သင်းရိုးအပေါ်မှာ တက်ခွေနေတဲ့ မြွေပွေးကြီးကို ဦးလူဒင်က နင်းမိတော့ အကိုက်ခံရတာပေါ့။

အဲဒါကို ဦးလူဒင်က ထမ်းလာတဲ့ပေါက်တူးနဲ့ မခုတ်ဘဲ ခြေထောက်နဲ့ကန်၊ ဖနောင့်နဲ့ပေါက်နေတာ။ ပါးစပ်ကလည်း 'လူဒင်ကွ ဘာမှတ်သလဲ။ ကဲ ... ကိုက်ဦးကွာ၊ ကိုက်ဦးကွာ' လို့ အော်နေတာ နဲ့ ကိုကုလားတို့အုပ်စုက ပြေးသွားကြတော့ မြွေလည်း ဦးခေါင်းကြေပြီး သေနေပြီ။ အဘဦးလူဒင်က 'တောက်'တစ်ချက်ခေါက်ပြီး ... 'ကုလား ...ငါ့ကို မြွေကိုက်သွားပြီ။ အဘဆရာမှိုင်းအိမ်ကို အမြန်ပို့' ဆိုပြီး ဗိုင်းခနဲ လဲကျသွားတာတဲ့။

အဲဒါနဲ့ ကိုကုလားတို့အုပ်စု၊ ဦးလူဒင်ကို ဝိုင်းထမ်းကြပြီး .. ဆရာမှိုင်းအိမ်သွားတော့ အဘဆရာကြီးက မရှိဘူး။ ညောင်ပင်သာရွာ ဆေးသွားကုနေသတဲ့။ အဲဒါနဲ့ ရွာလယ်က ဦးကျော်စွာ ဆေးခန်းသွားတော့ ဆေးမှူးက ရှေးဦးသူနာပြုနည်းနဲ့ ပြုစုပေးပြီး မြွေဆိပ်ဖြေဆေးမရှိလို့ ကော့မှူးဆေးရုံကို လှည်းနဲ့အပို့မှာ ညောင်ပင်သာရွာထိပ်၊ ညောင်ပင်ကြီးအောက်မှာ အသက်ထွက်သွားသတဲ့။ အသက်ထွက်သွားတော့လည်း အံကြိတ်ထားတာ။ သွားကို စေ့နေတာပဲတဲ့"

အဖေက ...



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ငါတို့တောရွာတွေမှာလည်း မြွေဆိုးကြောင့် သေဆုံးကြရတာ မနည်းတော့ဘူး။ ဦးလူဒင်ကွာ . . . ငါ စိတ်မကောင်းပါဘူး။ သူ့ဇနီးနဲ့သူ့သမီးတော့ အားကိုးရာမဲ့ပြီပေါ့။ စိတ်အလွန်ကြီးတဲ့ကောင်ကွာ။ အခု အလောင်းကို ဘယ်မှာထားသလဲ"

"ရွာအပြင်မှာ သေတာဆိုတော့ ရွာက အဝင်မခံတော့ဘူး။ အစိမ်းသေလည်း အစိမ်းသေလေ။ အဲဒါကြောင့် ရွာအဝင်မှာ အလောင်းစင်ပြင်ထားတယ်။ ကျိုးကန်းငတင်နဲ့ ပါလေရာမြတ်ကျော်တို့ ဦးဆောင်ပြီး ဖဲဝိုင်းထောင် စောင့်နေကြလေရဲ့"

"နောက်ပြီး ရှိသေးတယ် . . . အဘရဲ့။ ညက ဦးလူဒင်ခြောက်ချက်ကတော့ ကမ်းကုန်ပဲ . . . အဘရေ။ ကျိုးကန်းငတင်တို့တောင် ဖျားယူရတယ်။ ရွာထိပ် အလောင်းစင်ပြင်ထားတဲ့အနီးက ညောင်ပင်ကြီးက လေမတိုက်ဘဲ ယိမ်းထိုးနေတယ်။ တောက်ခေါက်သံတွေ ဆူညံနေလို့ ပထမ တောက်တဲ့အော်သံလို့ မှတ်ကြတာ။

နောက်မှ တောက်ခေါက်သံနဲ့ အံကြိတ်သံကြားရမှ ထပြေးကြရသတဲ့။ သူကြီးအိမ်ကိုလည်း တစ်ညလုံး တဒိုင်းဒိုင်း ခဲနဲ့ပေါက်သတဲ့။ အဘအောင်တို့ တဲကြီးကိုလည်း ခဲနဲ့ပေါက်ထားတာ။ ပေါက်ပြနေလို့ ကျွန်တော်တို့ မနက်ကမှ ဖာခဲ့ရတာ။ ညက ကျွန်တော်တို့လည်း မအိပ်ရပါဘူးဗျာ။ မီးပုံကြီးဖို၊ အရက်သောက်၊ ရဲဆေးတင်ပြီး ငုတ်တုတ်မိုးလင်းပဲ"

"အေး . . . အေး . . . မင်းတို့ ပင်ပန်းသွားကြပြီပဲ။ ညကျ ငါက ဒါနဲ့ပြုစုပါ့မယ်။ ငါကွာ စိတ်မကောင်းဘူး။ လူဒင် . . . ငါ့ကို ငှက်ပျောနိုင်ကြီးတစ်နိုင် လက်ဆောင်ပေးလိုက်လို့ အပြန်ကျ ငါက ဒီ ဂျော်နီဝါကား လက်ဆောင်ပေးမလို့ မှန်းလာခဲ့တာ"





"အဘ . . . ဂျော်နီဝါကားဆိုတာ ဘာလဲ။ ကားလား"

"နိုင်ငံခြားဖြစ် ဝီစကီအကောင်းစားအရက်ကို ပြောတာဟ။ စီးရတဲ့ ကားမဟုတ်ဘူး"

"ဒါဆို အဘအောင်ဆီ ညကျ ဦးလူဒင်က ခွဲတမ်းလာတောင်းမှာတော့ သေချာနေပြီ"

"အေး . . . တောင်းတော့လည်း ပေးရမှာပေါ့ကွာ။ သူက ငါ့သူငယ်ချင်းပဲ။ ကလေးတွေကိစ္စ သူမကျေနပ်ပေမဲ့ ငါ့မိုလို့ ငြိမ်ခံနေတာကွ။ စိတ်အလွန်ပြင်းတဲ့ကောင်"

"သား . . . ညကျ မင်းအဘတဲ သွားမအိပ်နဲ့တော့။ အဖေတို့အိမ်မှာပဲအိပ်၊ ကြားလား . . ."

ကျွန်တော့်အဖေကပြောတော့ . . .

"ဟုတ်ကဲ့"

အဘက . . .

"ဘယ်ဖြစ်မလဲ . . . ညီလေးရ။ ငါတို့ ဒီဂျော်နီဝါကားတွေ ပါလာတာ တပည့်တပန်း အပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့ဦးမှပေါ့ . . ညီလေးရော၊ ငါ့တူပါ ငါ့တလင်းထဲကို လာသောက်ပြီးမှ ပြန်ကြပေါ့။ ငါ အမြည်းကောင်းကောင်း လုပ်ပေးပါ့မယ်"

ထိုအချိန်ကျမှ အမေ့စကားသံ ထွက်လာသည်။

"ဘယ်ဖြစ်မလဲ . . . ကိုအောင်ရယ်။ ကျွန်မတို့ မိန်းမသားချည်း ဘယ်နေရဲမှာလဲ။ မိုးချုပ်တာနဲ့ သရဲက ခြောက်တော့မှာ"

"အေး . . . ဟုတ်တော့ဟုတ်တယ်။ ဟဲ့ . . . သံလုံးနဲ့ ခွေးရူ သူကြီးသမီး ငါ့တူမလေး ညက သူကြီးအိမ်မှာ တစ်ယောက်တည်း ဘယ်သူနဲ့အိပ်သတုံး"



www.burmeseclassic.com

www.burmeseclassic.com



"မပူနဲ့ အဘအောင်ရေ ... ညက ခြေရင်းအိမ်က ဒေါ်မြိုင်တို့သားအမိ (၃)ယောက်ကလည်း မအိပ်ရဲလို့ သူကြီးအိမ်အပေါ်ထပ် ဘုရားခန်းရှေ့မှာ တန်းစီပြီး အိပ်ကြသတဲ့။ အဲဒါ ခဲနဲ့အပေါက်ခံရလို့ မအိပ်ရဲတော့ဘဲ အဖွဲ့လိုက် ပဠာန်းရွတ်ပြီး ဇုတ်တုတ်မိုးလင်းကြသတဲ့"

"ဟယ် ... ငါ့သမီးလေး သနားပါတယ်။ အလွန်ကြောက်ရှာမှာပဲ"

"မပူပါနဲ့ ... အမေရယ်။ ဒီည သမီးရှိပါတယ်။ သမီး သရဲမကြောက်တတ်ပါဘူး။ ညီမလေးနဲ့ အတူအိပ်မှာပါ"

ဆရာမလေးက ဝင်ပြောမှ အမေစိတ်အေးသွားဟန်ဖြင့် သက်ပြင်းချသည်။

"ဟင်း ..."

"ဒီည ငါလည်းရှိတယ်။ သားလည်းရှိပါတယ် ... မိန်းမရယ် မကြောက်စမ်းပါနဲ့။ ဘာသရဲလာလာ ငါ့နှစ်လုံးပြူးစာမိသွားမယ်"

"ငါတို့လည်း ညဘက် မအိပ်တန်း ကင်းပတ်ပေးပါ့မယ်ကွာ။ မကြောက်ကြစမ်းပါနဲ့။ လူဒင်က ငါ့ငယ်နိုင်ပါ"

ကျွန်တော်တို့ လှည်းဖြင့်ပြန်လာကြရာ ရွာအဝင်ရောက်တော့ ညနေစောင်းချေပြီ။ ဦးလူဒင်၏အလောင်းစင်အား ပြင်ဆင်ထားသည်။ ကျီးကန်း၊ ကိုပိန်နှင့် ပါလေရာမြတ်ကျော်တို့က သူကြီးနှင့် အဘအောင်အား ဆီးကြိုသည်။

"ကဲ ... ဟော့ကောင်တွေ၊ အမြည်းရှာပြီး ငါ့တလင်းတဲကြီးက စောင့်ကြ။ မင်းတို့ကို ဒီည ရန်ကုန်ကပါလာတဲ့ အကောင်းစားဝီစကီအရက်တိုက်မယ်။ ညကျရင်တော့ မအိပ်ကြေး။ တစ်ရွာလုံး ကင်းပတ်ရမယ်"





"ဟုတ်ကဲ့ ... အဘအောင်"

အဘအောင်က အလိုက်သိပါသည်။ သူလည်း သောက်ချင်၍ ဖြစ်ပါလိမ့်မည်။ အဖေသူကြီးအိမ်တွင် ဝီစကီပုလင်းဖွင့်၍ (၂)ခွက်စီသောက်ကြပြီး တလင်းတဲအိမ်သို့ ပြန်သွားသည်။ ကျွန်တော်တို့လည်း ရေမိုးချိုးပြီး မိသားစု လက်ဆုံညစာထမင်းစားကြသည်။

စားပြီးသည်နှင့် ကျွန်တော်တို့ ခရီးပန်းလာသဖြင့် စောစော အိပ်ရာဝင်ကြသည်။ ရွာအာဏာပိုင်သူကြီး ပြန်ရောက်နေပြီး ငယ်နိုင်အဘထိတ်တုံးအောင်ကို ကြောက်၍လားတော့မသိ။ ထိုညက ဘာသရဲမှ မခြောက်ပါ။ ကျွန်တော်ကတော့ လူငယ်ပီပီ တစ်ချိုးတည်း အိပ်ပျော်သွားပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com